
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက် – ၅၀၁၀၁၈၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက် – ၅၀၁၀၅၈၀၈၀၈

အကြိမ် – ပထမအကြိမ်

၂၀၀၈–ခုနှစ်၊ နိုဝင်ဘာလ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀၀/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဦးဝင်းဖေ (မြ–၀၇၆၅၀)

စိုးထက်ကျော်ပုံနှိပ်တိုက်

တိုက် (၂၀၆)၊ အခန်း (အေ)

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။




# တိမ်၌အမြစ်တွယ်ခြင်း

နေမင်းကြီးက ဘယ်လောက်ပဲပူပူ ...

လဝန်းလေးက ဥန်ဖြိုးမဲ့တယ် ဘယ်လိုပြောပြော ...

နေက တစ်ခြမ်း ...

လက တစ်ခြမ်း ...

နေနဲ့လမှာ မင်းမှုကြသလို

ဆိုးကောင်းကင်နဲ့ မြေပြင်

ပေါင်းခြမ်းရသရွေ့ ...

သူနဲ့ကျွန်မရဲ့ သစ္စာတရားသည် ..... ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁)

BURMESE CLASSIC

"ဟိုမှာ လာပြီ၊ အပါးတော်မြဲလေးနဲ့"

အားလုံး၏မျက်လုံးတွေ ဟိုမှာဆီသို့ ရောက်သွားကြသည်။ အနီနဲ့အနက် နှစ်ထပ်စင်းပါသော စပို့ရှပ်နှင့် ဘောင်းဘီအနက်ကို ဝတ်ထားသူက ဖွေးနုရှင်းသန့်နေသည်။ အနေတော်ဆံဝင်၏ အနားစပ်တို့က ဖြူသောအသားကြောင့် စိမ်းညို့နေသည်။

အရပ်မြင့်မြင့်နှင့် လူက ဖြောင့်သည်။ ဘေးကတစ်ယောက်ကျတော့ ကျစ်ဆံမြီးရှည်နှစ်ဖက်ကို ခွဲချထားလျက် အရပ်မမြင့်သည့်အောက်မှာ လူပုံကသေး၏။ ညိုစိမ့်စိမ့် ဝင်းဖန့်ဖန့်လေးပေမယ့် ဖြူနေသည့်လူနှင့် ယှဉ်နေတော့ ညိုတာက မည်းသလိုဖြစ်သွား၏။

ထို့ပြင် ပန်းရောင်နုနုထဘီက ထဘီပဲဖြစ်ကာ အဘီစကတ်တွေလို ချပ်ချပ်ရပ်ရပ်မနေတော့ လမ်းလျှောက်တိုင်း ပွပွလုံးလုံးဖြစ်နေ၏။ တစ်ယောက်က မြန်မြန်လျှောက်နေသဖြင့် မီအောင်လိုက်နေရသည့် ခြေလှမ်းတိုင်းမှာ ထဘီခများ မစားသာပါလား။

သူတို့နှစ်ယောက်ကို မြင်လိုက်ရတိုင်း မရိုးတမ်းပဲ ကြည့်မိနေကျမှာ ကြည့်မိတိုင်း ပြုံးမိကြသည်သာ။





"ဟဲ့ … အဲဒီတစ်ယောက် သနားပါတယ်နော်"

"မသနားပါဘူး။ သနားစရာသတ္တဝါလို့ကို မြင်လို့မရဘူး"

မြတ်နိုးက သနားသည်။ သဥ္ဇာက နှုတ်ခမ်းမဲ့၏။

"နင်ကလဲဟာ၊ ငယ်သံယောဇဉ်ဆိုတာ နည်းတာမှမဟုတ်တာ၊ ပြီးတော့ သူက ခွင်း လောက်မှ မလှတာ၊ ခွင်း ကချောတယ်၊ ပါးစပ်ဆော့တယ်"

"ပွေတယ်လို့ ပြောစမ်းပါ"

သဥ္ဇာက တစ်ချက်မှ အကောင်းမပြောပေ။ ခွင်း ဆိုတဲ့အသံကို ကြားတာနှင့် 'အလကာ' မျက်နှာလေးကို မြင်သည်။ အလကားကောင်။

သူ့ကြောင့် အလကာ့ခများ ကျောင်းပြောင်းသွားခဲ့တဲ့အထိ ဖြစ်သွားသည်။ မကြိုက်ရင် မကြိုက်တာကိုပြော၊ မကျေလည်ရင် ကျေလည်တဲ့အထိ ရှင်းပေါ့။

သူများကို တစ်ဖက်သတ်အထင်လွဲ စွပ်စွဲသည်။ ထင်တိုင်းပြောပြီး အဆက်ဖြတ်ပစ်၏။ ဘယ်လိုရှင်းတာမှ လက်မခံ၊ နောက်ထပ်မြန်လှည့်မကြည့်၊ ဒါလား အချစ်ကြီးတာ … ဟွန်း။

"အဲဒါ အချစ်ကြီးလို့ အမျက်ကြီးတာ" လို့ သတ်မှတ်ပေဖန်တဲ့သူက ရှိသေးသည်။ ပြောလိုက်ရလျှင် ရိုင်းတယ်ဖြစ်မှာစိုးလို့။

သဥ္ဇာ မျက်စောင်းထိုးတာကို မြတ်နိုး က ငဲ့ကြည့်ကာ …

"နင်ကလဲ၊ ဟိုတုန်းကကိစ္စနဲ့ ခွင်း ကို ကြည့်မရဖြစ်နေလိုက်တာ၊ မှန်ဘက်တွေကျနေတာပဲ"

"ဟုတ်တယ်၊ ကြည့်လို့ လုံးဝကိုမရတာ၊ ကျောင်းမှာ ကင်း ဆိုတဲ့ကိုယ်တောင်မှ သူလောက်မရှုပ်ဘူး။ ပါးစပ်က သရမ်း။ ရုပ်က ပြိတ်တီးနဲ့"

"ချောတာပါ သဥ္ဇာရယ်၊ နင်က ကြည့်မရတော့ ဘယ်ရှုထောင့်ကကြည့်ကြည့် မုန်းစရာပဲဖြစ်နေတာကိုး။ ပြီးတော့ သူက အားကစားလဲတော်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သွားပါ ..."

ပြောရင်း မျက်လုံးက ထိုလူဆီရောက်သွားပြန်သည်။ မျက်နှာမော့ရယ်လိုက်ခြင်းနှင့် တည့်တည့်တိုး၏။ ဒီဘက်ကမြင်ရသည့် ပါးတစ်ဖက်မှာ ပါးချိုင့်ရှည်တစ်ချက် လက်သွားသည်။

ဟွန့် ... လုပ်စားနေတာ။

ထိုမျက်စောင်းကို လှမ်းမြင်လိုက်သည့် သူမက ခွင်း ကိုပြန်မော့ကြည့်ကာ ...

"ဘာဖြစ်လို့ ဒီလောက်ရယ်ရတာလဲ၊ သူများတွေအမြင်ကပ်အောင်"

"ရယ်စရာရှိလို့ရယ်တာ ဘာဖြစ်လဲ၊ ဘယ်သူကပ်ကပ်"

ထပ်ကိုင်ထားသည့် စာအုပ်နှင့် ကိုယ့်ပေါင်ကို ရိုက်ပစ်လိုက်ပြီး ခွင်း ကမဲ့သည်။

"လူမိုက်တစ်သောင်း ကဲ့ရဲ့ညောင်းလဲ လူလိမ္မာတစ်ယောက် ချီးမွမ်းသလောက် ခရီးမရောက်ဘူးတဲ့"

"ဩော် ... နင်က လူလိမ္မာလေးပေါ့"

"လွဲပြီ၊ အဲဒါကြောင့် နင် ခုချိန်ထိ ခပ်တုံးတုံးဘဝက မတက်တာ ငါက လက်ညှိုးထိုးခံရတဲ့သူ၊ ငါ့ကိုယ်ငါ ပြောပါ့မလား"

ခွင်း ကပြောရင်း မော့ကြည့်လာသည့် ရာရာ့ မျက်နှာကို မေးဆတ်၍ ....

"နင့်ကိုပြောတာ၊ ဘယ်သူဘာပြောပြော နင် ငါ့လို မပြောဘူး မို့လား။ အဲဒါ ..."

ရာရာ့ မျက်နှာလေးက ဆံမြိတ်မထားဘဲ ဆံပင်တွေကို အလယ်တည့်တည့်က အပြောင်သိမ်းခွဲထားသဖြင့် ရှင်းလင်းနေသည်။ နှာတံ ချွန်ချွန်လေးက ထင်းနေသည်။ ထူပြီး အဖျားရှူးတာ ဘာညာလည်း မရှိ၊ ရှည်လည်းမရှည်သော မျက်ခုံးနှစ်ဖက်က ထူထူတုတ်တုတ်လေး ခဲနေသည်။





ထိုအောက်စပ်မှာ ဖျက်ချထားသည့် သနပ်ခါးက မကုန်ဘဲ တချို့တဝက် ကပ်တွယ်လျက်ရှိသေးသည်။ နှုတ်ခမ်းထူချင်ပေမယ့် ပိရိကျနသည့် ထောင့်ချိုးကလေးတွေ ပေါ်နေသဖြင့် လှပါသည်။

ဒါပေမယ့် နှုတ်ခမ်းဖျားလေးတွေအထက်မှာ စိမ်းညို့သော နှုတ်ခမ်းမွေးရာလေးတွေ ထင်နေသည်က မြင်နေရသဖြင့် ခွင်း ကတော့ ခဏခဏ စတတ်ပါ၏။

"သနပ်ခါးလဲ ကြိုက်သေး၊ နှုတ်ခမ်းမွေးစစနဲ့ တွေးကြည့်ဦး၊ ဟား ဟား ..."

"ဘာလဲ၊ သနပ်ခါးတွေ တင်နေလို့လား"

လွယ်အိတ်ဆွဲထွက်လာမှ ရာရာ မျက်ခုံးကိုခြစ်လိုက်၊ နှုတ်ခမ်းပေါ်ကို ပွတ်လိုက် လုပ်နေပြီဆို ခွင်း က မိုက်နှိပ်ရယ်၏။

"လုပ်မနေပါနဲ့တော့ဟာ၊ ဘယ်လိုလုပ်လုပ် ဒီရုပ်ပါပဲ"

"ခွင်း နော် ..."

ကိုယ်မလှဘူးဆိုတာကို သိသည်။ ဒါပေမယ့် ဒါကို ခွင်း က ပြောလာတိုင်း ရာရာ ဝမ်းနည်းသည်။ ဘယ်အချိန်ဘယ်အခါဖြစ်ဖြစ် သူ့အတွက်ဆို အဆင်သင့်ဖြစ်နေခဲ့သော သူငယ်ချင်းကောင်းလေးရယ်လို့ ခွင်း ဘယ်တုန်းကမှ မညာတတ်ခဲ့ပေ။

ရာရာ ကတော့ ခွင်း ကို သူငယ်ချင်းလိုခင်သည်။ မောင်နှမရင်းချာလို နားလည်နိုင်၏။ ပြီးတော့ ကိုယ်ကသာ ပိုမိုခဲ့ရသော တစ်ဖက်သတ်သံယောဇဉ်ကို ကိုယ်ပဲနားလည်နေရတာမို့ အမြဲတမ်းပဲ ခွင့်လွှတ်ခဲ့ပါသည်။

ဒီအဖြစ်တွေကို အိမ်ကလူကြီးတွေတောင် သိကြသည်။ ခြံချင်းကပ်လျက် ရင်းနှီးချစ်ခင်စွာ နေခဲ့ကြသော မိဘတွေကြောင့် ထမ်းဦးတည်းသောသား ခွင်း နှင့် တတိယအငယ်ဆုံးသမီး အသူရာ တို့က ငယ်ပေါင်းကြီးဖော် သူငယ်ချင်းတွေ ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ခွင်း ကို ရာရာ က မုန်းလောက်အောင် ခင်ခဲ့သည်။ ကိုကြီးနှင့် မလတ်က မကြိုက်။ လူကြီးတွေရှေ့မှာ ဗျိုသိပ်နေသော်လည်း အမြင်မတော်လောက်အောင် ဖြစ်လာတိုင်း ဆူသည်။ ဒေါသဖြစ်တိုင်း မလတ်က ခေါင်းခေါက်သည်။

"အဲဒီကောင်လေးကို ဘာဖြစ်လို့ ဒီလောက်ကြောက်ရတာလဲ၊ ပြန်လုပ်ပါလား၊ လက်နဲ့မနိုင်ရင် တွေ့ရာနဲ့ ခေါင်းရိုက်ခွဲခဲ့၊ နင့်ကို မေမေ မရိုက်စေရဘူး"

ဟိုးငယ်ငယ်ကတည်းက ခွင်း နဲ့ရန်ဖြစ်တိုင်း ပါးစပ်နဲ့ဖြစ်ဖြစ်၊ လက်နဲ့ဖြစ်ဖြစ် ရာရာ ဘယ်တော့မှ မနိုင်ခဲ့ပေ။ စကားနိုင်လုပြီး ရန်ဖြစ်ပြီဆို ရာရာ ဘာမှမပြောတတ်၊ ပြောတတ်တိုင်းသည်း ပြောမထွက်တာတွေ၊ မပြောရက်တာတွေနှင့် လုံးထွေးနောက်ကျကာ ခွင်း ကပဲ နိုင်သည်။

လက်တိုင်ဖုန်းကို လူကြီးတွေမသိအောင် ယူထုတ်လာပြီး ပြောတော့ 'ငါ ဖြုတ်ပြီး ပြန်တပ်ပြမယ်၊ လာကြည့်' တဲ့။

ခြံထဲထိခေါ် လာပြီး လက်ဆွဲခေါ် ခဲ့တာက သူ၊ တစ်စစီဖြုတ်ပစ်လိုက်ပြီး ပြန်တပ်ရတော့လို့ လူကြီးတွေနဲ့ မိသွားတော့ သူပဲဦးအောင်တိုင်၏။

"ရာရာ က ဖြုတ်တတ်ရင် ဖြုတ်ပြဆိုလို့ သားဖြုတ်ပြတာ၊ သူက မခံချင်အောင် ပြောတာ"

ချက်ချင်းကြီး လက်ညှိုးထိုးအော်တော့ ပေါ် တင်ကြီးလွှဲချလိုက်တာမို့ ရာရာ ကြောင်တောင်တောင်လေး ဖြစ်သွားသည်။ ထိုခဏလေးမှာ ခွင်း ပြောလိုက်တာပဲ မှန်သွားသလိုလို သက်ရောက်သွားခဲ့ပြီး ....

"မဟုတ်ဘဲနဲ့နော် ခွင်း၊ ငါ မပြောဘူး"

ရာရာ ပြောတတ်တာ ဒါပဲဖြစ်သည်။ 'နင် ငါ့ကိုခေါ် တာ၊ ငါ ဖြုတ်ပြမယ်လို့ နင်ပဲပြောတာ' စသဖြင့် သူ့ကို ဆွေ့ဆွေ့ခုန်ပြန်အော်ဖို့ သတိ





ဝင်ရေပါ။

ထိုအခါ ခွင်း မိဘတွေက ရာရာ့ကြောင့်ဆိုလျှင် ခွင့်လွှတ်လိုက်သည်ဆိုသောအဖြစ်မှာပဲ ရာရာ့အပြစ်ဟု ကြွင်းကျန်ရစ်ခဲ့သည်။

ငယ်ငယ်ကတည်းက အနိုင်ယူခဲ့သည့် ခွင်း။ ငါးတန်း အတူတူ တက်ကြတော့ အဆင့်တစ်ကို ရာရာနဲ့ခွင်း အတူတူရကြသည်။ နှစ်ဖက်မိဘများက ဆုချကြ၏။ ထိုဆုတွေထဲတွင် ရေကူးနေသည့်ဘဲလေး တစ်အုပ်ပါသည့် ဖန်လုံးကလေးကို မေမေဝယ်ပေးတာဖြစ်သည်။

ရာရာက ထိုဖန်လုံးကလေးကို လက်ကမချ။ ခွင်း နှစ်သက်သည်ဆိုသော လောင်ချာတိုင်ထားသည့် စက်ရုပ်လေး ရာရာ့ လက်ထဲမှာ ဘာဖြစ်သွားမှန်းမသိသောအခါ ခွင်း က ညဉ်ဆိုးသည်။

"ပေး ... နင့်ဖန်လုံး"

ဟု ပြော၍ ဆတ်ခနဲ ဆွဲယူသည်။ မရမက ထုချေပစ်၏။ ရာရာ ဒေါသမထိန်းနိုင်ခဲ့တာ ဒီတစ်ကြိမ်ပဲ ရှိခဲ့ဖူးသည်။ ခွင်း ကို အတင်းပြေးရိုက်သည်။ ခွင်း က ဆတ်ခနဲ ထရပ်ပြီး ပြန်ခံသတ်တော့ ရာရာ့နှာခေါင်းမှ သွေးတွေကျသည်။ ပါးရိုးလေး ညိုမည်းယောင်ကိုင်းခဲ့၏။

ထိုစဉ်က လူကြီးချင်းတောင်မှ မျက်နှာပျက်ကြတော့မလို ဖြစ်ခဲ့သေးသည်။ ခွင်း တို့ဘက်က ခြေသလုံးဖက်တော့မတတ် တောင်းပန်ကြသည်။ လူမှုရေးဘက်က ပြန်ကြည့်ပြီး လူကြီးတွေက နားလည်လိုက်ပေမယ့် မလတ်နဲ့ကိုကြီးတို့ကတော့ ခွင်း ကို မုန်းသွားကြသည်။

"ပါပါရယ်၊ သမီးကသာ မခံမရပ်နိုင်ဖြစ်ကျန်ခဲ့တာ၊ သမီးညီမက ခုပဲ ဟိုဘက်ရောက်သွားပြီ၊ ကလေးချင်းက ခုဖြစ်၊ ခုပျောက်ရယ်"

ခင်ဒီပါက မကျေနပ်ပါ။ မိခင်ဖြစ်သူ ဘယ်လိုပြောပြော ခွင်း ဒေါသတာမြင်သည်နှင့် မျက်မှောင်ကုတ်ပြီးသား၊ လူကြီးတွေမရှိလျှင် ခါးထောက်တာလည်း ရှိ၏။

"ဘာလဲ၊ ရာရာ အိပ်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောလွှတ်သည်။ တစ်ခါတစ်လေ အတူရှိနေတုန်း ခွင်း လာနေတာမြင်လျှင် ရာရာ့ ကို အခန်းထဲဆွဲသွင်းပစ်လိုက်ပြီး 'ရာရာ မရှိဘူး' လို့ ပြောပစ်လိုက်သည်။

ဒါတွေဟာ ဟိုတုန်းကတည်းက ရာရာ အမြဲတမ်းရှုံးခဲ့ရသည့် အရာတွေပင်ဖြစ်သည်။ ခုကျတော့ ကိုကြီးက နိုင်ငံခြားသဘောသားကြီးဖြစ်လျက် မလတ်က တက္ကသိုလ်မှာ ကထိကတစ်ယောက် ဖြစ်နေပါပြီ။

ငယ်စဉ်ကလိုမဟုတ်တော့ပေမယ့် 'ခွင်းနဲ့ သိပ်မတွဲနဲ့တော့' ဆိုတာက ပြောနေဆဲပင်။ ဒါပေမယ့် ရာရာ မနေနိုင်ခဲ့ပေ။ မနက်မိုးလင်း အိပ်ရာထတာနှင့် ခေါင်းရင်းပြတင်းဖွင့်လိုက်စဉ်မှာ ဟိုဘက်တိုက် အိပ်ခန်းထဲတွင် ခွင်း ၏ ကျောင်းသွားဖို့ ပြင်ဆင်နေသော လှုပ်ရှားမှုတစ်ခုခုကို မြင်လိုက်ရမှ။

ကျောင်းသွားဖို့ ပြင်ဆင်ပြီး ခွင်း လာမခေါ်မချင်း နောက်ကျခံပြီး ငုတ်တုတ်ထိုင်စောင့်ခဲ့ရတိုင်းလည်း မငြီးငွေ့မိပါ။ ကျောင်းဝင်းထဲကို ခြေချလိုက်တိုင်း ဘေးမှာ ခွင်း ရှိနေမှ။

ဘယ်သူမှမသိကြပေမယ့် ရာရာ သိနေသည်။ သူငယ်ချင်းထက်ပိုတဲ့အချစ် သူမ ရင်ထဲမှာ ဖြစ်နေပြီ။

ဒါပေမယ့် သူ့ သိစေဖို့မဟုတ်ပါ။

❀ ❀ ❀





အခန်း (၂)

"စား ... သမီးလေး စား။ ဒီမှာ သမီးလေး အစပ်မစားနိုင်တာကိုသိလို့ သပ်သပ်ပြင်ထားတာ၊ ဒီမှာ လာထိုင်"

ရာရာက အစပ်သာမစားနိုင်တာ၊ ရှောက်သီးသုပ်ကျတော့ အသေကြိုက်သည်။ အစပ်ဆို ပြုပ်ကောင်းပုတာဓတာင်မှ မစားနိုင်ပေ။ ဒါကို ဒေါ်ငြိမ်းသူဇာက သိပြီးသား၊ ထို့ကြောင့် ကြာဆံဟင်းခါးဆိုလည်း ရာရာ့ အတွက်က ပြုပ်ကောင်းပါသည်ဆိုရုံမျှ ပြင်ပေးတတ်သူ။

"ဘယ်လိုလဲ၊ ကောင်းရဲ့လား သမီး"

"ကောင်းတယ် ကြီးကြီး၊ အန်ကယ်အောင်ရော"

"ရေချိုးနေတယ်လေ၊ ခုနကမှ ပြန်ရောက်တာ"

"ဟင် ... ဒါဆို ရာရာက ဦးဦးဖျားဖျားကြီး စားနေတာလား"

ဦးသန်းအောင် မစားရသေးဘူးဆိုတော့ ဒေါ်ငြိမ်းသူဇာ မစားရသေးဘူးဆိုတာလည်း သိလိုက်သဖြင့် ပါးစပ်ထဲလည်းရောက်နေပြီဖြစ်သည့် ရှောက်သီးသုတ်ကို ဝါးရင်းတန်းလန်းနှင့် ရပ်မိသည်။

ဒေါ်ငြိမ်းသူဇာက နှစ်မြိုက်စွာပြုံးကာ ရာရာ့ခေါင်းလေးအား ဖိပွတ်၍ ....



www.burmeseclassic.com

www.burmeseclassic.com



"ခပ်ထားပြီးပြီလေ သမီးရဲ့၊ သမီးအန်ကယ်က အရမ်းပူနေရင် မကြိုက်ဘူး။ သောက်ဖြစ်ရုံ အနေတော်လေးဖြစ်နေအောင် ခပ်ပေးထားရတာ သူစားမယ့်အချိန်နဲ့ အံကိုက်ပဲ၊ ရှောက်သီးသုတ်ကျတော့ စားခါနီးမှ သုတ်ရတဲ့ကိစ္စ၊ ဦးဦးဖျားဖျား ဖြစ်ဖို့လိုလို့လား"

ပြောနေရင်း ဒေါ်ငြိမ်းသူဇာက ရေဘူးတစ်ဘူးနှင့် ဖန်ခွက် အဆင်သင့်ချပေး၏။

"သမီး စားနှင့်ဦး၊ သမီးအန်ကယ်အတွက် အကျီတွေ သွားထုတ်ပေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ ကြီးကြီး၊ ဟို ... ခွင်း ရောဟင်၊ ဒီနေ့ ကျူရှင်မတက်ရဘဲနဲ့"

မေးလိုက်တော့ ဒေါ်ငြိမ်းသူဇာက နောက်ထဲကို တစ်ချက်လှမ်းကြည့်ကာ .....

"သမီးသူငယ်ချင်းကို ဒီနေ့ သူ့အဖေ အမိန့်ချထားတယ်၊ ဘယ်မှ မသွားရဘူးဆိုလို့ အခန်းအောင်းနေမှာပေါ့"

ရာရာ က ခေါင်းလေးညိတ်၍ ပြုံးလိုက်သည်။ စိတ်မကောင်းပေမယ့် ဒီလိုလည်းရှိဦးမှ ဟု တွေးမိရင်း ရှောက်သီးသုပ်ကို နောက်ထပ်စားဖို့ ပါးစပ်ဟလိုက်စဉ် ...

"ရာရာ ..."

"ဟင် ..."

ဇွန်းကိုင်သည့်လက်ကို လာဆွဲလိုက်တော့ ပါးစပ်လေးဟလျက်နှင့် ရာရာ ပုံပျက်ပန်းပျက် ဖြစ်သွား၏။

"လာပါ၊ ထစမ်းပါ၊ ခဏလေး ..."

"နေပါဦးဟာထဲ၊ ငါ အရမ်းစားချင်နေလို့ပါ၊ ခဏတော့စောင့်ပါဦး"

"စောင့်လို့မရဘူး၊ အဲဒါချလိုက်၊ ချလိုက်စမ်းပါ"

ရာရာက မချတော့ ဇွန်းကို အတင်းဆွဲဖြုတ်ချခဲ့ပြီး အခန်းထဲ





ဆီအောင် တောက်လျှောက်ဆွဲသွင်းသွားသည်။ ပြီးတော့ တံခါးကို လျှာနဲ့ကပ်မှီပြီး ပိတ်လိုက်ကာ ...

"ငါ အပြင်ထွက်မှဖြစ်မယ်၊ ငါ့ကို နင် ခေါ်ထုတ်စမ်းပါ"

"ဟယ် ... မဟုတ်တာ ခွင်းရယ်၊ ခုပဲ ငါးနာရီခွဲနေပြီ၊ ဒီအချိန်ကြီး ငါအပြင်ထွက်ဖူးတာမဟုတ်ဘူး"

"ဟင်း ..."

ခွင်း က နှာခေါင်းကိုပွတ်ပြီး ရှုံ့တွမဲ့ရှုံ့ကာ နောက်ဆုတ်၏။ ရာရာ ကိုယ့်ပါးစပ်ကိုယ် လက်ဝါးလေးနှင့် ကာလိုက်သော်လည်း ...

"နံလိုက်တာ၊ ကြက်သွန်နံ့ကြီး"

ဟု ကဲ့ရဲ့ခံလိုက်ရသေးသည်။ ပြီးမှ နောက်ထပ်တစ်လှမ်း ဆုတ်ရပ်ကာ ပွယောင်းယောင်း အဖြူရောင်ရှေ့ပင်အိတ်ထဲကို လက်တွေထည့်၍ ....

"လုပ်ပါ မိရာရယ်၊ ငါ ဒီညနေချိန်းထားလို့ပါ၊ လွဲလို့ မဖြစ်ဘူး၊ အဲဒီတစ်ယောက်ကို ငါ အသေကြိုးစားရတာ၊ မေမေတို့က နင်ပြောရင် ပြီးပြီ"

"ဟဲ့ ... ငါလာခကတည်းက ကြီးကြီးက လာခေါ်လို့ ရှောက်သီးသုပ်စားဖို့ ထလာခဲ့ဥစ္စာ၊ အပြင်ထွက်ဖို့ ဘယ်လိုလုပ်ပြောရမှာလဲ၊ ပြီးတော့ မလတ် အိမ်မှာရှိတယ်၊ ငါထွက်ဖို့မလွယ်ဘူး"

"ဟား ... ရှုတ်ပြနေလိုက်တာ၊ ကယ်ဆယ်ရေးစခန်းဖို့ပေးရတော့မလိုဖြစ်နေပြီ၊ နင် တော်တော်ဈေးကိုင်ပါလား၊ ဒီမှာ နင့်ကို ဒီ လောက်တောင်းပန်နေတာကို နည်းနည်းပါးပါး စိုင်းစားပေးဖို့ မစဉ်းစားဘူး၊ သွား ... သွား ... ပြန်တော့"

"မဟုတ်ပါဘူး ခွင်းရယ်"

ခွင်း စိတ်ဆိုးတာကို မခံနိုင်သည့် သူမ သာလျှင် အမြဲထုတ်ရတော့မည်။ ဒီလိုအဖြစ်မျိုးတွေက မကြာခဏပါ။ ရည်းစားတွေ ထည်



www.burmeseclassic.com

www.burmeseclassic.com



လဲထားတာမျိုးတော့ မဟုတ်ပေမယ့် ခွင်း ရည်းစားများတာကတော့ အမှန်ပဲဖြစ်၏။

ပွဲရှုပ်သည့်ညမည်လေး သင်းလာတော့ မိန်းကလေးတွေက အလွယ်တကူ မယုံကြည်။ ခွင်း ကတော့ လှသည်၊ သဘောကျပြီဆို မရမကလိုက်တာပဲဖြစ်၏။

"တကယ်လှတာ၊ တကယ်ချစ်ဖို့ကောင်းတာ"

စသဖြင့် သူပဲ တမ်းတမ်းစွဲနေသလိုလို၊ ပြတ်တောက်သွားကြပြီဆိုတော့လည်း အထူးတလည် ခံစားနေရပုံမရှိ။

"ငါ့ကို ပွေတယ်၊ ရှုပ်တယ်နဲ့ ဟိုစွပ်စွဲ ဒီစွပ်စွဲ သံသယတွေ များလာရင် ခေါင်းရှုပ်လာရော၊ ရည်းစားတစ်ယောက်နဲ့ပြတ်လို့ နောက်တစ်ယောက်ထားတယ်၊ အဲဒါ အမှန်ပဲဟာကို ဘယ်လောက်ထိ လှည့်ပတ်ပြောနေနိုင်မှာလဲ၊ အဲဒီတော့ ကိုယ်ကပဲ စဖြတ်လိုက်တယ်၊ ကိုယ်ကျန်ခဲ့ရတာမှမဟုတ်တာ၊ ဘာငိုစရာလိုလို့လဲ"

ဆိုတာမျိုး ...။ သူ့မှာတော့ အကြောင်းပြချက်တွေ အမြဲရှိနေသည်သာ။ ရာရာ သူ့ကို ဘာမဆိုဖြည့်ဆည်းပေးနေရသည့်အထဲမှာ ရည်းစားစာရေးပေးရတာ ရှိသည်။ ဖုန်းနဲ့ ညာရတာတွေ၊ ချိန်းတွေ့သည့်နေရာထိ ခေါ်သွားတတ်တာတွေက ခဏခဏ။

အိမ်မှာ အဆူအကြိမ်းခံရတာနှင့်ကြုံလည်း ခုလိုမျိုး လှည့်ပတ်ခေါ်ထုတ်ပေးရတာတွေလည်း ပါသေးသည်။

"ငါကတော့ နင့်ရဲ့ လက်ကိုင်တုတ်ကြီးဖြစ်နေပြီ"

ကိုယ့်ကိုကိုယ် သံဝေဂနှင့် ညည်းမိပြီဆို သူကပဲ ဒေါသတွေထွက်လို့ ...

"လက်ကိုင်တုတ်ထားရအောင် ငါက အကန်းလား။ နင်က ငါ့ကို အမှီသဟဲနဲ့နေတဲ့ကောင်လို့ ပြောလိုက်တာလား"

"မဟုတ်ပါဘူး ခွင်းရယ်၊ ဘာပဲဖြစ်ဖြစ် နင်လိုအပ်သမျှ ငါ့တို နိုင်းတာပဲမို့လား"





"ခိုင်းတာမှမဟုတ်တာ၊ သူငယ်ချင်းအရင်းမို့ အခက်အခဲရှိလို့ အကူအညီတောင်းတာ၊ စကားကိုကြည့်ပြော"

ခွင်း က အဲဒီလိုတောင်းဆိုခြင်းဖြင့် ခိုင်းတတ်သူဖြစ်သည်။ သူ့ကို ခေါ်ထုတ်ရတာလွယ်ပေမယ့် ကိုယ့်မှာ ထွက်ခဲ့ရတာလည်း လွယ်တာမဟုတ်။

"အချိန်မရှိတော့မှ ဘယ်အထိသွားမှာလဲ ခွင်းရယ်၊ အပြန် မိုးချုပ်တော့မှာပဲ"

ကားမောင်းနေရင်းနှင့် ခွင်း ကလှည့်ကြည့်သည်။ နေ့ဘက် မလတ် မရှိသည့် ဘယ်အချိန်မဆို ဘယ်ခေါ်ခေါ် ဘယ်လိုနေနေ ဒီအသံမျိုး မကြားခဲ့ရပေ။ မလတ် အိမ်မှာရှိချိန်များဆို ရာရာ အရမ်းသိသာပြီး ခွင်း အကြည့်က မျက်ကြောစင်းစင်းနှင့် မကျေနပ်သလို။

"ဘာလဲ၊ မလတ်က ကျပ်ပေးလိုက်လို့လား"

ရာရာကလည်း မဆိုင်းမတွ ခေါင်းညိတ်ကာ ...

"အပြန်မိုးမချုပ်စေနဲ့လို့ မှာတာပါ၊ ဒါကတော့ မိန်းကလေးနဲ့ အချိန်အခါဆိုတာ ရှိသေးတာကိုး ခွင်းရဲ့"

ရာရာက မလတ်နဲ့ခွင်း မကြည်လင်တာကိုသိနေသဖြင့် တစ်ခါတည်းရှင်းပြ၏။

"ငါနဲ့သွားတာ ဘာဖြစ်သွားနိုင်လို့လဲ၊ နင့်မလတ်ကိုက ငါ့ကို ..."

"မဟုတ်ပါဘူးဟာ၊ နင်ကလဲ ..."

"ဖြတ်ဖြတ်မပြောစမ်းပါနဲ့၊ ဒီမှာ မပြီးသေးဘူး၊ ဘယ်သူနဲ့သွားသွား.. ငါနဲ့မဟုတ်ဘူးဆိုရင် ဘာသံထွက်လို့လဲ"

"အံမယ်၊ ငါကရော ဘယ်သူတွေနဲ့များ ဒီလိုသွားလာနေတာမို့လို့လဲ၊ ခွင်း နော်၊ စကားကို ကြည့်ပြော"

"ကြည့်ပြောနေတာပဲ၊ ငါကလဲ နှစ်ယောက်အတူ အမြဲရှိနေကျအတိုင်းမရှိတော့ရင် မနေတတ်လို့ သိလား၊ သွားရ လာရတာကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



မပျော်သလိုကြီးမို့ နင့်ကို ခေါ်ခေါ်နေတာ၊ အဲဒီမျက်နှာကို တင်
မြင်ရရင် တစ်ခါလက်သီးယားတယ်"

"ခွင်းရယ်၊ မလတ်က နင့်ထက် အသက်လဲကြီးတယ်၊ ပြီးတော့
ငါ့အစ်မပါ။ အဲဒီလောက်တော့ မပြောပါနဲ့"

"ပြောပ့ာပဲ၊ ဒီ့ထက်ကို ပြောချင်တာ" ဟု စိတ်ထဲမှာပြောဖြစ်ရင်
နှုတ်ခမ်းက ဟိုဘက်ဒီဘက် ရွဲ့စောင်းကျ၏။ သူ့အစ်မကို ပြောလို
တိုင်း အဲဒီမျက်နှာက ငိုမဲ့မဲ့ဖြစ်ဖြစ်သွားလို့ ပြန်ပိတ်ထားရသည်။ ပါးစ
ထဲမှာ မပြောဘဲ သိမ်းထားရတဲ့စကားတွေ အများကြီးရှိသေးသည်

ငယ်ငယ်တုန်းက ကလေးချင်းဖြစ်ကြတာတွေကို ပြန်ကြည့်
မလား၊ မေမေတို့က ကလေးချင်းပဲဆိုပြီး သာတာ နာတာတွေ မတွေ
ဘဲ တောင်းပန်တာ၊ အလျှော့ပေးတာတွေချည်းပဲ ရှိခဲ့တာ၊ အဲဒီဘ
ကကျတော့ အမြဲတမ်း ဒေါသမောဟတွေနဲ့။

မလတ် အဆိုးဆုံးပါ။ 'အမလေး … သေပါပြီ၊ သွေးတွေ ကြည
စမ်း၊ ကြီးကြီးသားကို ကြီးကြီးမေးဦး၊ သက်သက်ကြီးအနိုင်ကျင့်တ
တွေ အသိသာကြီး' ဆိုတာတွေ၊ အော်ပြီဆို သူ့ညီမ တစ်ခုခုဖြစ်လ
တာမြင်တာနှင့် စီခနဲဆို မလတ်အသံ။

ပါးစပ်တင်မကာ ရင်ဘတ်ကို ပုတ်တာရှိသေးသည်။ လက်ညှိုးထိုး
ပြီး ဇွေ့ခနဲ ခုန်ပြီးမှ အော်တာလည်းရှိ၏။ ခွင်း မျက်လုံးထဲမှာ ဘယ
တော့မှ ဖျောက်မရခဲ့သောဟန်ပန်တွေဟာ မလတ် အကဲပိုသည
အကြောင်းတွေသာ ဖြစ်သည်။

ထို့ကြောင့် မလတ်ကို သူ ဘယ်တုန်းကမှ ကြည့်မရခဲ့တေ
ကထိက ဆိုသည့် မလတ်ပုံစံက ယဉ်ယဉ်နွဲ့နွဲ့လေးနှင့် အများကတေ
သမီးအလိမ္မာဆေးတဲ့။ သူ့မျက်လုံးထဲမှာတော့ အဲစွယ်ငေါငေါနှင
ဘီလူးမပဲဖြစ်၏။

ဒေါသက ရင်ဘတ်ထဲကနေ ခြေဖဝါးကို ရောက်သွားသလားမေ





ကားက ရှေ့မှတစ်စုံတစ်ခုနှင့် ဆောင့်တိုက်လိုက်သလို တုံ့ခနဲရပ်ကာ
သိမ့်သိမ့်ခါသွား၏။

"သေပါပြီ ခွင်းရယ်၊ ဘယ်လိုလုပ်လိုက်တာလဲ"

နဖူးလေးကိုပွတ်၍ ရာရာ ရှုံ့မဲ့ကြည့်တော့ ခွင်း က လှည့်မကြည့်ဘဲ
ဝခုံးနှစ်ဖက်တွန့်သည်။

"ရင်ထဲမှာ အဲဒီလိုဖြစ်သွားတာကိုပြတာ၊ ဟွန်း …"

ရာရာ မျက်နှာလေး ငယ်သွားရှာသည်။ ခွင်း ဟာ ဘာပြောပြော၊
ဘာလုပ်လုပ် သူ့မ မျက်နှာကို ပြန်ငဲ့ခဲ့တာ သိပ်မရှိဖူးပါ။ တစ်ခါတစ်လေ
တော်တော်လွန်လွန်ကျူးကျူး ပြောပြီးမှ 'စတာပါဟာ၊ ဖြစ်နေလိုက်တာ'
လို့ပြောပြီး လက်မောင်းကို လက်သီးနှင့် ဖွဖွထိုးသည်။

ပါးကို လက်ခုံနှင့် လှမ်းပုတ်တာလည်းရှိသည်။ ရာရာ ကတော့
ပြန်မချော့လည်း ကျေနပ်လိုက်ရတာပါပဲ။

ညနေခင်းက သက်တမ်းရင့်နေပြီမို့ ညိုရိပ်သမ်းနေသည်။ မင်းမူ
လာမည့်အမှောင်ကို အံတုဖြိုခွင်းနိုင်ဖို့ တချို့နေရာတွေမှာ မီးပွင့်
မီးချောင်းတွေ လင်းနေပြီဖြစ်၏။

ဆူးလေလမ်းမကြီးတစ်လျှောက်မှာ လူတွေ ကားတွေ အရှုပ်
ထွေးဆုံးအချိန်။ ခွင်း က ပန်းခြံဘက်ကို မျှော်ကြည့်၍ ကားပေါ်က
ဆင်းလိုက်သည်။ ဟိုဘက်ကနေ ဆင်းမလို့ပြင်ပြီးမှ ရာရာက မဆင်းဘဲ
ခွင်း ဘာလုပ်မလဲဆိုတာကို လိုက်ကြည့်နေ၏။

ခွင်း က နက်ပြာရောင်ဘောင်းဘီပွပွအိတ်ထဲကို လက်နှစ်ဖက်
ထည့်လျက်နှင့် ဟိုဒီလိုက်ကြည့်သည်။ ပြီးတော့ နာရီကြည့်၏။ ဆံပင်
တွေကို ရှေ့ကနေ လက်ချောင်းတွေထည့်၍ ထိုးသိပ်တင်ရင်း ဒီဘက်
ပြန်လှည့်ကာ …

"ရာရာ ငါ သွားကြည့်လိုက်ဦးမယ်၊ နင် ဒီမှာစောင့်နေခဲ့ဦး"

"ဟင် …ဘယ်သွားမှာလဲ၊ ကားနဲ့ပဲသွားလေ၊ ဒါမှမဟုတ်လဲ ငါ



www.burmeseclassic.com

www.burmeseclassic.com



လိုက်မှာပေါ့"

"မလိုက်ပါနဲ့၊ ကြည့်ပြီးပြန်လာမှာ"

ပြော၍ နာရီကို တစ်ချက်ထပ်ကြည့်ကာ ...

"ငါ အိမ်က ထွက်မရလို့ နောက်ကျနေတာ၊ သူ မရှိတော့ဖို့များ တယ်၊ ခဏပဲ"

"ခွင်း ...."

ငါလဲ လိုက်မယ်ဟု ပြောမလို့ကို ခွင်း က ဝေးသွားပြီဖြစ်၏။

"ကြည့်စမ်း"

ကြည့်နေရင်း ခွင်း ရဲ့ကျောပြင်က တစ်စစဝေးကွာသွား၏။ ဆူး လေတုန်းကြီးကို ကွေ့ပတ်ကာ တစ်စတစ်ဆုံး မြင်နေရရင်း ပျောက်ကွယ်သွားသည်။

ဘယ်လောက်ထိသွားနိုင်သည်ကို ရာရာ တွေးမိလိုက်ပါပြီ။ မလှမ်းမကမ်းမှာ ဘတ်စ်ကားဂိတ်ရှိနေသည်။ လူတွေရှိနေသမျှမှာ ယောကျ်ားတွေက များသည်။ ကြည့်နေရင်း မိုးချုပ်စအလင်းရောင်က ခွန်အားမရှိတော့သလို သဲသဲကွဲကွဲ ဘာမှမရှိတော့ပေ။

အသားထဲမှာ မြုပ်နေအောင် ပတ်ထားသည့် နာရီအနက်လေး ကို မြှောက်ကြည့်ရင်း ရင်ထဲမှာပူလာ၏။ ခွင်း လှစ်လိုက်ရင် ဘယ် တော့မှ ရာရာ့အတွက် မပါ၊ ဒါကိုသိသိနှင့် သူမကလည်း ပြောတိုင်း ကျေနပ်နေခဲ့သည်သာ။

နာရီဝက်လောက်ကြာသွားတော့ တစ်လောကလုံးကို အမှောင် ထုက ဝါးမျိုသွားပြီဖြစ်၏။ ခွင်း ကရောက်မလာသေး၊ သူ့ရည်းစားနဲ့ တွေ့ပြီး အဆင်ပြေနေပြီထင်သည်။ ဒါဆိုလည်း ကားတစ်စီးနှင့် လမ်း ဘေးမှာ တစ်ယောက်တည်းနေခဲ့ရသည့် သူမအခြေအနေကိုတော့ သတိရဖို့ကောင်းပါသည်။

ရင်ဘတ်ပေါ်မှာ နှစ်ဖက်ခွဲချထားသည့် ကျစ်ဆံမြီးရှည်နှစ်ဖက်



ပို့ ရတွေးလိမ်ကျစ်ကာ ရင်ခုန်သံတွေမြန်လာသည်။ လည်ပင်းတ ညှိုရှည်ဖြစ်လာတော့ ခါးလေးက တောင့်မတ်ရုံမကဘဲ ကော့နေသည်။ ဘော်တောင်ညောင်းလာမှ ကိုယ်ကိုလျှော့ချကာ ကူရှင်မှာ မှီသည်။ ခဲ့သည်း တစ်မိနစ်တောင်မကြာဘဲ လည်ပင်းထပ်ရှည်၊ ခါးက ထပ်တောင့်။

စက္ကန့်၊ မိနစ်နဲ့အမျှ ရင်ရော၊ ခါးရော ညောင်းတောင့်လာကာ ဗူတိုယ်ကြီးစစ်စစ်ကနေ ကိုယ့်ကိုကိုယ် ဝါးလုံးမှာခေါင်းတပ်ထား သလို ထင်လာ၏။

ခါးတွေ အဆမတန် တောင့်တင်းနေပြီဖြစ်သည်။ နာရီထပ် ကြည့်မိတော့ ခွင်း ထွက်သွားတာ လေးဆယ့်ငါးမိနစ်ရှိနေပြီ။

"ဒီမှာ .. ဒီမှာ ...လူရှိလား"

"ဟင် ..."

ရာရာ ဆတ်ခနဲ တွန့်သွားသည်။ ဘေးမှန်ကိုပုတ်၍ ကားထဲကို ငုံ့ကြည့်နေသည့် ယောကျ်ားကြီးက အဖြူရောင်ယူနီဖောင်းနှင့် ...။

"ရှင် ..."

"ဒီမှာ အကြာကြီးရပ်ထားလို့မရဘူး၊ မီးလဲ မှိတ်ထားသေးတယ်၊ ဟိုရှေ့က တက္ကစီဂိတ်မှာ ရွှေ့ရပ်လိုက်ဝါ"

"ရှင် .... ဟိုလေ ... ဟို"

"ဘာလဲ"

ရာရာ လည်ပင်းလေးကုတ်လျက်နှင့် အကျပ်ရိုက်သွား၏။

"ကျ ... ကျွန်မ ကားမမောင်းတတ်ဘူး၊ အဲဒါ ..."

"ဟား ... ပြဿနာပဲ"

ကားကိုယ်ကို ဖုတ်ခနဲပုတ်ပစ်လိုက်ပြီး ထိုသူက မတ်မတ်ပြန် ရပ်၏။ ခါးထောက်လိုက်တာလည်း မြင်ရသည်။ ထို့နောက် ခါးထောက် သည့်လက်ကို ပြန်ဖြည်၍ အထဲသို့ ငုံ့ကြည့်လာကာ ...

"ကဲ ... အဲဒါဆိုလဲ ကားမီးဖွင့်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ..."

"ကားထဲကမီးကို ပြောတာ"

"ဟုတ် ...."

ခဏလေးနှင့် ရာရာ ရွှေးပြန်သွားသည်။ မီးဖွင့်လိုက်မှ ပို၍ အနေရခက်တော့သည်။ တစ်လောကလုံးက မှောင်နေပြီး ကိုယ့်တစ်ယောက်တည်း မီးမောင်းထိုးထားသလို။

တောင့်နေသည့်ကိုယ်က ခွင်း ကိုမျှော်နေရလို့မဟုတ်တော့ဘဲ လှုပ်ကိုမလှုပ်ရဲတော့တာဖြစ်သည်။ ထိုညမှာ ဘေးဘီနှောင့်ယှက်မည့်သူမပေါ်ခဲ့သော်လည်း အိမ်ကိုပြန်ရောက်တော့ ရှစ်နာရီထိုးပြီ။

ဘုရားတရားမ,လို့ မလတ် မဆူပါစေနဲ့လို့ ဆုတောင်းပေမယ့် ဘုရားတရားကလည်း မ,မ။

✿ ✿ ✿





အခန်း (၃)

"အသူရာ ...."

ဒေါသဖြစ်ပြီဆို 'အသူရာ' ....။ မလတ်ခေါ်မှပဲ ရာရာ ကိုယ့်နာမည်ကိုယ် မှတ်မှတ်ရရဖြစ်သွားခဲ့သည်။ ဖေဖေရော၊ မေမေရော ဆုဆုပေါက်ပေါက် ဘယ်အချိန်မဆို သမီးငယ်၊ ရာရာ စသဖြင့် ခေါ်ဖြစ်သည်။

"နင် ... နင့်မှာ မာနတွေ၊ ဒေါသတွေ ဘာမှမရှိတော့ဘူးလားဟင်"

"မလတ် ...ဟို ..."

"မပြောနဲ့၊ နင့်ကို ငါက 'လား' တွေ၊ 'လဲ' တွေ ထည့်ပြောနေတာ၊ မေးတာမဟုတ်ဘူး။ နင် ဖြေပေးမှာတွေကို ငါသိတယ်၊ ဘယ်လိုပဲ ဟိုက အနိုင်ကျင့်ကျင့်၊ ပေါက်အောင်ပြုအောင် ထုထုရိုက်ရိုက် နင့်မှာ နာရမှန်းမသိဘူး၊ ဒေါသမဖြစ်တတ်ဘူး၊ နင် လူဖြစ်လာတာ အဲဒီသတ္တဝါလေးရဲ့ ခြေသုတ်ဖက်ဖြစ်ဖို့လား"

"ဟဲ့ ...နေကြစမ်း၊ သမီးပါပါ အဲဒီလိုမပြောရဘူး"

ရာရာ က အဝတ်ဗီရိုဘေးမှာ လက်ပိုက်ကာ ရို့ရို့လေးရပ်နေသည်။ ပါပါက လက်သီးနှစ်ဖက်ဆုပ်ကာ အသားတုန်အောင်ဖြစ်နေသည်။ ဒေါ်ခင်နဒီက သမီးနှစ်ယောက်ကြားမှာရပ်၍ ပါပါ့ဘက်ကို လှည့်သည်။



www.burmeseclassic.com

www.burmeseclassic.com



သားကြီး ဇော်ညီ ကို ဇော်ဇော် ဟုခေါ်ကာ သမီးကြီးခင်ဒီပါကို ပါပါ၏ အသူရဲ့ကို ရာရာ လို့ အဖျားဆွတ်ခေါ်ခဲ့သည်။ သားကြီးဇော်ဇော်နဲ့ပါပါက သုံးနှစ်ပဲခြားသော်လည်း ပါပါနဲ့ရာရာကျတော့ ရှစ်နှစ်လောက်ကွာ၏။

ဘာပဲဖြစ်ဖြစ် အစ်ကိုနဲ့အစ်မနှစ်ယောက်စလုံးက ရာရာ့ကို ညီမလေးလိုရော၊ သမီးလေးလိုရော တယုတယ ချီပိုးပွေ့ပိုက်ပြီး ချစ်ခဲ့[ကြ]ကြတာဖြစ်သည်။ ဇော်ဇော်ဆိုလျှင် ရောက်သည့်နေရာက ဖုန်းဆက်သည်။ သူ့ညီမက အသံကြားလိုက်ရမှ ကျေနပ်၏။ ဘယ်အချိန်ပြန်[လာ]လာလာ ဝါလာသမျှထဲမှာ ရာရာ့အတွက် လက်ဆောင်ကပဲ မသယ်နိုင်၊ မပိုးနိုင်။

ပါပါကျတော့ မိခင်က သမီးတစ်ယောက်ကိုချစ်သလိုမျိုး ဆုံးလည်းဆုံးမသည်၊ ယုယတာလည်း လွန်ပါသည်။ ဒါကြောင့် ကိုယ့်အိမ်မှာ အငယ်ဆုံး၊ အငယ်ဆုံးလေးက သူများသားသမီးရှေ့မှာ သည်းခံလိုက်လျော မေါင်းသင်းနေရသည့်အဖြစ်ကို ပါပါ ဆတ်ဆတ်ခါနေတာဖြစ်သည်။

ကျောင်းမှာတော့ ကထိက ဒေါ်ခင်ဒီပါဖြစ်ပေမယ့် ရာရာ့အတွက်ဖြစ်ရပြီဆို "သမီးရယ်၊ ကလေးတွေထဲ နေရာတကာ ဝင်မပြောမိပါစေနဲ့၊ ကိုယ့်ကို မလေးမစားဖြစ်မယ်" လို့ ဘယ်လိုတားလည်း မရ။

ဆူသံကြားလို့ ပြေးကြည့်လိုက်တိုင်း ရာရာနဲ့ခွင်း ရှုပြဿနာ။

"တိုးတိုးသက်သာပြောပါ သမီးရယ်၊ ညဘက်ကြီး ဟိုဘက်တကြားသွားရင် မကောင်းဘူး"

"မေမေပဲ စဉ်းစားကြည့် ..."

ပါပါက ခေါင်းလျှော်ပြီးလို့ ဖြန့်ထားခဲ့သည့် မခြောက်တခြောက်ဆံပင်တွေကို နောက်မှာ ဖြစ်သလိုတစ်ဖက်လျှို ဆွဲထုံးပစ်လိုက်ကာ ...

"ရာရာ့ကို သူပဲ တစ်ဖက်လှည့်နဲ့ခေါ်ထုတ်သွားပြီး ပြန်လာတော့





ဘယ်နှနာရီလဲ၊ ကြီးကြီး ဖုန်းဆက်မေးတုန်းကဆို သမီးတယ်လိုဖြေရမှန်းမသိဘူး၊ ရာရာက ခွင်း ကိုနဲ့ခေါ်ထုတ်သွားတာတဲ့"

"သမီးရယ်၊ အဲဒီလိုပြောတာ မဟုတ်ပါဘူး၊ မေမေလဲ နားထောင်နေတာပဲဟာ၊ ရာရာနဲ့လိုက်သွားတာလို့ ပြောတာပါ"

"အဲဒါလေ၊ အဲဒါ ပြောစရာလား မေမေ၊ ဒီက ကလေးက အချိန်နောက် အပြင်ထွက်စရာလား၊ ထွက်ချင်ရင်ရော ဒီကလူကြီးတွေကထွက်မတဲ့လား၊ စကားကို ဘယ်လိုပြောပြော ဒီသဘောပဲ၊ ကိုယ့်သားအကြောင်း ကိုယ်မသိဘူးလား၊ ရည်းစားတွေထား၊ ရှုပ်ထွေလိမ်ကောက်ပြီး မိဘကိုတောင် လှည့်ပတ်နေတာ၊ ခဏခဏပဲ ခံနေရပြီး မသိဘူးဆိုတာ အဲဒါ မသိချင်ယောင်ဆောင်တာပဲ၊ သက်သက် သူများအပြစ်ဖြစ်အောင် ပုံချချင်လို့ မသိသလိုနေလိုက်တာ"

"သမီး ပါပါ ...."

"မေမေကလဲ ပြေရာပြေကြောင်းပြောဖို့ ကြိုးစားဦးမှာပဲ၊ သမီးမကျေနပ်ဘူး မေမေ၊ ကလေးကို သမီးတို့က အဝတ်အစား၊ အနေအထိုင်၊ စိတ်ဓာတ် စရိုက်အားလုံးကို မိုင်းကောင်းကျော့ကတ်ဖိ သင်ကြားမွေးမြူလာတာ"

"ဟုတ်ပါတယ်၊ တိုးတိုးပြောပါကွယ်၊ ငြိမ်းကလဲ သမီးငယ်ကိုသူ့သမီးလေးလို ချစ်ရှာတာပါ၊ သမီး တစ်ခါတစ်လေ ပြောတာဆိုတာတွေ ရိုင်းသလိုဖြစ်သွားခဲ့ရင်တောင် ငြိမ်းတို့က အပြစ်ယူခဲ့လို့လား"

"သမီးက ရိုင်းချင်လို့မှမဟုတ်တာ၊ ဒေါသက ဘယ်လိုမှကို မဖြ[စ်]လို့မရတာ"

ပါပါက ရာရာ့ကို လှမ်းကြည့်၏။ ရာရာ့ကိုယ်လေး တွန့်သွားကာဗီရိုမှာ ကျောကပ်သွားသည်။ ပါပါက ဒေါ်ခင်နှီဘက်ကို ပြန်လှည့်၍ ...

"အခု အပြန်မိုးချုပ်လာတော့ ကိုယ့်ညီမက ဘာဖြစ်သွားသလဲ၊ ဟဲ့ ...ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



မိခင်ကိုပြောနေရင်း ပါပါက ရာရာ့ဘက် ပြန်ရောက်သွား၏။

"နင့်ကို ဘယ်လိုစာတ်တိုက်လာသလဲ၊ သူ့အမေကို ဘယ်လိုပြောပါ၊ ဘယ်လိုဆိုပါ၊ နင့်ဆိုရင် ငါ့မေမေက ယုံပြီးသား ဘာညာတွေ"

ကိုယ်ဖြေရမယ့်အလှည့်ရောက်တော့ ရာရာ တံတွေးအရင်မျိုချ၏။ ဘယ်လိုဖြေရမလဲစဉ်းစားတာက ဖြေဖို့မဟုတ်ဘဲ ညာဖို့ဖြစ်နေသည်။ အမြဲတမ်းပဲညာခိုင်းနေသည့် ခွင်း ကြောင့် ညာမပေးပြန်ရင်လဲည်း စိတ်ဆိုးတတ်သည့်အဖြစ်မှာ ရာရာ ညာတတ်ခဲ့သည်။

"အိမ်ရောက်ရင် လမ်းမှာ ကားပျက်နေလို့လို့ပြောနော်၊ ဟိုရောက်ရောက်ချင်း ဆရာမ မရှိလို့ ထိုင်စောင့်နေရသေးတယ် ဘာညာနဲ့ ရှိုးဟာ"

ဒုက္ခသုက္ခများနှင့် မျက်ရည်ဝေ့နေခဲ့သည့် ရာရာ့မှာ ဒေါသဖြစ်ဖြစ်နှင့် 'မညာနိုင်ပါဘူး' လို့လည်း မပြောရက်ခဲ့ပါ။

ကြီးကြီးက နေရာတကာ သားဖြစ်သူကို ကာကွယ်သလောက် အန်ကယ်အောင်က တီကျဖြတ်သားသူဖြစ်သည်။ ဒါလုပ်ဆို ဒါ၊ တစ်ခါ နှစ်ခါ ခွင့်လွှတ်သည်။ သတိပေးထားရက်နှင့် သုံးခါမှားပြီဆို ဘယ်တော့မှ ခွင့်မလွှတ်တတ်ပေ။

ခုကျတော့ တစ်ခါ နှစ်ခါမဟုတ်ဘဲ သက်တမ်းတစ်လျှောက်လုံး မဟုတ်တာတွေချည်း လျှောက်လုပ်နေသဖြင့် ခွင်းနဲ့အန်ကယ်အောင်မှာ သားအဖ ပြေလည်စွာဆက်ဆံဖြစ်ခဲ့သည်ဆိုတာ မရှိသလောက်ပင်။

ခွင်း တို့အဖြစ်ခံရပြီဆို အနည်းဆုံး သုံးရက်လောက်တော့ ခြေချုပ်မိ၏။ မထွက်နဲ့၊ မသွားနဲ့ ဆိုတာကို ဖွတ်ထွက်လို့ကတော့ လက်သီးမသုံးတတ်သည့် ဦးသန်းအောင်က ခါးပတ်နှင့်ဆော်တာ ဖြစ်သည်။ ထို့ကြောင့် ရာရာ့ပါးစပ်ထဲမှာ ခွင်း အတွက် အမြဲတမ်း အညာတွေချည်းဖြစ်နေခဲ့သည်။

အဲဒီလို ခွင်း အတွက် ရာရာဖြစ်နေတာကို နည်းနည်းမှ မခံနိုင်ဖြစ်နေသော မလတ်ရှေ့မှာလည်း အမှန်မပြောရဲ၊ ရာရာ မလတ်မျက်





နှာကို မကြည့်ဘဲ ခေါင်းငုံ့နေလိုက်ပြီးမှ ...

"မ ... မညာနိုင်းပါဘူး ဟို ... ရာရာတို့ လမ်းမှာ ကားပျက်နေတြတာ တကယ်ပါ"

"ဘာတကယ်လဲ၊ မော်ဒယ်အမြင့်ဆုံး မာစီဒီးကို စီးနေတာ ကားပျက်တယ်ပြောတော့ ဘယ်သူယုံမှာလဲ၊ ဟဲ့ ...အသူရာ၊ လူကြီးတွေကို ဘာမှတ်နေသလဲဟာ၊ အဲဒီလိုညာပြောတော့ ဟိုက ခေါင်းသာညိတ်လိုက်ရမှာ၊ နင့်ကို ဘယ်လိုထင်သွားလဲ"

"ကြီးကြီးက ...."

"တော်ပြီ၊ အဲဒီသတ္တဝါလေး လုပ်းဝသမျှခံဖို့ နင်က လူဖြစ်လာတာ၊ ဒီကိစ္စ သမီးကိုယ်တိုင်သွားပြောမယ်"

"မလတ် ..."

"သမီး ... သမီး ပါပါ"

ပါပါက တကယ်ထွက်သည်။ ရာရာ လှုပ်လှုပ်ရှားရှား ဖြစ်သွားသေးယ့် မဆွဲရဲပါ။ ခေါ်ခင်နဒီက ပါပါ့လက်ကို အတင်းလိုက်ဆွဲထားကာ ...

"ဘာပြောမှာလဲ၊ သမီးက ဘာသိလို့ပြောမှာလဲ၊ အချိန်လဲမရှိတော့ဘူး၊ မိဘတွေကလဲ သူတို့ကလေးအကြောင်း သူတို့သိကြပါတယ်ကွယ်၊ ခုလောက် ကြိတ်ဆုံးမနေမှာပေါ့၊ မသွားနဲ့"

ပြဿနာတွေ ကြီးထွားကုန်ရင် ခက်ပြီ။ ရာရာ ဒုတိယမြောက် ဈေးပြန်ခြင်းမှာ ကျောတစ်ပြင်လုံး စိုစွတ်လာခဲ့သည်။

ခွင်း ရယ် .... နင်ကတော့ ....။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၄)

"နားငြီးတော့ နားထဲကို ဂွမ်းထည့်ထားလိုက်တယ်လေ၊ မကြားတော့ဘူးပေါ့"

ပေါ့ပေါ့လေးပြော၍ ရယ်သည်။ ပြီးတော့ အမြဲဆောင်ထားပုံရသည့် ဘောင်းဘီအိတ်ထဲက ဂွမ်းစလုံးလုံးလေးတွေကို ဆွဲထုတ်ပြသေးသည်။

"ငါက ဝါသနာပါလို့ ညာတာပါ။ ဖေဖေရော၊ မေမေရော မယုံဘူးဆိုတာ ငါသိတယ်၊ ကားက မျက်စရာမှမရှိတာ"

ပြောတော့ ညက မလတ်ပြောတာကို သတိရမိသည်။ ခွင်း က ပီကေဝါးရင်း မျက်နှာငုံ့လျှောက်သွားရာတစ်လျှောက်မှာ လမ်းပေါ်တွင် မည်းမည်းမြင်သမျှ ခြေဦးထိပ်နှင့် သိမ်းလှဲကန်သည်။ ရှေ့ကို ကန်ထုတ်ပစ်တာလဲ ရှိ၏။ ထို့နောက် ဖျတ်ခနဲ ငဲ့ကြည့်ကာ ...

"ဘာလဲ၊ ညက မလတ်ပေါက်ကွဲတာတွေ ပြန်တွေးနေတာလား"

"ဟင် ..."

ကြားလို့လား ဆိုသည့် စိုးရိမ်သော မျက်ဝန်းလေးတွေကို နားလည်သွားကာ ခွင်း က ဟွန့်ခနဲ မဲ့၏။





"ကောင်းတော့ကောင်းပါတယ်၊ ကိုယ်ဘာမှမလုပ်ရဘဲ လူသတ်နိုင်တဲ့နည်း"

"ဘာ ..."

"ဟုတ်တယ်လေ၊ နင့်အစ်မ ငါ့ကြောင့်ဖြစ်ရတဲ့ ဒေါသတွေနဲ့ ဟက်ထိပြီး ဘယ်လိုမှ အသက်ရှည်နိုင်မှာ သေချာတယ်၊ ပျော်စရာကြီး"

"ခွင်းရယ် ..."

ရာရာ့ ရင်ထဲမှာ နင့်သွားသည်။ ခုချိန်ထိ သူမ ဖျားပြီဆို စွပ်ပြုတ်ကို ကိုယ်တိုင်တိုက်ကျွေးဆဲ၊ ညဘက် ဆရာဝန်ပင့်ရလောက်အောင် အပူကြီးသည့်အခါ လက်ဖဝါးချင်းထပ်၊ ပါးချင်းကပ်ကာ ရင်ခွင်ထဲမှာ ဝိုက်ခဲ့သည့် အစ်မ။

"အို ... ဘာဖြစ်လို့ လူနာနဲ့ အဲဒီလောက်နေရတာလဲ သမီးပါပါ၊ အပူတွေ ကူးတော့မှာပဲ"

"မကူးလို့ စိတ်ညစ်နေတာ မေမေ၊ တစ်ညလုံးကပ်အိပ်နေတာကို မကူးဘူး၊ ဟလေးမျက်နှာလေး နီရဲနေတာကို မြင်နေရရင် စိတ်ပူရတဲ့သောကကို ဘယ်လိုမှ မခံနိုင်ဘူး၊ အသားလေးညိုညိုနဲ့တောင်မှ နီရဲနေတာက သိသာတာ၊ မေမေ ကြည့်ပါဦး"

မိုးမလင်းတလင်းမှာ မအိပ်ရသည့် မျက်တွင်းချောင်ကလေးနှင့် မလတ် ငိုချလိုက်တော့မလို ပြောပုံလေးတွေက ခွင်း စကားကြောင့် ရာရာ ငိုချင်သွား၏။ ခွင်း က တစ်ချက်တည်း ငုံ့ကျသွားသော ရာရာ့ကို လိုက်ငုံ့ကြည့်၍ ရယ်သည်။

"တွေ့လား၊ သူ့အစ်မကိုပြောရင် မျက်ရည်ကလည်ပြီ"

ဟု ပြောရင်း မေးဖျားကို လက်ခုံနှင့် ပင့်ရိုက်၏။ နာအောင်မဟုတ်ဘဲ မျက်နှာမော့လာရုံသာဖြစ်သည်။

"စကားက မဆုံးသေးဘူး၊ နင့်အစ်မကို ပြောပိုက်၊ သိပ်စိတ်ပူ

www.burmeseclassic.com

www.burmeseclassic.com



မနေနဲ့လို့၊ အိမ်ကလဲ ငါ အမှန်အတိုင်းဝန်ခံနေရင်တောင် အမှန်လို့ ထင်ကြမှာမဟုတ်ဘူး။ ညာပြောရတာက မိဘကို လေးစားသမှုလေးနဲ့ သားသမီးတိုင်း ဝတ္တရားရှိသည်နှင့်အညီ ညာရတာ၊ အသူရာ ဆိုတဲ့ ကောင်မလေးနဲ့ သူ့အစ်မ ခင်ဒီပါ ကထိကကြီးကို ဘယ်လိုမှ မထိ ...”

“တော်ပါတော့ ခွင်းရယ်၊ ငါ ငိုမိတော့မယ်”

“ဟာ ... မရဘူး။ မရဘူးနော် အဲဒါ ...၊ ခင်ဗျားငိုမှာစိုးလို့ အများကြီးလျှော့ထားရတာတွေ နည်းတာမဟုတ်ဘူး၊ လုံးဝမျက်ရည်ကျဖို့ မစဉ်းစားနဲ့”

ဖြစ်သွားတာ ခွတ်တရွတ်၊ လမ်းကို နောက်ပြန်လျှောက်ပြီး ရာရာ့ မျက်နှာကို သေချာကြည့်သည်။

“ဘာဖြစ်တာလဲ၊ သူများတွေ ကြည့်ကုန်ပြီ”

“နင်ကရော၊ ငိုဦးမလို့လား”

“မငိုဘူး”

ရာရာ မျက်ရည်သုတ်ဖို့ လက်မြှောက်လိုက်ပြီးမှ ပြန်ချသည်။ မျှတ်တောင်ရှည်များနှင့် မျက်ရည်တို့ကို ဗုတ်ခတ်ဖယ်ရ၏။ အနိုင်ကျင့်တာလား၊ တကယ်စေတနာထားတာလားတော့ မသိပါ။ ရာရာ ငိုတိုင်း ခွင်း ရဲ့ ဒေါသက မီးလောင်ရာ လေပင့်သည့်နှယ်ဖြစ်တတ်၏။

“အဲဒါကြောင့်ထင်တယ်၊ နင့်အစ်မကိုက ...” စသဖြင့် လက်သီး လက်မောင်းတန်းသည်။

“ဒါလေးပြောတာကို မျက်ရည်တ ဘာဖြစ်လို့ကျရတာလဲ၊ ရှု သုတ်ပစ်”

လို့ ပြောတာလည်းများပါသည်။ မလတ်ကတော့ ပြောသည်။

“သိပ်အနိုင်ကျင့်တဲ့ကောင်၊ ရာရာ က နုနုညံ့ညံ့လေးမို့ သင်းက နိုင်ချင်တိုင်းနိုင်နေတာ”

မျက်ရည်တွေကို မရမက ပြန်သိမ်းနေရရင်း မျှတ်ခွံတွေ ...င်



အောင့်လာ၏။

“ဘဲ ... ငါလစ်တော့မယ်”

“ဟင် ...”

“ချိန်းထားတယ်ဟ”

“မနေ့ကတော့ ကွိုင်တက်ခဲ့တယ်ဆို”

“အဲဒါက တကယ့်ကွိုင်ပါဟာ၊ ရည်းစားထားရပြီး စိတ်ညစ်စရာကြီး၊ ဖြီးဖြီး ...”

“ဟင် ... ဒီနေ့ ချက်ချင်းကြီးနောက်တစ်ယောက် ... ဟုတ်လား”

ခွင်း ကခေါင်းညိတ်သည်။ ခြေလှမ်းကို ရပ်ပစ်လိုက်ပြီး ရာရာ့ ဘေးမှာ အတူတွဲလျှောက်ကာ ...

“ဒီတစ်ယောက်ကို ငါ ကြိုးစားနေတာ ကြာပြီဟ၊ သူ့ကိုလက်မလွှတ်နိုင်ဘဲ ကြားထဲမှာ ပြတ်သွားတာ ရည်းစားသုံးယောက်ရှိပြီ”

“ဟင် ...”

ရာရာ တအံ့တသြကြည့်တော့ ခွင်း ကမေးဆတ်သည်။

“ဘာကြည့်တာလဲ၊ ကိုယ့်ဘေးမှာ အမြဲရှိနေတဲ့ သူငယ်ချင်းကို ဒီလောက်တောင် အထင်မကြီးခဲ့ဘူးလား”

“ဘာကိုအထင်ကြီးရမှာလဲ၊ ရည်းစားတွေ မှိုလိုပေါက် ထားနေတာကိုလား”

“ဟုတ်တယ်၊ အဲဒါ ပေါ်ပြူလာပဲလေ၊ ဦးရေနဲ့ မတွက်နဲ့ စွမ်းအင်ကိုတွက်၊ ငါ့ရဲ့ ညှို့နိုင်စွမ်းနဲ့ပဲဆိုင်တာ၊ ဟောတစ်ယောက် ဟောတစ်ယောက်သွားနေတိုင်း တစ်ယောက်ပြီးတစ်ယောက် ချစ်နေတာမှ မဟုတ်တာ”

“ဩော် ...”

“မျက်လုံးနဲ့ရင်ဘတ်က တစ်ထပ်တည်းမကျသေးတော့ ...”

“အင်း ... အင်း ...”



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း ... မျက်လုံးက လှတာလေးတွေကို သဘောကျတယ်၊ ရင်ဘတ်က လက်မခံဘူး။ နင် ဒါတွေမသိပါဘူး ဆံရှည်မရယ်၊ နင်သိတာ မျက်နှာပေါ်မှာ သနပ်ခါးတွေ ဘယ်အရွေးပေါ် တင်နေသလဲ၊ တင်နေတာကို လမ်းကျမှ ဟိုကခြစ်ချ၊ ဒီကဖျက်ချ၊ ပြီးတော့ ကျစ်ဆံမြီးထိုင်ကျစ်မယ်၊ သွားလာရင်းကျစ်မယ်၊ အဲဒါပဲ၊ ငါသူငယ်ချင်းလုပ်နေပြီးတော့ ..."

"တုံး အေဆိုလဲ မပေါင်းနဲ့ပေါ့"

ခွင်း က ဟားခနဲ ရယ်သည်။ ရာရာ့ ကျစ်ဆံမြီးတစ်ဖက်ကို လွှဲယမ်းသွားအောင် လှမ်းပုတ်၍ ....

"မရဘူး၊ တုံးအေလေးမို့လို့ မဝစ်နိုင်တာ၊ ရှည်းစားမရှိတာက နင် ငါ့နားမှာမရှိတာလောက် ပြဿနာမရှိဘူး"

ရာရာ ငေးခနဲ ဖြစ်သွားသည်။ သို့သော် အလွန်ရိုးစင်းသည့် အပြုံးအရယ်များကိုမြင်တော့ ကိုယ့်ဘာသာ မလုံမလဲဖြစ်ကာ မျက်နှာလွှဲပစ်လိုက်မိရင်း ...

"နိုင်းစရာလူမရှိတော့လို့လား"

"လာပြန်ပြီ၊ နိုင်းတာကြီးက ..."

"မဟုတ်လို့လား"

မျက်စောင်းရွယ်ပြီး ရာရာ ဒီဘက်အလှည့်တွင် ...

"ဟ .."

"အား ... သေပြီ"

ရာရာ့ကို စက်ဘီးတိုက်မိပြီဆိုသည့်အသိနှင့် ခွင်း ဆတ်ခနဲ လှည့်ကြည့်သည်။ တစ်ယောက်က စက်ဘီးနောက်ကနေ ဆင်းလိုက်ပြီးဖြစ်ကာ တစ်ယောက်က ခြေထောက်တစ်ဖက်ကို အရင်ထောက်၍ သူကြည့်လိုက်သည့်အချိန်မှာ ဆင်းလိုက်ပြီဖြစ်၏။

"သောရီး ..."



"သောရီးဗျာ ..."

နှစ်ယောက်စလုံးထံမှ ပျာပျာသလဲ တောင်းပန်သံတွေ ပြိုင်တူ[illegible]၏။ ရာရာ က လက်တံတောင်ဆစ်လေးကို ပွတ်သပ်ရင်း မဲ့လျက်[illegible]သည်။ ခွင်း မျက်လုံးတို့က ထိုထဲမှ တစ်ယောက်ထံသို့ စူးရဲသွား၏။

မာန်ထန် ...။ ဘီအီးကယ်မီကယ်က ကင်း ဟု သတ်မှတ်ထားပြီသော ....။

"အပျွန်း ... မထင်ရဘူး"

ဘောင်းဘီခါးပတ်မှာ ခါးထောက်သလိုချိတ်၍ ပခုံးတွန့်လိုက်ပြီး ခွင်း က စချိတ်သည်။

"ဘာကိုမထင်တာလဲ၊ ဆက်ပြောကြည့်ပါဦး"

မာန်ထန် ကလည်း စက်ဘီးကယ်ရီယာပေါ်မှာ လက်တစ်ဖက်[illegible]ဆင်၍ ပြန်မေး၏။ အပြန်အလှန်စိုက်ကြည့်ရင်း မခေါ်ဖူးကြသော်လည်း ရင်းနှီးနေကြသည့် မျက်လုံးများက စူးစူးရဲရဲ ဖြစ်နေကြသည်။

လက်နာတာကို ဖိကိုင်ထားရင်း ရာရာ ဟိုကြည့်ဒီကြည့် ဖြစ်သွား[illegible] ခွင်း က ရာရာ့ကိုကြည့်လိုက်ပြီးမှ မာန်ထန့်ဘက်ကို ပြန်လှည့်၍ ...

"ဒီနည်းတွေက အတော်အောက်နေပြီ မာန်ထန်၊ ပြီးတော့ ချိန်တိုက်ပြီဆိုရင် သူ့ရဲ့ဘေးဘီကိုလဲ ကြည့်ရတယ် မာန်ထန်"

မာန်ထန်က ရာရာ့ကို ဝေ့ခနဲကြည့်ကာ ခွင်း ပြောလိုက်တာကို သဘောပေါက်သွား၏။ လည်ကတုံးနှင့် အဖြူရောင်ရှပ်အင်္ကျီလက်ရှည်အထက်မှာ ဖြူဝင်းသည့်မျက်နှာက ရဲခနဲဖြစ်သွားတာ သိသာနေသည်။

ခွင်း ဆိုတာကို သူမသိတာမှမဟုတ်ဘဲ၊ ဒီလောက်ရေပန်းစားသည့်နာမည် ...။ တောင်းခနဲ ဖြစ်သွားသည့်ဒေါသကို ခဏသိပ်လိုက်ပြီး ...

"ကိုယ်ဗိုးတိုင်း မနိုင်းရဘူး ခွင်း၊ သူ့ဘေးမှာ ဘီလူးတစ်ကောင်ငုတ်တုတ်ထိုင်နေလဲ ဘာဖြစ်လဲ၊ ငါလွှန်သွားတာကို ငါတောင်းပန်တာ၊ အဲဒါ တမင်တကာ ဘာမှမပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခွင်း က ဟားခနဲ ဟော့ရယ်ဝစ်သည်။ မာန်ထန်က အံကြိတ်၍ ...

"မင်းဘာသာ ဝါသနာပါရင် ဘယ်တောင်ပဲ၊ ညာတောင်ပဲ ဖြန့်လျှောက်နေလိုက်၊ သူများကို ပတ်ခြုံမရှမ်းနဲ့"

ခွင်း မျက်နှာပေါ်က မထိတရိအကြည့်နဲ့ မဲ့ပြုံးကို မာန်ထန်က စူးစိုက်ကြည့်၏။ ခွင်း ကလည်း ပြန်ကြည့်သည်။

ရုပ်လက်ရှည်အဖြူ ပုဆိုးအပြာနှင့် မာန်ထန့်ဝတ်စုံက ပြောကြသလိုပဲ ရှင်းရှင်းခန့်ခန့်ပုံဖြစ်သည်။ အသားဖြူဝေါ်မှာ ပါးသိုင်းမွေးရာများက ထင်းနေသဖြင့် ကျောင်းသားပေမယ့် ခပ်ရင့်ရင့်ပဲဖြစ်၏။ မထူမပါး နှုတ်ခမ်းများက မာနကြီးသည့်ကောက်ကြောင်းများအတိုင်း ဝေါ်လွှင်နေ၏။ ထူနက်စိမ်းညို့သော မျက်ခုံးနှစ်ဖက်က မြင်လိုက်ရတိုင်း လျော့ရဲပြေကျနေတာမျိုး မရှိသေးဘူးထင်သည်။ သူရောက်လာတိုင်း ကောင်မလေးအချို့ထံမှ အသံထွက်၏။

"ဂျိတ်ယူတ ကင်းကလဲ ခွင်း လောက်တောင် ပေါ်ပြူလာမဖြစ်ဘူးနော်၊ ရုပ်ကလဲ တင်းနေတာပဲ" တဲ့။ နောက်ထပ်ပါသေးသည်။

"ဟဲ့ ...ရည်းစားများတဲ့ အရည်အချင်းက ချောတာတစ်ခုတည်းနဲ့ မရဘူးဟ၊ ခွင်း က သူလို ထင်းအောင် မချောပေမယ့် အနေအထားမှန်လို့ဖြစ်မှာပေါ့"

ခိုးခိုးခစ်ခစ် ရယ်သံတွေ နားကနေ သူဖြတ်လျှောက်ရင်း ကြားခဲ့ဖူးသည်။ သတိထားမိလာတော့ ကင်းဆိုသည့် ထိုပုဂ္ဂိုလ်က မာန်ထန်။

ထို့ပြင် ကိုယ့်မေဂျာကွင်းနှင့် စေ့စပ်ထားသည်မို့ ဒီဘက်ကို ခဏခဏကူးလာနေကြောင်း၊ ကိုယ့်စိတ်ကူးများနှင့် ခွင်း နှုတ်ခမ်းတွေ တွန့်မဲ့သွားသည်။

လောလောဆယ် စက်ဘီးတိုက်မိသည့်အဖြစ်က အဓိကမဟုတ်တော့ဘဲ အချဉ်ခံရှိခဲ့သော မျက်စိစပါးမွေးစူးနေသည့်အဖြစ်ကြောင့် ခေါင်းကို ဆတ်ခနဲ ညိတ်သည်။





"ဟုတ်တယ်၊ အဲဒါမျိုးကို ဝါသနာပါတယ်၊ မင်းလဲ တစ်ခါတည်း ...သွားဦး။ မီဘအားကိုးလေးနဲ့ ရထားတာလေး သူများနောက်ပါသွားအောင် ငုတ်တုတ်မေ့ဦးမယ်၊ ငါက ချိန်ပြီးရင် ထိအောင်ပစ်တာနော်၊ မယုံ ...နာမည်ကိုက ခွင်း ..."

"လုပ်လေ၊ ကိုယ့်ဝါသနာနဲ့ကိုယ်ပဲ၊ ဒါပေမယ့် မင်းထင်သလိုတော့ ငုတ်တုတ်မေ့လောက်အောင် ငါဖြစ်မှာမဟုတ်ဘူး၊ ငါက မျက်လုံး...မှာ မိန်းမတွေချည်းပဲ ထည့်ထားတာမှ မဟုတ်ဘဲကွ"

မာန်ထန်က သူလက်မောင်းကို ဆုပ်ကိုင်လိုက်သည့် အဖော်၏...ထ်ကို မကြည့်ဘဲဖယ်ချလိုက်သည်။

"မင်းမသိလို့ပါ၊ မိန်းမထက်အရေးကြီးတာတွေ အများကြီး ရှိသေးတယ်"

"ခွင်း ... ဘာဖြစ်နေကြတာလဲ ခွင်းရယ်၊ တော်ကြပါတော့၊ လမ်းမကြီးပေါ်မှာ ..."

ရာရာ က ခွင်း လက်ကိုဆွဲ၍ ပြန်တားနေရသည်။ ဟိုဘက်က ...ကိုလည်းကြည့်ကာ ...

"ရှင့်လူကို ရှင်တားပြီး သွားပါတော့နော်၊ တောင်းပန်ပါတယ်"

ဟု ရာရာ ပြောလိုက်မှ ...

"ထန် ... တော်ပြီကွာ၊ မင်းတို့ကလဲ"

ဟိုတစ်ယောက်က မာန်ထန့်ကို တစ်ဖက်ကဆွဲ၍ စက်ဘီးကို ...တ်ကြောင်းပြန်လှည့်သည်။ တကယ်က သူတို့ ဒီကျောင်းဝင်းထဲ ...ို့ သူတို့လာကြတာဖြစ်လိမ့်မည်။ ရှေ့ဆက်အတူတူတွဲဝင်ကြရမှာမို့ ...န်လှည့်သွားကြခြင်းဖြစ်မည်။

ခွင်း က တက်ခေါက်ပြီး ဘာမှမရှိသည့် လမ်းမကြီးပေါ်မှာ ...ပ်...င်ရှုပ်၍ လွှဲကန်ဝစ်လိုက်၏။ ပြီးတော့ ရာရာ့လက်ကို ပုတ်ချ...လိုက်... ....



www.burmeseclassic.com

www.burmeseclassic.com



"တောက် ....တွေ့မယ် ... မင်း ..."

"ခွင်းရယ်၊ ဒါ သေချင်တော့တာပဲ၊ ဟိုက ရိုးရိုးသားသားဟာကို ဒါနဲ့ ဘာလိုလိုတွေလျှောက်ပြော ..."

"ဘာ ...."

"အို ... ဖြည်းဖြည်းအော်ပါ"

ခွင်း ဒေါသကြောင့် ရာရာ လန့်ဖျန့်သွားသည်။

"လျှောက်ပြောတယ် ဟုတ်လား၊ ဒီလောက်လမ်းအကျယ်ကြီး လက်ကိုင်နဲ့ဝင်ချိတ်တာ မတော်တာဆလား"

ရာရာ့မျက်နှာလေး ရှုံ့မဲ့သွားတာ သေးကို တစ်ချက်ငေးကြည့်ပြီးမှ ...

"အဲဒီလိုလုပ်တာ ဟုတ်ပါ့မလား ခွင်းရယ်၊ သူက ဂျိုတီယူတ ကာင်း၊ ငါ့ရုပ်ကိုလဲ ကြည့်ပါဦး"

"တော်တော့၊ တော်ပါတော့၊ ငါ့လတ်သီးက ဟိုကိုမရောက်ဘဲ နင့်ဆီရောက်လာတော့မယ်"

အသံကိုတော့ နှိမ့်ချလိုက်ပြီး ခွင်း က လက်သီးနှင့် လူမမြင် အောင် ကြိတ်ရွယ်သည်။

"ပြောပုံက ကင်း ဆိုပြီး တော်တော်အထင်ကြီးနေတဲ့ပုံပါလား ဘာလဲ၊ ဟိုက တမင်တကာငြိချင်တာမျိုးဆိုရင် နင်က ..."

"ခွင်းနော် ... နင် ..."

အရှက်ကြီးသည့် ရာရာ ထအော်တော့ ဒေါသဘယ်လောက်ဖြစ် သွားပြီမှန်းသိကာ ခွင်း က ပင့်သက်ရှိုက်၍ ပြန်လျှော့ချ၏။

"လျှော့မတွက်နဲ့၊ ဘယ်ကောင်မှ မကောင်းဘူး"

"ကဲ ... အဲဒါတွေထားပါတော့"

ရာရာက လက်နှစ်ဖက် ကိုယ်မှာကပ်သွားသည်အထိ ထပ်အော် သည်။ ခွင်း က ဘုကြည့်ကြည့်၏။ တကယ်ဆို ဖြစ်လာခဲ့သည့်ဒေါသ က ရာရာ့ကြောင့်ပဲ ဖြစ်၏။ ဒီနေရာမှာသာ မာန်ထန် မဟုတ်ဘဲ တခြား





တစ်ယောက်ဖြစ်ခဲ့လျှင် ဘယ်လောက်ပဲတောင်းပန်နေနေ သူ့လက်သီး က နာခံတတ်တာမဟုတ်။

ခုတော့ မာန်ထန် ...။ ဖြိုင်ခဲ့ကြတာမဟုတ်ဘဲ မြင်လိုက်တာနှင့် ရင်ဘတ်ထဲမှာ မောဟစိတ်တွေ အလုံးအရင်းနှင့် ဖြစ်လာခဲ့သည်။ ချစ်လုံးချင်းသာ ခြောခြော ငြိမြဲခဲ့သည့်အကြိမ်ရေများကြောင့် ဘယက်ခြောက်ဖြစ်ကြဖို့ သိပ်မလိုတော့ဘူးထင်သည်။

"ခွင်း .. အဲဒီတစ်ယောက်နဲ့ နင်က ဘယ်တုန်းက သိနေကြ တာလဲ"

နာသည့်လက်ကို တစ်ဖက်နှင့်ဆုပ်ထားရင်း မေ့ကြည့်သည်။ ခွင်း က ပျောက်ကွယ်သွားသည့် စက်ဘီးဆီသို့ လှမ်းကြည့်လိုက်ပြီး ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်သည်။ နှုတ်ခမ်းတို့ကို ဖိပိတ်၍ ငြိမ် သက်နေသေးသည်။ ပြီးမှ ...

"ဒါ အခုသွားမလို့ပြောနေတာ သူနဲ့ ချေစပ်ထားတဲ့တစ်ယောက်ပဲ"

"ဟင် ... ဘယ် ... ဘယ်သူလဲ"

"လကဗျာ ..."

"လကဗျာ ..."

သံယောင်လိုက်ဆိုရင်း ရာရာ့မျက်နှာလေး ငေးသွားသည်။ အတ်က နာတာကိုပင် မေ့သွားပါ၏။

"ကဗျာတွေသိတဲ့ လကဗျာ"

ကျောင်းသားတော်တော်များများ၏ ပါးစပ်ဖျားမှာ ရေပန်းစား နေသည့် ဝါကျတစ်ကြောင်းဖြစ်၏။ ပြီးတော့ ဆံပင်တိုဝဲဝဲနှင့် သွယ်၍ မြင့်သော အရပ်က အိန္ဒြာကျော်စင်တို့လိုပါပဲ။

ကိုရီးယားစတိုင်ဆိုတာမျိုး မျက်နှာမှာ ပြင်ထားမှန်းမသိအောင် ညီညိုပ်ရိုပ်လေး ခြယ်ထားပုံက ဘယ်သူနဲ့မှမတူအောင် လှသည်။ ဝတ် ဆိုတ်ပြီးဆို အံ့သြငေးမောသွားလောက်သည့် ဒီဇိုင်းဆန်းနှင့် တကယ့်

တန်ဖိုးကြီးတွေသာဖြစ်၏။

ပြီးတော့ ကားကို ကိုယ်တိုင်မောင်း၍ ကျောင်းတက်သည့် အလှဂုဏ်သတင်းကြီးသလောက် မာနကြီးတာကလည်း လူတိုင်း ပါးစပ်ဖျားမှာ ရှိ၏။

ထိုထိုသော ကောင်းခြင်းအဖြာဖြာနှင့် ပြည့်စုံသည့် လကဗျာ စောစောကကဲ့သို့ ရှင်းသန့်ရည်မွန်သည့် ယောကျ်ားတစ်ယောက်နှင့် လည်း စေ့စပ်ပြီးသားဖြစ်ပါလျက် ခွင်း ကို လက်ခံလိုက်သတဲ့လား

မယုံနိုင်တာတော့ မဟုတ်ပါ။ ဒါပေမယ့် အံ့ဩမိသည်။

"သူက နင့်ကို ချစ်တယ်ပေါ့ဟုတ်လား"

"ဟုတ်တယ်၊ အစက မာနကြီးတဲ့သူမို့လို့ စိတ်ဝင်စားတာ၊ လူ ကိုကြိုက်တာ၊ အခုကြည့်နေ၊ ငါရအောင် ယူပြမယ်"

ခွင်းရယ်၊ ရာရှုရင်ထဲမှာ ဆွေးသွားသည်။ ရည်းစားတွေ များ နေပေမယ့် 'သူ ဒီလိုနေတတ်တာပဲ' လို့ ဖြေလို့ရသည်။

ခုကျတော့ ........။



အခန်း (၅)

"အရမ်းလှတာပဲ၊ တစိမ့်စိမ့်ထိုင်ကြည့်နေချင်တယ်"

"အဟွန်း ... ရိုးနေပြီ"

နီမြန်းမြန်းလေးရှိနေအောင် ဆိုးထားသည့် နှုတ်ခမ်းနီသားလေး တွေနှင့် ကဗျာက လှလှပပလေး မဲ့သည်။ မြက်ခင်းစိမ်းစိမ်းထက်မှာ ချထားသည့် လက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်တော့ ငါးစက္ကန့် လောက်ပဲ ခွင့်ပြုသည်။ ပြီးတော့ အသာလေး ဖယ်ချပစ်လိုက်ကာ ...

"ဖြေပါဦး။ ဘယ်ရည်းစားက အလှဆုံးလဲ"

"မညာပါဘူး။ မင်းလောက် ဘယ်သူမှမလှဘူး"

ဘယ်မိန်းကလေးမှ မကြည့်ခဲ့ဖူးသည့် အထက်စီးဆန်သော လှောင်ရိပ်နှင့် မျက်ဝန်းလေးတွေ သူ့ထံလွင့်လာ၏။

"ဒါဆိုရင် နောက်တစ်ယောက်အလှဆုံးဆိုတာ မတွေ့ခင်အထိ ကဗျာ စိတ်ချလို့ရပြီပေါ့နော်"

"အဟွန်း ..."

ဘယ်လိုကြည့်ကြည့် ဘယ်လိုမဲ့မဲ့ ဂရုမစိုက်တတ်သည့်အပြုံးနှင့် ခွင်း က ခေါင်းညိတ်သည်။ ထို့နောက် တွန့်တိုဟန်ရှိနေသည့် လက်

www.burmeseclassic.com



တစ်ဖက်ကို ဆွဲကိုင်ပစ်လိုက်၏။ ပြန်ရုန်းထွက်လို့မရအောင် ခပ်တင်းတင်း ဖိဆုပ်ထားလိုက်ပြီး ...

"မင်းကရော"

"ဘာလဲ"

"ကိုယ့်ကို ..."

"ဆက်ပြောပါ"

"ရင်ဘတ်ထဲမှာ နိုးလို့ခုလုဖြစ်နေသလိုပဲ"

မျက်နှာလေးက အနည်းငယ်တည်သွားပြီး ကဗျာ့ မျက်ဝန်းလေးတွေ ဆီးကို ရွေ့လျားသွားသည်။ သူ ကိုင်ထားသည့်လက်ပေါ် ကနေ သူမလက်နှင့် ထပ်ဆုပ်လိုက်၏။ ကိုင်ထားသလိုနေပြီးမှ သေချာကိုင်ပြီး ဖယ်ချပစ်လိုက်၏။

"ကဗျာက ပိုဆိုးတာပေါ့ ခွင်းရယ်၊ ရှင်က ရည်းစားသက်စေ့လွန်နေတဲ့သူ"

"ဒါပေမယ့် မင်းကို ကိုယ်တကယ်ချစ်တာ"

"အဲဒီလို တကယ်ချစ်မယ့်လူတွေ ကဗျာ့မှာ အများကြီးပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ဒီက လှတယ်"

ခွင်း က ပြုံးလိုက်တော့မှ သူမက ပြုံး၍ ....

"ပြောကြတာလေ၊ အလှအပကို ကိုးကွယ်ချင်ကြတဲ့ ယောကျ်ားတွေကတော့ ချစ်တယ်လို့ ပြောနေကြတာပဲ"

"အလှအပမကြိုက်တာ ဘယ်သူရှိသလဲ"

"ကြိုက်ကြတာပေမယ့် မတူတဲ့သူရှိတယ် ခွင်း ရဲ့၊ တချို့ ယောကျ်ားလေးတွေပေါ့၊ အလှအပကို သဘောကျပေမယ့် မကိုးကွယ်တတ်ဘူး၊ ကြည့်တာကိုက ဘယ်မိန်းကလေးလှသလဲလို့ ကြည့်တာမဟုတ်ဘူး၊ မျက်စိရှေ့ရောက်လာလို့ မြင်သွားတာမျိုး"

ခွင်း မျက်ခုံးနှစ်ဖက် ခပ်တွန့်တွန့် ဖြစ်သွား၏။ တံတားလေးနား





ကနေ ဟိုးဂိတ်ဝအထိ လှမ်းမြင်နေရသမျှ ဝေးနေသည့် ကဗျာ့မျက်နှာလေးကို ကြည့်ရင်း ဆက်ပြောလာမှာကို စောင့်သည်။

ထိုစဉ် ကဗျာက သူ့ဘက်ကိုလှည့်ကြည့်ကာ ...

"ခွင်း ကို ကဗျာက ခွင်း ဆိုတဲ့နာမည်ကို သိနေကတည်းက စိတ်ဝင်စားခဲ့တာ"

ဟုတ်လို့ပါလား ဆိုသည့်ပုံစံနှင့် ခွင်း က မျက်ခုံးနှစ်ဖက်ကို မြှင့်လိုက်ပြီး ခါးကိုဆန့်၏။

"အဲဒီယောကျ်ားက တော်တော်ရည်းစားများတယ်လို့ ကြားရတော့လဲ ခွင်း ဆိုတဲ့နာမည်လေးကြောင့်ပဲ ခွင့်လွှတ်နိုင်ခဲ့တာ"

"ဒါတော့ လွန်ပြီကွာ၊ လူကိုချစ်စေချင်တာကို နာမည်ကိုပဲ ဒီလောက်ထိ အမှတ်တွေပေးနေရသလား"

"ဟုတ်တယ်၊ အဲဒါက ခွင်းနဲ့ပတ်သက်တဲ့ ခံစားချက်၊ နောက်တစ်ခုက ခွင်း ထက်ပိုချောတယ်လို့ သတ်မှတ်နိုင်တဲ့ ယောကျ်ား"

ခွင်း မျက်နှာက အပြုံးတစ်ချက်က ချက်ချင်းအရောင်ပြောင်းသွား၏။ ဘယ်သူ့ဆိုတာကို သိသလိုလို၊ မသိသလိုလို။

"နှစ်ယောက်စလုံးက ကဗျာနဲ့ တစ်နည်းနည်းနဲ့ ပတ်သက်နေကြတာပဲ၊ ပြီးတော့ နှစ်ယောက်စလုံးမှာ ထူးခြားမှုတွေ ရှိနေတယ်၊ ဟိုတစ်ယောက်ကို ကဗျာ သဘောကျဖူးတယ် သိလား"

ခွင်း မျက်နှာ သိသာစွာ တင်းမာသွားသည်။

"ဒါပေမယ့် သူက သိပ်ချောသလောက် မချိုဘူး၊ ကဗျာ လိုချင်တာမှန်သမျှ သူ့ဆီမှာ မရှိဘူး၊ ခွင်း ကို ကဗျာ ရွေးလိုက်တာက တကယ်နှစ်သက်လက်ခံလို့ပါ"

ခွင်း ပြုံးလိုက်ပေမယ့် မပီမပြင် မဲ့ပြုံးပဲဖြစ်သွား၏။

"ခွင်း က ပွင့်လင်းတယ်၊ ချောတယ်၊ ပြီးတော့ .."

"ချိုတယ်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ခွင်း စကားကြောင့် ကဗျာက ချစ်စဖွယ်လေး ပြုံး၏။

"လက်တွေ့ရော မသိချင်ဘူးလား၊ စမ်းကြည့်လို့ရတယ်"

ခွင်း က ကဗျာ့ကိုယ်လေးကို ဆွဲဖက်ပစ်လိုက်၏။

"အိုကွာ ... ခွင်း သိပ်ဆိုးတာပဲ၊ ဟိုမှာ လူတွေနဲ့"

ခွင်း က ဖွတ်တရွတ်နမ်းပစ်လိုက်သည်။ မျက်နှာလေး နီရဲ၍လှုံး သွားတာကို စိုက်ကြည့်ပြီး နှုတ်ခမ်းကရော၊ ရင်ထဲမှာပါ ရယ်မောနေမိ၏။

မာနမင်းသမီးလေးက ဘယ်ကိုထိထိ၊ ဘယ်ကိုကိုင်ကိုင် အလိမ္မာ ရှောင်လေးနှင့် ထွက်တတ်သည်။ ရုပ်ရှင်ကြည့်ရင်း စကားပြောရ အောင်ချိန်းတာလည်း ဘယ်တော့မှမလိုက်၊ အဲဒါကြောင့် ....။

"ဘာလဲ၊ စိတ်ဆိုးသွားတာလား"

"ဟင့်အင်း ..."

"ဘာဖြစ်လို့ ဟိုဘက်လှည့်ပစ်တာလဲ"

"ရှက်လို့ပေါ့၊ သွား ... သိပ်ကဲတာပဲ"

ကဗျာ့လက်ကလေးကို သူကိုင်လိုက်တော့ ဒီတစ်ခါ မရုန်းတော့ ဘဲ ရှိသဖြင့် ကျေနပ်သွားသည်။

"ခွင်း ..."

"ဟင် ..."

"စောစောက ကဗျာ ပြောတာကို စိတ်မဆိုးဘူးလား၊ အဲဒီကောင် ဘယ်သူလဲ ဘာညာ မမေးတော့ဘူးလား"

"ပြောချင်ရင်လဲ ပြောလေ၊ စိတ်ဆိုးရင်တောင် ကိုယ်မျိုသိပ်နေ မှာပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ရှင်လဲ ရည်းစားများခဲ့တာပဲ လို့ ကဗျာ ပြန်ပြောရင် ကိုယ်ခံရမှာ"

ကဗျာက ခွင်း ကိုသဘောကျသည့် မျက်ဝန်းလေးတွေနှင့်ကြည့် ကာ ပခုံးစွန်းမှာ မှီလိုက်၏။

"သူက မာန်ထန်တဲ့၊ ခွင်း က နားလည်ပေးနေတာကို အခွင့်



အရေးယူပြီးပြောနေတာ မဟုတ်ပါဘူး။ သူနဲ့ကဗျာ့ကို လူကြီးချင်း စေ့ စပ်ခဲ့ကြတာလေ"

"ကဗျာက သူ့ကိုသဘောကျပြီး သူက ဂရုမစိုက်ခဲ့ ဖို့ ဘူး"

"အဲဒီလိုလဲ မဟုတ်ဘူး၊ ကဗျာ ယူဆတာက လက်ထပ်ဖို့ ပေါင်း သင်းဖို့ အဓိကမဟုတ်ဘူး၊ ချစ်ကြင်နာရင်းနဲ့ ကြည်ဖြူလိုက်လျောမှု တွေ ရှိနေကြဖို့သာ အဓိက၊ သူက ကဗျာ့ကို လက်ထပ်ချင်တာလေ၊ ကဗျာက ချစ်ချင်တာ၊ အဲဒီအချစ်ထဲမှာ သူပေးတဲ့ အချစ်မျိုး မပါတာ တော့ သေချာပါတယ်"

ပြောရင်း သက်ပြင်းလေးချသေးသည်။

"အချစ်ကို လူတွေက အမျိုးမျိုးခံစားကြတာပဲ ခွင်း၊ တို့ အဲဒီလို ရွေးလွန်းလို့ထင်တယ်၊ ကိုယ့်ကိုချစ်တဲ့သူတွေ ဝိုင်းနေပေမယ့် ဒီနေ့ ထိ ဘယ်သူ့ကိုမှ မချစ်ခဲ့ဘူး"

"ကိုယ်က ကံထူးရှင်ပေါ့"

"အင်း ... မရသေးခင်တော့ ပြောကြတာပါပဲ၊ ကဗျာလဲ ခွင်း ရဲ့ စိန်ိယာထဲ ဘယ်နေ့ရောက်သွားမလဲလို့ လွမ်းဖို့ ကျင့်ထားရဦးမှာ"

ခွင်း က ပြုံး၍ ကိုင်ထားသည့်လက်ကလေးကို လွှတ်ပေးလိုက် သည်။ မြက်ခင်းပေါ်မှာ လက်နှစ်ဖက်နောက်ပစ်လျက် မှီလှန်လိုက်ပြီး ...

"ကိုယ်ထင်တယ်၊ မာန်ထန် ဆိုတာ မင်းဆီကို ခဏခဏ လာ တတ်တဲ့ အရပ်မြင့်မြင့် ဖြူဖြူ ..."

"ဟုတ်တယ်၊ သူ ခဏခဏလာတယ်၊ ကဗျာ့ကို ..."

ပြောနေရင်း စကားကို ရပ်ပစ်လိုက်သည်။ ပြီးမှ နှုတ်ခမ်းလေး မသိမသာတွန့်၍ ....

"လူကြီးတွေမျက်နှာနဲ့ အိမ်မှာ ကောင်းကောင်းမွန်မွန် ဆက်ဆံ နေတာပါ၊ ကျောင်းမှာတော့ သူ့ကို လုံးဝမျက်နှာသာမပေးနိုင်ဘူး၊ လူကြီးမိဘစကားကို နားထောင်တဲ့ သားလိမ္မာဆိုတဲ့ ယောကျ်ားတွေ

www.burmeseclassic.com

www.burmeseclassic.com



က ဒီလိုပါပဲ၊ သူတို့က လူကြီးတွေမျက်နှာနဲ့ နိုင်ကွက်နင်းတာချည်း"

"သူက မင်းကို လက်ထပ်ချင်နေတာလား"

"ဟုတ်တယ်၊ ကျောင်းမပြီးခင် လက်ထပ်ပေးဖို့ပြောနေတာ၊ ဒီနှစ်က ဖိုင်နယ်ဆိုတော့ ကျောင်းပြီးအောင်စောင့်ဖို့ ကဗျာက ငြင်းထားတယ်"

"ကျောင်းပြီးရင် လက်ထပ်မယ်ပေါ့"

ကဗျာက ခပ်မိန့်မိန့်လေးပြုံးလိုက်ပြီး သူ့ကို ခေါင်းလေးစောင်းကြည့်သည်။

"ဒါက ကိုယ့်သဘောပါ ခွင်းရယ်၊ ဒီကြားထဲမှာ ခွင်း က ကဗျာ့ကို ဘယ်လောက်သစ္စာရှိသလဲဆိုတာ စောင့်ကြည့်မယ်၊ ကဲ ... ခွင်းက ကဗျာ့ကို လက်ထပ်ဖို့ရော ရည်ရွယ်ရဲ့လား"

ခွင်း က လျှို့ဝှက်သည့်အပြုံးနှင့် စိုက်ကြည့်၏။ မျက်ဝန်းထဲမှာ မာယာတွေရှိနေသလို ထင်လိုက်ပေမယ့် ကဗျာကလည်း အပြုံးမပျက်ပါ။

"လကဗျာ ဆိုတာလဲ ရှင့်ထက်တော့မညံ့ဘူး" ဆိုသည့် အကြည့်စူးစူးတစ်ချက်နှင့် မျက်ဝန်းလေးတွေကို သိမ်းဖယ်သည်။ ခွင်း က ကဗျာ့ပခုံးလေးမှာ သူ့ပခုံးနှင့်တိုက်ပစ်လိုက်ကာ ...

"ဘာပဲဖြစ်ဖြစ် မာန်ထန် ဆိုတဲ့လူနောက်ကိုတော့ မင်းမပါစေရဘူး။ အဲဒါ တကယ် ..."

❀ ❀ ❀





အခန်း (၆)

"ဘာမျှော်နေတာလဲ ကဗျာ"

အမှတ်တမဲ့ သိသာသွားသည့် လည်တိုင်လေးရှည်နေတာကို ဖြန်ချလိုက်ရသည်။

"သိသားပဲ"

ကျော့ က မဲ့သည်။ ပြီးတော့ သူနိုင့် ကိုလှမ်းကြည့်ပြီး ကဗျာ့ကို မေးဆတ်ပြ၏။ သူနိုင် က စားပွဲကနေ လမ်းဘက်ကိုလှမ်းကြည့်လိုက်ပြီး ....

"ဘာလဲ၊ မာန်ထန့်ကို မျှော်နေတာလား"

ကဗျာနဲ့ ကျော့ကို ငေါ့ကြည့်ပြီး ထပ်မေး၏။ ကဗျာ ကမဖြေဘဲ ကျော့ ကခေါင်းညိတ်ကာ ....

"ဒါပဲပေါ့ နိုင်ရယ်၊ တို့သူငယ်ချင်းက တကယ့်ထိတ်ထိတ်ကြဲ မင်းသားနှစ်ယောက်ကို ဘယ်တစ်ယောက်၊ ညာတစ်ယောက် ခြံရံထားနိုင်တာ နည်းတဲ့အရည်အချင်းလား"

"နင်တို့ကလဲ အဲဒါကို မစနဲ့ဟာ၊ ဒီမှာညစ်ရတဲ့အထဲ"



www.burmeseclassic.com

www.burmeseclassic.com



"ညစ်နေရင်လဲ ညစ်စရာမလိုတာလေးကိုပဲ ပစ်စလက်ခတ်ပုံချစ်လိုက်ပါလား ကဗျာရယ်၊ မာန်ထန် လောက် မာနကြီးတာ ငါဖြင့် တွေ့ကို မတွေ့ဖူးဘူး။ ရုပ်ကလေးသနားကမားနဲ့ ချစ်သူမရှိတာလဲ မပြောနဲ့၊ မျက်နှာနဲ့ရင်ဘတ်က ထိဆက်ဖွယ်အကြောင်းမှ မရှိတာ၊ တင်းနေတာတာပဲ"

"ချစ်သူမရှိတာ မဟုတ်ဘူးဟ၊ သူ့ကိုက မထားတာ၊ လူကြီးတွေက ချိတ်ဆက်မှုလေးတွေ ဖြစ်ရအောင် အကြောင်းအမျိုးမျိုးရှာပြီး လွှတ်နေလို့ ကျောင်းကိုရောက်ရောက်လာတာဟ၊ လာလိုက်ရင်မတွေ့ဘူးလား၊ ပေးစရာ၊ ယူစရာရှိရင် ပေးမယ်၊ ယူမယ်၊ မေးမယ်၊ ဖြေတယ်၊ ဘာများပိုလို့လဲ၊ ငါက ကိုယ့်သူငယ်ချင်းဘက်က မခံချင်လို့ပြောတာ"

ကျော့ က ကဗျာနဲ့ မျက်နှာချင်းဆိုင်ခြံမှာပဲ နေတာဖြစ်သည်။ ထို့ကြောင့် တစ်လမ်းတည်းမှာရှိနေကြသည့် ကဗျာနဲ့ မာန်ထန် တို့ မိသားစုနှစ်စုအခြေအနေကို သူနိုင့် ထက်အများကြီးသိသည်။

စီးပွားရေးအရလည်း မာန်ထန်တို့က သာသည်။ စေ့စပ်ကြတော့လည်း မာန်ထန် က သာပါသည်။ အဘယ့်ကြောင့်ဆိုသော် တစ်ဖက်သတ်သဘောကျခဲ့သူက ကဗျာပဲဖြစ်နေ၍ မာန်ထန် ကတော့ မာရ်နတ်ရဲ့သမီးတော်လေးတစ်ပါးဆင်းလာပြီး ဒူးထောက်ရင်တောင် 'အားနာပါတယ်' ပြောသွားနိုင်သည့် မျက်နှာနှင့်။

စေ့စပ်ကြသည့်နေ့က သူတို့အားလုံး နောက်ဆုံးနှစ်တက်ကြဖို့ အဆင်သင့်ဖြစ်နေကြသည့်အချိန်၊ စေ့စပ်ပွဲမှာ ကျော့ မပါခဲ့ပေမယ့် ထိုနေ့မှာပဲ ကဗျာ ကရင်ဖွင့်၏။

"ငါလဲ စေ့စပ်တဲ့နေ့ကမှ မြင်ဖူးတာ၊ အရမ်းချောတာပဲ ကျော့ရယ်၊ ပြီးတော့ ခန့်တယ်၊ တည်တယ်၊ တစ်ခုတော့ မကောင်းဘူးဟ၊ ငါ့ကို ဂရုမစိုက်ဘူး" တဲ့။





ပထမဆုံး ဂရုမစိုက်ခြင်းခံရသည့်အဖြစ်အတွက် ကဗျာ တော်တော်အံ့သြပြီး ဆွေးနေခဲ့၏။ နောက်ပိုင်းမှာ ကျော့ အားလုံးမြင်နေသိနေတာပဲ။ သူနိုင် ကတော့ နားထောင်နေရင်း နားမလည်။

"အေးလေ၊ ငါက အဲဒါပြောတာ၊ ခွင်း ကလဲချောတာပဲ၊ ချောပုံချင်းမတူကြပေမယ့် နင်ပဲပြောတော့ ခွင်း ပြုံးလိုက်ရင် ရင်ထဲမှာချင်းခနဲတောင် နွေးသွားတယ်ဆို"

ကဗျာ က သူနိုင့်ကိုကြည့်ပြီး ပြုံးသည်။

"နှလုံးသားမိတ္တူဆိုတာလား မသိဘူး၊ အချစ်ဆိုတာကို ဘယ်သူ့ဘက်ကမှ မရေးရာပေမယ့် သူတို့နှစ်ယောက်လုံးကို ငါ လက်မလွှတ်နိုင်ဘူးဖြစ်နေတာ"

'မပြောဘူးလား' ဆိုသည့် မျက်လွှာလေးပင့်လာတာ ကျော့ က ရယ်သည်။ သူနိုင် ကတအံ့တသြ။

"တကယ်"

အရင်းနှီးဆုံးသူငယ်ချင်းတွေမို့ ကဲ့ရဲ့အတင်းပြောမယ့်သူတွေလည်း မဟုတ်တာကိုသိနေတော့ ကဗျာ က ခေါင်းညိတ်၏။

'ဟုတ်တယ်၊ သူများရှေ့မှာပြောရင် ရှက်စရာကြီးနော်၊ ဒါပေမယ့် ငါ အိမ်ထောင်ဘက်အဖြစ် လိုချင်တဲ့ပုံစံက မာန်ထန့်ပုံစံမျိုး၊ အချစ်ကိုတော့ ခွင်း ဆီကလိုချင်တာ"

"ဘုရားရေ ..."

"ဒါပေမယ့် သေချာတာတစ်ခုက ခွင်း ကို ငါလက်မထပ်ဘူး"

သူနိုင် က ဟမ်ဘာဂါပွဲကို ရှေ့မှာထားကာ စားဖို့သတိမရဘဲ ကဗျာ့ကိုပဲကြည့်ကာ ...

"လက်မထပ်ဘူးဆိုရင်လဲ တွဲတာ၊ သွားတာ နည်းနည်းလျှော့လေ၊ နင် အခု နှစ်ယောက်စလုံးနဲ့ သတင်းကြီးနေတာ"

"မတတ်နိုင်ဘူးဟာ၊ ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းကလေးဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



ချစ်သူဘယ်လောက်များများ လက်ထပ်တဲ့သူကတော့ တစ်ယောက်ပဲ၊ နင်တို့သိပါတယ်၊ ခွင်း ကို ငါစိတ်ဝင်စားတယ်၊ သူ့ကို ရင်ခုန်လို့လဲ ရတယ်၊ ဒါပေမယ့် မလိုချင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ လက်ထပ်ပြီးတဲ့အခါကျရင် ရှုးနှစ်တည်တံ့တဲ့အချစ်မျိုးပဲ လိုချင်တာ၊ အဲဒီအချိန်မှာ ခွင်း လိုအချစ်မျိုးက အန္တရာယ်ရှိတယ်"

သူနိုင် က ကျော့ ကိုလှမ်းကြည့်သည်။ ကျော့ က 'အဲဒီမှာ ပြောကြပေတော့' ဟု မေးဆတ်ခေါင်းငုံ့ပြကာ ထမင်းသုပ်ကို စ၍ စားနေပြီဖြစ်၏။ ကင်န်တင်းမှာ ထိုင်ကြပြီဆို ဘယ်တော့မှ မုန့်မစားတတ်သည့် ကဗျာက ပီနံဒူမစ်ရှိတ်ကို ပိုက်တံလေးနှင့် မွှေနေပြီး ....။

"ငါပြောဦးမယ် ကဗျာ၊ နင်ပြောသလို အချစ်နဲ့အိမ်ထောင်ရေးတလိုသလောက်ဖွဲ့လုစားသုံးလို့မရဘူးဆိုတာတော့ နင် သတိထားရလိမ့်မယ်"

"လုပ်ပြီ၊ ကဗျာဆရာမက ..."

ချစ်စနိုးစသလိုလို၊ လှောင်သလိုလိုနှင့် ကဗျာ က မျက်ဝန်းလေးစွေကြည့်ပြီး ရယ်သည်။

"ဟုတ်တယ်၊ မှားနေတာ၊ အမှန်က သူ့ကို ကဗျာလို့ခေါ်ရမှာ"

ကျော့ ကလှမ်းပြောပြီးမှ ထမင်းခွန်းကို ပါးစပ်ထဲထည့်သည်။ သူနိုင် က ဟမ်ဘာဂါပွဲကို လက်ဝဲနှစ်ဖက်နှင့် ညှပ်ကိုင်ထားရင်း စားပွဲခွန်းကို ရင်ဘတ်လေးနှင့် ထိသည်အထိ ရှေ့တိုး၏။ ကဗျာ့မျက်နှာကို သေချာကြည့်ပြီး ...

"ဟုတ်ပါတယ်၊ ငါ ကဗျာတွေစပ်တာက သပ်သပ်၊ ဘဝရဲ့ဒဿနတွေက တခြားပါ ကဗျာ၊ အထူးသဖြင့် မာန်ထန်နဲ့ခွင်းတို့လို ယောကျ်ားတွေက နင်ထင်သလို လွယ်လွယ်ကူကူ ဖြုတ်လို့ ထုတ်လို့ရနိုင်မယ့် လူတွေမဟုတ်ဘူး"

ကဗျာ က ဘာမှမပြောဘဲ ပိုက်တံအဖျားလေးကို နှုတ်ခမ်းလွှာ





လေးတွေထဲမှာ တပ်လိုက်၏။ ငုံ့လိုက်သည့်ဘေးနှစ်ဖက်မှာ ဆံစတွေအုပ်ကွယ်သွားသော်လည်း ကော့နက်သည့် မျက်တောင်ရှည်တွေကို သူနိုင် မြင်နေရသေးသည်။

"နင်စဉ်းစားဦး။ မာန်ထန် က လက်ထပ်မယ်ဆိုပေမယ့် ကိုယ့်ကို ချစ်တဲ့သူ၊ ခွင်း က သို့လော သို့လောတွေအများကြီးထဲမှာ နင့်ကိုမှ တမ်းတမ်းစွဲနေပါပြီဆိုတာကလဲ မသေချာဘူး"

ကဗျာ့မျက်နှာလေး မော့လာသည်။ ကျော့ က ထမင်းစားနေရင်း လှမ်းကြည့်၏။ ဘာလေးပြောလိုက် ပြောလိုက် ကဗျာ က သူ့ခေါင်းထဲကို အလေးအနက်ယူသွင်းသည်။ လက်တွေ့တွေ၊ သာဓကတွေနဲ့ ထုတ်ပြန်အကြံပြု၏။ ဆိုးတော့ မဆိုး။

"နှစ်ယောက်စလုံးကို နင် အကြာကြီး ဟိုမလွှတ်နိုင်၊ ဒီမလွှတ်နိုင် တွဲနေလို့ ဘယ်လိုမှ မသင့်တော်ဘူး၊ ဒီမှာ နင်တွဲနေတာကို မာန်ထန် သိရင် ကျေနပ်မလား"

ဒါလည်းဟုတ်သည်။ ကျော့ ကခေါင်းညိတ်၏။

"ခွင်း က နင့်ကိုပဲ အသေအလဲဖြစ်နေတာလို့ ငါတော့မထင်ဘူး ကဗျာ"

"ဘာဖြစ်လို့လဲ၊ သူ ရည်းစားများခဲ့တဲ့ ရာဇဝင်ကြောင့်လား"

"ဟုတ်တယ် ကဗျာ၊ အဲဒါ အဓိကပဲ၊ ပြီးတော့ သူ့ဘေးမှာ တစ်ယောက်ရှိသေးတယ်"

ကဗျာ က မထိတရိ ပြုံးလိုက်၏။

"ရာရာ ဆိုတာမို့လား၊ ဆက်ပြောလေ"

ကဗျာ့မျက်နှာပေါ်က မာနတွေကို သဘောပေါက်နေသလို သူနိုင့်မျက်နှာလေး ရှုံ့တွသွား၏။ ဘာဖြစ်ဖြစ် သူမရင်ထဲမှာ ကိုယ့်လိုပဲ နားလည်စေချင်သည်။ ဒါပေမယ့် ....

"ခိုင်ရယ်၊ ဆံပင်ကျစ်ဆံမြီးနှစ်ဖက် တန်းလန်း တမိုးလန်းနဲ့ ခွင်း



www.burmeseclassic.com

www.burmeseclassic.com



သွားလေရာ ဖောက်တဲ့လေးလို ကပ်ပါနေတဲ့တစ်ယောက်ကို ...
တာမို့လား၊ သူကိုယ်သူသာ မသိတာ၊ လူတိုင်းသိကြတယ်၊ ငယ်သူငယ်...
သံယောဇဉ်လေးနဲ့ သူဖျော်လင့်နေတာ ဖြစ်ချင်ဖြစ်မှာပေါ့၊ အချစ်ကြေ...
ရှုးသွပ်ကြတာမျိုး"

သူနိုင် မျက်လွှာလေးစင်းချကာ စိတ်မပါသေးပေမယ့် ဟမ်ဘာ...
ကိုတော့ စားဖို့ပြင်မိသည်။ ကိုယ်သိစေလိုတာက တခြား၊ ကဇျာ ခံ...
ထားတာက တစ်မျိုး။

"ဟော ... ဟိုမှာလာပြီ၊ မာန်ထန် တော့မဟုတ်ဘူးနော်"

သုံးယောက်သား လှမ်းကြည့်လိုက်မိတော့ ခွင်းနဲ့ရာရာ။

ခွင်း က လေးညှင်းရောင် ဘောင်းဘီရှည်ပွပွနှင့် စပို့ရှပ်အ...
အပြာစင်းကို ဝတ်ထား၏။ ဆံပင်က အနေတော်ပေမယ့် ထိပ်ပိုင်း...
ပိုထူကာ ခပ်အုပ်အုပ်ရှိသည်။ ထို့ကြောင့် နဖူးထက်သို့ သိမ်းလှန်ထာ...
သည့်ထဲကနေ တချို့တလေပြန်ကျတာလည်း ရှိ၏။

ကျောင်းသားဆိုပြီး ခွင်း လက်ထဲမှာ စာအုပ်ဆိုရင် ဘာရွက်...
သိပ်မတွေ့ရတတ်ပေ။ ကျောင်းရောက်ပြီး လူချင်းခွဲတော့ မည်သို့...
ရာရာ့လွယ်အိတ်ထဲကနေ ဆွဲထုတ်ယူသွားတတ်တာပဲ များသည်။

သူနိုင့်ပြောစကားအရ ရာရာ့ကို ကဇျာ သတိထားကြည့်မိ...
အရပ်လေးအနေတော်ဆိုသော်လည်း ခွင်း ရဲ့ဘေးမှာတော့ ပုပုသေ...
သေးလေး ဖြစ်နေသည်။ ဆံပင်ကြီးကရှည်၊ လွယ်အိတ်က တနင့်တပိုး...
ကြီး၊ မြင်နေရတဲ့အတိုင်းကတော့ ယက်ကန် ယက်ကန်လေး လိုက်နေ...
ရရှာတာဖြစ်၏။

ကျော့ ကလည်း ခွင်း ကိုတစ်ချက်ဝဲကြည့်ကာ ရာရာ့ကိုပဲ ကြည့်...
၏။ ပြီးတော့ ကဇျာ့ ကိုမျက်လွှာပင့် မေးဆတ်ကာ ...

"ခွဲကတော့ မရှေးဘူးနော်၊ ဘာမှမဆိုင်တာကြီးကို"

"ရာရာ ဆိုတဲ့တစ်ယောက်လား"





ကျော့ ပြောတာကို သူနိုင် ကထစ်မေးကာ ...

"အဲဒီလိုပြောရလောက်အောင် တကယ်မဆိုးဘူးလို့ ငါထင်တယ်နော် ကျော့၊ ရာရာ က ချစ်စရာလေးရယ်၊ နှုတ်ခမ်းထူထူ၊ မျက်ခုံးတောင်ကော့ကော့လေးတွေနဲ့၊ ပြီးတော့ ငါထင်တာနဲ့ နင်တို့တွေးတာ ဖစ်သ်မဖြစ်ဘူး"

"ဘာဖြစ်လို့လဲ"

"ခွင်း က ရာရာ့ကိုသိပ်ခင်တာ၊ အဲဒီသံယောဇဉ်မျိုးက မမြင်ရတဲ့ကြိုးပဲ"

ကဇျာ အသံတိတ်သွားပါလားလို့ လှည့်ကြည့်လိုက်တော့ လက်တိုင်ဖုန်း ထုတ်နေတာမြင်သောကြောင့် ...

"ဘာလုပ်မလို့လဲ"

"ကိုထန့်ကို ခေါ်မလို့"

"ဟဲ့ ... ဟိုမှာလာနေကာမှ"

အနားရောက်တော့မှာမို့ ကျော့ က စားပွဲအောက်ကနေ လက်လှုပ်၍ သတိပေးသည်။ ကဇျာက မကြည့်ပေ။

"လာပစေ၊ မြင်သွားလဲ ကောင်းတာပဲ၊ ဒီနေ့ သူ ငါ့ဆီလာစရာရှိတယ်၊ လာကိုလာရမှာ"

ဘာကိစ္စဆိုတာ ဘယ်သူ့မှမပြောဖြစ်ခဲ့ပေမယ့် လွယ်အိတ်ထဲမှာ စိန်လေ့ကတ်နဲ့ ဆွဲကြိုးတစ်ကုံးရှိသည်။ မာန်ထန့်အမေကို မာမီကိုယ်တိုင် သွားပို့ဖို့ဖြစ်၏။ ဒါကို မာမီ့ဆီက သူမ ယူလာခဲ့သည်။

"ကဇျာ ကျောင်းမှာပေးလိုက်မယ်"

"သမီး၊ အဲဒါ တန်ဖိုးနည်းတာမဟုတ်ဘူးနော်"

မာမီက စိတ်မချပါ။ ဒါပေမယ့် ပေးလိုက်တာပါပဲ။ သမီးနဲ့အမေက ညီအစ်မကဲ့သို့ ပွင့်လင်းခဲ့ကြသဖြင့် မာန်ထန့်ကို ကဇျာ သဘောကျနေတာ မာမီလည်းသိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးက ချစ်တယ်ပေါ့"

"မသိဘူး မာမီ၊ ဒါပေမယ့် အဲဒါပဲဖြစ်မှာပါ။ ကိုထန့်ကိုပဲ ကဗျာ လက်ထပ်ချင်တယ်၊ မင်္ဂလာရက်သတ်မှတ်ရအောင်လို့ ပြောရင် ကျောင်းပြီးမှ ဘာညာနဲ့ မာမီ အထာတွေသွားမပေးနဲ့နော်"

အဲဒီလောက်ထိ ပွင့်လင်းထားပြီးသား။ မာမီလည်း အသင့်ဖြင့် ထားရှာသည်။ ဒါပေမယ့် ဒီနေ့ထိ လက်ထပ်ဖို့ကို မာန်ထန်တို့ဘက်က ဖွင့်ဟပြောဆိုလာခြင်း မရှိသေးပေ။

ရည်ရွယ်သည်က ခွင်းနဲ့သူမကို တစ်နေ့နေ့ တစ်နေရာရာမှာ တွေ့မြင်သွားပြီး သူ့ဘက်က လှုပ်ရှားမှုတွေဖြစ်လာဖို့ပင်။ ဒီစွန့်စားမှု မှာ သူမဘက်က အတော်အသင့်တော့ လိုက်လျောပေးဆပ်ရမှာဖြစ် သည်မို့ ကြည်ဖြူလိုက်လျောချင်ဖွယ်လည်းဖြစ်သော ခွင်း ကို ကဗျာ ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

တကယ့်လက်တွေ့တွင် ........။

❀ ❀ ❀





အခန်း (၇)

"သားရေ ဖုန်းလာနေတယ်"

"ဗျာ ..."

"ထွက်လာမလား၊ မေမေပေးရမလား"

"လာပြီ မေမေ"

ခါးမှာ တဘက်နှင့်ဆွဲပတ်လိုက်ရင်း မာန်ထန် ကျွတ်ခနဲ စုပ်သပ် ၏။ ဘယ်ကဖုန်းဆိုတာ သိသည်။ မေမေသိသွားတာက ပိုဆိုး၏။ အပြင်ထွက်လာတော့ မေမေ ဖုန်းပေးပြီး ထွက်သွားပါသည်။ ဒါပေမယ့် အခန်းထဲရောက်တော့ ဝင်လိုက်လာကာ ...

"သား ဒီနေ့သွားဖို့ရှိတယ်ဆိုတာ ဘယ်ကိုလဲ"

စမေးပါပြီ။ မာန်ထန် က ကော်ဖီရောင်ဘောင်းဘီရှည်ကို ခါးပတ် ငုံ့တပ်နေရင်းမှ ...

"စာအုပ်ဝယ်စရာရှိလို့ပါ"

"ကဗျာ ဖုန်းဆက်တာ နှစ်ခါရှိနေပြီလေ၊ သားကိုခေါ်တာ မဟုတ်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

ခေါင်းညိတ်ပြီး ချိတ်စင်ကို မော့ကြည့်သည်။ ရှားရောင်ကွက်နှင့် ရှပ်လက်တိုအင်္ကျီတစ်ထည်ကို ဖြုတ်ယူလိုက်သည်။ အင်္ကျီဝတ်တော့ မေမေက ရှေ့တိုးလာပြီး ကြယ်သီးတွေ ဝင်တပ်ပေးသည်။ ဒီတာဝန် မေမေဝင်ယူလိုက်တာကို သူ သဘောပေါက်သည်။

အေးစက်စက်ဆိုတာမျိုးလည်း မဟုတ်၊ အလွန်နွေးထွေးယုယနေတာမျိုးလည်း မဟုတ်ပေမယ့် ပြောစရာတစ်ခုခု၊ ဒါမှမဟုတ် သူ လက်မခံနိုင်ဖွယ် တစ်စုံတစ်ရာ ပြောဆိုစည်းရုံးတော့မည်ဆိုလျှင် ဒီလိုနေရာမှာ မေမေပါလာတတ်သည်။

ဥပမာ နေ့စဉ်လုပ်ကိုင်ပေးနေတာမျိုးမဟုတ်ဘဲ မနက် လက်ဖက်ရည်ဝိုင်းမှာ လက်ဖက်ရည်ထည့်ပေးတာမျိုး၊ ခေါင်းလိမ်းဆီလိမ်းနေတုန်း ဘီးယူပြီး ဝင်ဖြီးပေးတာမျိုး။

သူ ထင်သည့်အတိုင်းပင် ကြယ်သီးနှစ်လုံးတပ်လိုက်သည့်အချိန်မှာပဲ .....

"သားရယ်၊ ကဗျာလေးက သားကိုသဘောကျနေတာ သိပ်ကိုသိသာတာပဲ၊ သား ဒီလောက် အေးတိအေးစက်ကြီး မနေပါနဲ့ကွယ်၊ ကျောင်းပြီးရင် လက်ထပ်ပေးဖို့က အနိုင်အမာပြောထားပြီးသား၊ ဒါတောင်မှ သားက ငြင်းနေလို့၊ မဟုတ်ရင် ခုလက်ထပ်ပေးလိုက်ရအောင်လို့ပြောလည်း နွေက လက်ခံမှာပဲ၊ သူတို့တစ်အိမ်လုံးက ကြည်ဖြူကြပြီးသား"

"ကျွန်တော်က ငြင်းနေလို့လား မေမေ"

စိတ်မရှည်သံနှင့်တစ်ထပ်တည်း မေမေ့လက်ကို ဖယ်ပစ်လိုက်ပြီး သူ့ဟာသူပဲ ကြယ်သီးတပ်လိုက်၏။ ပြီးမှ အင်္ကျီကို ဘောင်းဘီထဲသို့ ခဲယဉ်းစွာထည့်ရသည်။

အခန်းထဲပြန်ရောက်တော့ မေမေ လိုက်ဝင်လာမှာပဲဆိုတာသိလို့





ဘောင်းဘီကို အရင်လဲထားလိုက်ရတာဖြစ်သည်။ အိမ်မှာ ဖေဖေနဲ့ မေမေက ရန်ဖြစ်နေကြတာမျိုးလည်း မဟုတ်ပါဘဲနှင့် စကားပြောတိုင်း အနိုင်လုကြတာပဲများကာ အဆင်မပြေကြပေ။

ညီအစ်ကိုနှစ်ယောက်ရှိသည့်အထဲမှာ ကိုကို့ကိုကျတော့ အသက်သုံးဆယ်ကျော်နေပြီဟု သတ်မှတ်ကာ သူချစ်သူကို သူလက်ထပ်တော့ ညီဆိုတော့ ကြည်ဖြူကြသည်။

သူကျတော့ ဒီလိုမဟုတ်၊ ဖေဖေကလည်း 'ငါ့သားကို ငါကိုယ်တိုင် အိမ်ထောင်ဖက်ရှာပေးမယ်'ဖြစ်လိုက်၊ 'အဲဒါ အမေတွေလုပ်ရတဲ့ ကိစ္စ ဒီ အေးအေးဆေးဆေး ကြည့်နေလိုက်' လို့ မေမေကပြောလိုက်။

"ဟ ... ငါက သေချာတောင် ပြောဆိုကြည့်ပြီးပြီ"

"အို ... ညီကလဲ သေချာပြီးနေပြီ၊ သားကြီးတုန်းကလဲ သူ အလေးမဟုတ်တော့ဘူး။ သူ့ဟာသူ ဆုံးဖြတ်ပစေလို့ ကိုအောင်ပဲ ခွင့်ပြုပေးလိုက်တာ၊ ခု မရဘူး"

မိဘနှစ်ပါးကြားမှာ သူက အရုပ်တစ်ရုပ်လို၊ ဖေဖေကလည်း ကြည့်နေလိုက်ရတာကိုပဲ မကြည်မသာပုံစံတွေဖြစ်လျက်၊ မေမေကဆို အရှုံကို ပါးစပ်ထဲက မချ။

ဝိုဏ် သေချာနေသည်က 'ကဗျာက တက္ကသိုလ်မှာ ကွင်း' ဆိုသည့်အဖြစ်။

မေမေနဲ့သူ အဆင်မပြေစွာ ညှိနှိုင်းရောက်လာကြတော့ ထွက်သွားဖို့ အပေါ်ထပ်ကဆင်းလာသည့် ကိုကို့မျက်နှာက ရယ်ချင်ရဲ့။

"ညီ ... ဘယ်သွားမလို့လဲ"

"အပြင်သွားမလို့"

"ကိုကိုနဲ့ လိုက်ခဲ့လေ"

ညစ်နေသည့် မာန်ထန့်မျက်နှာကို ကယ်ဆယ်ရေးအလံပြ၍



www.burmeseclassic.com

www.burmeseclassic.com



အချက်ပေးလိုက်တာမှန်း သူသိပေမယ့် ...

"ဒီမှာ မေမေစကားပြောနေတာလေ"

မေမေက မျက်နှာကိုတင်းလျက် သူ့ဘက်ပြန်လှည့်ကာ ...

"မိဘက သွားပါဆိုမှ သွား၊ ယူချေပါဆိုမှ ယူပေး၊ မေမေ့သားက သား ငြင်းနေလို့လား ဆိုတဲ့ စကားတစ်ခွန်းနဲ့ မေမေ့ကို စစ်အေးတိုက်နေသလိုပဲ"

"ပြောတော့မယ် မေမေရာ"

မာန်ထန် ဘောင်းဘီအိတ်ထဲလက်နှိုက်ရင်း အောက်နှုတ်ခမ်းကို ပြန်၍ ဖိကိုင်ထားလျက် မျက်နှာလွှဲပစ်သည်။ လှတယ်၊ လှတယ်ပြောတော့ ဘာလုပ်ရမလဲ၊ အဲဒီ လကဗျာ သူ့အလှသူ လက်သပ်မွေးမြူပြီး ဘယ်လိုသွားတာ၊ ဘယ်လိုနေတာ မေမေက မြင်လို့လား။

အတွေးထဲမှာ ခွင်း ဆိုသည့်တစ်ယောက်ကို သတိရသည်။ မမြင်ချင်မှအဆုံး၊ ပြီးတော့ အဲဒီတစ်ယောက်၏မျက်လုံးတွေက ကိုယ့်ကိုပဲ ငြိဖူးသလိုလို၊ သိဖူးသလိုလို ချည်သည့်ပုံနှင့်။ နေရဲ ကတော့ ဝေဖန်သည်။

"မင်းရှေ့မှာ မရှောင်တဲ့ပုံကိုကြည့်ရတာ မင်းဘက်က အေးစက်စက်ဖြစ်နေတာကို ရွံ့တဲ့ပုံစံပဲ၊ ငါ ထူးဆန်းနေတာက ခွင်း ဆိုတဲ့ကောင်ကလဲ ဒီလောက်ထိ မအပါဘူး၊ ဘယ်လိုတွဲဖြစ်နေကြသလဲမသိဘူး"တဲ့။

ဘာဖြစ်လို့တွဲတွဲ သူ့ဘက်ကတော့ တုန်လှုပ်ဖို့မရှိပါ။ နေရင်းထိုင်ရင်း လူမုန်းများလာရတာတောင် ကိုယ့်ဘက်က နစ်နာသေးသည်။

"မင်း အဲဒီလိုနေလို့တော့ မဖြစ်ဘူးထင်တယ် မာန်၊ မင်း လက်ထပ်ဖို့လဲ ခေါင်းညိတ်ခဲ့ပြီးပြီ၊ တကယ်လက်ထပ်ဖို့ ဆုံးဖြတ်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ ဧယားက မင်းအတွက်လိုတယ်"

နေရဲ က ခဏခဏသတိပေးခဲ့၏။ သူဟာသူ ဧယားတော်ဖြစ်ကုန်တော့လည်း ကိုယ်က အေးဆေးဘေးထွက်နေရုံပဲဟု စိတ်ထဲမှာ တွေးခဲ့၏။

ကဗျာကိုလက်ထပ်ပြီးရင် ဘယ်လိုစခန်းသွားကြမလဲဆိုတာတွေ၊





ဖြစ်မှဖြစ်ပါ့မလားဆိုတဲ့ ယုံကြည်လိုခြင်း၊ မယုံကြည်ခဲ့ခြင်းတွေ ဒီနေ့ထိ သူ့ခေါင်းထဲမှာ ဘာမှမရှိခဲ့တာလည်း ဆန်းသည်။ နေရဲသွေး ပြောသလို ဒီမိန်းမနဲ့ လက်ထပ်ပြီးခဲ့ရင် ဆိုပြီး တကယ်တွေးကြည့်တော့ ရင်လေးရောကြီးကတော့ အသေအချာပါ။

မာန်ထန် က ရင်ထဲမှာမရှိတဲ့ အဖြစ်ကိုရော၊ မေမေပြောတာတွေကို ရင်ဘက်ထဲ ထည့်နေရသည့်အဖြစ်ကိုရော၊ စိတ်ရှုပ်သွားသလို ဖြစ်လာကာ ဆိုဖာပေါ်မှာ ဝက်ခနဲ ထိုင်ချလိုက်သည်။ ထိုအခါ သူနဲ့ မျက်နှာချင်းဆိုင်မှာရှိနေသည့် မေမေ့ပုံကို တိုတိုက ဖက်လိုက်ကာ ...

"အခု ညီက ဘာတွေဆန့်ကျင်နေလို့လဲ မေမေရယ်၊ ခေတ်လူငယ်တစ်ယောက်အနေနဲ့ သူ့ အသားတကြည် ခေါင်းညိတ်လက်ခံထားတာပဲ ကျေနပ်လိုက်ပါတော့"

"သားကြီးရယ်၊ မေမေကရော ဘာတွေတင်းကျပ်နေလို့လဲ၊ မရတော ချုပ်ကိုင်တောင်းဆိုနေသလဲ၊ ဒီမိန်းကလေးကို ကိုယ်လက်ထပ်ရှာပဲဟာ၊ နကတည်းက ချစ်စခင်စလေးတွေရှိထားကြရင် လက်ထပ်တဲ့အခါ ပိုပြီးနွေးထွေးနိုင်တယ် မဟုတ်ဘူးလား။ မေမေက စေတနာနဲ့ ပြောနေတာ၊ တကယ်ပြန်ကြည့်ရင် မင်းရဲ့ညီကို မေမေ နားကိုမလည်နိုင်တော့ဘူး။ ကဗျာက သိပ်လှတာ"

ပြောပြန်ပြီ။ မာန်ထန် နှာခေါင်းတွန့်သွား၏။ အကြီးဖြစ်သည့် ရှုံ့မာန် ကရယ်သည်။

"ကျွန်တော်လဲ သိပါတယ်၊ ဒါပေမယ့် မေမေ့သားအကြောင်းလဲ သိသားနဲ့၊ သူ အဲဒီလို ဘာသိဘာသာနေတတ်လို့လဲ ညီက သိပ်တော်တဲ့ဟာ"

ပြောတော့ ဒေါ်ညိုမှာမျက်နှာ ပြေကျသွား၏။ ကျေနပ်နားလည်ဆိုတ်သည့် နူးညံ့ခြင်းတွေ ချက်ချင်းဖြစ်သွားခဲ့သည်။

သားငယ်က ငယ်ငယ်ကတည်းက အတန်းတိုင်းမှာ ဆုရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းစာမေးပွဲမှာလည်း ဘာသာစုံဂုဏ်ထူးထွက်ခဲ့တာဖြစ်သည်။ ဝါသနာပါတာကိုကြည့်လိုက်တော့ ဆရာဝန်ဖြစ်ဖို့ကို သူရည်ရွယ်ချက်ထဲမှာ မပါ။

"ကဲ ... ဒါဆိုရင် မေမေမေးချင်တယ်၊ သားက ကဗျာကို နည်းနည်းမှ စိတ်မဝင်စားတာလား"

"မဝင်စားဘူးဆိုရင် မေမေက လျှော့မှာလား"

"ဟို ..."

သူမေးခွန်းနှင့်သူ ဒေါ်ညိုမာ အကျပ်ရိုက်သွား၏။ သားအမိနှစ်ယောက်ကိုကြည့်၍ ရန်မာန် က ပြုံးစိစိနှင့် ...။

"ကဲပါ ညီရာ၊ မိဘကို စိတ်ညစ်အောင်မလုပ်ရဘူး၊ လာ ... ကိုကိုနဲ့အတူတူသွားရအောင်"

မတ်တတ်ရပ်လိုက်ပြီး ရန်မာန် ကခေါ်တော့ သူ ခေါင်းခါ၍ လိုက်ရပ်သည်။

"ကျွန်တော် တစ်လတစ်ခါ ဒီလိုပဲ စာအုပ်ထွက်ဝယ်နေကျ"

"အေးပါ၊ တစ်ခါတစ်လေ ကိုကို့ကားကို စီးဖူးတယ်ရှိအောင် လိုက်စီးစမ်းပါ၊ ဘယ်ဖြစ်ဖြစ် ကိုကိုလိုက်ပို့မယ်၊ ပြီးမှ ကိုယ့်လမ်းကိုယ်သွားမှာ"

မာန်ထန် က ဘာလုပ်လုပ်သီးသန့်ဆန်သည်။ သူများကိုလည်း စိတ်သိပ်မဝင်စားတတ်ပေ။ သူဟာသူ ဘယ်လိုနေနေ၊ လူတွေ ဘာဝေဖန်မှာ၊ ဘယ်လိုပြောနိုင်သည် ဘာမှသိပ်ထည့်မတွက်။

ကျောင်းတက်လာသည့် သက်တမ်းတစ်လျှောက်မှာတောင်မှ သူငယ်ချင်းအပေါင်းအသင်း များများစားစား မထားခဲ့။ ကျောင်းစာဖြစ်ဖြစ် ဘယ်လိုစာပေမဆို အကုန်ဖတ်သည်။ သူ စိတ်ဝင်စားတာဆိုစိတ်လိုလက်ရ ပြောနေတတ်သလောက် စိတ်မဝင်စားတာဆို ဘာသတင်း ဘယ်သူကိစ္စ လာပြောပြော မျက်နှာပုတ်ကြီးနှင့် နေတတ်၏။





လိုလားတာကို တစ်ဖက်သားသိအောင် နေလိုက်သည်။

ဒါတွေက မေမေတို့ထက် သူညီအကြောင်း ရန်မာန် က ပိုနားလည်နေခဲ့၏။ ထို့ကြောင့် ကဗျာနဲ့ ဆေးစပ်ပေးကြတုန်းက ညီ့အခြေအနေကို အကဲခတ်၍ သူပြောခဲ့ဖူးသည်။

"မေမေ့သားကိုလဲ သေချာအောင်မေးပါဦး မေမေရာ၊ ကောင်လေးက ချောချောလှလှ သွက်သွက်လက်လက်လေး။ မေမေ့သားနဲ့တော့ ရှစ်ခေါက်ချိုးနဲ့ ဖြစ်ပါ့မလား"

ထိုအခါ မေမေ့မျက်နှာ မသာမယာနှင့် ....

"ဟုတ်တယ်၊ မာန်ထန် ဆိုတဲ့အတိုင်းပါပဲဟယ် ... တကယ်၊ ဒီနာမည်ပေးမိတာကိုက ငါ့အမှား"

တဲ့။ ရယ်ဖို့လည်းကောင်း၏။ ခုလည်း သူကိုယ်တိုင် ကားတံခါးဖွင့်ပေးတာတောင်မှ မာန်ထန် ကခေါင်းခါသည်။

"တစ်ခါတစ်လေ လမ်းလျှောက်ရတာ သိပ်အရသာရှိတာ ကိုကို၊ ကျွန်တော် ဒီတိုင်းပဲသွားမှာ"

"ဟာကွာ ... မဟုတ်တာ၊ ဘာလဲ ...ကိုကို့ကားကို မစီးချင်လို့လား။ ဒါဆိုလဲ ကိုယ့်ကားနဲ့ကိုယ်ပဲ သွားပါ၊ ခြေလျင်တော့ မလျှောက်ပါနဲ့ကွာ"

"ကားနဲ့ကို မသွားချင်တာ" တဲ့။

ညီ့ကို ရှောင်ထွက်ခဲ့ရရင်း ကားပေါ်ကနေ ငဲ့ကြည့်မိပြီး စိတ်တောင်း။ ကဗျာနဲ့လက်ထပ်ဖို့ကိစ္စအတွက် မာန်ထန် ဘယ်လောက်စိတ်ရှုပ်ရောက်နေတာကိုလည်း သူသိသည်။ နောက်ထပ်သိနေတာက ကဗျာနဲ့မာန်ထန် စရိုက်ပုံစံချင်းက တခြားစီ။

ဒါပေမယ့် လက်ထပ်ဖို့က သေချာပြီးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၈)

စာအုပ်တွေကို ကောက်ကိုင်လိုက်၊ ကြည့်လိုက်နှင့် စိတ်က စာအုပ်တွေမှာ မရှိ။ ခြေဖဝါးအောက်မှာ နင်းထားရသည့် သမံတလင်း၏ အအေးဓာတ်က ခြေကျင်းဝတ်အထိ တစိမ့်စိမ့်တိုးဝင်နေတာ သိသာလာသည်။

ဆိုင်မှာ လူတွေက များသထက်များလာသည်။ ဟိုဘက်နည်းနည်း ရွှေ့ပေးလိုက်၊ ပခုံးချင်းထပ်ထိ၊ လက်ချင်းထိမြစ်လာလို့ ဒီဘက်ပြန်ရွှေ့ပေးလိုက်နှင့် အချိန်တွေလည်း ကြာလာပါပြီ။ ခွင်း တကယ် ရက်စက်ပါသည်။

ဒီစိတ်ကိုဖျောက်၍ ကောက်ကိုင်လိုက်မိသည့် စာအုပ်ပေါ်မှာ အာရုံပြောင်းအောင် စုစည်းကြည့်တာ ဘယ်လိုမှ မရ။ တစ်နေကုန် ထင်သလို သွားလာနေခဲ့ပြီး အကြောင်းပေါ်လာတော့ ကိုယ့်တစ်ယောက်တည်းထားပစ်ခဲ့သည်။

အတန်းချိန်လစ်တာတွေလည်း များနေပြီမို့ မလိုက်ပါရစေနဲ့ ဆိုတာ မရဘဲ ဖွတ်ခေါ်လာတာလည်း သူပဲ။





"လိုက်ခဲ့ပါဟာ၊ နင်မပါရင် သူက သူ့အုပ်စုကို မလာမှာ၊ နင်ပါတယ်ဆိုတော့မှ တစ်ယောက်တည်းလိုက်ဖို့ သဘောတူတာဟ၊ ဒါလေးနဲ့ ခေါင်းစားမနေစမ်းပါနဲ့၊ လုပ်ပါ"

ကဗျာကို ခေါ်ထုတ်လို့ရဖို့ရာ ရာရာ လိုက်ပေးခဲ့ရသည်။ ဘယ်သွားကြမှာလဲမေးတော့ ဒီနားပဲ လို့ဖြေသည်။

တကယ်ထွက်လာကြတော့ ကဗျာက လူကြီးတွေနဲ့မဆုံအောင်ဆိုပြီး ဟိုကပတ်၊ ဒီဘက်ကွေ့နှင့် လမ်းတွေရှည်ကုန်သည်။ လမ်းမှာ အအေးဆိုင်တွေ့တာနဲ့ဝင်၊ တုတ်ထိုးဝင်စား၊ သူကတော့ ချစ်သူလက်ကိုဆွဲပြီး ရယ်လို့မောလို့၊ သေားမှာ ရာရာ ကအဖော်လည်းမဝါ၊ ခပ်ခွာခွာကနေ ကြောင်တောင်တောင်နှင့်၊ တစ်ခါတစ်လေ သူများက စသွားသေးသည်။

"ရာရာ ... လာလေ၊ ဘာဖြစ်လို့နောက်မှာ ချန်နေခဲ့တာလဲ"

သိသာအောင် ကွာကျန်ခဲ့တော့ ခွင်း က နောက်ပြန်လှည့်လာပြီး လက်ဆွဲခေါ်၏။ ထိုအခါကျမှ ပိုဆိုးသေးသည်၊ ဟိုဘက်မှာ ကဗျာနှင့် ဒီဘက်မှာ ရာရာ။

"ဘာလဲ၊ ခိုးကြောင်ခိုးဝှက် လှည့်ပတ်ရှောင်ရှားပြီး ချိန်းတွေ့ရလို့ ရင်တွေခုန်နေတာလား"

"မခုန်ပါဘူး၊ အိမ်ပြန်နောက်ကျမှာပဲ ကြောက်တာ"

"တကယ်လား"

"အင်း ..."

"သတ္တိရှိတယ်ပေါ့"

"ရှိတယ်"

တစ်ယောက်နဲ့တစ်ယောက် လက်ဖဝါးချင်းထပ်ဆုပ်၍ မျက်ချင်းဆိုင်လိုက်၊ မှိုကျသွားလိုက်နှင့် ခွင်းနဲ့ကဗျာ အဖြစ်သည်းသူကိုလည်း မြင်နေကြားနေရသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာတွေပူ၊ ခြေလှမ်းတွေမှားနှင့် ကိုယ့်မှာလည်း မလတ်တစ်နေရာကနေ မြင်သွားမှာ စိုးရသေးသည်။ ပြီးတော့ ဖေဖေ။

ကျောင်းချိန်မှာ လမ်းပေါ်ရောက်နေရသည့်အဖြစ်ကို အိမ်ကဘယ်သူမြင်မြင် ခွင့်လွှတ်ကြမှာမဟုတ်ပေ။ ကဗျာကကျတော့ သူ့အိမ်ကလူတွေမြင်မှာစိုးလို့ ကွေ့ပတ်သွားနေသမျှ သူမမှာတော့ တန်ဖိုးဲ့ဗွာ သွားလေရာ တကောက်ကောက်လိုက်နေရသည်။

ဒီနေ့ အတန်းထဲက ထွက်ခဲ့တော့ အတန်းဖော်သူငယ်ချင်းတွေက တားပါသေးသည်။

"နင်တော့ Roll call မပြည့်တာနဲ့ပဲ ဆရာဆူခံရတော့မှာ မြင်ယောင်သေးတယ် ရာရာ၊ ဒါမှမဟုတ်လို့ Roll call မပြည့်ရင် စာမေးပွဲဖြေခွင့်မရှိဘူးဆိုတာများ တကယ် တင်းတင်းကျပ်ကျပ် လုပ်ပစ်လိုက်ရင် နင်တော့သွားပြီ"

"ပြောမနေနဲ့ ပပ၊ နင်ပြောနေရင် သူနားထောင်နေမှာပဲ၊ ခွင်းရောက်မလာခင်လေ၊ ဟိုက ရောက်လည်းလာရော၊ ဟွန်း ... အဲဒီလောက် နိုင်စားပုံစံကိုများ သူ့မှာသည်းခံလိုက်ရတာ၊ လိုက်လျောလိုက်ရတာ၊ ခံလိုက်ရတဲ့ အနစ်နာ၊ ဒီမှာ ရာရာ၊ နင်က ငါတို့ကိုပြန်မပြောခဲ့တာတွေ ရှိရင်ရှိမယ်၊ ငါတို့က အားလုံးသိတယ် သိလား"

သူငယ်ချင်းတွေက ရာရာ့ ကို ခွင်း လာခေါ်တာမြင်လျှင် ဘယ်သူမှ မကျေနပ်ကြပေ။ ပြီးတော့ တစ်ခါထွက်လိုက်တော့မလို့ပြင်တိုင်းတစ်ခါတားသည်။

သူ့ကြောင့်ပဲ ရာရာ့ မှာ မိန်းကလေးသူငယ်ချင်းကောင်းဆိုတာလည်း တစ်ယောက်မှ တိတိပပ မရှိခဲ့ပါ။ ကျောင်းကို အတူတူလာသည်။ စောသေးလျှင် ...

"နေပါဦး၊ အခန်းထဲဝင်ထိုင်ပြီး ဘာလုပ်မှာလဲ"

သူပဲ ဆရာကြီးလုပ်သည်။ ကင်န်တင်းမှာ ထိုင်သည်။ ခုံတန်းတွေ





မှာ သွားထိုင်သည်။ ထိုင်တာက အကောင်းမဟုတ် ပူကောင်မလေးတွေရှိနေသလား ဘာညာလိုက်ကြည့်ပြီး ခေါက်ပြ သံပေးလုပ်တာမျိုး။

ဘယ်အချိန်ဖြစ်ဖြစ် ရာရာ့ကိုပဲ အပါခေါ်သ သည်။ မလိုက်ချင်ပါဘူးဆိုလျှင် လက်ကိုဆွဲ၍ မရမကခေါ်တာ ဘယ်နေရာဖြစ်ဖြစ် မရှောင်။ မိန်းကလေးချင်း နှုတ်ခမ်းမဲ့ပြီး ရာရာ ဟာ ခွင်း ရဲ့အပါးတော်မြဲလို့လည်း သဲ့သဲ့ပြောကြ၏။ တချို့ သီချင်းဆိုကြသည်။

"ခွေးကလေးလို ကြိုးနဲ့ဆွဲကာ ခေါ်သွားမလား × × × သူခိုင်းသမျှ အားလုံးလုပ်မတဲ့လား × × × အိုး .... ခိုင်းစမ်းပါ .... သူညာတာ ရိုးနေပြီလေ ....× × ×"

သီချင်းသံက အကျယ်ကြီး၊ ထိုစဉ်က သီချင်းဆိုကြ ရယ်ကြသော ယောကျ်ားလေးအုပ်စုရှေ့ကအဖြတ်မှာ ရာရာ မျက်ရည်များဝင် ကျခဲ့သည်။

ရှက်တာက ရှက်တာပဲဖြစ်ကာ ခွင်း က လက်ယပ်ခေါ်လိုက်သည်နှင့် မသွားဘဲလည်း မနေနိုင်။ ခုတော့ ရာရာ ကျန်ခဲ့ရပြန်ပြီ။

ကျန်ခဲ့ရတာတောင်မှ နေရာမှ ဝေးဝေးရောက်အောင် မတိုးရွှေ့ရဲသော အဖြစ်နှင့် ...။ သူမ ခြေဖဝါးလေးအောက်မှာ ဖိနပ်မရှိပေ။ ဒီစာအုပ်ဆိုင်လေးထဲကို ရောက်နေခဲ့ရတာလည်း ခွင်း ပဲထည့်ထားခဲ့တာဖြစ်၏။

"နင် ဒီထဲမှာ ခဏလေးဝင်နေခဲ့ သိလား၊ ငါတို့ ဖိနပ်ဝယ်ပြီး ပြန်လာခဲ့မယ်"

ဆိုပြီး ထွက်သွားကြတာ ပေါ်မလာတော့။

ကိုယ်တကယ် ဖိနပ်ပြတ်သွားတာဆိုလျှင် ကိုယ့်ဖိနပ်က ပြတ်တာတိုး ဟု ဖြေလို့ရသေးသည်။ ခုတော့ ဖိနပ်ပြတ်တာက ကဗျာ။

တွေးကြည့်လေ ရင်နာစရာကောင်းလေ ကိုယ့်အဖြစ်ကြောင့် နှုတ်ခမ်းလေးကိုက်လိုက်မိစဉ် စူးစူးရှရှ အနင်းခံလိုက်ရသော ခြေထောက်တစ်ဖက်သည် ....



www.burmeseclassic.com

www.burmeseclassic.com



"အား ...."

"ဟာ ... ဆောရီး၊ ဆောရီး ... ညီမ"

ရာရာ လည်း ခြေထောက်နာလို့ အော်လိုက်ကာ ထဘီစလေး ကို ဖျတ်ခနဲ မ,လိုက်မိ၏။ နင်းမိသည့်လူကလည်း သူ နင်းလိုက်မိတာ ကို သိသောကြောင့် သူ့ခြေထောက်ကိုလည်း ကမန်းကတန်းရုတ်လိုက် သည်။ ငုံ့လည်းကြည့်၏။

"အဲ ... အယ် ... ဟို ..."

ရာရာ့ခြေချောင်းပြည့်ပြည့်လေးတွေက သမံတလင်းပေါ်မှာ ဒီ တိုင်း။ နာနာကျင်ကျင်နှင့် ဆွဲ,မလိုက်မိသည့် ထဘီစကို ဖျတ်ခနဲ ပြန် လွှတ်ချလိုက်မိ၏။ ရှက်သည့်စိတ်က နာတာကို ဖုံးလွှမ်းသွားကာ ထိုသူကို မော့ကြည့်လိုက်မိသည်။

"ဟင် ..."

"ဩော် ... မင်းကိုး"

မြင်ဖူး တွေ့ဖူးနေသည့်မျက်နှာ၊ သူကလည်း ကိုယ့်ကိုသိနေ၏။ ပြီးတော့ ဖိနပ်မပါသည့်ခြေထောက်ကိုလည်း မြင်လိုက်မှာပါပဲ။ ရာရာ မျက်ဝန်းလေးတွေကို ဟိုရွှေ့ဒီရွှေ့လုပ်ပစ်ကာ ဖျတ်ခနဲ နောက်လှည့်သည်။

"ဒီမှာ ... ဟိတ်"

သူက ခြေလှမ်းရွှေ့လိုက်ပြီး ဘေးမှာပဲ လိုက်ကပ်ရပ်၏။ စာအုပ် ရွေးနေကြသူတွေ၊ ထိုင်ဖတ်နေသူတွေရှိပေမယ့် ရာရာ အော်လိုက် တုန်းက တစ်ချက်ပဲလှည့်ကြည့်ကြပြီး ကိုယ့်အာရုံနဲ့ကိုယ် ပြန်ဖြစ်သွား ကြသည်။ သူကတော့ ....

"မင်းခြေထောက် နာသွားတယ်မို့လား။ အဲဒါ ကိုယ်တောင်းပန်ပါတယ်"

"ဟင့်အင်း ... မနာပါဘူး၊ ရပါတယ်"

အရှက်ပြေစာအုပ်ငုံ့ရွေးနေဖို့က ခြေထောက်ရွှေ့ပစ်လိုက်တော့ ရာရာ ဘေးရောက်နေပြီ ဖြစ်သည်။ အရှက်ပြေ တစ်အုပ်တော့ နီးရာ





သိမ်းဆွဲလိုက်ပြီး ဝယ်လိုက်ဖို့ကျတော့လည်း အိတ်ထဲမှာ ပိုက်ဆံ အလွန်ဆုံးကျန်လျှင် ခုနစ်ရာရှစ်ရာလောက်ပဲ ကျန်လိမ့်မည်။

စားသောက်ခဲ့ကြသမျှ ကြိုးသလိုဝင်ရှင်းနေရတာလည်း သူမပဲ ဖြစ်ကာ ခွင်း က ကမျှလက်ကိုဆွဲလျက် ဘာမဆို အမှတ်တမဲ့။

ခြေချောင်းတွေကို သမံတလင်းထဲ ဖောက်နစ်ဝင်တော့မတတ် ဘုတ်ပစ်ကာ ကိုယ့်အဖြစ်ကိုယ်နာကျိုင်ရင်း ရှက်မျက်ရည်က ဝေ့၏။ ထို့နောက် ဆုံးဖြတ်ချက်တစ်ရပ်ကို သေချာချလိုက်ကာ စာအုပ်ဆိုင် ထဲကနေ အပြင်ကို ထွက်ခဲ့လိုက်၏။

မဟုတ်လျှင် မာန်ထန် ဆိုသူ၏ ခြေဆုံးခေါင်းဆုံးကြည့်သော မျက်လုံးတွေထဲမှာ ဖိနပ်မပါဘဲ မြို့လယ်ခေါင်ရောက်နေခဲ့သော သူမ အဖြစ်က ဒီ့ထက်အဆပေါင်းများစွာ ဆိုးနိုင်၏။

သို့သော် ....

"ဒီမှာ ... ဒီမှာ ..."

"ဟင် ..."

ရာရာ ကိုယ်လေးပင်တုန်သွားသည်။ ပန်းဆိုးတန်းလမ်းမကြီး အနေ ကသုတ်ကရက်ထွက်လာသည့်နောက်သို့ မာန်ထန် က အတူ ပါလာကာ ...

"မင်း နာမည်လဲ ကိုယ်မသိဘူး၊ ဒီမှာ ..."

ဘေးမှာ ပခုံးချင်းထိလုမတတ် ပါလာတော့ ရာရာ မော့ကြည့် လိုက်သည်။ မာန်ထန် ကလည်း ပြန်ငုံ့ကြည့်၏။ ကျစ်ခဲရှည်လျားသော ဆံပင်ပြီးရှည်နှစ်ဖက်နှင့် ဘယ်တော့မဆို ထဘီပဲဝတ်တတ်သော ညို ညိုမှိန်ကောင်မလေး။

သူမလေးကို ခွင်း ၏နံဘေးမှာ အမြဲတမ်းတွေ့နေကျပါ။ ခေါ ကြီးမဟုတ်သော်လည်း မြင်လိုက်ရတိုင်း နှစ်ယောက်တွဲလျက် သည်။ ဒါပေမယ့် ကမျှနဲ့တွဲသွားတာမျိုးမဟုတ်ဘဲ ခွင်း နဲ့သူမပုံစံ



www.burmeseclassic.com

www.burmeseclassic.com



ကို ရိုးစင်းစွာပဲ မြင်ခဲ့တာ ဘာသက်သေမှမလိုဘေ။

ခုလည်း ဖိနပ်မပါဘဲ၊ စာအုပ်ဝယ်တာလဲ မဟုတ်ဘဲနှင့် ဒါမှ မဟုတ် သူနင်းလိုက်မိလို့ ဆိုင်ထဲကနေ ထွက်သွားတာလား မသိ၊ ကိုယ့်ကြောင့်လို့ထင်လိုက်သဖြင့် တက်နင်းလိုက်မိသောအဖြစ်နှင့် သူ ထွက်လိုက်လာခဲ့ခြင်းဖြစ်သည်။

မျက်လုံးချင်းဆုံလိုက်စဉ်တွင် မျက်ခမ်းစပ်လေးတွေ နီရဲလျက် မျက်ရည်တွေဝေ့နေတာကို အံ့ဩစွာ မြင်လိုက်ရသည်။

"မင်း ...မင်း တော်တော်နာသွားလို့လား၊ ခဏရပ်ပါဦး"

"မဟုတ်ပါဘူး"

ဒေါသဖြစ်ခြင်းကို ဝမ်းနည်းစိတ်က အနိုင်လုသွားသဖြင့် ဒါပဲဖြေပြီး ရာရာ ပြန်ငိုသည်။

"နေပါဦး၊ ဖိနပ်က ဘယ်မှာပြုတ်ကျန်ခဲ့လို့လဲ"

ပိတောက်ခြောက်ရောင်ထဘီနားလေး၏အောက်မှာ ဝင်းနေသော ခြေဖဝါးလေးတွေအတွက် သူ စိတ်မကောင်းနိုင်။ လမ်းဘေးမှာ ဖိနပ်ဆိုင်တွေ ရှိနေပြီးတော့လည်း သူမဟာ ဝင်ဝယ်တာမဟုတ်၊ ကျောပိုးအိတ်လေး၏ ပခုံးကြိုးကို လက်မလေးနှစ်ဖက်နှင့် ပြန်ချိတ်ကာ မြန်ချင်လျက်နှင့် ခြေထောက်ကို သူများမြင်မှာစိုးလို့ တုံ့ဆိုင်းဆိုင်း လှမ်းနေပုံက သနားဖွယ်။

သူမက တစ်ခုခုကို ဆုံးဖြတ်လိုက်ဟန်နှင့် လူရှင်းသည့်လမ်းဘေးတစ်ခုမှာ ရပ်ပစ်လိုက်၏။

"ရှင် ဘာဖြစ်လို့ ရာရာ့နောက်ကို လိုက်နေတာလဲ"

"ရာရာ ...ဟုတ်လား"

"အသူရာ .."

"ဩော် ..."

သူ ဆတ်ခနဲ ခေါင်းညိတ်သည်။ နာမည်ကို လိုက်ခေါ်ကြည့်ပြီး



ရာရာ့မျက်နှာကိုလည်း ကြည့်သည်။ သူ့မျက်နှာမှာ ဖောချင်ရောချင် ဘာချိုး ဘာမှမရှိ။

"ဖိနပ်ပြုတ်သွားတာမို့လား၊ မဝယ်ဘူးလား"

ရာရာ ခေါင်းလည်းမခါ၊ ညိတ်လည်းမညိတ်။

"ဒါဖြင့်တော့ ကိုယ်က တက်နင်းလိုက်သေးတယ်"

ပြောပြီး သူက အဓိပ္ပာယ်တစ်မျိုးပေါက်သွားပုံရကာ ...

"ဟိုဘက်တံတားအောက်မှာ ဖိနပ်ဆိုင်မှာ ရှိသေးတယ်၊ စလစ်တွေလဲ ရှိနိုင်တယ်၊ အဲဒီဘက်ကို သွားတတ်လား"

ရာရာ ငိုချင်နေပြီမို့ နှုတ်ခမ်းကို ကိုက်မိလိုက်၊ ဖိပိတ်ပစ်လိုက်၊ ယ်လိုလုပ်ထားထား မျက်ရည်က ပါးတစ်ဖက်ပေါ်သို့ ကျူးကျော်တား၏။

"ရတယ်၊ ရာရာ့ မှာ ပိုက်ဆံမပါတော့လို့"

"ဟင် ..."

ရင်ထဲမှာ ကျင်ခနဲ ထိရှသွားသည်။ သူ နင်းလိုက်မိသည့် ခြေတ်လေးကို ထဘီစနှင့်ပြန်ကွယ်ပစ်ကာ ဆိုင်ထဲကနေ ထွက်ပြေးခဲ့သော ပုံစံလေးမှအစ အရာခပ်သိမ်းကို နားလည်သွားခဲ့၏။

"မင်း ... ဟို ... ဆောရီးနော်၊ ဒီလိုကွာ ... ကိုယ် တမင်မေး ဟုတ်ဘူးနော်၊ တကယ်မသိလို့ပါ"

သူ မရမကမေးလွန်း၍ ပြောရရှာတာ သူမခမျာ မျက်ရည်တောင် း၏။

"ရပါတယ်"

အသံတုန်ကလေးနှင့်ပြောကာ ရာရာ က ဆက်လျှောက်ဖို့ပြင်၏။

"ရာရာ ..."

သူမကိုယ်သူမ ခေါ်သည့်အတိုင်းပဲခေါ်လိုက်ရင်း သူ တားလိုက်သည်။

"ဘယ်လိုမှ မထင်ပါနဲ့ မင်းအတွက် ဖိနပ်ကိုယ်ဝယ်ပေးပါရစေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း ..."

မျက်နှာမမော့ပါ။ ဟင့်အင်း အသံလေးကို ကြားလိုက်ပြီး မျက်နှာငွှရင်း ခေါင်းခါလိုက်တော့ မျက်ရည်တစ်စက် နောက်ထပ်လွင့်ကျသွားသည်။

"မဟုတ်ဘူးလေ၊ မင်းအခု ပြန်မှာမို့လား"

ဟိုတစ်ယောက်ပါသေးလား ဆိုတာ စိတ်က တွေးလိုက်မိပေမယ့် ကောင်းပါ့မလားလို့ သတိရကာ မမေးဖြစ်ခဲ့။ ဒီမိန်းကလေး အတန်းလစ်တာဆိုလျှင် တစ်ယောက်တည်းမဖြစ်နိုင်၊ သူမ ပုံစံအနေအထားအရ ရည်းစားနဲ့ချိန်းတွေ့တာလည်း မဖြစ်နိုင်။

"ရာရာ ... ရာရာ ... ခဏ"

ဖိနပ်ဆိုင်ရှေ့ရောက်လာတော့ သူ ဘာလုပ်ရမှန်းမသိ၊ ရာရာကလည်း မရပ်ပေ။ ထို့ကြောင့် ဖြစ်ချင်ရာဖြစ်ပဲ ရာရာ့လက်ကလေးတစ်ဖက်ကို လှမ်းဆွဲလိုက်မိသည်။ အလန့်တကြား ဆတ်ခနဲ ပြန်ရုန်းလိုက်တာကို သိ၏ပမယ့် သူ ဖိဆုပ်ထားလိုက်ပြီး ဆိုင်ထဲဝင်ခဲ့သည်။

"စလစ်ပါမရှိဘူး၊ အနည်းဆုံး ခုံမြင့်တော့ရှိတယ်"

ဖြစ်ရဲ့လားလို့ မေးမလို့ လှည့်တော့ကြည့်ဖြစ်၏။ ဒါပေမယ့် ရာရာ ဘာမှ မမေးဖြစ်တော့ဘဲ ...

"အဲဒါပဲ ပြပါ"

လို့ သူပဲပြော၊ သူပဲရွေးသည်။

"နံပါတ်ဘယ်လောက်လဲ"

မေးတော့လည်း မာန်ထန် ရာရာ့ကို ပြန်မမေးပေ။

"ရော့ ... ဒါလေးခဏ စီးကြည့်စမ်းပါ"

ရာရာ ထဘီစလေးကို ဆွဲပင့်၍ စွပ်လိုက်တာ သူရွေးထားသည့် ဖိနပ်လေးက အတော်ပဲဖြစ်နေခဲ့သည်။ ဘာကိုမှ ရည်ရွယ်တာမဟုတ်ဘဲ နှံ့သာရောင်နှင့် အဖြူရောင်ရောနေသော ကွင်းထိုးလုလုလေါ်မှာ ကျောက်ပွင့်လေးတွေလက်နေသော ဒီနိုင်းလေးက ယဉ်ပြီးခန့်သည်။





အသားညိုသလောက် ခြေထောက်လေးကျတော့ ဝင်းသန့်ဖြူနေသောကြောင့် စီးထားတာ တော်တော်ကြည့်ကောင်း၏။

"ဘယ်လောက်လဲ ဦးလေး"

"တစ်သောင်းရှစ်ထောင်"

သူ ပိုက်ဆံထုတ်ရှင်းနေတော့ ရာရာ မျက်နှာတွေပူမိသည်။ ဖိနပ်ဖြစ်ဖြစ် အကျီထဘီဖြစ်ဖြစ် အကောင်းစားဆိုတာကို သူမ မဝတ်ပါ။ မေလတ်တို့ ဝယ်ပေးတာကိုပဲ ယူထားခဲ့တာများသည်။ ကိုယ်တိုင်ဝယ်ပြီဆို အလွန်ဆုံး ရှစ်ထောင်တန်လောက်ဆို ရပြီ။

ပလာဇာကို ခွင်း ခေါ်လို့ လိုက်သွားရပြီဆိုရင်တော့ ရွေးပေးခဲ့ရသည်။ ကိုယ့်ရည်းစားကို ဖိနပ်ဝယ်ပေးတာလည်း ...

"ရာရာ ကြည့်ပေးစမ်းပါ၊ ဘာလေးကောင်းလဲ"

ဆိုပြီး ရာရာ ကိုင်လိုက်တာကို သူရွေးလိုက်သလိုမျိုးလုပ်တဲ့ ခွင်း။ ထိုဖိနပ်ဟာ အနည်းဆုံး တစ်သောင်းခွဲ ဒါမှမဟုတ် သုံးသောင်းကျော်လေးသောင်း။

တစ်သောင်းရှစ်ထောင်ဆိုသော ဖိနပ်ကိုစီးလိုက်မိစဉ် ဒါ သင့်တော်ရဲ့လားဆိုသည့်မေးခွန်းက သူမ ခေါင်းထဲကို မွှေနှောက်နှိပ်စက်လာ၏။ စက်ဘီးတိုက်မိတုန်းက တစ်ခါ၊ နောက်တော့ ကျောင်းဝင်းရှေ့မှာ တစ်ခါ မာန်ထန့်ကို သူမ မြင်ဖူးခဲ့သည်။

မျက်လုံးချင်းဆုံဖူးတာလည်း ရှိ၏။ ဒါပေမယ့် ပြောဆိုရင်းနှီးခဲ့သူမဟုတ်ပေ။ ခွင်း ကဆို မာန်ထန့်ကို ပြူင်ဘက်လို မြင်လိုက်တာနှင့် မျက်လုံးတွေက စူးရှကျဉ်းမြောင်းသွားတတ်သေးသည်။

ထိုအခါ ခွင်း ၏ဘေးမှာပဲ ကိုယ့်ကိုအမြဲမြင်နေမှာဖြစ်သည့် ရာရာ့ ကိုရော ခွင်းရဲ့လူပဲလို့ သူမသတ်မှတ်ဘူးလား။ တစ်ခါမှ မသိဖူးမခင်ဖူးသော ယောကျ်ားတစ်ယောက်ထံမှ သူမ ယူခဲ့မိပြီ။ မာန်ထန် ဆိုတာကလည်း ကဗျာနှင့်စေ့စပ်ထားသည့် ယောကျ်ား၊ ဘာဖြစ်လို့ ရာရာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွင်း ဟာ မာန်ထန်နှင့်ကဗျာတို့နှစ်ယောက်နဲ့မှ လာရောက်ပတ်သင် ခဲ့ရတာလဲ။

"ရာရာ ..."

"ဟင် ..."

"ဘာတွေစဉ်းစားနေတာလဲ၊ ကိုယ့်စိတ်ထဲမှာ ဘာမှမရှိဘူးနော် အဲဒါကိုယုံပါ။ မတော်တဆ နင်းလိုက်မိတာကစပြီး ကျောင်းသားချင်း မို့ ကူညီတဲ့သဘောပါ"

ကျောင်းချင်းမှ မတူဘဲ၊ ပြီးတော့ သိကြတာလည်းမဟုတ်၊ ရာရာ ဒါကိုပဲ ရှက်မိသည်။ တကယ်ဆို ဘာမှကိုမဆိုင်တာ ...။

"အခု ဘယ်သွားမှာလဲ၊ ဟို ... မင်းမှာ ကားခမရှိတော့ဘူးဆိုရင် ကိုယ်ကားငှားပေးလိုက်မယ်"

"ရပါတယ်"

ရာရာ သူ့ကိုမော့ကြည့်၍ စိတ်ကိုတင်းလိုက်သည်။ ကယ်မီကာ က ကင်း ဆိုတာကို သတိတရဖြစ်လောက်အောင် ချောမွေ့နေသည့် မျက်နှာကြောင့် မျက်ဝန်းတို့ကို သူ့မျက်လုံးများထံမှ ဒီဂရီအနည်းငယ် ရွှေ့ဖယ်ပစ်လိုက်ပြီး ...

"ဒီဖိနပ်ဖိုးကိုလဲ ရာရာ ပြန်ပေးပါရစေ၊ ကျေးဇူးလဲတင်ပါတယ် ရပါပြီ"

လှည့်ထွက်လာခဲ့တော့ သူ ကျန်နေခဲ့သည်။ သို့သော် ချက်ချင်း နောက်မှာပြန်ပါလာကာ ...

"ရာရာ ..."

ဘေးမှာ ပခုံးချင်းယှဉ်လျှောက်ရင်း ရာရာ့ကို သူက ငုံ့ကြည့်၍ -

"ဖိနပ်ဖိုးပြန်ပေးမှာဆိုရင်လဲ ကားခကိုလဲ ပြန်ပေးပေါ့၊ ခုတော့ ကိုယ်စိုက်ပေးလိုက်ပါရစေ ...နော်၊ ရတယ်မို့လား"

ပြောသည့် သူ့မ စကားတွေထဲမှာ 'ရာရာ မပြန်သေးဘူး' ဆို





ပါမလာသောကြောင့် ပြန်မှာပဲဟု မာန်ထန် က တစ်ထစ်ချတွက်၍ တက္ကစီတစ်စီးကိုလှမ်းတားသည်။

တစ်နေကုန် တစ်လျှောက်လုံးမှာ ရာရာ ဘာတွေဖြစ်ပျက်ခဲ့မှန်း မသိပါ။ ကိုယ့်ခြံရှေ့သို့ ကားရပ်လိုက်သည့်အချိန်တွင် ပါးပေါ်မှာ မျက်ရည်တွေက ရှိနေခဲ့၏။ မျက်ရည်ကိုသုတ်၍ ကားပေါ်ကဆင်းလိုက်သည်။

ခြံထဲကိုဝင်လိုက်မိစဉ် ဟိုဘက်ခြံက ပေါ်တီကိုအောက်သို့ မျက်လုံးက ရှာဖွေပြီးသားဖြစ်သွား၏။ ခွင်း ပြန်ရောက်နေပါပြီ။ သူ့မ တစ်ခုကံကောင်းသည်က ခွင်း လည်း ခုပဲရောက်ပုံပေါ်ကာ ...

"ခွင်း က ခြံထဲထိတောင် လိုက်မပို့ဘူးလား"

မလတ်က တံခါးဝကနေ ဆီးမေး၏။

"ဟင့်အင်း၊ အပြင်မှာပဲ ရာရာ့ဘာသာဆင်းလိုက်တာ"

ပါးစပ်က ခွင်း အတွက်ဆို ကာကွယ်ပြီးသားပဲဖြစ်နေကျ၊ စောစော ကမျက်ရည်တွေကို မေ့သွားတာထင်သည်၊ ဖိနပ်ချွတ်တော့လည်း မလတ်က လိုက်ငုံ့ကြည့်သည်။

"ဖိနပ် လမ်းမှာပြတ်လာတာလား"

"ဟုတ်"

"အဲဒါကြောင့်ပြောတာ ရာရာ၊ သွားလာခါနီးရင် သေချာဂရုစိုက် မှပေါ့"

ပြောပြီး ရာရာ့ကျောပိုးအိတ်ကို လာဖြုတ်ယူသည်၊ ဒီလိုပါပဲ၊ မလတ် အိမ်ကို အရင်ရောက်နှင့်သည့်နေ့ဆို ရာရာ မလာမချင်း တံခါး ဝကနေ တဝဲဝဲလှမ်းကြည့်နေတတ်ကာ လွယ်လာသမျှ ကိုင်လာသမျှ ဆီးကြိုယူနေကျ။

"မိန်းကလေးတစ်ယောက် လမ်းမှာ ဖိနပ်ပြတ်တာ ဘယ်လောက် ဒုက္ခရောက်ပျက်တယ်မှတ်လဲ"

"ပေးပါ မလတ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျောပိုးအိတ်ကို ရာရာ က ပြန်ဆွဲယူတော့မှ မလတ် က မျက်ခုံးတွေတွန့်သွားကာ ...

"လွယ်အိတ်က လေးလှချည်လား၊ ဘာလဲ၊ အထဲမှာ ခွင်းရဲ့ စာအုပ်တွေရောလား"

"ဟုတ် ..."

ရာရာ က မျက်နှာငုံ့ငုံ့နှင့် ဖွတ်ဆွဲယူပြီး အခန်းထဲဝင်သည်။ ငိုထားတဲ့မျက်ရည်စတွေ ရှိသေးလျှင် မလတ် အကဲခတ်မိမှာစိုး၍ပါ။ မလတ် ကလည်း ခွင်း နှင့်ပတ်သက်တိုင်း အဆူခံနေရသဖြင့် ရာရာ မျက်နှာငုံ့ပြောသွားတာပဲဟု ထင်သွားကာ ဘာမှထပ်မပြောတော့ပါ။

ဒါပေမယ့် ရေချိုးခန်းထဲဝင်ဖို့ အင်္ကျီလဲသည့်နေရာထိ ဝင်ပါလာပြီး ရာရာ ပြန်ထွက်လာလျှင်ဝတ်ဖို့ အင်္ကျီကို ရွေးနေရင်း ကျန်ခဲ့လေသည်။

ထို့ကြောင့် ရေချိုးခန်းတံခါး ပိတ်လိုက်ပြီးသည့်နောက်ကျမှ ရာရာ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကာ ....

နင် သိပ်လွန်တယ် ...သိလား ... ခွင်း ...။

❀ ❀ ❀





အခန်း (၉)

"ဖိနပ်ပြတ်သွားပြီ၊ ဒုက္ခပါပဲ"

"ဟင် ... ဟုတ်လား"

ပန်းရင့်ရောင် ထဘီစကတ်ပြောင်အိအိလေးကို လက်တစ်ဖက်နှင့် ဆွဲမ,ထားကာ ကဗျာ မျက်နှာလေးရှုံ့မဲ့သွားသည်။ သူ ကြည့်လိုက်တော့ ပန်းရင့်ရောင်ဒေါက်မြင့်ဖိနပ်လေး သိပ်ဟောင်းသေးတာ မဟုတ်ဘဲနှင့် ဘေးကနေ ပြတ်ထွက်သွားတာဖြစ်၏။

ပတ်ဝန်းကျင်မှာ လူတွေက စုံနေသည်။ သူမ ပြောလိုက်သဖြင့် ဖြတ်သွားသူအချို့က ငုံ့ကြည့်သွားကြတာလည်းရှိ၏။

"ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရမလဲ ခွင်း ရယ်"

သဲကြိုးရာလေးအတိုင်း အနီကြောင်းဖြစ်နေသည့် ကဗျာ့ခြေထောက်လေးကိုမြင်တော့ ခွင်း စိတ်မကောင်းဖြစ်သွား၏။

"ဒါ ငါ့အပြစ်" ဟုလည်း တွက်မိသည်။ ကျောင်းကနေ ထွက်လာကတည်းက လိုင်းကားပေါ်တက်လိုက်၊ လမ်းလျှောက်လိုက်နှင့် တစ်နေ့လည်လုံး။ ကဗျာပင်ပန်းရှာမည်ဟု စာနာပေးလိုက်မိတာ တိုယ်ချစ်သူမို့ မျက်နှာလိုက်ခဲ့မိသလိုဖြစ်သွားသည်။ နောက်မှာ ရာရာ



www.burmeseclassic.com

www.burmeseclassic.com



လည်း သူ သွားသမျှ လျှောက်လိုက်နေရတာပဲ၊ ဒါကို သတိရ၏။

အနီးအနားမှာလိုက်ကြည့်တော့လည်း ဖိနပ်ဆိုင်ကို မမြင်၊ ရုတ်တရက်ခေါင်းထဲမှာ အကြံရလိုက်ပြီး ရာရာ့မျက်နှာကိုမော့မကြည့်မိဘဲ ...

"ဒီလိုလုပ်ပါလား။ ရာရာ့ဖိနပ် ခဏစီးခဲ့၊ ဟိုဘက်ကွေ့မှာ ဖိနပ်ဆိုင်တွေရှိပါတယ်"

"အို ... ငါက ဘယ်လိုလုပ်ရမှာလဲ"

ရာရာ ဖျာဖျာသလဲဖြစ်သွားတော့ လက်မောင်းလေးကို ဆုပ်ကိုင်လိုက်ပြီး ခွင်း မျက်လုံးတွေက ဘေးမှစာအုပ်ဆိုင်လေးဆီ ရောက်သွားသည်။

"ဟိုစာအုပ်ဆိုင်ထဲမှာ ခဏလေးဝင်နေခဲ့၊ စာအုပ်ရွေးနေလိုက်ပေါ့၊ အလွန်ဆုံးကြာရင် ငါးမိနစ်ဆယ်မိနစ်ပဲ၊ လာပါဟာ၊ ကဗျာ့ကို ထားခဲ့ရင် အနှောင်အဖွဲ့တွေ ရှိနေလို့ပါ"

ရာရာ ဘာမှမပြောခဲ့ပါ။ မျက်နှာလေး ငိုမလိုဖြစ်သွားတာမြင်ပေမယ့် အဲဒီနေရာမှာ သူ အမှတ်တမဲ့ ဘာလို့နေခဲ့မိပါလိမ့်။

ကဗျာ့ကို ရာရာ့ဖိနပ်စီးခိုင်းပြီး ဖိနပ်ဝယ်တော့ စိတ်ကူးတစ်ခု ရ၏။ နှင်းပုလဲရေခဲမုန့်ကို ရာရာ ကြိုက်သည်။

"ကဗျာ ... ရေခဲမုန့်ကြိုက်လား။ နှင်းပုလဲရေခဲမုန့် ကောင်းတယ်ကွ လာ"

ရာရာ့အတွက် စိတ်ကူးနဲ့ပေမယ့် ဆိုင်ရှေ့မှာ ကဗျာ့မာမီနှင့်တိုးကာ ဟိုရောင်ဒီရောင်တွေ ထပ်ဖြစ်ခဲ့သည်။ အချိန်တွေ ကြာပြီးမှ ပြန်သွားတော့ ရာရာ မရှိတော့။

"သား ..."

"ဗျာ ..."

မငိုင်စဖူး ငိုင်ငိုင်နှလျက် ခွင်း ဆတ်ခနဲဖြစ်သွားသည်။

"ထမင်းစားနေရင်း ဘာဖြစ်သွားတာလဲ"

ထမင်းစားလျှင် တိတ်တိတ်ဆိတ်ဆိတ် စားတတ်သည့် ဖေဖေသည် ထမင်းကို စိတ်မပါလက်မပါ မွှေနှောက်ပြီး ငိုင်နေပြန်လျှင်လည်း





မကြိုက်တတ်ပေ။ မေမေက ခေါ်ပေမယ့် ခွင်း မျက်လုံးက ဖေဖေ့ဆီ ရောက်သွား၏။ ထင်သည့်အတိုင်းပဲ ဖေဖေ့မျက်လုံးတွေက သူ့ထံမှာ စူးစိုက်နေသည်။

"မင်းက ဘာဖြစ်နေတာလဲ"

မေးသံက ရင်ဘတ်ဆောင့်ဆွဲပြီး ထိုးပစ်လိုက်တော့မည့်အတိုင်း။

"ဘာမှမဖြစ်ပါဘူး"

"ရေချိုးခန်းဝင်နေတုန်းကလဲ တစ်နာရီခွဲတိတိကြာတယ်"

ဖေဖေပြောမှ သူသတိရသည်။ သူထွက်လာတော့ အပြင်မှာ ဖေဖေ စောင့်နေ၏။

"သီချင်းနားထောင်နေလို့"

ဟု မပွင့်တပွင့်ပြောပြီး မေမေ ခပ်ထည့်ပေးလိုက်သည့် ဟင်းနဲ့ပဲ ဒီတိုင်းထိုးခပ်ပြီး ပါးစပ်ထဲထည့်လိုက်သည်။ မျက်နှာငုံ၍ ထမင်းစားနေလိုက်ပေမယ့် မျက်ခုံးနှစ်ဖက်ကို ကုတ်ချထားသည်က 'ဖေဖေလဲ ကျွန်တော့်ကို စစ်မေးမနေပါနဲ့' လို့ ပြောလိုသည့် မှန်မြင်ခြင်းကို ပြလိုက်ခြင်းဖြစ်သည်။

ဘာဖြစ်လဲ၊ ထမင်းစားတုန်းပဲဖြစ်ဖြစ်၊ ရေချိုးရင်းပဲဖြစ်ဖြစ် ကိုယ့်စိတ်ကူးနဲ့ကိုယ် မနေရတော့ဘူးလား။ ရင်ထဲမှာ မကျေလည်သည့် မေးခွန်းတွေ ဖြစ်နေ၏။ ဘာမှ မပြောရပါ။

မျက်မှောင်ကုတ်၍ ချက်ချင်းကြီး မြန်မြန်ဆန်ဆန် မွှေနှောက်စားပစ်လိုက်သည့် ခွင်း ပုံစံကို ဦးသန်းအောင်ကလည်း သိသည်။ ဇနီးဖြစ်သူကို 'မင်းတွေ့လား၊ မင်းသားပုံစံ' ဟု ပြောသလို မျက်လွှာတစ်ချက်ပင့်ကြည့်ပြီး ထမင်းဆက်စား၏။ ဒေါ်ငြိမ်းသူက သက်ပြင်းခိုးချ၏။

ဒီသား တစ်ခုခုဖြစ်နေတာက သေချာလျက် ဘာဖြစ်နေမှန်းတော့ သူမလည်း မသိပေ။ ညဘက်ရောက်တော့လည်း အိပ်ရာထဲမှာ မှောက်လိုက်၊ လှန်လိုက်နှင့် ဖုန်းခေါ်နေတာ ဘယ်ကိုမှန်းမသိ။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၀)

"ဘယ်သူလဲ သမီး"

"ခွင်း ..."

ဖုန်းချလိုက်သည့် မလတ်မျက်နှာကိုကြည့်၍ ....

"သမီးငယ်ကို ဆက်တာထင်တယ်"

"ဟုတ်တယ်၊ သုံးခါရှိပြီ"

ပြောရင်း ပလပ်ဖြုတ်လိုက်သော မလတ်ကြောင့် ဒေါ်ခင်နုဒီ မျက်လုံးပြူးသွားကာ ...

"ဘယ်လိုလုပ်လိုက်တာလဲ သမီးရယ်၊ တခြားအရေးကြီးတဲ့ဖုန်းဆို ဘယ်လိုလုပ်မလဲ"

ဟု ပြောရင်း ပလပ်ပြန်တပ်၏။

"ဘာဖြစ်လို့လဲ သမီးရယ်၊ သူတို့သူငယ်ချင်းချင်း အရေးတကြီး ပြောစရာများရှိသလားမှ မသိတာ၊ အခန်းထဲမှာ သမီးငယ်ရှိတယ်မို့လား"

မလတ်က ခေါင်းညိတ်လိုက်ကာ ဆိုဖာမှာ ဝင်ထိုင်လိုက်၏။

"ရာရာလဲ ဘာဖြစ်လာသလဲမသိဘူး၊ ရေချိုးနေတာ တစ်နာရီလောက်ကြာတယ်၊ ထမင်းလဲ သိပ်မစားဘူး၊ အဲဒီကောင်လေးနဲ့ တစ်ခု





ခု စိတ်ကောက်လာကြတာ သေချာပါတယ်၊ နေဝဝေ မေမေ၊ နောက် ဘယ်တော့မှ မခေါ်ကြတော့ရင်ကောင်းတယ်၊ ဟွန်း .. ကျောင်းချင်း တူလို့ မဟုတ်လို့ကတော့ ကျောင်းမှာလဲ တွဲလို့မရအောင် ရာရာ့ကို ဆွဲခေါ်ထားတယ်"

"သမီးရယ်၊ နိုင်တယ်လို့လဲ သဘောမထားပါနဲ့၊ အရေးအကြောင်း ရှိတော့ ခွင်း က ရာရာ့ကို ကာကွယ်ရှာသားပဲ၊ အိမ်နီးနားချင်း ငယ်ပေါင်းသူငယ်ချင်းဆိုတာ ဘယ်လောက်စိတ်ချရသလဲ"

"မဟုတ်ဘူး မေမေရဲ့"

လွှတ်ခနဲ ပြောလိုက်မိပြီးမှ မလတ်က လေသံကိုပြန်ထိန်းကာ ပြောလည်းမပြောချင်သလိုမျိုး နှုတ်တစ်ချက်ပွတ်၏။

"ဘာဖြစ်လို့လဲ"

ဒေါ်ခင်နုဒီက သူမ ဘေးမှာ ဝင်ထိုင်လိုက်မှ ...

"ကိုယ့်ညီမလေးမို့လို့ မထင်ရက်လို့သာ၊ မေမေ့သမီးပုံစံက ခွင်း ကို တစ်ဖက်သတ်ကြိတ်ကြိုက်ပြီး လိုက်လျောနေတာနဲ့ တူနေတာ"

"သမီးရယ်"

"ပြောလို့ရမလား မေမေ၊ ဒါလဲဖြစ်နိုင်တာပဲ၊ ခွင်း က ရာရာ့ထက် အများကြီးချောတယ်၊ သူငယ်ချင်းတွေမို့လို့ အနိုင်ယူတာ မိုလ်ကျတာ မျိုးမဟုတ်ဘဲ သူ့ကို ကြိတ်ပိုးနေမှန်းသိလို့ လူပါးဝနေတာဆိုရင် ဘယ်လောက်စံပြင်းဖို့ကောင်းသလဲ"

ဒေါ်ခင်နုဒီ ဘာပြောရမှန်းမသိတော့ပါ။ သားနဲ့ သမီးနှစ်ယောက် မွေးထားခဲ့တာ သားကြီးလည်း အသားလတ်လတ်နှင့် သမီးကြီး ပါပါဆိုလည်း ဖြူဥဝင်းမွတ်နေအောင် လှသည်။ သမီးငယ်လေးကျ ဘာဖြစ်လို့ ညိုတိုတိုလေး ဖြစ်ခဲ့ရှာသလဲ။

ဒါပေမယ့် ကိုယ်ကလေးမို့ပြောတာ မဟုတ်ပါ၊ မျက်နှာ၊ မျက်လုံး၊ နှာတံ ရာရာ့မှာ ဘာမှအပြစ်ပြောစရာ မရှိပေ၊ အသားညိုတယ်ဆို



www.burmeseclassic.com

www.burmeseclassic.com



ပေမယ့် ဝင်းဝင်းနှစ်နှစ်လေးပဲဖြစ်၏။ နှုတ်ခမ်းမွေးရာလေးတွေ ညို နေတာတောင်မှ သေချာကြည့်လျှင် ချစ်ဖို့ကောင်းပါသေးသည်။

"မေ ..မေ"

"ဟင် ... ဘာလဲ"

မလတ်က ခေါ်ခင်နှီလက်ကို ခပ်ဖိဖိဆုပ်ကိုင်၍ မျက်နှာချင်း နီးကပ်အောင် ကိုယ်ကိုတိမ်းကာ ...

"မေမေ့သမီးကို အိမ်ထောင်ချပေးလိုက်ရင် မကောင်းဘူးလား"

"သမီးရယ်၊ ကလေးက ကျောင်းပြီးမယ်မှ မကြံသေးဘူး"

"မေမေသဘောမတူလဲ သမီးကတော့ ဖေဖေနဲ့တိုင်ပင်ပြီး လုပ်မှာပဲ"

သမီးဖြစ်သူရင်ထဲက ခွင်းနဲ့ရာရာ ဝေးကွာသွားဖို့ ရည်ရွယ်ချက် အစိုင်အခဲကို သိလိုက်ရသောအခါ ခေါ်ခင်နှီ ဆက်၍မတားနိုင်တော့ ဘဲရှိလေသည်။

ထိုစဉ် ဖုန်းက မြည်လာပြန်သည်။ ဒီတစ်ခါ မလတ်မထမီ ခေါ် ခင်နှီ ထကိုင်လိုက်၏။

"ဟလို ...."

"......."

"ဩော် ...သမီးဝါပါ"

ခွင်း ဆီကပဲလို့ထင်လိုက်သဖြင့် ခေါသမျက်နှာဖြစ်သွားသော မလတ်က အံ့သြသလို လှည့်ကြည့်ပြီး လာကိုင်သည်။

"ဟလို ...ခင်ဒီပါ ဝါရှင်"

"ဒီပါ၊ မောင်ပါကွ"

"မောင် ..."

လွှတ်ခနဲ ခေါ်လိုက်ပြီးမှ ရှက်သွားသည်။ လှည့်ကြည့်လိုက်တော့ မေမေ မရှိတော့ပါ။ ဖုန်းကိုင်လိုက်ကတည်းက မောင် မှန်းသိပြီး ရှောင်





ထွက်သွားတာဖြစ်မည်။

တကယ်ဆို သူမက လက်ထပ်တော့မှာဖြစ်သည်။ နှစ်ဖက်မိဘ အသိအမှတ်ပြုပြီးကြပြီမို့ သူမနဲ့မောင့်အတွက်က အဆင်ပြေချောမွေ့ နေ၏။ ထို့ပြင် မောင်က ကိုဇော်သူငယ်ချင်းလည်းဖြစ်၏။

ချစ်သူနဲ့ လက်ထပ်ရဖို့မှာရွှောင် သူမမှာ ညီမလေးကို စိတ် ချနိုင်ပေ။

"မောင် ... ဘာပြောမလို့လဲဟင်"

"ညနေက ကျောင်းကို မောင်လာတယ်"

"ဟုတ်လား။ ဒီပါ့ဆီကိုလားဟင်"

"ဖြစ်ရလေဗျာ၊ မောင်က ဒီပါ့ဆီကိုမဟုတ်တဲ့ ဘာကိစ္စနဲ့ လာရမှာလဲ"

"မသိဘူးလေ၊ ကိစ္စတစ်ခုခုနဲ့ လမ်းကြုံတာလားလို့"

"ဒီပါ"

"ဟင် ..."

မောင် ဒီလောက်အလေးအနက်ထားနေတာတောင် လမ်းကြုံ ခင်တယ်လို့ ထင်သေးတယ်နော်"

မောင့်လေသံက ဆွေးရိပ်သမ်းနေသဖြင့် သူမ စကားမှားသွားပြီ မှန်း သိလိုက်၏။

"ဒီပါ့ကို တွေ့ချင်စိတ်တွေဖြစ်လာတာနဲ့ အလုပ်စောစောသိမ်းပြီး သွားကြိုတာ၊ ညနေစာတစ်ခုခု စားကြပြီးမှ ပြန်ဖို့မယ်လို့လေ၊ မောင် အချိန်မကျဘဲနဲ့ ဒီပါက ပြန်သွားနှင့်တာ"

"ဟုတ်တယ် မောင်၊ ဆယ့်နှစ်နာရီနောက်ပိုင်းမှာ ဒီနေ့ အတန်း မရှိတော့လို့ ပြန်လာတာ"

"ဒီပါ"

"ပြောလေ မောင်၊ နားထောင်နေတဲ့ဟာကို ..."

"ခဏခဏ မခေါ်နဲ့လို့ ပြောချင်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"မောင်ကလဲကွာ"

"သိပ်ကျိတ်ကိုက်တာပဲလို့ ပြောချင်ပြောလိုက်"

"ကြည့်ပါလား"

ဖုန်းထဲက ရယ်သံသဲ့သဲ့လေးကြောင့် သွားစွယ်လေးတစ်ဖက်နှင့် ရယ်လိုက်တိုင်း ကြည့်လို့ကောင်းသွားတတ်သည့် မောင့်နှုတ်ခမ်းတွေကို မြင်ယောင်သွားမိသည်။

"ဆောရီး၊ ချစ်လို့စတာ၊ မောင့်မွေးနေ့ကို သိလား"

"သိတယ်၊ ရှေ့လ နှစ်ဆယ့်တစ်ရက်၊ ဗုဒ္ဓဟူးနေ့ မွေးလ မွေးရက် ဒီနှစ်ထပ်နေတယ်၊ ဒီပါက လက်ဆောင်ဝယ်ဖို့တောင် စဉ်းစားထားပြီးပြီ"

"မလိုချင်ဘူး"

"ဟင် ...မွေးနေ့လက်ဆောင်လေ"

"မလိုချင်ပါဘူးဆို"

မလတ် ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။

"ဒီပါ ..."

"ဟင် ..."

"လက်ထပ်မယ်"

"အင်းလေ၊ လက်ထပ်ကြမှာပဲဥစ္စာ"

"ဟာကွာ၊ ဘယ်နေ့ဘယ်ရက်မှန်း မသိတာကြီးကို မလိုချင်ဘူး။ ကိုယ်တို့အသက်တွေလဲ မငယ်ကြတော့ဘူး။ ကိုယ့်အောက်ကလူတွေတောင်မှ သေရျာနေကြပြီ"

"မောင်ရယ်"

"မောင့်မွေးနေ့မှာ လက်ထပ်ဖို့ရက်သတ်မှတ်မယ်၊ ဘယ်လိုလဲ"

"ဟာ ... အဲဒီလောက် ..."

"မစောပါဘူးကွာ၊ ယောက်ဖကြီးကိုတောင် တိုင်ပင်ပြီးပြီ ပါပါ့ကို ပြောကြည့်မယ်တဲ့၊ ရက်သတ်မှတ်ပြီးရင် သူကို အကြောင်းကြားလိုက်၊





ဂေါလာပွဲကို အမီပြန်လာမယ်တဲ့"

ကြည့်စမ်း၊ သူ ကိုဇော်ကိုလည်း နားပူထားသည်ပဲ။

"မောင် .."

"ပြော ..."

"ဒီပါကလေ ...အစ်ကိုဖြစ်တဲ့သူတောင်မှ အိမ်ထောင်မကျသေးဘဲနဲ့"

"ဟာ ... ဒီလိုဘယ်ဟုတ်မလဲ၊ အိမ်ထောင်ပြုတဲ့ကိစ္စကို စီနီယာထားတာ သဘာဝမှမကျတာ၊ ဇော် ကလည်း ခုချိန်ထိ ချစ်မှုရေးရာအာမှုကို စိတ်ကူးတဲ့ကောင်မဟုတ်ဘူး၊ သူ့ကိုစောင့်ပြီး လက်ထပ်ရမယ်ဆိုရင်တော့ မောင် ရင်ကွဲပြီ"

"သွား ... မဟုတ်တာတွေ"

"ပြောပြီးပြီနော်၊ မွေးနေ့လက်ဆောင်"

ဖုန်းချတဲ့အထိ မလတ် နှုတ်ခမ်းလေးတွေ ပြုံးနေသည်။ သို့သော် ခဏလေးပဲကျန်ရစ်ကာ မျက်နှာလေး ဖျတ်ခနဲ ပြန်တည်သွားသည်။ ရာရာ့အခန်းဆီသို့ လှမ်းကြည့်၍ ခပ်သုတ်သုတ်လျှောက်ခဲ့ရင်း ...။

ဒီညီမကို ထားခဲ့ပြီး သူမ မသွားရက်နိုင်၊ အထူးသဖြင့် ခွင်းနဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

ဒီနေ့ ကျောင်းပိတ်ရက်ပေမယ့် ခွင်း ဘယ်လမ်းထွက်ဖို့မှ သ
မရနိုင်။ အမြဲတမ်း ရာရာနဲ့ နှစ်ယောက်ရှိနေကြသည့်အချိန်တွေလို
ချည်းပဲမို့ ခုတော့ သူမကိုပဲ သတိရနေသည်။

မနေ့ကိစ္စနှင့် ရာရာ သူ့ကို ဘယ်လိုမှ ကျေနပ်မှာမဟုတ်၊
ဆက်တာလည်း ခဏခဏမှာ ရာရာ တစ်ခါမှမကိုင်ပေ။ အိမ်ကိုသွ
က မလတ် ရှိနေသဖြင့် သူ မသွားချင်။ လူကိုမြင်လိုက်တာနှင့် သ
ချင်ပုတ်ချင်လာသည့် မျက်လုံးတွေဖြစ်သွားတတ်သော မလတ်
မျက်နှာကို ရင်မဆိုင်ချင်ပေ။

ကိုယ့်မှာလည်း ဒေါသနဲ့ပဲ၊ ဒါပေမယ့် အချိုးတူ ပြန်လည်တုံ့
လိုက်ဖို့က ရာရာ့ကို သူ မခေါ်ဘဲမနေနိုင်။

“ဟင် … သား … စောစောစီးစီးပါလား၊ ကျောင်းပိတ်ရက်
စောစောစီးစီးတွေ နိုးနေကြတာ အံ့သြစရာပဲ”

“အဟွန်း …”

ခွင်း က ဆံပင်တစ်ချက်သပ်ကာ ရယ်လိုက်သည်။ ဒါဟာ သူ
ရာရာ နိုးနှင့်နေပြီဆိုတာ သေချာသွားခြင်းပင်။ ဘယ်အချိန်ကတ





က နိုးတာလဲ၊ သူ့မှာ ညကလည်း အိပ်မပျော်၊ မနက် မိုးဝေလီဝေလင်း
ကတည်းက ပြန်နိုးနေလို့ ဒီဘက်ကို အရိပ်အခြည်ကြည့်တော့လည်း
မလတ် ရှိနေပြန်ရော။

“အန်တီ၊ ရာရာရော ….”

“ရှိတယ်လေ၊ ခုနကပဲ ခြံထဲဆင်းသွားတာ”

“ဟုတ်လား၊ ကျွန်တော် မမြင်ခဲ့ဘူး”

“နောက်ဖေးက ဆင်းသွားတာ သားရဲ့”

“ဪ … ကျွန်တော်သွားလိုက်ဦးမယ်”

ခြေလှမ်းတွေက ပြေးပြေးလွှားလွှား ဖြစ်နေ၏။ ရာရာ့ကို အမြန်
ချော့ဖို့လိုသည်။ မလတ် ပြန်လာသည့်အချိန်ထိ သူ မနေချင်ပေ။

ရာရာက နောက်ဖေးက ပုန်းညက်ပင်အောက် ခုံတန်းလေးမှာ
ထိုင်ပြီး ကျစ်ဆံမြီးတစ်ဖက်ကို သေချာငုံ့ကျစ်နေ၏။ နောက်ကခြေသံ
ကြားတော့ ဖျတ်ခနဲ လှည့်ကြည့်၏။

“ရာရာ …”

မျက်နှာဆီကိုပင် အကြည့်မရောက်ဘဲ မျက်နှာလေးပြန်ငုံ့သွားသည်။

“ရာရာ … နင် ငါ့ကိုစိတ်ဆိုးနေလား”

ရာရာ့ဘေးမှာထိုင်ချလိုက်ပြီး နောက်မှာ လက်တစ်ဖက်ဆန့်တင်
လိုက်သည်။ မျက်နှာကိုငုံ့ကြည့်လိုက်တော့ ရာရာက တစ်ဖက်ကို ပခုံး
လေးတိမ်း၍ မော့ကြည့်၏။

“ဘယ်သူက စိတ်ဆိုးလို့လဲ၊ နင်နဲ့ပတ်သက်ပြီး စိတ်ဆိုးဖို့၊
အမျက်ထွက်ဖို့လဲ မေ့နေပါပြီ”

ပြောပြီး ဟိုဘက်ကို သာသာလေးရွှေ့တိုးလိုက်ကာ …

“သူများတွေ ငါ့ကိုမြင်ရင် ဆိုကြတဲ့သီချင်းလိုပေါ့၊ ‘နိုင်ငံမင်းပါ၊
ညာတာတွေ ရိုးနေပြီ’ ဆိုတာမျိုး။ တစ်ခုတော့ ရင်နာတယ် ခွင်းရယ်၊
ဒီက နင့်တစ်ယောက်အပေါ်မှာတင်မကဘဲ နင့်ရည်းစားတွေရဲ့ …”



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါကို ငါ ရှင်းပြမယ်"

ရာရာက ခေါင်းခါသည်။ ဝေ့တက်လာသည့် မျက်ရည်တွေက ကျလုကျခင်။

"နေပါစေ"

"မဟုတ်ဘူး ရာရာ၊ ငါ နင့်ကိုပြန်လာရှာတယ်၊ အဲဒီနားမှာပဲ လိုက်ရှာခဲ့တာ အနှံ့ပဲ၊ မတွေ့လို့ ကျောင်းကားကို ပြန်စောင့်ရတာ"

အတန်းလစ်တဲ့နေ့ဆို တစ်နေကုန် ခွင်း တို့ ထင်ရာသွားသည်။ လာကြိုသည့် အိမ်ကကားကို ပြန်လာမယ့်လမ်းအတိုင်း ပြန်စောင့်ပြီး စီး၏။ အိမ်ကအမြင်မှာတော့ ကျောင်းကပြန်လာတာပဲဖြစ်သည်။ ခွင်းတို့ဒရိုင်ဘာကလည်း ခွင်း တစ်ခါကပ်ချွဲလိုက်တာနှင့် မီးသေပြီးသားမို့ ပြဿနာမရှိ။

ရာရာကတော့ သူကားနဲ့ပဲ အမြဲတမ်း အတူသွားနေကျမို့ တစ်ခုခု ပြဿနာရှိလို့ ဘေးရောက်သွားတိုင်း ဒီလိုဒုက္ခမျိုး ရောက်ရသည်သာ။

မှတ်မှတ်ရရ ဒါပါနဲ့ဆို သုံးခါရှိပြီ။ ရာရာက မျက်နှာလေးမော့၍ မျက်ရည်မကျအောင် ကြိုးစားနေသည်။ ကွယ်ရာမှာ ဘယ်လိုဝမ်းနည်းနေနေ၊ နာကြည်းနေပါစေ၊ ခွင်း အနားရောက်လာပြီဆို သူမ ရင်ထဲမှာ ဘယ်လိုအစိုင်အခဲမှ တင်ရှိကျန်ခဲ့တာမရှိ။

ဒါဟာ ဝဋ်ကြွေးလား။ ခွင်း က မီးဆိုလျှင် သူမအဖြစ်က ဖယောင်းလိုလား။ ခွင်း နဲ့ပတ်သက်သမျှအားလုံးကို နားလည်နိုင်သည်။ သည်းခံနိုင်သည်။ ခွင်း အပေါ်မှာ သူမ၏သံယောဇဉ်တွေ အရောင်မမှန်တော့တာကို ကိုယ့်ကိုကိုယ်သိနေသော်လည်း တိတ်တခိုးဖြစ်တည်နေခဲ့သော ရင်ထဲကချစ်ခြင်းများမှာ ရယူလိုခြင်း အလျဉ်းမရှိခဲ့ပါ။

သူ့အတွက် ကိုယ်ဖြစ်ခဲ့ရသမျှမှာ ကိုယ်ပေးဆပ်သမျှ သူ ပျော်နေရင်ပဲ ကျေနပ်နိုင်သည်။ ဒါကို သူက အားမရနိုင်ပါလား၊ အရွှံ့ပေးနေသည်ဆိုမှ ခေါင်းခေါက်၍ လက်မိုက်ဦး၊ ဒူးထောက်ဦးလို့ ခိုင်းချင်တဲ့သူ





ကြေကွဲခြင်းက ဘယ်လိုမျိုးချချ၊ ရင်ပြည့်ရင်ကယ်ဖြစ်နေသူလို သည်ချောင်းဝမှာ ကျင်ခဲကျပ်ဆို့နေသည်။ မျက်ရည်တို့က ပါးတစ်ဖက်ကိုတော့ ပြေးလွှားကျီစယ်ခဲ့လေသည်။

ရာရာ နေရာမှ ထရပ်လိုက်တော့ ခွင်း က လက်တစ်ဖက်ကို လှမ်းဆွဲလိုက်ပြီး သူ့ပါ လိုက်ထသည်။

"တကယ်က ဖိနပ်သွားဝယ်တာ နီးနီးလေးပါ၊ ဝယ်ပြီးတန်းပြန်လာရင် ဘာပြဿနာမှ ဖြစ်မှာမဟုတ်ဘူး၊ နင့်အတွက် နှင်းပုလဲ ရေခဲမုန့်ဝယ်ချင်တာနဲ့ ဟိုဘက်ထပ်ကူးလိုက်တာလေ၊ သူ့အမေနဲ့ သွားတိုးပြီး ရှုပ်ကုန်တာ"

ရာရာ့ခြေလှမ်းက တုံ့ခနဲ ရပ်သွားသည်။ ငယ်ငယ်ကတည်းက ရာရာက ရေခဲမုန့်ဆို ကြိုက်သည်။ အကောင်းစားပဲဖြစ်ဖြစ်၊ ခပ်ညံ့ညံ့လေးပဲဖြစ်ဖြစ် မြင်တာနဲ့ ဝယ်စားတတ်၏။

သွားလာကြရင်း စကားအစပ်မတည့်ဖြစ်ကာ ရာရာ မျက်နှာတည်နေလျှင် ရေခဲမုန့်နှင့်လည်း နီးနေလျှင်၊ ခွင်း က ရေခဲမုန့်ကို ပြေးဝယ်ပြီး လေပြည်ထိုး၏။ ရာရာ က ချော့မော့ဖျောင်းဖျရတဲ့အထိ သည်း ဘယ်တုန်းကမှ စိတ်မကောက်ခဲ့ဖူးပါ။

"ညာပြောတာမဟုတ်ဘူး ရာရာ၊ ညက တစ်ညလုံး ဖုန်းဆက်တာမရလို့ ခေါင်းစားလိုက်ရတာ၊ မနက်ကလဲ အစောကြီးနိုးတယ်၊ သေတ် အပြင်ထွက်တဲ့အထိကို မနည်းစောင့်ရတယ်"

ရာရာက လက်ကိုရုန်းတော့ ခွင်း က ဖိဆွဲထားတာ ...

"ကျေနပ်လား"

"ငါ စိတ်မဆိုးပါဘူး"

"လုပ်ပြီ"

အစကတည်းက အရည်ပျော်ချင်နေသည့်စိတ်က သူ ရေခဲမုန့်သွားဝယ်သည်ဆိုတာကို ကြားလိုက်တာနှင့် မစားရသေးသော်ငြား ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သွားခဲ့သည်။ ဒါကို ငိုချင်အောင် ခွင်း က ဆက်ပြောနေသေး၏။

"နင်စိတ်ကောက်နေရင် ရည်းစားစိတ်ကောက်တာထက် ငါ စိတ်ညစ်တယ်၊ တကယ်ပြောတာ၊ ရည်းစားဆိုတာက သတိရဖို့ ကိုယ်က တွေးယူတာ၊ မြင်ယောင်ဖို့ဆိုတာလဲ ကိုယ်ကဖန်တီးတယ်၊ နင်ကတော့ ငါ့ဘေးမှာ အမြဲအတူတူရှိနေတာ၊ ခဏလေးမရှိတာနဲ့ နေလို့ကို မရဘူး" တဲ့။

နာကျင်သလိုလို၊ ကျေနပ်မိသလိုလိုနှင့် ရာရာက ခွင်း ကိုမော့ကြည့်သည်။

"ရာရာ စိတ်ကောက်နေရင် ငါခိုင်းဖို့လူမရှိတော့ဘူး၊ ဒုက္ခပဲဆိုပြီးတော့လား"

"ဘာမှမဆိုင်ဘူးနော်၊ အဲဒီလိုမစော်ကားနဲ့ မလတ်က ပြောသေးတယ်၊ ငါက အနိုင်ယူတယ်၊ လူပါးဝတယ်နဲ့၊ သူညီမ စိတ်ကောက်ပြီဆို သေချင်စော်နံအောင် ချော့ရတာကျတော့ မမြင်ဘူး"

ရာရာ့မျက်နှာလေး ပြေကျနေပြီဆိုတာ သိလိုက်သောကြောင့် ရင်ထဲမှာပေါ့သွားကာ ကပ်လျှက်ရှိသည့် သနပ်ခါးပင်သေးသေးလေးက သနပ်ခါးပန်းတစ်ခက်ကို ချိုးယူလိုက်သည်။

"အပြင်ခဏလိုက်ခဲ့မလား"

"တွေ့လား"

ရာရာက နှုတ်ခမ်းလေးမဲ့၏။

"အငွေ့အသက်တွေ မကျန်နဲ့တော့လေ၊ ဒီလောက်ချော့ထားတာကို ..."

ဒီလောက်ချော့ထားတာတဲ့လား ...။ ရင်ထဲမှာ ကျင်ခနဲတော့ရှ၏။ နင်ဘယ်လိုပြန်သွားလဲ၊ နင့်မှာ ပိုက်ဆံလည်းမပါဘဲနဲ့ ဘာညာ ပူပန်တကြီးမေးဖို့ရော နင်သတိရလို့လား ခွင်းရယ် .....။

သူ့အခက်အခဲပြဿနာတွေကို ရှင်းပြချော့မော့နေသည်က ရာရာ့





ကို စကားပြောဖော်အဖြစ် မရှိမဖြစ်လိုအပ်နေလို့၊ ဒါမှမဟုတ် ရာရာ ဖြစ်မယ့်ကိစ္စများမှာ မရှိရင်မဖြစ်လို့ မဟုတ်ဘူးလား။

အတွေးတွေအများကြီးနှင့် လုံးထွေးသတ်ပုတ်ရင်း ဘာမှတော့ မပြောဖြစ်ပါ။

"လိုက်ခဲ့နော်၊ ရည်းစားနဲ့ချိန်းထားတာ မဟုတ်ဘူး။ ဘာညာကိစ္စ ဘာမှမရှိဘူး။ နင့်ကို တောင်းပန်တဲ့အနေနဲ့ နေပြည်တော်ရုံမှာ ရုပ်ရှင်ကြည့်မယ်၊ ပြီးတော့ ကုန်းထက်မှာ နှင်းပုလဲရေခဲမုန့် ဝင်စားမယ်"

"မတောင်းပန်ပါနဲ့လို့ ပြောပြီးပြီပဲ၊ ငါ ဝမ်းနည်းတာပဲရှိတယ်၊ ဘယ်သူ့ကိုမှ စိတ်မဆိုးဘူး။ ရုပ်ရှင်လဲ မကြည့်ချင်ပါဘူး"

"စိတ်ဆိုးရင်ဆိုးတယ်ပေါ့။ ဟိုလိုလို ဒီလိုလိုမျက်နှာသေလေးနဲ့ လုပ်မနေစမ်းပါနဲ့၊ အဲဒါကမှ ပိုဆိုးတာ၊ ထုနှက်ရိုက်ပုတ်ပြီး စိတ်ဆိုးနေတာထက် ဆိုးတယ်၊ တကယ် ..."

"တဲ ... မဆိုးဘူး၊ မဆိုးပါဘူးဆိုမှ၊ ပြန်တော့ ..."

"လိုက်ခဲ့ ..."

ပြောပြီး ခူးထားသည့်သနပ်ခါးပန်းလေးကို ရာရာ့ကျစ်ဆံမြီးထိပ် ဖျားက်ဘေးနားမှာ သာသာလေး ထိုးစိုက်ပန်ပေး၏။

"လာ ...သွားမယ်"

ပြီးတော့ လက်ကိုဆွဲ၏။ ရာရာက ရုန်းကာ ...

"စောစောစီးစီး ခွင်းရယ်၊ ဘယ်လိုဖြစ်နေတာလဲ၊ မှန်မှန်ပြော ကြည့်ဖို့ ချိန်းထားတာ ရှိတယ်မို့လား"

"အဲဒါပဲ ..."

ဆောင့်အောင့်ပြောပြီး လက်ကိုလည်း ဆောင့်လွှတ်သည်။

"ပြောလိုက်ရင် အကောင်းမှမမြင်တာ၊ မနေ့ကဖြစ်ခဲ့ကြတာကို အဲဒါ သေချာပြောပြချင်လို့ နင့်ကိုလဲ မေးစရာတွေရှိတယ်၊ အဲဒါကြောင့်"

"အဲဒါဆိုရင် အပြင်မှာ မုန့်ထွက်စားရင်း ပြောလို့ရတာပဲ၊ ခုပြော



www.burmeseclassic.com

www.burmeseclassic.com



လဲ ဘယ်သူမှမရှိဘူး"

"မဟုတ်ဘူး၊ ဆိုင်မှာပြောတာက ပိုကောင်းတယ်၊ ကမ္ဘာနဲ့ငါကိ
ကိုလဲ တိုင်ပင်ချင်လို့၊ ဒါဆိုလဲ မုန့်ပဲစားတာပေါ့၊ လာ ..."

ခွင်း က ရာရာ့လက်ကလေးကို ဆုပ်ကိုင်၏။ ရာရာ အသားလေး လိမ်၍ ဖယ်ချပစ်သည်။ နှစ်ခါသုံးခါဖြစ်လာတော့ ခွင်း က သတိထား လာပြီး ငုံ့ကြည့်သည်။

"ဘာဖြစ်တာလဲ၊ ထိတာမကြိုက်၊ ကိုင်တာမကြိုက်နဲ့"

ရာရာက ကျစ်ဆံမြီးလေးတစ်ဖက်ကို အဖျားကနေဆွဲကိုင်ပြီး သူ့ကို မော့ကြည့်သည်။

"မကြိုက်တာမဟုတ်ဘူးလေ၊ ကျောင်းတွေတောင် ပြီးတော့မှ ငါတို့က ကလေးတွေမှမဟုတ်တော့တာ"

"ဘာဖြစ်လဲ၊ ဒီလိုပဲနေလာကြတာ၊ ငါက ငါနဲ့ကြိုက်တဲ့ကော မလေးတွေဆိုရင် အဲဒီလို တိုတိုထွာထွာ လုပ်ပြလို့ကတော့ ဖွတ်ချ ဖွတ်နမ်းပစ်လိုက်တာပဲ"

"အယ် ..."

"တကယ်ပြောနေတာ၊ ရင်ခုန်ဖင်တုန်လို့ နမ်းတာမဟုတ်ဘူးနော် မရဘူးဆိုတာကို မခံချင်တာ၊ ချစ်ခွင့်တောင်းထားတာ ရပ်ကြည့်ပြီး လှည့်ပြန်ဖို့မှမဟုတ်တာ"

"ခွင်းရယ်၊ နင်ကလဲ"

ရာရာ မျက်နှာပူပူနှင့် ဟိုဘက်လှည့်၏။ ခွင်း က ဂရုမစိုက်။

"လက်ကလေး၊ ပါးကလေးလောက်တော့ စော်ကားခွင့် ..."

"ခွင်း ....."

"ဘာလဲ"

"အဲဒါတွေ ဘာဖြစ်လို့ လာပြောနေတာလဲ၊ နားရှက်စရာ"

"ပြောပြတာ၊ နင့်မှာ ရည်းစားများရှိနေလို့လား လို့"





"အဲဒါဆိုင်သလား"

"ဟာ ...ဆိုင်တာပေါ့၊ ရည်းစားမြင်မှာကြောက်လို့ ငါ့ကို ..."

"ဟွန်း ... နင့်ရည်းစားတွေမြင်မှာကိုပဲ ကြောက်ပါ၊ နောက်ကို ဆင်ခြင် ...."

"လုံးဝမဆင်ခြင်ဘူး၊ ပြောလိုက်မှ သတိရတယ်၊ ဟိုနေ့တုန်းက 'လော'ကကောင်တွေ ပြောသံကြားခဲ့တယ်၊ "ဒီပုံမျိုးလေးက ရှားပါး ပစ္စည်းလေး"တဲ့"

"ဘာ ..."

ရာရာက ဘာမှန်းမသိလိုက်သဖြင့် မော့ကြည့်လိုက်တာပေမယ့် ခွင်း က 'ထပ်ကြားချင်လို့လား' ဆိုသည့်မျက်လုံးနှင့် ကြည့်ပြီးမဲ့၏။

"ဘယ်သူ့ကိုပြောလိုက်မှန်းမသိလို့ လိုက်ကြည့်တာ၊ နင်နဲ့ခေါ်စိန် မလေး ကင်န်တင်းက ပြန်လာတာ"

"ငါ့ကို ..."

"ဟုတ်တယ်၊ မာန်တက်သွားလား"

ခွင်း က ရင်ထဲမှာရှိတာကို ချက်ချင်းအန်ချ၏။ သူတို့မြင်ကွင်း မှာ ရာရာနဲ့ခေါ်စိန်မပဲ ရှိသည်။ ခေါ်စိန်မ ဆိုတာက နှုတ်ခမ်းကလည်း ထန်နေသည်၊ သွားနှစ်ချောင်းက အပြင်ကိုထွက်နေတာမဟုတ်ပေ ယေ့် အချိန်ပြည့်မြင်နေရတာမို့ ခေါ်စိန်မ ဟု အများကခေါ်ခြင်းဖြစ်၏။

ပြီးတော့ ပို၍ပေါ်လွင်တာက ခေါ်စိန်မ က တော်တော်စွာသည်။ သူ့ကိုပြောတာတော့ ဘယ်လိုမှမဖြစ်နိုင်တာကြောင့် နှုံသာရောင် သော်ရည်လေးနှင့် ရာရာ့ဆီ မျက်လုံးကရောက်၏။ ဝါညက်သော ပါး ပြင်လေးတွေက နှံသာရောင်နှင့်မို့ ထိန်နေသည်။

ထိုနေ့ကမှ လက်ရှည်ရင်စေ့လေးနှင့် ဝတ်ထားသဖြင့် ကျစ်ဆံမြီး ရှည်နှစ်ဖက်နှင့် ဘယ်ကကြည့်ကြည့် ထင်းနေအောင်ပေါ်၏။ အဝါ ရောင်ကျောက်သီးတွေပါသော ခေါင်းစည်းကွင်းလေးတွေကအစ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖက်စွာ ထင်းနေကြသည်။

ကိုယ့်ဘေးမှာရှိနေခဲ့သော 'အသူရာ' ဆိုသည့် သူငယ်ချင်းမလေးကို သူတစ်ခါမှ စေ့စေ့စပ်စပ် ပြန်မကြည့်ခဲ့ဖူးပါ။ အရပ်တော်တော်မြင့်သည့် သူတစ်ချို့နှင့် ယှဉ်တွဲရပ်မနေခဲ့လျှင် ရာရာက သိပ်ပုသည်လည်း မဟုတ်ဘဲ တိုက်တိုက်ဝဲဝဲလေး ရှိ၏။

ခါးတိုရင်စေ့တွေ မကြာခဏဝတ်တတ်သည့် ကိုယ်လုံးလေးကလည်း လှသည်။

ဟုတ်ပေသည်၊ ရင်ထဲမှာပဲ ခေါင်းဆတ်ညိတ်လိုက်မိ၏။ ထိုနေ့ကပဲ ရာရာ့မှာသာ ချစ်သူရှိသွားခဲ့ရင် ဆိုသည့်မေးခွန်းကို သတိရလာသည်။ ဒါ သူ ဘယ်တုန်းကမှ ခေါင်းထဲမထည့်ခဲ့သော အရေးအခင်းဖြစ်သည်။

"ရာရာ ..."

"ဘာလဲ၊ ဘာတွေဝေ့ဝိုက်မလို့လဲ"

"မေးမလို့၊ ခုနေ နင့်ကို တစ်ယောက်ယောက်က ပရိုပို့စ်လုပ်ရင် ဘယ်လိုလုပ်မလဲ"

ရာရာက သူ့ကိုစိုက်ကြည့်ကာ ...

"ငါက နင့်ရဲ့နောက်တော်ပါးပဲ၊ ဘယ်သူကမှလဲ ကြိုက်ဖို့မရှိဘူး။ ကြိုက်လာရင်လဲ စိတ်ချ၊ နင်ခိုင်းသမျှလုပ်ပေးဖို့အတွက် အကုန်လုံးကို ငြင်းပေးမယ်"

"အဟွန်း ... ကောင်းတယ်၊ တကယ်အတည်နော်"

ရာရာက နှုတ်ခမ်းလေးဖိ၍ မဲ့သည်။ ခွင်း ကနဲ ကျေကျေနပ်နပ်ပြုံး၏။

"အဲဒီလိုလိုမှာရင် နင်နဲ့ငါ ဘာပြဿနာမှမရှိဘူးပေါ့။ ရည်းစားထားလိုက်လို့ကတော့ လုံးဝမရဘူး"

ပြောပြီး လက်ကို ဖျတ်ခနဲဆွဲသည်။ ရာရာက ရှန်းတော့ လက်ကို





ဆွဲလျက်နှင့် လက်မောင်းချင်းထိသွားအောင် ဖိလိမ်ပစ်လိုက်ပြီး နဖူးချင်းတိုက်၏။

"အာ ..."

"သတိပေးထားတာ၊ နင်နဲ့ငါ တစ်ယောက်မှ ခွဲထွက်လို့မရဘူး ဆိုတာ မမေ့နဲ့"

"ဘာ ..."

ရာရာ နဖူးလေးကိုပွတ်၍ ဒေါသနှင့်အော်သည်။

"မဘာနဲ့၊ ငါ ရည်းစားထားတာတွေကိုလဲ လက်ညှိုးထိုးဖို့မလိုဘူး၊ ဒါပြောပြီးသား၊ ရည်းစားတွေထက် ငါ့အတွက်လိုအပ်တာ နင်ပဲ"

လိုအပ်ချက်တစ်ခုတဲ့လား ...၊ မလတ် ကြားရင် ပြောဦးမှာပါ။

"သိပ်လှပါးဝတဲ့ကောင် ..." လို့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၂)

"မဟုတ်ပါဘူး မာမီရာ၊ တကယ်ပါဆိုမှ ..."

ဆံပင်တွေကို ရေသုတ်ရင်း ခြေလေးဆောင့်၍ ကဗျာက အခန်းထဲဝင်သည်။ ဒေါ်မျိုးနွေက တောက်လျှောက်ဝါလာရင်း ပါးစပ်ကလည်း မနားပေ။

"မဟုတ်ဘူးဆိုရင် ဘာဖြစ်လို့ မာမီ့ကိုမြင်မှ ပြေးကြတာလဲ"

"ပြေးတာမဟုတ်ပါဘူး၊ ကိုယ့်လမ်းကိုယ်သွားတာ၊ မာမီ့ကို ကဗျာ မြင်တောင်မမြင်ဘူး"

ဆံပင်ရေသုတ်နေတုန်းဆိုတော့ မျက်နှာက တစ်ခြမ်းစောင်းထားလို့ရသည်။ ထို့ပြင် ဆံပင်တွေက ကွယ်နေသေးသည်။ ကဗျာ့လေသံက သဘာဝကျနေ၏။

ဒေါ်မျိုးနွေ အသံခဏတိတ်သွားပြီးမှ ...

"သမီးနော်၊ မာမီ ဘာသံမှမကြားချင်ဘူး။ မာမီ သေချာမြင်လိုက်တယ်၊ ကောင်လေးက တော်တော်သနားကမားရှိတဲ့ ရုပ်လေးနဲ့၊ သမီးက အလှအပသာသာယာမှုကို သိပ်မက်တာ၊ အဲဒါကိုသိလို့ ပြောနေရတာ





မာန်ထန့် ကို သမီးလက်ထပ်ချင်တယ်မို့လား၊ အဲဒီလိုလူကို မုန်းထားပြီးရင် သမီး ဒီလိုခြေလှမ်းမှားလို့ မရဘူး"

"မာမီက မာန်ထန် ဘယ်လိုနေတာတို မမြင်ဘဲနဲ့ အကောင်းချည်းပဲပြောနေတာ"

"မြင်စရာမလိုဘူး သမီး၊ လူကြီးတွေက လူငယ်တွေ ဘယ်ခြေလှမ်းလှမ်းရင် ဘယ်လိုဆိုတာ သိကြသား၊ ငယ်ငယ်က ရာဇဝင်ကိုက ကြောက်စရာကောင်းလောက်အောင် တော်တဲ့ကလေး၊ ခုလဲ တော်တယ်၊ အရမ်းကြိုးစားတယ်၊ ကိုယ့်သမီးကို ဖြန့်ခြောက်ပြောရမယ်ဆိုရင် မာမီ့သမီးလောက်လှတာ ကျောင်းမှာရှိလို့လား၊ ရှိတယ်ပဲထားဦး၊ ဒီမှာပါ၊ သူ့မျက်လုံးထဲမှာ သမီးကို တခင်တကာ မာနကြီးပြနေတာ မဟုတ်ဘူး၊ ဂရုကိုမစိုက်တာ၊ သူ့အလုပ် သူပဲ စိတ်ဝင်စားနေတဲ့ လူငယ်လေးတစ်ယောက်ပုံစံက မြင်တာနဲ့ကို သိသာတယ်၊ အရမ်းအေးချမ်းတာပဲ၊ မာမီက သမီးသဘောကျတယ်လို့ပြောပြီးကတည်းက ချောင်းမြောင်းဝင်ထွက်သွားလာနေတော့ အမြဲမြင်နေရတာ သိတာပေါ့"

ဒေါ်မျိုးနွေက ပြောရင်း ကဗျာ့မျက်နှာ လှည့်နေသည့်ဘက်ကို ထိုးတိုက်ရပ်သည်။

"ခုတစ်လော မာန်ထန့်အကြောင်းလဲ သမီး သိပ်မပြောဘူး၊ အဲဒီကောင်လေးနဲ့"

"မဟုတ်ပါဘူး မာမီရဲ့၊ အတန်းလစ်ကြတာက မုန့်တယ်၊ သူငယ်ချင်းတွေ အများကြီးပါတဲ့ဥစ္စာ"

"မာမီကတော့ နှစ်ယောက်တည်းပဲမြင်တယ်"

မှန်ရှေ့မှာဝင်ထိုင်ရင်း ကဗျာက ပြုံးသည်။ မာမီ သေချာမသိဘဲ ထိတာ သေချာသွားသဖြင့် စိုးရိမ်စိတ်တော့ နည်းသွား၏။

"သမီး ..."

"ရှင် ..."



www.burmeseclassic.com

www.burmeseclassic.com



“သူက သမီးထက် ဘာမှနိမ့်တာမရှိဘူးနော်၊ သမီးလှသလောက် သူကလဲ ကင်းပဲ၊ ဒါကို ယောကျ်ားလေးကတောင်မှ သိက္ခာရှိရှိနေသော ရင် မိန်းကလေးက ပိုနေနိုင်ရမှာ၊ သမီးက အပေါင်းအသင်းသူငယ်ချင်း တွေများလွန်းတယ်”

“သူငယ်ချင်းတွေမှန်း သူလဲသိတာပဲ မာမီ၊ ကျောင်းကို သူ ခဏ ခဏလာတာပဲ”

“မာမီမြင်သလို သူမြင်သွားရင် ဘယ်လိုလုပ်မလဲ၊ ဒီလိုမြင်လိုက် ရင် ဘယ်ယောကျ်ားကမှ သည်းခံမှာမဟုတ်ဘူး”

ကဗျာ ရင်ဘတ်ထဲကို ထိုစကားရောက်သွား၏။ အဲဒီလို သည်း မခံနိုင်အောင် လုပ်တာပဲ မာမီရေ ဟု အသံတိတ်ပြောလိုက်မိသည်။

နောက်ပိုင်းမှာ ထိန်းချုပ်မရခဲ့သော ခွင်း က သွက်လွန်းသည်။ ပြီးတော့ မာန်ထန့်လိုပဲ ချော၏။ တည်ငြိမ်အေးစက်လွန်းသည့် မျက် နှာနှင့် စူးရဲလှုပ်ရှားနေသည့်မျက်နှာက ချောတာချင်းတူပေမယ့် ရင်ဘတ်ထဲဝင်လာပုံချင်းကတော့ ကွာသည်။

မာန်ထန် သိသာစေအောင် တွဲရင်းနဲ့ပဲ ခွင်း ကို အဖြေတွေပေးမိ အလည်လွန်မိ ....။ ထိုအခါ စိတ်လှုပ်ရှားရင်ခုန်ရခြင်းတွေက ညဘက် နှိပ်စက်တတ်လာခဲ့၏။

ခွင်း ကို ထာဝရပိုင်ဆိုင်လိုတာမဟုတ်သော်လည်း သူမ ပျော်ဝင် နေမိပြီဖြစ်၏၊ မာန်ထန့်ကို လက်မလွှတ်နိုင်သည့် စိတ်ကလည်းရှိသည်။ သို့သော် မက်မောတပ်မက်ခြင်းဖြင့် မဟုတ်တော့ပေ။

မာန်ထန်ဟာ သူမအပေါ်မှာ အေးစက်လွန်းပါသည်။ ထို့ပြင် ခွင်း နဲ့ကဗျာ တွဲနေတာကိုလည်း မြင်တာပဲဖြစ်၏။ သူ ဘာပြောခဲ့လို့လဲ။

ခွင်း ကတော့ မာန်ထန့်ကို ကြည်လင်ပုံမရှိပေ။ ဒါကို စကားတွေ ပြောရင်းအကဲခတ်လို့ရခဲ့တာဖြစ်သည်။ မာန်ထန် ကျောင်းကို ကူးလာ တတ်တာက သူမကြောင့်ဖြစ်သည်။ ကျောင်းထဲဝင်လာတာနှင့်





မာန်ထန် က ဂျိုတီယူက ကင်း ဆိုတာ လူသိများသွားသည်။

ကင်း မဟုတ်ခဲ့ပေမယ့် နာမည်ကျော်နေသည့် ခွင်း နှင့် အလိုလို နေရင်း ယှဉ်တွဲပြလိုက်သလိုဖြစ်သွားခဲ့၏။ မာန်ထန်က အမှတ်တမဲ့ သွားလာနေခဲ့တာကို ကဗျာက သိသည်။ အမှတ်တမဲ့ မနေခဲ့တာက ခွင်း ဖြစ်သည်။ သူမက အစက မထိတထိစလိုက်၊ ပျောက်သွားလိုက် နှင့် သိသိသာသာ မဟုတ်ပေ။

မာန်ထန် ကျောင်းကို နှစ်ခါလာပြီး သူ့ရှေ့မှာတွဲသွားတာ မြင် လိုက်မှ ဖွင့်ရောလာတာဖြစ်၏။ ကဗျာ ဘယ်လိုတင်းထားထား၊ ပုံစံ တွေ ဘယ်လိုပေးပေး ခွဲနဘဲနှင့် ဖွင့်လိုက်၏။

“တို့မှာ စေ့စပ်ထားတဲ့သူရှိတယ်”

လို့လည်း ကဗျာကပြောပြီး မာန်ထန့်ကို လက်ညှိုးထိုးပြလိုက် သေးသည်။

“လူကြီးတွေ စေ့စပ်ပေးထားတာပါ၊ အဲဒါ တို့သိတယ်၊ ဘာဖြစ်လဲ၊ လက်ထပ်ထားတာမှမဟုတ်ဘဲ”

ကဗျာက တင်းတင်းမာမာ ရှောင်ရင်းကနေ ရယ်မောဆက်ဆံ ဖြစ်ခဲ့ရင်း၊ ဟိုတွဲသွား ဒီတွဲသွားဖြစ်လာသည်။ ပြီးတော့ ခွင်း က ပညာ တွေသုံးလာခဲ့သည့်နောက်မှာ ‘ချစ်တယ်’ ဆိုတာကို ဘယ်လိုပြော ထွက်သွားခဲ့မှန်း မသိ။

ခုတော့ ဘယ်လိုလုပ်ရမလဲ၊ အချစ်မှာ ဘရိတ်ရှိတယ်ဆိုရင် တောင် ဘရိတ်က ပေါက်နေပြီ။

“အန်တီ၊ အပြင်မှာ အစ်ကိုလေး မာန်ထန် ရောက်နေပါပြီ”

သားအမိ စကားပြောနေတုန်း အိမ်ဖော်ကောင်မလေး ရောက် လာပြီး သတင်းပေး၏။

“ဟော ... ရောက်နေပြီတဲ့၊ မြန်မြန်လုပ်၊ မြန်မြန်လုပ်၊ အားနာ စရာကြီး”

www.burmeseclassic.com



ဒေါ်မျိုးနွေက အခန်းပြင်ထွက်သွား၏။

"သားရေ၊ ခဏလေး ထိုင်လိုက်ပါဦးကွယ်၊ မင်းညီမက အလှပြင်တုန်း"

"ဟုတ်ကဲ့"

မာန်ထန်က တစ်ယောက်ထိုင်ဆိုဖာမှာ ထိုင်သည်။ ဒေါ်မျိုးနွေက ရှေ့မှာထိုင်လျက် ရှပ်လက်ရှည်အဖြူကို တံတောင်ဆစ်နားအထိ ခေါက်တင်၍ ဘောင်းဘီရှည်နံ့သာရောင်နှင့် မာန်ထန့်ကို ငေးကြည့်၏။

သေသပ်စွာ ဖြီးထားသည့်ဆံပင်က နက်ထွေးအိပြောင်နေ၏။ ဝတ်စားနေထိုင်ပုံက တည်ငြိမ်ထည်ဝါသည်။ သမီးလေးရဲ့ အိမ်ထောင်ဖက်ဖြစ်သင့်ဆုံးယောက်ျားဟာ ဤသူငယ်မှလွဲ၍ တခြားသူ မဖြစ်စေရ။ ရင်ထဲမှာ ဆုံးဖြတ်ချက်တွေ ခိုင်မာနေသည်။

"သားတို့လဲ မွေးနေ့ကိစ္စတွေနဲ့ အလုပ်ရှုပ်နေမှာပဲနော်"

ထိုင်ပြီးတော့လည်း ပါးစပ်ပိတ်နေသည့် မာန်ထန့်ကို ဒေါ်မျိုးနွေကပဲ စကားစ၏။ မာန်ထန်က ခေါင်းညိတ်ကာ ...

"ဟုတ်ကဲ့၊ မွေးလ မွေးရက်လဲ တိုက်တယ်၊ ပြီးတော့ ကိုကိုက တစ်ခါမှ မွေးနေ့မလုပ်ခဲ့ဖူးလို့ မေမေက စည်ကားအောင် တမင်စီစဉ်ပေးတာပါ"

"ကောင်းတာပေါ့ကွယ်၊ အရဏ်တက်ဆွမ်းကပ်ပြီး ညဘက်ညစ်ခံပွဲလုပ်တာ ကုသိုလ်လဲရတယ်၊ ပျော်စရာလဲ ကောင်းတာပေါ့။ အဲဒီပွဲမှာ သားကြီးက မင်္ဂလာကိစ္စ ကြေညာမှာဆို"

"ဟုတ်မယ်ထင်တယ်၊ ကိုကိုကတော့ ဆန္ဒရှိတယ်၊ မိန်းကလေးဘက်က ဘယ်လိုဆုံးဖြတ်သလဲ မသိဘူး"

"ဆန္ဒရှိမှာပေါ့ကွယ်၊ ပညာတွေစုံနေကြပြီကိုး။ သားကရော ဘီအီးပြီးသွားရင် အမ်အီးဆက်တက်ဦးမှာလား"

မာန်ထန်က ဒေါ်မျိုးနွေကိုကြည့်၍ မျက်ခုံးတစ်ချက်တွန့်သည်။





ဒူးပေါ်တင်၍ နှစ်ဖက်ဆုပ်ထားသည့်လက်တို့ကို ပို၍ ဆုပ်ပစ်ရင်း ...

"အမ်အီး မဖြေတော့ပါဘူး၊ အပြင်မှာ လက်တွေ့လုပ်ငန်းထူထောင်ပြီး ကိုယ်တိုင်ဦးစီးဖို့ စီစဉ်ထားပါတယ်"

"ကောင်းတယ်၊ ကောင်းတယ်"

ဒေါ်မျိုးနွေ ကျေနပ်လွန်းလို့ ရယ်နေတာ မပြီးနိုင်တော့ပေ။ ဒါတွေဟာ သမီးအတွက်ပဲ၊ ဒီနှစ်ကျောင်းပြီးတာနဲ့ လက်ထပ်ပေးလိုက်ဖို့ သူတို့ကမပြောလည်း ကိုယ်ကပဲ စပြောတော့မည်။ ဘာဖြစ်လဲ။

ထိုစဉ် ကဗျာ ထွက်လာ၏။ ပုလဲရောင်ဝတ်စုံမှာ ပုလဲသီးလေးတွေ တန်ခါနေသဖြင့် လှမ်းလျှောက်လာပုံက ပို၍ အသက်ဝင်နေသည်။ နှုတ်ခမ်းမှာ ပုလဲရောင်၊ နားကပ်ကအစ လက်ကိုင်အိတ်အဆုံး ပုလဲတွေချည်းဖြစ်၏။

လှလိုက်တဲ့ သမီးဟု အားရစွာ ရေရွတ်မိရင်း မာန်ထန့်ကို မသိမသာငဲ့ကြည့်တော့ ကဗျာ ထွက်လာတာမြင်သည်နှင့် တစ်ချက်ပဲ လှမ်းကြည့်ပြီး နေရာမှ ထရပ်လိုက်တာတွေ့၏။

အဲဒါကြောင့် ရင်လေးနေတာပါ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၃)

"သူ့အဖေအတွက် ကျန်းမာရေးယတြာလေး လုပ်ခိုင်းချင်လို့" ဆိုပြီး ဖုန်းဆက်တော့ "လိုက်ပို့လိုက် သား" လို့ မေမေက သူ့ကို တာဝန်ချ၏။

ကိုယ့်မေမေရော၊ သူ့အမေပါ နှစ်ယောက်စလုံးက အလွန် အိမ်ရှင်မ ပီသကြသူတွေဖြစ်သည်။ ဘယ်လိုမိန်းမတွေ လက်မထောင်နေနေ၊ ယောကျ်ားတွေနဲ့ တန်းတူရှေ့ထွက်နေကြပြီ ဘယ်လိုပြောပြော မေမေတို့ကတော့ 'မျှော်တဲ့လေးနာရီ' သီချင်းထဲကလို လင်ဖြစ်သူ၏ အပါးမှာ ခြေဆုပ်လက်နယ်ပြုရင်း ဗိုင်းငှကောင်းကျောက်ဖိ နေကြမည့်သူတွေဖြစ်သည်။

ဒီလို အမြဲတမ်း အိမ်မှာရှိနေ၊ အားနေသည့် ဓနီးမျိုးက ကိုယ့် ခင်ပွန်းအတွက် ကိုယ်တိုင်ယတြာချေမပေးသင့်ဘူးလား။မေမေဆို လျှင် သူ့ အတန်းထဲမှာ ဘယ်အဆင့်ထိပဲ တက်ရရ၊ စာမေးပွဲကြီးတွေ ဖြေတိုင်း တရားထိုင်၊ ပုတီးစိပ်၊ ဗေဒင်ယတြာတွေ ချေလိုက်ရတာ အရပ်မျက်နှာပေါင်းစုံထဲ ရှိသမျှဘုရား မရောက်ဖူးတာ မရှိ။

"ငါ့သားတွေလဲ ဘွဲ့ရရဲ့ရော၊ မင်းတို့အမေလဲ တရားစခန်းရောက်





ရာ ဖြစ်တော့မယ်ထင်တယ်ကွ၊ ငါတော့ မျက်ခုံးလှုပ်နေပြီ"

ဟု ဖေဖေကပြော၍ မေမေ့ကို စသေးသည်။ ဒီကြားထဲမှာ ဖေဖေ ခရီးစုစုများဖြစ်ပြီဆို မေမေ့ ယောက်ယက်ခတ်ပါပြီ။ ကဗျာ့မာမီက ကိုမဟုတ်ဘူးလား။ မေမေ့ကိုပြောတော့ ဖြေရှင်းချက်က အဆင်သင့်။

"ဒါကတော့ မေမေက သားတွေမွေးထားတာကိုး၊ သူက သမီး မွေးထားတော့ မျက်နှာလွှဲရတာပေါ့ကွယ်၊ သားနဲ့သမီး အဲဒီနေရာ တော့ ကွာတယ်လေ"

ကိုယ်ကတောင် ပြန်တောင်းပန်ရဦးမလား မသိ။

ဘုရားမှာ ယတြာချေပြီး အတူတူပြန်ဆင်းလာတော့ ဖိနပ်ဝင်စွေးသည်။

"ဗိုက်ဆာတယ်၊ တစ်ခုခုစားရအောင်၊ ကိုထန်ရော မဆာဘူးလား"

သူ့ဟာသူပြောနေရင်း မာန်ထန့်ကို ကဗျာက မေး၏။ မာန်ထန် ဖိနပ်ကို ရှေ့မှာချပြီး စီးနေရင်းမှ ...

"ကိုယ် လမ်းသွားရင်း မစားတတ်ဘူး၊ မင်းစားချင်စားလေ"

ပြုံးရယ်ဖို့ နေနေသာသာ၊ စကားပြောတာတောင် လှည့်မကြည့်၊ ခွင်း ဘယ်သွားသွား စားသောက်ဖို့ကို ကိုယ်က စပြောရတာ တစ်ခါမှမရှိ။

"ဒါဆိုလဲ မစားတော့ဘူး၊ ကန်တော်ကြီးထဲ ခဏဝင်မယ်နော်"

ပြောတော့ မာန်ထန်က နာရီကြည့်၏။

"ဝင်လေ၊ သိပ်တော့ကြာလို့ မရဘူး"

ကဗျာ့မျက်နှာလေး တင်းသွားသည်။ ကားဆီပြန်ရောက်တော့ သည်း သူ့ဘက်ကသူကွေ့ဝင်ပြီး ထိုင်၏။ ခွင်း ဆိုလျှင် ကဗျာ့ကို ခါးဖွင့်ပေးပြီး ပြန်ဝိတ်လိုက်သေးသည်။ တစ်ခါတစ်လေ အပြင် နေ ပါးကိုလှမ်းပုတ်တာ ...

"ဟိုဘက်တိုးထိုင်နော်၊ ကားက လော့ခ်သိပ်မကျဘူး" ဆိုတာမျိုး။

ဘာဖြစ်လို့ ခွင်း ကိုပဲ သတိရနေမှန်း မသိပါ။ ကားတံခါးကိုဒေါသ ထင်းစွာ ဆွဲဖွင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဗျာ ...."

ဘယ်လိုမှ မျှော်လင့်မထားဘဲ ဘေးမှာ ခွင်း က တကယ်ရောက်လာသည်။ ကြက်သွေးရောင်စပို့ရှပ်က ရင်အုပ်တ်မှာ အဖြူနှင့်အနက်စင်းတစ်ကြောင်းပဲပါသည်။ ဘောင်းဘီရှည်အဖြူနှင့်မို့ အရောင်တွေက သိပ်မအပ်စပ်သော်လည်း ဖြူဝင်းသည့်အသားနှင့် ထင်းနေ၏။

ခွင်း က ကဗျာ့မျက်နှာကိုပဲ ကြည့်ကာ ...

"စာပေစိစစ်ရုံးရှေ့ကဖြတ်သွားတာ မြင်လိုက်လို့ ကိုယ်ထလိုက်လာတာ၊ ဘုရားကိုလာတာလား"

"ဟင် ...အင်း ... ဟိုလေ ..."

"ဒရိုင်ဘာနဲ့ လာတာလား၊ အချိန်ရရင် ကန်တော်ကြီးဥယျာဉ်ထဲ ခဏဝင်ရအောင်"

"ဟင် ..."

ကဗျာ ယှိုက်ခနဲ ဝမ်းသာသွား၏။ ဒီနေရာမျိုးမှာ ရင်ထဲကရွေးချယ်မှုက မာန်ထန် မဟုတ်ဘဲ ခွင်း ဖြစ်နေ၏။ ဒါပေမယ့် မာန်ထန်ကိုလည်း ဒီလောက်ကြီးမလုပ်သင့်မှန်း နားလည်နေကာ ...

"ဟို ... ဒီလိုလုပ်ပါလား ခွင်း၊ တူးပို့င့် စင်တာလေးကပဲ ခဏစောင့်လေ၊ ကဗျာ ပြန်လာခဲ့မယ်"

ခွင်း က နှုတ်ခမ်းကို နှာခေါင်းပါတွန့်သွားအောင် မဲ့ပစ်ကာ ...

"မင်းကိုမြင်လို့ အလုပ်တွေဈိုထားခဲ့ပြီး ကိုယ်ထလိုက်လာတာ ဘယ်လောက်ထပ်စောင့်ရဦးမှာလဲ၊ ဘာဖြစ်လို့လဲ၊ အထဲမှာ ဘယ်သူပါနေလို့လဲ"

မေးရင်း ကားထဲကို ခါးကိုင်း၍ ငုံ့ကြည့်လိုက်သည်။ ပါစင်ကျာစောင့်နေသည့် တက္ကစီသမားတစ်ယောက်လို လက်ကိုင်ဘီးပေါ် လက်တစ်ဖက်ဆန့်တင်ရင်း ငြိမ်သက်စွာထိုင်နေသည့် မာန်ထန့်ကို သူမြင်လိုက်သည်။





"ဟွန်း .."

သိသားပဲ၊ မင်းကိုမြင်လို့ တမင်လိုက်ခဲ့တာ ဟု ရင်တွင်းစကားပြောရင်း ...

"ဪ ... ကဗျာက အဖော်ပါတာကိုး"

ဟု ခပ်ကျယ်ကျယ်ပြောသည်။ မာန်ထန် က သူ့ကို မထုံတက် တေးပုန့်မျက်နှာထုံ့ရုံပဲ စောင်းကြည့်၏။ ခွင်း က သို့တက်ကိုလျှော့ပက်သွား၍ ...

"ကဗျာ့ကို ကိုယ်ခဏခေါ်သွားချင်တယ်၊ ဘယ့်နှယ်လဲ၊ သူက ပြန်တိုင်မှာ စိုးနေတာ"

မာန်ထန်က လှုပ်ရှားမှုကင်းမဲ့သည့်မျက်နှာနှင့် ခွင်း ကိုစိုက်ကြည့်သည်။ ဘာမှပြန်မပြောသေးဘဲ ခဏစောင့်၏။ ကဗျာ့ထံမှ ဘာသံမှ ထွက်မလာတော့မှ စက်နှိုးလိုက်၏။ ကားကို သာသာလေး ဘက်ခ်ထွက်ရင်း ကဗျာ့ဘေးရောက်မှ တုံ့ဆွဲထားပြီး ...

"မင်း နေခဲ့တာနော်"

ကဗျာ တစ်ခုခုပြန်ပြောဖို့ နှုတ်ခမ်းလေးဟသွားစဉ်မှာ သူ ကားကို မောင်းတွေ့ပစ်လိုက်ပြီး ဖြစ်လေသည်။ ကြိုက်သလိုနေလိုက်တော့ ...။

ခွင်း ကတော့ ကျေနပ်စွာပြုံး၍ ဝိုက်မောင်းသွားသည့် ကားကို တစ်ဆုံး ကြည့်နေသော် ရင်ထဲမှာ ကျေနပ်နေတာကို ဖုံးဖိလို့မရ။ သတောမျက်နှာကြီးနဲ့ မာန်ထန်ရာ ...၊ မင်းရဲ့ဒေါသတွေ မျက်လုံးပေါ်ပေါ် ပေမယ့် ကားဘီးတွေမှာ ပါသွားပြီကွ ...။

နှုတ်ခမ်းမှ ဟွန့်ခနဲ အသံဖြစ်ပြီးမှ ကဗျာ့လက်ကလေးကို ဆွဲ ... မင်းက ကင်းဆိုတဲ့ကောင်ပဲ၊ ဒါပေမယ့် မင်းရဲ့အသည်းနှလုံးကို ချုပ်ထားနိုင်တယ်ဆိုတာ နားလည်လိုက် ...။

မပြိုင်သော်လည်း ယှဉ်မိလျက်သား ဆွဲချလိုက်ပြီဆို ဒါ ပြိုင် ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၄)

ပန်းခရမ်းရောင် စက္ကူလိပ်ပြောင်ပြောင်လေးတွေမှာ ရောင်း ဘောလုံးတွေ လိုက်ရိုက်နေသည့် သူ့ဘေးကို ရန်မာန် ရောက်လာပြီ ဟိုဟာတိုင်၊ ဒီဟာကောက်ပေးနှင့် ဘာမှ မယ်မယ်ရရလုပ်တာမဟုတ် မေးသည့်မေးခွန်းတွေကတော့ စုံနေသည်။

"နေရဲ ပြောတာ ဟုတ်ပါ့မလား ညီ၊ မင်းရော အဲဒီလိုထင်လား"

"ဘယ်သူက သေချာသိမှာလဲ ကိုကိုရာ၊ သူတွဲနေတာ သူပဲသိ မှာပေါ့"

ဘောလုံးမှုတ်တော့ ရန်မာန်လည်း ဝိုင်းကူမှုတ်သည်။ ဘေးမှာ ဝိုင်းကူနေကြသည့် မိတ်ဆွေသူငယ်ချင်းတွေကတော့ စားပွဲတွေခင်း ရောင်စုံမီးလုံးလေးတွေနဲ့ ပန်းစင်တွေ နေရာချရင်း သူတို့လို ဘယ်သူမှ စကားကြာကြာရပ်ပြောချိန် မရကြပေ။

"ညီရာ၊ မင်းကလဲ စိတ်ဝင်စားမှုနည်းလိုက်တာ၊ ကဗျာကို မင်း စိတ်ဝင်စားမှုဖြစ်မှာကို ခုထိ ရင်ထဲမထည့်ဘူးလား"

"ထည့်ဖို့လဲ မကြိုးစားဘူး၊ ကြိုးစားကြည့်လဲ ရမှာမဟုတ်ဘူး သူ့ဟာသူ ရှုံ့ပြီးတော့ပဲတွဲတွဲ၊ တကယ်ပဲတွဲတွဲ၊ အနေသာကြီး"





"အနေသာကြီးဆိုတာက မင်းနဲ့ နောင်တစ်ချိန်မှာ ဘာမှပတ်သက်ဖို့မရှိတော့ရင် အကြောင်းလား"

"အဲဒါကြီးက ရှုပ်နေတာ ကိုကို"

ခုမှပဲ စကားပြောခြင်းကို စိတ်ပါလက်ပါဖြစ်လာပုံရကာ မာန်ထန်က ကိုင်ထားသမျှတွေကို ချထားလိုက်ပြီး စားပွဲစွန်းမှာ တင်ပါးနှင့် ကပ်မှီ၍ ....

"သူလဲ အဲဒီလိုမတွေးသင့်ဘူးလား။ တစ်ယောက်ကိုတစ်ယောက် လေ့လာအကဲခတ်နေကြတဲ့အချိန်မှာ ဒီလိုလုပ်ချလိုက်တာ လွမ်းစရာ ဘာရှိလို့လဲ၊ ကျွန်တော့်ကိုရှုံ့ရအောင် ကျွန်တော်က သူ့ချစ်သူမှ မဟုတ် တာတဲ့"

"အင်း ..."

ရန်မာန်က ခေါင်းညိတ်ရင်း နားထောင်နေသည်။

"ကျွန်တော်ကလဲ ကိုယ်ချစ်နေတာမဟုတ်တဲ့ မိန်းမတစ်ယောက် ကို သဝန်တိုဖို့၊ တားဆီးဖို့ ဘယ်လိုလုပ်ရမလဲ၊ ခေါင်းရော၊ ပါးစပ်ရော၊ လက်ရော သူ့အတွက် ဘယ်ကမှ မနိုးကြားဘူး။ ရင်ဘတ်ထဲကဆို အဝေးကြီးပဲ"

"ကဗျာက တော်တော်လှတာပဲ၊ ညီက ဘာဖြစ်လို့ စိတ်မဝင်စား တာလဲ"

"ဘယ်သိမလဲ၊ ကိုယ့်ကိုကိုယ်တောင် တွေးမကြည့်မိဘူး"

မာန်ထန် ပြောပုံကြောင့် ရန်မာန်က ရယ်သည်။

"ဖေဖေနဲ့မေမေကတော့ စစ်ဆင်ရေး စနေကြပြီ"

"ဘာကိုလဲ"

"ဖေဖေက ညီ့ရင်ထဲကို မြင်တယ်၊ ဖွတ်မစီစဉ်ဖို့ပေါ့။ ဒေဝါနာနဲ့ တားတာတော့ ဟုတ်မယ်မထင်ပါဘူးကွာ၊ သူ့မိတ်ဆွေအမ်းနဲ့ လှည့် စီစဉ်ဖို့နေမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



မာန်ထန်က ဘောလုံးတွေကို အရောင်ရွေးရင်း လေမှုတ်ဖို့ အတွက် သပ်သပ်ခွဲနေ၏။

"ရေ့စပ်ပြီးပေမယ့် ဖျက်သိမ်းလို့ရတယ်လေ၊ မေမေကလဲ စွတ်ဝဲ၊ ဦးဦးကိုလဲ ကိုကိုအုံ့ညြလာပြီ"

မာန်ထန်က မျက်လွှာပင့်ကြည့်ပြီး ဘာမှမပြော။

"ဟုတ်တယ်လေ၊ နည်းနည်းမှလဲ စိတ်မဝင်စားဘူး၊ ငြင်းလဲ မငြင်းဘူး"

"ရမှာမှမဟုတ်တာ၊ ငြင်းတော့လဲ ရည်းစားရှိလို့လား ဘာညာနဲ့ ပြီးတော့ ရန်ထဖြစ်ကြ ဒါပဲ"

"ဒါဆို ညီက မချစ်ဘဲလက်ထပ်ပြီး ဘာလုပ်မှာလဲ"

မျက်နှာမှာ ရဲခနဲဖြစ်ကာ မျက်မှောင်ကုတ်ကြည့်လိုက်သည့် မာန်ထန့်ကြောင့် ရန်မာန် ဗျာဗျာသလဲ လက်ကာ၍ ရယ်မောရင်း ...

"မဟုတ်ပါဘူး၊ ကိုကိုမေးတာက တစ်ယောက်နဲ့တစ်ယောက် မချစ်ဘဲနဲ့ ... ဟို ..."

"တော်ပါ ကိုကိုရာ"

ညီ ရှက်သွားတာကိုသိကာ ရယ်ချင်တာကိုမျိုသိပ်၍ ရန်မာန်က လက်ကိုဆွဲထား၏။

"နေပါဦးကွ၊ မေးမလို့ဟာ မကုန်သေးဘူး"

မာန်ထန်က ပြန်လှည့်ကြည့်၏။ မျက်ခုံးတွေက တွန့်ကုတ်ထား လျက်နှင့် ...

"နေရဲ ကပြောသေးတယ်၊ ခွင်း ဆိုတဲ့တစ်ယောက်က မင်းနဲ့ မတည့်ဘူးဆို"

"ဘာလို့ မတည့်ရမှာလဲ၊ ဘာမှမဖြစ်ဘူး"

"ဟုတ်တယ်၊ မင်းဘက်က ..၊ ဟိုဘက်က မကြည်တာတဲ့၊ ဘာပဲ ဖြစ်ဖြစ် တစ်ယောက်တည်းကို နှစ်ယောက်က ချစ်မိပြီဆိုရင် ဒီလို





ပြဿနာရှိလာတာပဲ၊ မင်းကိုယ်မင်းလဲ ပြန်မေးပါဦး ညီရာ၊ ဟိုကောင် နဲ့တွဲနေလို့ သဝန်တိုစိတ်နဲ့ မကြည်လင်တာဆိုရင် ..."

မာန်ထန်က မဲ့တာ၊ ရယ်တာမဟုတ်ဘဲ နှုတ်ခမ်းတွန့်ပစ်ပြီး ပြုံးသည်။

"ကျွန်တော် သဝန်တိုလောက်အောင် မက်မောနေရင် အဲဒီ ကောင် အနားကိုတောင် သီလို့မရဘူး၊ သူ့ဟာသူ ရူးသွပ်လောက် အောင် လှနေလဲ ကိုယ်မြတ်နိုးမှ တန်ဖိုးရှိတာ၊ ကိုကို တွေးကြည့်လေ"

"ဟုတ်ပါ့ဗျာ၊ မှန်ပါ့၊ ပြောမှားဆိုမှားရှိရင် ကျွန်တော့်တောင်းပန် ပါတယ်"

"ဟား ဟား ဟား"

ညီအစ်ကိုနှစ်ယောက် ရယ်ရင်း လက်သီးဆုပ်ချင်း ထိပ်ဆိုင်ထိုး လိုက်ကြ၏။

ချစ်လို့ .........။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

'တိမ်၌ အမြစ်တွယ်ခြင်း' ဟု ခေါင်းစဉ်လေးတပ်လိုက်ပြီး နောက်တစ်ခေါက် ပြန်ဖတ်သည်။ နှုတ်ခမ်းများလေးမှာ ပြုံးယောင်သမ်းခဲ့ပေမယ့် ရင်ထဲမှာ နာကျင်သွား၏။

ဒိုင်ယာရီစာအုပ်လေးကို အသာလေးပိတ်လိုက်ပြီး ရင်ခွင်ထဲမှာ ပိုက်သည်။ ပြတင်းတံခါးနားကို လျှောက်သွား၍ ခွင်း ၏အိပ်ခန်းဆီ လှမ်းမျှော်ကြည့်လိုက်တော့ မီးရောင်ကိုတွေ့သေး၏။

မီးမပိတ်ဘဲ အိပ်နေတာလား၊ ဒါမှမဟုတ် ရည်းစားတွေအကြောင်း တွေးပြီး အိပ်ရာထဲမှာ လူးလှိမ့်နေတာလား။ စာမေးပွဲနားနီးလို့ စာကျက်နေတာ မဖြစ်နိုင်သလို သူ့အတွေးထဲမှာ ရာရာ မပါနိုင်တာတော့ သေချာမှာပါ။

ဒီ ဒိုင်ယာရီလေးကို ခွင်း ဖတ်စေချင်သည်။ ဒါပေမယ့် အခုမဟုတ်ပါ။ ဘယ်သောအခါဆိုတာလည်း မသိ။ ရှေ့စာမျက်နှာတွေမှာ ရင်ခုန်လှုပ်ရှားတတ်စအရွယ်ကတည်းက ခွင်း ကို သူမ တိတ်တခိုး တွယ်တာနေခဲ့ရသည့် ဝန်ခံချက်တွေ ရှိနေသည်။





ဒီစာမျက်နှာကို လှန်လှောဖတ်ရှုပြီးမှ 'တိမ်၌ အမြစ်တွယ်ခြင်း' သို့ ရောက်မှာဖြစ်သည်။ တိမ်မှာ အမြစ်တွယ်ခဲ့တာ ဘယ်သူလဲ၊ ရာရာ ပါပဲ။

ပြတင်းဘောင်နားမှာ ဝန်းစောင်းနှင့် ကပ်မှီချလိုက်ပြီး ခေါင်းလေးမှေးတင်ထားလိုက်သည်။ မျက်ဝန်းတို့က ခွင်း ၏အိပ်ခန်းဆီမှာပဲဖြစ်ကာ စိတ်တို့က အတိတ်ဆီသို့ လွင့်နေခဲ့၏။

ခွင်းနဲ့ရာရာ ကိုးတန်းကျောင်းသားလေးတွေပဲ ရှိသေးသည်။ ရာရာတို့က မိုးကုတ်မြို့မှ ဇာတိချက်မြှုပ်ဖြစ်သည်။ မန္တလေးမှာလည်း တိုက်တွေ ရှိသေးသည်။

ကျောက်တွင်းသူဌေးကြီး ဦးသိမ်းဇေဆိုလျှင် မသိတဲ့သူမရှိ၊ မိုးကုတ်က ကျောက်တွင်းတော်တော်များများကို ပိုင်ဆိုင်ထားခဲ့ပြီး ဘာလုပ်လုပ် အောင်မြင်တာပဲများသည်။

သို့သော် တစ်နေ့မှာ ကျောက်တွင်းပိကာ အလုပ်သမားလေးယောက်စလုံး ဒဏ်ရာပြင်းထန်စွာ ရပြီးနောက် ဒုက္ခိတတွေဖြစ်ကုန်ကြသည်။ သုံးယောက်က သေဆုံးသွားခဲ့၏။

ထိုသူတို့၏ မိသားစုကျန်ခဲ့သမျှကို ထိုက်သင့်သည်ထက်ပို၍ ကရုဏာကြေးတွေ ပုံပေးလိုက်သည်။ နောက်တော့ ဒီအလုပ်ကို စိတ်ကုန်ကာ မိုးကုတ်ကို မသွားဘဲနေလိုက်တော့သည်။ အလုပ်တွေကို ညီဝမ်းကွဲတစ်ယောက်နှင့် လွှဲထားလိုက်သည်။ ထို့ပြင် ရန်ကုန်ထိ ဦးသိမ်းဇေက ထပ်ပြောင်းခဲ့၏။

အစက အဆင်မပြေတာမရှိခဲ့ဖူးသော အလုပ်က အကြီးအကျယ်ဒုက္ခပေးလာသဖြင့် အလုပ်တွေကို နားပစ်လိုက်တာပဲဖြစ်သည်။ ရန်ကုန်ကိုရောက်တော့မှ ကုမ္ပဏီလုပ်ငန်းတွေကို စိတ်ဝင်စားလာခဲ့ပြီး ကျောက်တွင်းဘက်ကို လှည့်ကို မကြည့်ဖြစ်ခဲ့တော့ပါ။

ဒေါ်ငြိမ်းသုဇာနှင့် ဒေါ်ခင်နုဒီ ဆုံမိကြတော့ မိုးကုတ်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ပြောရင်း 'ကမ္ဘာ့အံ့ဖွယ်' တောင်အကြောင်းကလည်း မကြာခဏ ပါလာတတ်သည်။ ဒေါ်ငြိမ်းသူဇာကလည်း စိတ်ဝင်စား၏။

ထို့ကြောင့် ဦးသိမ်းဖေ တို့ မိုးကုတ်သွားရဖို့ ကိစ္စတွေရှိလာသဖြင့် ဒေါ်ငြိမ်းသူဇာတို့ မိသားစုက အလည်လိုက်ခဲ့ကြ၏။

သို့သော် ဟိုရောက်ကတည်းက နေမကောင်းဖြစ်ခဲ့သော ဦးသန်းအောင်က ငှက်ဖျားလိုလို၊ ငန်းဖျားလိုလို စိုးရိမ်စရာဖြစ်လာခဲ့သည်။ 'ကမ္ဘာ့အံ့ဖွယ်' တောင်ကိုရော၊ တခြားဘယ်နေရာကိုမှ မလည်ပတ်နိုင်တော့ဘဲ ဒေါ်ငြိမ်းသူဇာက ခင်ပွန်းဖြစ်သူကိုပဲ ဂရုစိုက်နေရ၏။

ဒေါ်ခင်နုဒီခများလည်း ကိုယ့်ချွေးသည်က ဤသို့ဖြစ်နေသဖြင့် ယောက်ျားဖြစ်သူကိုပင် မကူညီနိုင်တော့ဘဲ အမေနှစ်ယောက်စလုံး ခေါင်းမဖော်နိုင်ကြတော့ပေ။

ထိုအချိန်မှာ ရာရာနဲ့ခွင်းက မလတ် လည်းမသိအောင် ခိုးထွက်ခဲ့ကြ၏။ လူကြီးတွေ ပြောကြလွန်းသဖြင့် စိတ်ဝင်စားနေသော 'ကမ္ဘာ့အံ့ဖွယ်တောင်' သို့ဖြစ်၏။

ခွင်း က ဆိုင်ကယ်စီးတတ်သည်။ ရာရာက နောက်ကထိုင်၏။ မလတ် သိသွားရင် ဒုက္ခပဲဟု တွေးမိကာ ကြောက်ရွံ့ရင်း ရာရာ က ခွင်း ၏ခါးကို တအားဖက်ထားခဲ့၏။

"နင် မမှတ်မိတော့ဘူးလား ရာရာ"

"တိမ်တွေထဲမှာ ရပ်နေရတာပဲသိနေတယ်၊ သွားတာလာတာတွေ ဘာမှမသိတော့ဘူး"

"အဲဒါကိုပဲ ဒါ ကြည့်ချင်တာ"

"ငါ့ကိုတော့ မလတ် ဆူမှာပဲ၊ ရိုက်တောင်ရိုက်မလား မသိဘူး"

ဆိုင်ကယ်ကို အမြင်းမောင်းနေသဖြင့် စကားပြောကြရတာက တိုးတိုးပြောလို့မရ၊ ခွင်း က နောက်ကို လှည့်ပင်းလိမ်၍ စကားလှည့် ပြောလိုက်၊ ရှေ့ကို ပြန်ကြည့်လိုက်။



"နင်က အန်တီတို့ကိုတော့ မကြောက်ဘဲနဲ့ ပြောလိုက်ရင် မလတ်ချည်းပါပဲလား"

"ဖေဖေတို့က လူကြီးတွေဆိုတော့ လူကြီးချင်းလဲ ခင်မင်ပျက် မခံဘူးလေ၊ မလတ်ကျတော့ ဒေါသဖြစ်ရင်ဖြစ်သလိုပဲ၊ ပြီးတော့ နင့်ကို"

"မုန်းပစေပေါ့၊ ငါကလဲ နင့်အစ်မတို ကြည့်လို့ရတာမှမဟုတ်တာ၊ အထူးသဖြင့် ငါ့ကိုမုန်းတာထက် နင့်ကို ဆူလွန်းလို့ အမြင်ကတ်တာ"

"မလတ်က ငါ့ကို သိပ်ချစ်တာ"

"ဟွန်း ..."

မလတ်အကြောင်းပေါ်လာပြီဆို ခွင်း မျက်နှာမှာ ကောက်ကြောင်းတွေ ရှုပ်တုန်ပြီ။ ဆိုင်ကယ်အပ်ပြီး တောင်ခြေရင်းရောက်တော့ တိမ်တွေကြားထဲထိ ထိုးတက်နေသော တောင်ကြီးကို ခွင်း က မော့ကြည့်သည်။ အားမရဘဲ မျက်လုံးထက်မှာ လက်ဖြင့်ကာ၍ သေချာကြည့်ကာ ...

"ဟား ... တစ်ဆုံးတစ်စကြီးပါလား"

အားပါးတရပြောပြီး ရာရာ့လက်ကို ဆွဲသည်။ ပြီးတော့ မောခနဲ အော်ကာ ပြေးတက်လေသည်။

မြေကြီးမှာပဲ လှေကားထစ်တွေ ပြုလုပ်ထားသည့် တောင်တက်လမ်းက မြင့်နေရသလောက် မတ်မတ်ကြီးမဟုတ်ပေ။ ဘေးပတ်ဝန်းကျင်မှာ စိမ်းညို့သည့် သစ်ပင်အုပ်အုပ်တွေ ယှက်နွယ်လျက် မောရ ဝန်းရမှန်းလည်း မသိကြ။

"အုတ်လှေကားထစ်လေးတွေလဲ ရှိသားပဲနော်"

"အင်း ..."

ခေါင်းညိတ်ရင်း ရာရာက မောနေသည်။ ခွင်း က ရယ်၏။ သူ့ဝဲ ဝမ်းစင်းပါသည့် စပို့ရှပ်ကိုယ်ကျပ်နှင့် ဘောင်းဘီရှည်အနက်က ခပ် ရွှင်ရွှင်၊ ကျောပိုးအိတ်ကရော ဘယ်လောက်လေးမှာလဲ။

ရာရာ ကျတော့ နို့စိမ်းရောင် ခါးကျလက်ပွအကျီလေးက နည်း



www.burmeseclassic.com

www.burmeseclassic.com



နည်းထူသည်။ ခြေကျင်းဝတ်လောက်အထိ ဝဲခါနေသည့် စကတ်အစိမ်းရောင်လေးက စာနားတွေရော၊ နဂိုအသားကို ဖြန့်၍ တွန့်ရှုံ့ပြီး အထပ်တွေ ထည့်ထားသဖြင့် ပို၍လေးသည်။ စကတ်စနစ်ဖက်ကို လက်နှစ်ဖက်နှင့် ဆုပ်ဆွဲကာ ခြေထောက်နှင့် မနင်းမိအောင် ထိန်းနေရသည့်ဒုက္ခက တစ်မျိုး။

ဒါတောင် ခွင်း ကငဲ့ကြည့်ပြီး ရာရာ့လက်မောင်းလေးကနေ ဆွဲခေါ်သွားတာ ရှိသေးသည်။ ထိုအခါ စကတ်စကိုလည်း လွှတ်ချလို့မရဘဲ ရာရာ ကို့ယို့ကားရားလေး ဖြစ်ရှာ၏။ လွှတ်ပေးလိုက်ပြန်တော့ ကိုယ့်ကိုယ်ကြီးကပဲ ပိုလေးသွားသလိုလို။

"ဘယ်လိုဖြစ်တာလဲ၊ ခုမှ အစပဲရှိသေးတယ်၊ ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေပြီ"

"ဒီမှာ စကတ်ကို မ,ထားရသေးတယ်၊ နင်ကတော့ ပြောအားရှိမှာပေါ့"

ခွင်း က ရာရာ့လက်ဖဝါးလေးကို ဆုပ်ကိုင်ကာ သစ်ဆိမ့်ပင်ကြီးအောက်မှာ ဝင်ထိုင်လိုက်၏။

"ညကတည်းက ပြောထားသားနဲ့၊ သင့်တော်မယ့်အဝတ်အစားဝတ်ထားပါလား"

"သင့်တော်မယ်ထင်လို့ ဝတ်တာပဲ၊ ပွပွရွရွ ဆိုတော့ သွားလာကောင်းမယ်ဆိုပြီး ..."

"ဟင် ... ပွပွရွရွ ဟုတ်လား။ ပွပွက ထားပါတော့၊ ရွရွ က ဘာလဲ"

"ရွရွ ..."

ကိုယ့်ဟာကိုယ် ဘာပြောလိုက်မိမှန်းပင် သတိမထားမိဘဲ သံယောင်လိုက်ဆိုမိသေးသည်။ ကြည့်လိုက်တော့ ခွင်း က နှာခေါင်းရှုံ့ပွပွ၊ မျက်မချဉ်နှင့် ...။

"ကြည့်စမ်း၊ ကောင်စုတ်"





"ဟား ဟား ဟား"

ခွက်ထိုးခွက်လန် ရယ်ကာ ကျောပိုးအိတ်ကို ဖြုတ်လိုက်သည်။

"ရော့ ... စားပြီးမှ ဒေါသဖြစ် ..."

ခေါက်ဆွဲခြောက်ထုပ်ကို လှမ်းပေးသည်။ စားစရာယူဖို့ကို သတိရတော့ အလွယ်တကူ ဘာမှမရှိ၊ ထို့ကြောင့် ယမ်းယမ်းချဉ်စပ်ထုပ်တွေပဲ လေးငါးထုပ်ထည့်ကာ ရှောဘူးတစ်ဘူးနှင့် ...။

"မစားချင်ပါဘူး။ ရေပဲသောက်မယ်"

"မစားလို့မရဘူး၊ ရှေ့ဆို ငါလဲ မောတော့မှာ၊ ဒီကျောပိုးအိတ်ကနည်းနည်းတော့ အချိန်လျော့သွားမှဖြစ်မယ်"

"နင် ပင်ပန်းရင် ငါတစ်လှည့်ပိုးမယ်လေ"

ခွင်း က ရာရာ မယူသည့် ခေါက်ဆွဲခြောက်ထုပ်ကို ဖောက်နေရင်းမှ မော့ကြည့်ကာ ...

"တော်ပါတော့ဗျာ၊ တော်ကြာ လူကိုပါ ထမ်းခေါ်နေရမှ ဒီနေ့ဆောင်ပေါ် ရောက်မှာမဟုတ်တော့ဘူး"

ခေါက်ဆွဲခြောက်ပေါ်မှာ အခြောက်မှုန့်တွေ ဖြူးချပစ်လိုက်ပြီး ရာရာ့ကို လှမ်းပေးသည်။

"ဟင့်အင်း၊ ငါ ဒီတိုင်းပဲစားမယ်"

"ဘယ်လိုလုပ်ကောင်းမှာလဲ၊ ဒီတိုင်းကြီး ..."

"ငါမှ အနံ့တွေမကြိုက်တာ၊ ပေးပါ တစ်ထုပ်"

"ပြီးရော၊ အဲဒါကြောင့် မဲခြောက်ခြောက်ဖြစ်နေတာ၊ ဘာဖြစ်ဖြစ်ထိန်းချည်းပဲ"

"ဖြစ်ဖြစ် ... ငါ့ဟာငါ ..."

"ဟုတ်ပါတယ်၊ နင့်ဟာနဲ့နင်ပါပဲ၊ သူများဟာနဲ့ ပလိန်းလို့မှ မရတာ"

"ခွင်း ... နင် ... နင် တော်တော်ညစ်ပတ်ပါလား"

"ဘာပတ်တာလဲ၊ မုန့်ထုပ်လေး ကိုယ့်မုန့်ထုပ်နဲ့ကိုယ် စားရမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူးလား"

ပြောပြီး ဟိုဘက်လှည့်တော့ ပြုံးစိစိ။ ခွင်း က အပြောကြမ်းသည်။ အာဖြစ်ဖြစ် ဖွတ်တရွတ်ဆန်၏။ ကိုးတန်းကျောင်းသားဆိုပေမယ့် ရည်းစားစာလည်း ပေးတတ်နေပြီဖြစ်၏။ ကဗျာတစ်ပွဲ၊ စာတစ်ပွဲ တော့ မဟုတ်ပါ။

"ရာရာ ... ဒီမှာကြည့်စမ်း၊ ဟသံ္တာက ပြောင်းလာတဲ့ စပယ်တင်မှဲ့လေးနဲ့ကောင်မလေးကို ပေးမလို့"

စာကို ငှက်ရုပ်ပုံလေးဖြစ်အောင် ခေါက်ထားသဖြင့် တော်တော်ဖြည်ယူရသည်။ အထဲမှာ စာက နှစ်ကြောင်းတည်း ...။

စသုံးလုံး

နင့်ကို ငါချစ်လို့ ...

ဒါပဲဖြစ်သည်။ ကောင်မလေးနာမည်က စိမ့်စိမ့်စံ ...။ စာထိုဆရာမ သွားပြပြီးတိုင်တော့လည်း ခွင်း က ဖြောင်ဖြောင်းသည်။

"ဘယ်သူလဲ ဆရာမ၊ သားမဟုတ်ဘူး"

လက်ရေးကို ပေတံသုံး၍ ဖျက်ရေးထားသည်။ ဘာနာမည်မပါတော့ ဆရာမလည်း ဘာမှမတတ်နိုင်။ သို့သော် နောက်နေ့မှာ ကျောင်းကအပြန် လမ်းကျဉ်းကလေးမှာ စုပြုံတိုးမိကြစဉ် စိမ့်စိမ့်ကို ခွင်း တိုက်ချပစ်လိုက်တာ ရေမြောင်းထဲသို့ ကိုရှိကားရားလေး ကျရှာလေသည်။ ဟင်ခနဲ ဟာခနဲတွေဖြစ်ကုန်သည်။ သူကို ဝိုင်းကြည့်ကြတော့ ခွင်း မျက်နှာက တင်းမာလျက် ...

"ဘာကြည့်တာလဲ၊ ဒီလောက်တိုးတိုက်နေကြတာ၊ ဘယ်သူတိုက်လိုက်မှန်း သိလို့လား၊ အချဉ်မဖမ်းနဲ့"

ဟု ဆိုပြီး ကြည့်တဲ့သူတွေကို ဝေ့ဝတ်စိန်ခေါ်လိုက်သေးသည်။

ကားပေါ်ပြန်ရောက်ကြသည်နှင့် ဗိုက်နှိပ်ပြီး ခွက်ထိုးခွက်လန် ရယ်ချပစ်လိုက်၏။ တကယ့်ကို မထင်ရပါလား။





ခွင်း မှာ အဲဒီလိုအရည်အချင်းတွေရှိတာ ရှုံ့စရာလား၊ အထင်သေးစရာလား မသိ။ ရာရာကတော့ ခွင်း ကို အမြဲတမ်း အရှုံးပေးဖြစ်ခဲ့တာ ဒါတွေပါနေခဲ့သည်လား မသိပါ။

ခွင်း သိပ်တော်သည်ဟု သတ်မှတ်တာမဟုတ်သော်လည်း ခွင်း ကို ဘယ်သူမှ မပြုမူရဲကြတာတော့ မှန်နေ၏။ သူကိုယ်တိုင် ရာရာ့ကို ဘယ်လိုပဲ ဆက်ဆံပါစေ၊ ရာရာ့ကိုယ်မှာ ဆူးခြစ်ရာတွေ ထင်သွားရင်တောင် 'အဲဒါဘယ်က ငြိခဲ့တာလဲ' ဟု မေးကာ ထိုနေရာဟာ ချုံရှိရှိ မရှိရှိ သူများခြံဝင်း ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ တစ်ချက်တော့ လှဲကန်ပစ်တတ်သူ။

ထို့ကြောင့် ခွင်း ကို ရာရာ အားကိုးစိတ်လည်း ဖြစ်ခဲ့သည်။ ချိုးသားခြင်းဟာ ဘယ်အချိန်ကစ၍ ရင်ထဲကို ချဉ်းနင်းဝင်ရောက်ခဲ့မှန်း မသိပါ။

'ကမ္ဘာ့အံ့ဖွယ်'တောင်ကြီးကို တက်ခဲ့ကြသည့်အချိန်မှာ ခွင်း နဲ့ နှစ်ယောက်တည်းသွားလာနေရခြင်းအတွက် သာယာကြည်နူးခဲ့ခြင်းဟာ ချိုးသားခြင်းပဲဆိုတာ ကိုယ့်ကိုကိုယ် သတိပြုမိခဲ့သည်။

လမ်းမှာ နားခဲ့ကြသော အုတ်ခုံလေးတွေမှာ ခွင်း က ဆော့ပင်နံ့နဲ့ နေ့စွဲတွေ ရေးသည်။ သူနဲ့ရာရာ၏ နာမည်တွေပါထည့်ကာ ဤနေရာသို့ ဖြတ်သန်းရောက်ရှိခဲ့ကြောင်း ရေး၏။

တောင်ပေါ်ရောက်တော့ ညနေ လေးနာရီခွဲပြီးပြီဖြစ်၏။

"တော်တော်လှတာပဲ၊ အမောကို ပြေသွားတာပဲ"

ခွင်း က ခြေဖျားထောက်၍ ခုန်လိုက်သေးသည်။ ရာရာ ပင်ပန်းလွန်းသဖြင့် ငုတ်တုတ်လေးထိုင်မိသည်။ ရွေ့လျားနေသော တိမ်တိုက်များက အနားမှ တဟဲဟဲဖြည်၍ ဖြတ်သန်းနေကြသည်။ ငုံ့ကြည့်တော့လည်း တိမ်တွေ၊ ဘေးမှာလည်း တိမ်တွေပဲ ဖြစ်၏။

"ဖေဖေရေ၊ ကျွန်တော်တို့ ဒီမှာ ..."



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ဘာလို့ တအားအော်တာလဲ"

"ဘာဖြစ်လဲ"

ခွင်း က ပျပျမှုန်မှုန်လေး မြင်နေရသည့် မိုးကုတ်ရှိသည့်နေရာ လောက်ကို ငုံ့ကာ နှုတ်ခမ်းမှာ လက်ဖဝါးနှစ်ဖက်နှင့် ဝိုင်းကပ်ပြီး အော် ပစ်လိုက်၏။

မြင့်လွန်းသဖြင့် သွားလာသူလည်း နည်းသည်။ တောင်ပေါ်မှာ ဘုန်းကြီးကျောင်းတွေနှင့် ဘုရားစေတီတွေရှိ၏။ အလွန်အေးချမ်း တိတ်ဆိတ်နေသည်။ ထို့ပြင် ကြီးမားသော ကျောက်လိပ်ကြီးတစ် ကောင်နှင့် ကျောကုန်းပေါ်မှာ စေတီလေးက လွမ်းမောဖွယ် ...။

တိမ်တွေ၏ အော်မြည်သံက ကမ္ဘာခြားကို ရောက်နေသလိုပင်။ နေ့ချင်းပြန်ဆင်းလို့မရသဖြင့် တောင်ပေါ်တက်သူရယ်လို့ စည်စည် ကားကား မရှိ။ ခွင်း ကတော့ ဘယ်ကိုမှ ရှေ့ဆက်မသွားသေးဘဲ တိမ်တွေကို လှည့်ပတ်ကြည့်ပြီး ကျေနပ်နေ၏။

"ဒီတောင်ပေါ်မှာ တစ်နေ့ကို သုံးရာသီပြောင်းတယ်၊ သိလား နှင်းဝေတယ်၊ နေပူတယ်၊ မိုးရွာတယ်"

"သိပါတယ်၊ အန်တီပြောပြသားပဲ၊ ဆရာမလုပ်ပါနဲ့"

ခွင်း က လှည့်မကြည့်ဘဲပြောသည်။ ဆရာလုပ်သလိုဖြစ်သွား သည်မို့ ဘာမှပြန်မပြောနိုင်ဘဲ ရာရာက မတ်တတ်ထရပ်ရင်း မျက် စောင်းထိုးသည်။ ပြီးတော့ သူ့ကို ဘာမှမပြောတော့ဘဲ တောင်စလော ပန်းတွေ ပွင့်နေတာကိုပဲ လှမ်းငေးနေလိုက်၏။

"အဲဒါ ဘာပန်းတွေလဲ"

"ဆရာလုပ်တာ ဝါသနာမပါဘူး"

အနားရောက်လာပြီး မေးတော့ ရာရာက ရွဲ့၏။

"မပြောနေပျဲ့ ဂရုစိုက်လို့"

ခွင်း က တောင်ထိပ်အစပ်မှာပေါက်နေသည့် သစ်ပင်တိုလေး





တွေကို အမြစ်ပါအောင် ဆွဲနှုတ်၍ ရပ်နေ၏။ ရာရာက ပြန်လှည့်ကြည့် ပြီး အနားလျှောက်လာကာ ...

"ဘာလုပ်မလို့လဲ"

"မသိရင် ကြည့်နေလိုက်"

"ကြည့်နေမလို့ပဲ၊ ရှေ့သိပ်တိုးရင် လိမ့်ကျသွားမှာစိုးလို့"

ပြောနေတုန်းမှာ ဆုပ်ခဲနေသည့် တိမ်တိုက်တစ်ခု ဟူးဟူးဟဲဟဲ မြည်၍ တိုးဝင်လာ၏။ ခွင်း က သေချာကြည့်နေပြီး ဆုပ်ထားသည့် သစ်ပင်စုတွေကို တိမ်တွေပေါ် ပစ်တင်လိုက်သည်။ သစ်ပင်တွေက လေကိုဖြတ်သန်းသွားသလို တောင်အောက်သို့ ဝေ့ဝဲဖြုတ်ကျသွား လေသည်။

"အမလေး ဉာဏ်ကြီးရှင်ရယ်၊ တိမ်ပေါ်မှာ သစ်ပင်ပေါက်နိုင်းဖို့ များ ကြိုးစားရတယ်လို့"

ခွင်း ကရယ်ပြီး လက်ဝါးချင်းပွတ်နေ၏။

"မသိဘူးလေ၊ ရများရမလားလို့၊ သစ်ပင်က အုတ်ကြိုအုတ်ကြား မှာလဲ ပေါက်တာပဲဟာ"

"ဟဲ့ ... တိမ်မှာ အမြစ်တွယ်စရာမှမရှိတာ"

"မဖြစ်နိုင်တာ၊ ဘာမှမရှိဘူးဆို"

"ခွင်း ရယ်၊ နင်ကလဲ"

"သိပါတယ် ဆရာမရယ်၊ လုပ်ကြည့်တော့ ဘာဖြစ်သွားနိုင်မှာလဲ၊ တော်တဆ တိမ်မှာအမြစ်တွယ်သွားရင် ခွင်း ဆိုတဲ့ကောင် လက်သီး ထိမောင်းတန်းပြီး ကမ္ဘာကျော်သွားဦးမှာ၊ ဟား ဟား ဟား"

ခွင်း ရယ်နေတာကို ရာရာ ကြည့်ပြီး စိတ်ကူးထဲမှာ ဘာတွေ ဖြစ်ကုန်မှန်း မသိ ...။

"ခွင်း ... နင် တိမ်တွေလို ရွေ့လျားနေတာကို ကြိုက်လား"

ဟု မေးလိုက်မိသည်။ ခွင်း က လှည့်ကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုက်တယ်၊ ကြည့်ပါလား၊ ဘယ်လောက်လွတ်လပ်လဲ၊ သွားချင်တဲ့နေရာကို သွားနေကြတာ၊ လောကကြီးတစ်ခုလုံးက သူ့အောက်မှာလေ"

သဘာဝကျပါသည်။ သူနာမညကိုက ခွင်း ပဲ ဟု ရင်ထဲမှာ လက်ခံလိုက်သည်။ မဆီမဆိုင် စောစောက တိမ်ငွေ့တွေက လက်မခံသဖြင့် ခောက်ထိုးမိုးမျှော် ပြုတ်ကျသွားခဲ့သော သစ်ပင်စုလေးကို မြင်ယောင်မိ၏။

ခွင်း က တိမ်မျှင်ခိုးတွေဆိုရင် ကိုယ်က သူ့ကိုမှ မှီတွယ်ချင်တဲ့ သစ်မြစ်တွေလား ...။

ဒီနေ့ထိ မရိုးသားရိပ် လုံးဝမရှိခဲ့ဘဲ နိုင်မြဲတိုင်း နိုင်၊ ခင်မြဲတိုင်း ခင်ခဲ့ခြင်းမှလွဲ၍ ခွင်း ဘက်က ပြောင်းလဲခဲ့တာ ဘာမှမရှိ။ မိန်းကလေးတွေ အများကြီးရှိကြသည့်အထဲမှာ ရာရာမှလွဲ၍ အားလုံးလှကြသည် ဟုလည်း စသလိုနောက်သလိုနှင့် ပြောခဲ့ဖူးသူ။

"နင်တို့ညီအစ်မကလဲ ဆံပင်တွေ တစ်ထွေးကြီးထားတာ တော်တော်ဝါသနာပါတာပဲနော်၊ ဘာလဲ၊ ရောင်းစားဖို့လား"

ပြောတာက ရှိသေးသည်။ ကိုးတန်းမှာ ရာရာ့ဆံပင်တွေက ခါးလောက်နီးနီး ရှိနေပြီဖြစ်၏။ ဆံပင်ကထူတော့ ရှည်တာ ပိုသိသာသည်။

"အသားက ညိုညို၊ ဆံပင်က ကျစ်ဆံမြီးကြီးတယမ်းယမ်းနဲ့ နှုတ်ခမ်းမွေးကလဲ ရှိသေးတယ်၊ နင့်ကိုယ်နင်လဲ ပြန်ကြည့်ဦး၊ ကုလားမနဲ့ တူနေပြီ" တဲ့။

"မျက်နှာဝေါင်းတင်ပါလား၊ မိတ်ကပ်မလိမ်းချင်လဲ ဖောင်ဒေးရှင်းတစ်ခုခုတော့ ပွတ်ထားလို့ရတယ်"

"ဘာမှ မပွတ်ချင်ပါဘူး၊ မလတ် ကပြောတယ်၊ ဒီတိုင်းလေးက ချစ်ဖို့ကောင်းတယ်တဲ့"

"ဒီတိုင်းကောင်းတယ် ပြောမှာပေါ့၊ သူကတော့ ဖြူဥနေတာကိုး၊





နင့်မှာသာ ကုလားချေးရုပ်နဲ့"

ကရုဏာဒေါသလား၊ တကယ် ဒီတိုင်းပဲမြင်နေတာကို ပြောတာလား မခွဲခြားနိုင်ပေမယ့် မလှတဲ့အဖြစ်နဲ့ပတ်သက်ပြီး ခွင်း ပြောတိုင်း ရာရာ နာကျင်ခဲ့ရသည်။ ထိုအခါ မရိုးသားခဲ့မိသည့် သူမ သည်သာ အချိန်တန်လျှင် ရင်တွဲနာကျရမှာပါ။

ခွင်း ရင်ထဲမှာ သူမ တိုးဝင်ငြိတွယ်ရှိနိုင်ဖို့က ဘယ်တော့မှမဖြစ်နိုင်သည့် ကြွေတွဲဖွယ်တစ်ခု ...။

ထိုအခါ တိမ်ပေါ်မှာ အမြစ်မတွယ်နိုင်ခဲ့သော သစ်ပင်လေးဟာ ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ဒီဘက်ကိုကူးလာခဲ့တော့ ဂစ်တာနှင့်သီချင်းသံကြောင့် ရာရာ ခြေလှမ်းတွေက အိမ်ဆီသို့ မဟုတ်တော့ဘဲ ခြံဘက်ကိုပဲ ဦးတည်လာခဲ့၏။ ရိုန်မိုး၏ ပန်းမခူးရ သီချင်းကို ခွင်း က ဆိုနေသည်။ သီချင်းမှာ သူ့ဒသာနတွေ ထည့်ဆိုနေသလား မသိပါ။ သီချင်းသံက အဆိုတော်နှင့်ပင် ခွဲလို့မရအောင် ကောင်းနေသည်။

( ပန်းမခူးရတဲ့ ဆိုင်းဘုတ်လေး × × ဆွဲချိတ်ရုံနဲ့ အဆင်ပြေမလား × × × အပိုတွေ ဘာတွေညာတွေ လုပ်မနေနဲ့ × × အလှစ်ရှပ်မယ် ပန်းအတွက်နဲ့ စိတ်မညစ်နဲ့ ) (တစ်နေ့ မခြွေသော်လဲဘဲ ကြွေမှာပဲ × × သခါရနဲ့ မပြိုင်ချင်နဲ့ × × မဆိုင်ရင် သေားနားက ငြိမ်ငြိမ်နေစမ်း ... ပန်းကလေး နဲ့ ခင်းနဲ့ တခြားစီပဲ × ×)

သီချင်းဆိုနေတုန်းမှာ ရာရာ ရောက်လာတာမြင်တော့ ရပ်ပစ်လိုက်ပြီး မော့ကြည့်၏။

"ပြော ..."

"နင် ဒီနေ့ ဘယ်မှမသွားဘူးလား"

ခွင်း က ခေါင်းခါသည်။ ဂစ်တာကို ရှေ့တိုးပြပြီး အိမ်ပေါ်ကို





မေးဆတ်၍ ...

"ဖေဖေ မီးတောက်နေလို့"

"ဘာလဲ"

"ဒေါသ .."

"လိမ္မာနေတယ်ပေါ့"

"မလိမ္မာပါဘူး။ နားငြီးပြီး သွားချင်ရာသွားပါတော့လို့ တံခါးဖွင့်ပေးအောင်လို့ တီးနေတာ၊ ရှစ်ပုဒ်ရှိသွားပြီ"

ရာရာက ရယ်လိုက်ကာ ခုံတန်းအဖြူလေး၏ ဒီဘက်အစပ်မှာ ဝင်ထိုင်လိုက်သည်။

"ရှုဆိုနေတာလဲ ကောင်းသားပဲ၊ ပြန်တီးပါလား၊ စောစောက သီချင်း"

"မတီးချင်ပါဘူး။ တားတာကိုပဲ ငါက လုပ်ချင်တာ"

"သွားပါ"

ရာရာက နာကြည်းသည့်မျက်ဝန်းလေးများနှင့် မျက်စောင်းထိုး၏။

"သူ့ရည်းစားတွေဆို တီးပြရတာ အမော"

"ဒါကတော့ တူမလား၊ နင်က ငါ့ရည်းစားမှ မဟုတ်တာ"

"မတူဘူးဆိုပေမယ့် ငါကတျော့ နင့်ကို ခင်ခဲ့တာပဲမို့လား၊ တကယ်ပဲ ... ပြောလိုက်ရင် နင့်ပါးစပ်ထဲမှာ ပြောမထွက်တဲ့စကား ဘာမှမရှိဘူး"

ရာရာ ဒေါသဖြစ်သွားမှန်းသိတော့ ခွင်း က ပခုံးတွန့်ပြုံးသည်။

"တင်းသွားလား၊ အဟွန်း ... စကားပြောလွဲသွားတာပါဟာ၊ တီးနေတာ ရှစ်ပုဒ်တောင်ရှိပြီ၊ ဘယ်လိုလုပ် တီးချင်တော့မှာလဲ၊ နောက်တော့ တီးမယ်၊ စိတ်မကောက်နဲ့"

လက်ကိုဆုပ်ကိုင်၍ သူ့ဘက်ပြန်လှည့်အောင် ခွင်း က အတင်းဆွဲလှည့်၏။ ရာရာ က စူပုတ်ပုတ်လေး ဖြစ်နေသည့် မျက်နှာကို ဖြေချလိုက်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါပြောစရာရှိလို့"

"ဘာလဲ ... ပြော"

ခွင်း မျက်နှာကို ရာရာ စိုက်ကြည့်၍ စဉ်းစားမိနေသည်။ မေး လိုက်ရင် ဟိုတုန်းက စကားတွေပဲ ပြောမှာလား။ တစ်မျိုးဖြစ်နေမလား။ ဟိုတုန်းက အရွယ်မရောက်တရောက်မှာ ပြောတဲ့စကား။ ဒီနေ့ ပြော လာသည့်စကားကတော့ ဆုံးဖြတ်ချက်တွေ ဖြစ်နိုင်၏။

"ဟိတ် ... ဘာလဲ၊ ပြောလေ"

"ဘာမှမဟုတ်ပါဘူး။ နင်နဲ့ငါ ငယ်ငယ်က လူကြီးတွေမသိအောင် မိုးကုတ်ကနေ 'ကမ္ဘာ့အံ့ဖွယ်' တောင်ကို သွားခဲ့ကြတာလေ"

"အဲဒါ ဘာဖြစ်လဲ"

ဘာမှမမေးရသေးဘဲ ရင်ထဲမှာနင့်သွားသည်၊ ကိုယ် တယုတယ နှစ်ပေါင်းများစွာ ထုပ်ပိုးသိမ်းဆည်းလာခဲ့ရသော မေမ့ိုးသည့်ဖြစ်ရပ် တစ်ခုဟာ သူ့အတွက် ဘာမှမဟုတ်ပါလား ...။

"အဲဒါကို အိပ်မက်ပြန်မက်လို့လား။ ဆက်ပြောလေ"

တစ်ခုခု ခံစားထိရှသွားပြီဆို ဖြူမြဲဖြစ်သည့်အတိုင်း ရာရာက ကျစ်ဆံမြီးလေးနှစ်ဖက်ကို စုယူကျစ်ထွေးလျက် မျက်လွှာလေး ချစ် သည်။ ထောင့်ချိုးညီနေသည့် အပေါ်နှုတ်ခမ်းလွှာလေးက လွန့်ခနဲ တွန့်ခနဲ လှုပ်ခတ်တုန်ယင်ကာ ...

"အိပ်မက်မှ မဟုတ်တာ"

ဆတ်ခနဲမော့လာပြီး ရန်လိုသလိုလေး ပြောသည်။

"နင့်ကို အိပ်မက်အကြောင်းပြောနေတာမှ မဟုတ်ဘဲ"

"ဒါဆိုလဲ ဆက်ပြောလေ၊ နင့်ကမှ ဘာမှဆက်မပြောတာ"

"ငါ အဲဒီအကြောင်းတွေကို ဒိုင်ယာရီထဲမှာ ရေးထားခဲ့တာလေ"

"ဆက်ပြော"

"မနေ့ကမှ ပြန်ဖတ်ကြည့်ပြီး စိတ်ထဲမှာပေါ်လာတာနဲ့ ခေါင်းစဉ်





လေးတပ်ပေးလိုက်သေးတယ်"

"ဟား ဟား ... နင် တော်တော်စိတ်ကူးယဉ်ဆန်ဆန်အတွေး တွေ ရှိတာပဲနော်၊ ရယ်ရတယ်၊ ငါကတော့ အဲဒီတုန်းကအဖြစ်ကို သတိ ရတဲ့အခါရှိတယ်၊ လွမ်းလို့တော့ မဟုတ်ဘူး၊ ထန့်လို့ ..."

"ဘယ်လို ..."

"ဟုတ်တယ်လေ၊ ကမ္ဘာ့အံ့ဖွယ်တောင်မှာ ငါတို့ကို ညအိပ်ခဲ့ တယ်ဆိုပြီး လူကြီးတွေက ဈေးစဝ်ပေးထားတော့မယ်၊ သတ်မှတ်ပေး ထားလိုက်မယ်နဲ့ မလတ် ခါးခါးသီးသီး ထဖြစ်လို့ပေါ့၊ မဟုတ်ရင် ငါက ကုလားမယောကျ်ားဖြစ်ရဦးမှာ၊ ဟား ဟား ကြက်သီးတို့ ထသွားတာပဲ"

ရယ်သည်။ ကြက်သီးထသလို တွန့်ပြရင်း ရာရာ့ပါးလေးတစ် ဖက်ကို လှမ်းဆွဲ၏။ ရာရာ ဘယ်လိုမှ ဟန်မဆောင်နိုင်ဘဲ ခွင်း လက် ကို ပုတ်ချပစ်လိုက်မိ၏။

"ကောင်စုတ် ..."

မျက်ရည်က ဝေ့ခနဲ ပြေးတက်လာ၏။ ပုတ်ချလိုက်မှ ခွင်း က ပါးကို မဖိမိအောင်ကိုင်ပြီး တဟားဟားရယ်သည်။

"စိတ်ဆိုးသွားပြီ ... တွေ့လား၊ သူ့ကို ကုလားမ ပြောလို့၊ ဟား ဟား ... မျက်တောင်တွေက ရှည်၊ နှုတ်ခမ်းမွှေးက ရှည်နဲ့ ကုလားမ မို့ ကုလားမ ခေါ်တာ နာစရာလား"

"ခွင်းနော် ... နင် ...တဲ ..."

"ဟ ... ဟား ... အာ ... နာတယ်"

ဂစ်တာကိုင်၍ ခွင်း ထပြေးသည်။ ရာရာ အတင်းလိုက်ထုရင်း ပါးပြင်ထက်သို့ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလေသည်။

ရယ်ပါ ခွင်းရယ် ...၊ နင် ရယ်ရတယ်ဆိုရင် ငါ ...ငိုနေပါစေ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၇)

"ဒီပါ၊ သူက မောင့်ညီလေ၊ မာန်ထန် တဲ့"

"ကျွန်တော်က မမနာမည်ကို ကိုကို ပြောပြောနေလို့ ရင်းနှီးပြီး သားပါ"

ကိုယ့်ကျောင်းက ကထိကတစ်ယောက်ပဲ၊ မသိဘဲနေမလား။ ခင်ဒီပါနှင့်ပတ်သက်၍ ကျောင်းသားတစ်ချို့ပါးစပ်များမှာ 'ဆရာမ' သီချင်းတွေ ခပ်တိုးတိုးညည်းနေကြတာ သူ့ရှေ့တင် ..။ ကိုကိုက မိတ်ဆက်ပေးထားမယ်ပြောတော့လည်း သူပဲ ကန့်ကွက်ခဲ့တာဖြစ်သည်။

"ကျွန်တော်က သိနေရင်ပြီးတာပဲ ကိုကို၊ သူက ဆရာမ၊ ကျွန်တော်က ကျောင်းသား။ ကိုယ့်မရိုးလောင်းအနေအထားကြီးနဲ့ သိမထားချင်ပါဘူး"

"ဘာဖြစ်လဲ ညီရ၊ ညီတို့ကို သူသင်တာမဟုတ်ဘူးဆို"

ကိုကို ဘယ်လိုပြောပြော သူက မိတ်ဆက်ဖို့ကိုငြင်းခဲ့သဖြင့် ခင်ဒီပါက သူ့ကို ကိုကို့ညီမှန်းသိမထားခဲ့ခြင်းဖြစ်သည်။ ကိုကို ကျောင်းကို လာလည်း သူက မဆုံဖြစ်ကြအောင် ရှောင်နေခဲ့တာပင်။

ခင်ဒီပါက မာန်ထန့်ကို နည်းပညာတက္ကသိုလ်ကမှန်းသိသွားတော့





တအံ့တဩ။

"ဪ ... ဘီအီးတောင် ရောက်နေပြီကိုး။ တစ်ကျောင်းတည်း နေပြီး တို့က မသိဘူး"

"မောင်က မိတ်ဆက်ပေးချင်တာပါ။ ညီက သူ့သူငယ်ချင်းတွေ စမှာစိုးလို့တဲ့လေ၊ မောင့်ညီက သိပ်တော်တာ ဒီပါရဲ့၊ ဆယ်တန်း ကတည်းက အောလ်ဒီနဲ့အောင်တာ၊ ဆရာဝန် မလုပ်ချင်လို့တဲ့"

ရန်မာန်က ညီ့ပခုံးကိုဖက်၍ သေချာကြွားနေသည်။ ဖြူဖြူသွယ်သွယ်လေးနှင့် နဖူးပြောင်လေး သိမ်းတင်ထားသော ခင်ဒီပါက သိမ်မွေ့စွာပြုံးနေသည်။ မာန်ထန့်ကိုလည်း ရန်မာန်ကဲ့သို့ အလိုလိုက်ချစ်ခင်သော မျက်ဝန်းများနှင့် ကြည့်ခဲ့သည်။

မွေးနေ့ပွဲ၏ စည်ကားပုံက အံ့ဩစရာပင်။ ဒေါ်ညိုမာကလည်း ခင်ဒီပါရောက်လာကတည်းက လက်ကလေးဆွဲပြီး ဟိုခေါ်သွားလိုက်၊ ဒီခေါ်သွားလိုက်နှင့် သည်းသည်းလှုပ်ဖါပဲ။

နောက်တွဲဆံထုံးကို တစ်ပတ်လျှိုပုံစံ ရင်ဘတ်အခြမ်းမှာ ဆံပင်ရှည်တွေ ဖြန့်ချထားသည်ကိုက ခါးလောက်ထိ ရှည်သေးသည်။ ပုစွန်ဆီရောင်ဝတ်စုံလေးနှင့် ကထိက ဆိုသော ပညာဂုဏ်ကလည်းရှိရာ ခင်ဒီပါ့ကို လူတိုင်းက ချီးမွမ်းလို့မဆုံး။

"ဒါ ကျွန်မချွေးမလောင်းလေ၊ ခင်ဒီပါ တဲ့၊ မင်္ဂလာပွဲရှိသေးတယ် နော်၊ လာဖို့မြင်ထား" ဟု ပြောတာတွေလည်း ပါ၏။ ဒေါ်ညိုမာက ကျေနပ်ပီတိတွေ ဖြာနေသည်။ သားကြီးက ကထိက ကို ယက်ထပ်မည်၊ သားငယ်က အလှဆုံးမိန်းကလေးကိုရ၊ ဘယ်ချွေးမမျက်နှာကိုပဲ ကြည့်ကြည့် အမောပြေစရာလေးတွေပဲ ဖြစ်နေမှာပင်။ ဒီပွဲမှာပဲ မင်္ဂလာ ရက်ကို ကြေညာလိုက်ဖို့လည်း ဆွေးနွေးညှိနှိုင်းပြီးပြီဖြစ်၏။

"သမီးလေးက မေမေတို့ကိုတော့ ခေါ်မလာဘူးတဲ့၊ နောင် ဆွေမျိုးတော်ကြရမယ့်သူတွေပဲ၊ စိမ်းလိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဟု အပြစ်တင်မိသေးသည်။ ခင်ဒီပါကို သားနဲ့လက်ထပ်မယ့် မိန်းကလေးအဖြစ် တစ်ခါပဲမြင်ဖူးခဲ့သည်။ မြင်မြင်ချင်းပဲ သဘောကျ လက်ခံလိုက်ကြတာဖြစ်သည်။

နောက်ထပ် ထမင်းစားဖိတ်ခဲ့ပါဆိုတော့ ခင်ဒီပါက မအားတာ အကြောင်းပြ၍ မလာတော့ပေ။ အတင်းခေါ်လွန်းတော့မှ သားက ပြောသည်။

"သူ့အိမ်က လက်ထပ်ဖို့ကိစ္စကို သိပ်သဘောမကျဘူးတဲ့ အမေ၊ အဲဒါက ကျွန်တော်နဲ့ မဆိုင်ဘူး၊ သမီးနှစ်ယောက်ပဲရှိတာဆိုတော့ ခွဲ မနေနိုင်ကြတာနဲ့ အိမ်ထောင်မပြုစေချင်သေးတာမျိုး။ နောက်တော့ ခေါ်ခဲ့ပါ့မယ်"

"အမလေးတော်၊ မေမေ့မှာလဲ သားနှစ်ယောက်တည်းပါပဲ"

ကဲလိုက်တာလို့ ထင်လိုက်မိသည်။ ဒါပေမယ့် ဒေါသမဖြစ်ခဲ့ပါ။ ကိုယ်မစီမံလိုက်ရဘဲ သားကိုယ်တိုင်ရွေးတာလေးက သိမ်မွေ့နူးညံ့ သော ပညာတတ်လေးမို့ ကျေနပ်နေခဲ့သည်။

ဖအေလုပ်သူကတော့ သားကြီးကိစ္စမှာရော၊ သားငယ်အတွက် ဒေါ်ညိုမှာ လုံးပမ်းနေတာကိုရော ဘာမှမတားဘဲနေလိုက်ပေမယ့် မကြည်သည့်မျက်နှာနှင့် ဘယ်ကိစ္စထဲမှ မပါခဲ့ပေ။

နောက်ဆုံး သားကြီးယောက္ခမတော်ရမယ့်သူတွေက ဘယ်သူ တွေလဲ၊ ဘယ်အဆင့်အတန်းလဲဆိုတာတောင်မှ မမေးမြန်းခဲ့။ နေပစေ သားတွေကို ကိုယ်စီမံတဲ့အတိုင်း စီမံခွင့်ရဖို့ပဲလိုတာ၊ နောက်မှ မကျေ နပ်တာတွေ ရှင်းကြရုံပါပဲ။

"ဟော ... နွေတို့သားအမိ လာကြ ... လာ"

မေမေ့အသံကြားလိုက်သဖြင့် သူငယ်ချင်းတွေပြန်မှာကို နှုတ်ဆက် နေသည့် မာန်ထန် ခေါင်းကြီးသွားသည်။ လှမ်းကြည့်လိုက်တော့ ကဗျာက သူ့မဏ်မီခင်တို့ လက်မောင်းတစ်ဖက်ကိုင်ကာ လှုပ်လီလှုပ်လဲ





လေး လျှောက်လာနေ၏။ ခရမ်းရောင်ရင့်ရင့်က စိုလဲ့နေ၏။ ပြီးတော့ ခြေလှမ်းလိုက်တိုင်း ဖြိုးဖြက်လက်နေသည်။

ဆံပင်တွေကို ဒီတိုင်းချထားကာ ပါးပြင်ဝေါ်မှာရော၊ ဆံပင်တွေ ထအစ လက်ခနဲ၊ ပြောင်ခနဲ ဘာတွေမှန်းမသိ၊ ဒါပေမယ့် တော်တော် လှပါသည်။

"သားငယ်ရေ၊ ဒီမှာ လာပါဦး"

သူနဲ့အတူ နေရဲ ကလည်း လှမ်းမြင်သဖြင့် ပြုံးလိုက်၏။

"ဒီလောက်ကံထူးတာကိုများ ရုပ်ကြီးက ဖြစ်သွားတာကြည့်၊ ပြုံးပြုံးရယ်ရယ်သွားလိုက်စမ်းပါ"

ဟု တပ်ပြောသည်။ မကြိုက်တာကို တမင်စပြီး လစ်ထွက်သွားပါပြီ၊

"သူလေ၊ သားငယ်နဲ့စေ့စပ်ထားတာလေ၊ သားကြီး ပြီးတာနဲ့ သူတို့ကို လက်ထပ်ပေးမှာ"

ကြေညာပြန်ပြီ ...။ မာန်ထန့်မျက်နှာက စောစောနှင့်မတူဘဲ စိတ် ရှုပ်ထွေးခြင်းတွေ ချက်ချင်းဖြစ်လျက် ဖေဖေကြည့်နေသည့်ဆီ လှမ်း ကြည့်လိုက်မိ၏။ သူကြည့်လိုက်မှ ဖေဖေက ဟိုဘက်လှည့်သွား၏။ ဝေါ်လွင်တာကို ဒီမိန်းမ သိပ်ကြိုက်သည်၊ မှန်နေ၊ ညက်နေမှ ဇနီး ခေတာင်းဖြစ်နိုင်သည်ဟု ထင်သလား။

ခင်ဒီပါ ဆိုတာလေးကတော့ မဆိုးပါ၊ ဒါက သားကိုယ်တိုင် ရွေးတဲ့ချစ်သူ၊ လကဗျာ ဆိုသည့် မိန်းကလေးကိုတော့ ဘယ်လိုမှ သဘောမကျနိုင်။ အိမ်ချင်းကလည်း ဝေးတာမဟုတ်၊ ဘယ်လိုနေထိုင် သွားလာတတ်တာကအစ မြင်နေ တွေ့နေရတာပဲ၊ ပြီးတော့ ဖော်ရွေ ပတ်ဝုံရသည့် နှုတ်ခမ်းတို့ကိုလည်း မကြိုက်၊ ဘယ်သူ့ကိုကြည့်ကြည့် ဒီနှုတ်ခမ်းက ဖောဖောသီသီ ပြုံးပြနေဖို့ လိုလို့လား။

မွေးနေ့ပွဲက မင်္ဂလာပွဲကြီးနှင့် တူသွား၏။ ရွှေမလောင်းနှစ်ယောက် တို့ မိတ်ဆက်ပေးရင်း မင်္ဂလာရက်ပြောရင်းနှင့် ....။



www.burmeseclassic.com

www.burmeseclassic.com



"ညိုက သိပ်ကံကောင်းတာပဲ၊ ချွေးမတွေက အချောအလှတွေနော်"

"ဘယ်လိုရွေးယူလိုက်တာလဲ မမညိုရယ်၊ ချောလိုက်ကြတာ"

ဆိုသည့်အသံတွေကို ဂုဏ်ယူကျေနပ်လို့မဆုံး ...။ ဦးကျော့ရှိန်နှုတ်ခမ်း မသိမသာ မဲ့၏။

ဒီမိန်းမတော့ ပါးစပ်ကြီးဖြဲရလွန်းလို့ နားထင်ချိတ်သွားဦးမည်။

✿ ✿ ✿





အခန်း (၁၈)

နိုင်းပြန်ပြီ ...။

စာကိုကိုင်၍ မျက်နှာလေးပျက်သွားသည်။ နိုင်းတာကို လုပ်မပေးချင်လို့မဟုတ်ပါ။ သူ နိုင်းလိုက်လို့သွားရတိုင်း ခွင်း က နိုင်းလိုက်တာလို့ ခေါင်းခေါက်စရာမလိုဘဲ သိနေကြ၏။

(ချွေးကလေးလို ကြိုးနဲ့ဆွဲကာ ခေါ်သွားမလား .....)

သီချင်းစောင်းဆိုပြီး ရယ်ကြတာကို သတိရတော့ လုပ်ပေးရမှာ နှံလေးသွားမိခဲ့သည်။

( .... အိုး ... နိုင်းစမ်းပါ × × × ညာတာတွေ ရိုးနေပြီပေါ ....)

သီချင်းကို တခေါ်တကာ သိသာအောင် ပြင်ဆင်ဖြည့်စွက်ထားကြသေးသည်။

"သွားပါ ရာရာရယ်၊ နင်က အရင်လိုကို မဟုတ်တော့ဘူး။ ကိုယ့်သူငယ်ချင်းကို ကူညီရတာ ဘာဖြစ်သွားမှာမို့လို့လဲ"

"မကူညီချင်လို့မဟုတ်ပါဘူး ခွင်းရာ၊ နင်က မသိဘူး"

"သိပါတယ်၊ နင့်သူငယ်ချင်းတွေ သွေးထိုးစကားနဲ့ နင်ကိုယ်တိုင်က ငါက နင့်ကို ကျော်ပြီး နိုင်းနေတယ်လို့ ထင်တယ်မို့လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူးဆိုမှ"

မိန်းကလေးချင်းပြောကြတာက ရိုးနေပါပြီ၊ ယောကျ်ားလေးတွေ ပြုံးစိစိနဲ့ကြည့်ကြတာကို ရှက်တာ ...။ 'ဒီကောင်မလေး ပိုးကြေးဝန်းကြေးနဲ့ လုပ်ပေးနေရှာတာ၊ သနားပါတယ်' လို့ ဖွင့်မပြောရုံတာမယ်။

"နင့်ချစ်သူ စိတ်ကောက်နေတာ၊ နင့်ဘာသာချော့ပါလား ခွင်း"

"ချော့ပြီးပြီ၊ အဲဒါ ငါလွန်သွားလို့ ချော့လိုက်တာ၊ မယ်တော်က စိမ်းမလို ဝါမလိုနဲ့ ဗညာတွေသုံးနေတာ"

ရည်းစားချော့ဖို့ကြိုးစားနေသည့် မျက်နှာက ခပ်ယလ ဖျာလောင်တာမျိုးမဟုတ်ဘဲ အေးစက်စက်ဒေါသတွေနှင့် ...။

"သွားပေးလိုက်ပါ၊ အဲဒီစာတစ်စောင်က နောက်ဆုံးပဲ၊ သူ့ကိုငါ ဒီလောက်ချော့နေတာ၊ တမ်းတမ်းစွဲနေလို့မဟုတ်ဘူးဆိုတာ သိစေရမယ်"

"ဟင် ... ဘယ်လို"

"ဟွန့် ... ငါ မချစ်တတ်ဘူးဆိုတာ သူမသိသေးဘူး။ သိအောင် ငါ့မှာ ပြောဖို့တွေရှိပါတယ်"

"ခွင်း ... ဒီစာက နင်ပြန်ဆက်ဖို့ တောင်းပန်ထားတာမဟုတ်ဘူးလား"

"ဟုတ်တယ်၊ ဒါနောက်ဆုံးလို့ ပြောတာ၊ သူက ဆောရီးဆိုရင် ငါကလဲ မကျန်ခဲ့ဘူးဆိုတာကို ပြမှာ၊ ငါ့အကြောင်းနဲ့ငါပါ။ နင် အဲဒါကို ပေးရင်းပြောခဲ့ဦး၊ စာဖတ်ပြီး တစ်ခါတည်း အကြောင်းပြန်ပါလို့၊ ရက်စ်အော်နီး တစ်ခုခု ..."

"ဟဲ့ ... မိန်းကလေးဆိုတာ ...."

"ပြောတာကို နားထောင်သွားစမ်းပါ၊ ရည်းစားမထားဖူးဘဲနဲ့ ဆရာလာမလုပ်ပါနဲ့၊ သူ့ကိုပြောခဲ့၊ ကိုယ်တိုင်လာပြော ဘာညာနဲ့ ထပ်မရစ်နဲ့၊ ခေါင်းညိတ်မလား၊ ဟင့်အင်းလား ဒါပဲသိချင်တာလို့"

ပြောပြီး ရာရှုကို ဆွဲထုသည်။ သူက ခုံတန်းရှည်မှာ ထိုင်ချလိုက်၏။ ပြီးတော့ ပြောသည်။





"သူတို့ ကင်န်တင်းမှာ ရှိတယ်" တဲ့။

စာကို လက်ထဲမှာ ကျစ်နေအောင်ဆုပ်ရင်း ခွင်း ပြောတဲ့အတိုင်း ကဗျာ့ဆီကို ထွက်လာခဲ့မိသည်။ ကဗျာက ဘယ်သွားသွား၊ ဘယ်မှာနေနေ အနည်းဆုံး သုံးယောက်အုပ်စုတော့ ရှိနေတတ်သည်မို့ ကင်န်တင်းကို လှမ်းမြင်ရသည်နှင့် အဖွဲ့လိုက်၊ အစုလိုက် ထိုင်နေကြသည့် စားပွဲအသီးသီးကို မျက်လုံးက ပြေးလွှားရှာဖွေမိ၏။ ဘယ်ကင်န်တင်းကို ပြောတာပါလိမ့်။

ယားတာမဟုတ်ဘဲနှင့် လက်က နဖူးကိုခြစ်မိလိုက်၊ လည်ပင်းကုတ်လိုက်နှင့် စိတ်ထဲမှာ အိုက်လာသည်။

ကဗျာရယ်၊ ခွင်းရယ်၊ သူမနဲ့ သုံးယောက် နှစ်ခါလောက်တော့ တစ်နေကုန်နီးပါး လည်ပတ်ခဲ့ကြဖူးသည်။ ဒါပေမယ့် မရင်းနှီးပေ။ စကားပြောကြရင်း ပြုံးပြမိကြတာရှိသည်။ ခေါင်းညိတ်၊ ခေါင်းခါ တစ်ခွန်းစ၊ နှစ်ခွန်းစ မေးထူးခေါ် ပြောရှိဖူး၏။

ဒီလောက်နှင့် အခုလာရင်းကိစ္စမှာ စကားကောင်းကောင်းပြန်ပြောပါ့မလား ...။ ဘာဖြစ်ကြမှန်းမသိသော်လည်း ခွင်းနဲ့ကဗျာ ပြဿနာတော့ ရှိလိမ့်မည်၊ အကယ်၍ လူလယ်ခေါင်မှာများ မဖွယ်မရာပြောလိုက်လျှင် ....။

"အမေ့ .."

အခုံတွေများပြီး ရှေ့ကသွားနေသည့် ကျောင်းသားတစ်ယောက် ခေါင်းကို တိုက်မိလေသည်။

"ဟာ ..."

တစ်ယောက်ကလှည့်ကြည့်ပြီး ဘေးကနှစ်ယောက်ကလည်း လှည့်လာသည်။

"ဟို .. ကန်တော့နော် ... ကန်တော့၊ မတော်လို့ပါ"

"သြော် ..."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ကပြောပြီး ချက်ချင်း စပ်ဖြဲဖြဲဖြစ်သွားသည်။ အဆော် တွေကိုပါလှမ်းကြည့်ပြီး ဝခုံးတွန့်၏။

"တစ်ယောက် မပါပါလား၊ လိုက်ရှာနေတာလား"

"ဟုတ်မှာပေါ့၊ မင်းကလဲ"

"အဲဒါ မဖြစ်နိုင်ဘူး။ တစ်ယောက်တည်းတွေ့ရရင် တစ်ယောက် တည်းသွားဖို့လိုတဲ့ ကိစ္စမို့လို့နေမှာပေါ့၊ ဖြစ်နေကျပဲဟာ၊ မသိဘူးလား မင်းတို့ကလဲ"

စကားသံတွေက လူတွေသာထွက်သွားပြီး ကျောနောက်မှာ ချ ထားရစ်ခဲ့၏။ အားကြိုးမာန်တက် ရှာဖွေပြေးလွှားနေခဲ့သည့် ရာရာ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့ခနဲ တက်၏။

မရှက်တတ်လို့မဟုတ်ပါ၊ အမှတ်မရှိဘူးပဲပြောပြော၊ ဒီလိုပြောပြ တာတွေကို ရှောင်မလား၊ ခွင်း စိတ်ဆိုးသွားတာကို ခံမလားဟု နှိုင်း ယှဉ်တွေးမိလျှင် ဘယ်လိုမှ ရင်မဆိုင်ရဲတာက ခွင်း မုန်းသွားမှာ ဖြစ်နေသည်။

ရာရာ မျက်နှာမော့၍ မျက်တောင်ရှည်တွေကို ချက်ချင်း ပု ခတ်ပစ်လိုက်သည်။ ငိုချင်လာသည့်စိတ် အနည်းငယ် လျော့ပါးသွား သည်နှင့် အဖြင်ကင်နံတင်းဘက်ကို ထွက်လာခဲ့မိသည်။

လမ်းမကို ဖြတ်မကူးခင်ကတည်းက လှမ်းမြင်လိုက်သည် ကင်န်တင်းမှာ ထိုင်နေတာက ကဗျာတစ်ယောက်တည်း မဟုတ် ဒါပေမယ့် မိန်းကလေးသူငယ်ချင်းတွေလည်းမဟုတ်ဘဲ ယောက်ျ တစ်ယောက်နှင့်ဖြစ်၏။

ကြက်သွေးရောင် ဝတ်ထားသည့် ကဗျာ့ပုံစံက လည်တိုင် ဝင်းလက်နေသည့် ဖန်စီပုတီးကုံးနှင့်မို့ အနားပြေးကြည့်ချင်လာအော ဖမ်းစားနိုင်နေ၏။ "

ရာရာကတော့ ကဗျာ့ကို ရှာနေတာမို့ လှမ်းမြင်လိုက်သည်နှ





ဝမ်းသာသွားကာ ဟိုဘက်ဒီဘက် ကားသွားကားလာကိုကြည့်ပြီး ဖြတ် ကူးသွားလိုက်၏။

ကဗျာက ဒီဘက်ကိုလှည့်နေတာမို့ ကိုယ်လာတာကို မြင်နေမှာ ပါ။ ပြီးတော့ ခွင်း တစ်ခုခုခိုင်းလိုက်တာမှန်းလည်း သိမှာပဲဖြစ်သည်။ ကြည့်နေပုံထောက်လျှင် ခွင်း ထံမှ တစ်စုံတစ်ရာကို သူမလည်း မျှော် နေတာဖြစ်နိုင်၏။ ကိုယ့်တွက်ကိန်းနဲ့ကိုယ် ခြေလှမ်းက ပိုသွက်၏။

တကယ်တော့ အခြေအနေ အတိမ်အနက်ကို ရာရာ ချိန်ဆမကြည့် မိတာဖြစ်သည်။ ကဗျာနဲ့အတူတူရှိနေတာ ဘယ်သူဆိုတာသာ သိခဲ့ လျှင် ......။

"ကဗျာ .."

ဆိုင်၏မျက်နှာစာ၊ ထောင့်စားပွဲမို့ ရာရာက ကဗျာ့ရှေ့မှာရပ်လိုက် သည်နှင့် စာကို တင်းခနဲ ဆုပ်လိုက်သည်။ စောစောကလည်း နောက် ကပဲမြင်ရကာ ခုလည်း သူမကပဲ ကျောခိုင်းထားမိတာမို့ ထိုင်နေသူ ကို ငုံ့လည်းမကြည့်မိပါ။

"ဘာကိစ္စလဲ ရာရာ"

ကဗျာ့မျက်နှာက အထင်မြင်သေးခြင်း၊ ဒေါသဖြစ်ခြင်း၊ စိတ် မရှည်ခြင်း ခံစားချက်ပေါင်းစုံနှင့် နီမြန်းမြန်းဖြစ်နေသည်။ ရာရာ အကဲ ခတ်မိပါလျက်နှင့် ခွင်း ကိုစိတ်ဆိုးနေတာပဲ၊ ဒီလောက်တော့ ရှိလိမ့် မည်ဟု တွက်ပြီး စာကို သူမ မျက်နှာရှေ့ လှမ်းပေးကာ ...

"ခွင်း က စာပေးခိုင်းလိုက်တယ် သိလား"

ကဗျာ က သိသာစေသည့်အကြည့်နှင့် မျက်ခုံးနှစ်ဖက်ကို စုတွန့် ခဲ့သည်။ ရာရာ ပြုံးထားရသည့်မျက်နှာလေး ပျက်သွားကာ နည်းနည်း တော့ တုံ့ဆိုင်းသွား၏။ သို့သော် ခွင်း က ဘာတဲ့လဲ ဟု ဆီးမေးလျှင် ပြနိုင်ဖို့က ပြောစရာရှိတာကို ပြောမှသာ ကဗျာ့ထံမှ စကားရမည်မို့ ...

"စာကိုလေ ... စာကို ကဗျာ ဖတ်ပြီးရင် ..."



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အသူရာ ..."

ကဗျာက စူးစူးရဲရဲကြည့်ပြီး နေရာမှ ထရပ်လိုက်သည်။

"အသူရာ ဆိုတဲ့နာမည်ကို ဘယ်လိုအဓိပ္ပာယ်ကောက်ပြီး ပေးထားလဲမသိဘူး။ ယူကတော့ တိမ်ထုပဲ"

"ဘာ ..."

ရာရာ နားမလည်ပါ။ ကဗျာ့မျက်နှာက ဒေါသများသည် ရှူးရှူးရှားရှား ထမြည်တော့မတတ်ပင်။

"တိမ်ထုဆိုတာ သိလား၊ အတွေးတိမ်တာကို ပြောတာ၊ ဝါးနပ်ရှု မရှိလို့ ထုတယ်လို့ပြောတာ၊ အဲဒါကြောင့်လဲ ယူ့ကို ခွင်း က မြင်းလှည်းစီးနေတာထင်တယ်၊ လူစစ်စစ်ဖြစ်ပြီး နဖားကြိုးထိုးခံနေတာ"

"ကဗျာ ..."

တုန်လှုပ်ချောက်ချားခြင်းက နေရာမှာတင် လဲပြိုကျမတတ်ပင် နား မျက်စိ နှာခေါင်း အားလုံးမှာ ဘာတွေပိတ်ဆို့ကျပ်ခဲလာမှန်းမသိ အသက်ရှူတွေကျပ်လျက် မျက်လုံးထဲမှာ မြင်ကွင်းတွေအားလုံး ပျောက်ကွယ်သွား၏။ ကဗျာ့မျက်နှာက ရှေ့ကို ပြားပြားကြီးတိုးလာသလိုလို၊ ရှည်မျောမျောကြီး ပြန်ဆုတ်သွားသလိုလို ...။

"ဟွန်း ...သူ့စာကို ယူလာပေးတဲ့တွက် သူ့အစား ယူ့ကို တို့က ပါးရိုက်မယ်ဆို ခံမလား။ ကိုယ်စားလေ၊ ခွင်း အတွက်ဆို ဖြစ်တယ်မို့လား"

"မဟုတ်ဘူး။ ကဗျာ ... သူက ... တို့ ..."

စကားလုံးတွေက တုန်ခါမှုကြောင့် ဟိုတစ်စ ဒီတစ်စ ထွက်၏၊ ဘာပြောရမှန်းလည်း မသိ၊ ပြောမိတော့ အဆင်မပြေ၊ လက်ဖဝါးနှစ်ဖက်ကို မိုကိုးရာမဲ့သလို ဖိဆုပ်ပစ်လိုက်တော့ စာက လက်ထဲမှာ တစ်ဝက်ကြေသွားသည်။

"ခွင်း ဘာမိုင်းမိုင်း လုပ်ပေးချင်နေတာ၊ ယူမှာ ဘာတွေ ..."

"ကဗျာ ... ကဗျာ အဲဒီလိုမပြောပါနဲ့"





ရှက်လွန်းသဖြင့် မျက်ရည်တွေ မိုးရွာသလို ပြိုကျလာကြ၏။ ကဗျာက စာကိုငုံ့ကြည့်ပြီး ပုတ်ချပစ်လိုက်၏။ အဝေးကိုမဟုတ်ဘဲ စားပွဲဘေးမှာပဲ စာက ရှုရှုလေးကျသွား၏။

"ခွင်း လာရမယ့်ကိစ္စကို ... ယူက ..."

"တော်လောက်ပြီ ကဗျာ"

အက်ရှသည့် ယောကျ်ားသံရှစ်သံက ကြားဖြတ်ဝင်လိုက်၏။ ပြီးတော့ ထရပ်လိုက်သော မြင့်မားသည့်အရပ်က ရာရာ့ဘေးမှာ အရိပ်နိုလိုက်သလို ဖြစ်သွားသည်။ ဒီတော့မှ မော့ကြည့်လိုက်မိသည့် ရာရာ့မျက်လုံးထဲမှာ မိုက်ခနဲ ဖြစ်သွားခဲ့၏။

မာန်ထန် ...။

ရုပ်အကျီလက်ရှည် အဖြူရောင်၊ ပုဆိုးအပြာကွက်စိပ်နှင့် ...။ သုံးယောက်သား တြီဂံပုံ ရပ်လိုက်မိကြသည်။ ကပ်လျက်စားပွဲများမှ ကျောင်းသားတစ်ချို့က လှမ်းကြည့်နေကြ၏။

"မင်း ဒီစာကို လက်ခံတယ်ဆိုရင် ယူထားလိုက်၊ မလိုချင်ဘူးဆိုရင် ငြင်းလိုက်ရုံပဲ၊ သူများကို ချိုးချိုးဖွဲ့ဖွဲ့ ဘာ့ဖြစ်လို့ပြောနေတာလဲ"

ကဗျာသည် သူမ မျှော်လင့်အထင်ကြီးနေသူရှေ့မှာ ရည်းစားထံမှ စာပေးခံရသည့်အဖြစ်အတွက် မရှုနိုင် မကယ်နိုင်ဖြစ်နေပေမယ့် ဒေါ်တင်ပဲ ပြောရဲခဲ့၏။

ဘာပဲဖြစ်ဖြစ် ခွင်းနဲ့သူမ တွဲနေတာကို အားလုံးသိကြပြီးဖြစ်သလို မာန်ထန်လည်း မြင်တာမို့ တွဲဖြစ်ကြတာကိုတော့ မတွဲဘူးလို့ညာလို့ရ၊ ရည်းစားဆိုတာတော့ မသိခဲ့ပေ။ အခု အလိမ်ပေါ်သလို ဖြစ်သွား၏။ ဝန်ခံဖို့ရှိတော့လည်း ဝန်ခံရုံပဲရှိတော့သည်။

ဒေါသတွေက ပြဿနာလာရှုပ်သည့် ရာရာ့အပေါ်မှာပဲ စုပြုံကျပြီး မာန်ထန် ကာကွယ်လိုက်တာကို စူးစူးရဲရဲ ပြန်ကြည့်၏။

"ဒီ့ထက်ပိုပြောသင့်တာ၊ ပါးရိုက်လွှတ်ဖို့ကောင်းသေးတာ သိလား၊

www.burmeseclassic.com



အဲဒီတစ်ယောက် ကဗျာကို သက်သက်လိုက်ရှုပ်တာ၊ ဘာမှန်းမသိ၊ ညာမှန်းမသိ ကျောသပ်ခိုင်းတိုင်းလုပ်တဲ့သူကို လွှတ်ပြီး ....”

“ကဗျာ ... မင်းတော်တော့လို့ ပြောနေတယ်၊ ညီမ ... မင်းလဲ ပြန်တော့”

ပြန်မလို့ပါပဲ၊ ခြေထောက်တွေက ရွေ့လို့မရ၊ ဒူးနှစ်ဖက်ဆတ်ဆတ်တုန်ကာ လက်ဖျားတွေလည်း ဆုပ်လို့မရတော့ပေ။

“ဟွန်း ... ဟုတ်ပါတယ်၊ ကဗျာကပဲ နိုင်ငံထက်စီးနင်းပြောတာပါ။ ရတယ်၊ အဲဒီကိစ္စ ကဗျာဘာသာသွားရှင်းမယ်”

ကဗျာက လွယ်အိတ်ကို ဖြစ်သလိုဆွဲယူသွားပြီး ဆောင့်အောင့်ထွက်သွားသည်။ ရာရာ နောက်ကိုလှည့်လိုက်၏။ ကင်န်တင်းတစ်ခုလုံးမှာရှိသမျှလူတွေ ကိုယ့်ကိုကြည့်နေမှာပဲဆိုတာ သိသည်။ မျက်ရည်မစဲသည့် မျက်လုံးထဲမှာ မျက်ရည်စက်တွေ ခုန်ဆင်းပြိုကျသွားခြင်း၊ ပြည့်တက်လာခြင်း စသည့်အကြောင်းနှစ်ရပ်ကြောင့် လမ်းက ကြည်လင်သွားလိုက်၊ ဝေဝါးသွားလိုက်နှင့် ခုန်ပေါက်နေသည်။

လမ်းကူးဖို့ နေရာမှာရပ်လိုက်ပြီး ဖြတ်ကူးဖို့လည်း မေ့နေခဲ့၏။

“ဟိတ် ...”

တစ်စုံတစ်ယောက်၏ ဆောင့်ဆွဲလိုက်ခြင်းခံရကာ နားထဲမှာလည်း ကားသံက ဆူညံသွားသည်။

“မကူးသေးဘူးဆိုရင် နောက်ဆုတ်ရပ်မှပေါ့ကွ”

ဖိဆုပ်ထားသည့်လက်ကို မလွှတ်သေးဘဲ ပြောလိုက်တော့ လက်ကိုဆွဲလိုက်တာ မာန်ထန် မှန်း ရာရာ သိလိုက်ရသည်။

“ကင်န်တင်းမှာ ခဏပြန်ထိုင်မလား အသူရာ”

ကိုယ့်နာမည်ကိုခေါ်လိုက်တော့ ရုက်သွေးကြောင့် ဖျင်းခနဲ ဖြစ်၏။

“အသူရာ ဆိုတဲ့နာမည်ကို ဘယ်လိုအဓိပ္ပာယ်ကောက်ပြီး ပေးထားသလဲတော့ မသိဘူး၊ ယူကတော့ တိမ်ထူပဲ”





ကဗျာ ပြောတာကိုကြားပြီး သူ့ နာမည်သိသွားတာပေါ့။

“ကျေးဇူးတင်ပါတယ်”

ရာရာက သူ့လက်ကို ဖယ်ကျသွားအောင် လက်မောင်းလေးကို ရှေ့လွှဲနောက်လွှဲလုပ်၍ ရုန်းသည်။ ဘယ်လိုမှ မလွှတ်မြောက်ပါ။ မာန်ထန် က ဖိဆုပ်ထားလျက်နှင့် ...

“ကျောင်းထဲပြန်ဝင်မယ်ဆို၊ လာ ... သွားမယ်”

ထိုနေ့က ကျောင်းဝင်းတံခါးထဲထိ သူက လက်ကိုဆွဲလျက်ပါလာ၏။

“ဟော ... လွဲကုန်ပြီထင်တယ်”

တီးတိုးရယ်သံတစ်ဝက်နှင့် လှမ်းစကြ၏။ ကြည့်လိုက်တော့ ကိုယ့်အတန်းထဲကကောင်တွေပဲ ဖြစ်သည်။ အထူးသဖြင့် သူမကို မဲ့ရွဲ့စောင်းပြောသမျှ ကိုယ့်အတန်းသားတွေထဲကပဲ များပါသည်။ ငါ့ညာ ဘေနာရမှန်းလည်း မသိကြပါလား ...။

နောက်ထပ် သူ့ကို ဘာစကားမှလည်း မပြောနိုင်တော့ပါ။ လက်ကိုပဲရုန်းပြီး ကသုတ်ကရက် ဝင်လာခဲ့မိသည်။ ရိုင်းသွားပြီလား၊ ရင်ထဲမှာရော၊ မျက်ဝန်းမှာပါ မိုးရွာနေဆဲ ...။

ခွင့်လွှတ်ပါ မာန်ထန် ...၊ ရာရာ ဒီတစ်ခါပဲ ရိုင်းမိဖူးပါတယ် ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"မုန်းတယ် သိလား၊ ခွင်း ကို အရမ်းမုန်းတယ်၊ အဲဒီတစ်ယောက်နဲ့ တို့က ပြောမိလို့ ခွင်း နဲ့ စကားများခဲ့ကြတာ၊ မခိုင်းပါနဲ့ မခေါ်ပါနဲ့တော့လို့ ပြောထားတဲ့သူကိုမှ ..."

"ကိုယ်ကလဲ မင်းသံသယရှင်းအောင် စာပေးခိုင်းလိုက်တာပဲ ကဗျာ၊ သူက တို့ရဲ့ ထာဝရသူငယ်ချင်း၊ ဘယ်သူကမှ ဒီလိုဒီလို မပြောခဲ့ဖူးဘူး၊ မင်းကျမှ မယုံသင်္ကာဖြစ်နေတာ"

နှစ်ယောက်က ရှင်းလို့မပြေလည်နိုင်၊ ရာရာ့ကိုလွှတ်လိုက်ပြီး ထိုနေရာမှာပဲ ခွင်း စီးကရက်ထိုင်သောက်ရင်း ကျန်နေခဲ့သည်။ ကဗျာက လွယ်အိတ်တစ်ဖက်ဆွဲလျက် ခြေဆောင့်နင်းပြီး ရောက်လာ၏။

"မာန်ထန် ရှိနေလို့ ကဗျာ့ကို သက်သက်လာဖွဲ့တာလား"

"ခွင်း ကိုယ်တိုင် ချော့မော့တောင်းပန်ဖို့ မထိုက်တန်လို့လား"

"ဘာဖြစ်လို့ ကြည့်မရပါဘူးဆိုတဲ့ အဲဒီတစ်ယောက်ကို လွှတ်လိုက်တာလဲ"

မေးတာတွေက ရေပက်မဝင်နိုင်ပေ။ လက်သီးနှစ်ဖက်ဆုပ်အော်လို့ အားရမှ လွယ်အိတ်ကို သူ့ဘေးမှာ ပစ်ချလိုက်ပြီး တတ်





ခေါက်လေသည်။ ထိုအခါကျမှ ခွင်း က ထရှင်းပြတာဖြစ်သည်။

"ရာရာနဲ့ကိုယ့်ကို မင်းထင်တာ အဓိပ္ပာယ်မရှိဘူး၊ အဲဒါကြောင့် နောက်တစ်ခါ မင်းကို ခယတောင်းပန်ဖို့ ကိုယ့်မှာ စကားလုံးရှားနေပြီ ကဗျာ၊ အခု မင်း ဘာလဲ၊ ရန်လာတွေ့တာလား၊ စာရော ဖတ်ပြီးခဲ့ပြီလား"

"ရှင့်ကို ဆယ်ချက်လောက်ရိုက်ပြီးမှ ခွင့်လွှတ်ချင်တယ်ဆိုရင်ရော"

"ခုလား ..."

ခွင်း က ပြုံးတေ့တေ့နှင့် စီးကရက်ကို ပစ်ချသည်။ ဖိနပ်ဦးထိပ်နှင့် ဖိလိမ့်နင်းပစ်ပြီးမှ ဘေးကို တစ်ချက်ငဲ့ကြည့်၏။

"ကောင်းသားပဲ ကဗျာ၊ ရိုက်လေ၊ ဒါမေမယ့် မှူမှူတတ ကိုယ်က ယူတတ်တယ်နော်၊ ခုရှုပ် ခုရှင်းပဲ"

"တောက် .."

ကဗျာ တက်ခေါက်သည်။ ထိုယောကျ်ား၏ မထိတထိအပြုံးကို ချောင့်မရဲစိုက်ကြည့်ရင်း နောက်ပြန်မလှည့်နိုင်ခဲ့သော သူမ ခြေထောက်တွေကြောင့် အမုန်တကယ် ကျရှုံးသွားခဲ့ပြီကို သိလိုက်၏။

"ရှင့်ကို .. ရှင့်ကို သိပ်မုန်းတယ်သိလား"

"တကယ်ဟုတ်လို့လား ကဗျာ"

မျက်ဝန်းလေးတွေကို စူးစိုက်ကြည့်ကာ ဂရုမစိုက်တတ်သည့် အတ်တစ်ဖက်က ကဗျာ့လက်ကောက်ဝတ်လေးကို လှမ်းဆွဲပစ်လိုက်သည်။ ကဗျာ့ကိုယ်လေး နွဲ့ခနဲ ပစ်ကျလာ၏။ ပခုံးလေးကနေ အသာလေး ဆိုင်းဖက်ထားလိုက်ပြီး ခွင်း က ရယ်သည်။

"မင်းက သိပ်အပင်ပန်းခံလွန်းတယ် ကဗျာ၊ မင်းထင်သလို ဆန်ထန်ကို ပြုင်ဆိုင်ချင်လို့၊ တခြားရည်းစားတွေလိုပဲ ထားခဲ့ချင်လို့ဆိုတာတွေ ဘာမှလျှောက်မတွေးနဲ့၊ ရာရာနဲ့ကိုယ်ကလဲ လုံးဝရိုးသားသယ်၊ ဘာဖြစ်လို့ သူ့ကို စိတ်ကူးရမှာလဲ၊ မင်းလောက်မှ မလှတာ"

"အဲဒါ ..."



www.burmeseclassic.com

www.burmeseclassic.com



"မင်းတောင်မှ မာန်ထန့်ကို ဂရုမစိုက်ဘဲ ကိုယ့်ကိုချစ်ခဲ့သေးတာ၊ အဲဒီအချိန်တုန်းကတည်းက မင်း ကိုယ့်ကို ဘယ်လိုချစ်တာလဲလို့ ကိုယ်မေးခဲ့ဖူးလား"

ကဗျာက အတင်းပြန်ရုန်းသည်။ ခွင်း က အံကြိတ်၍ ဆွဲချုပ်ဖက်ထား၏။

"မင်း ကိုယ့်ကို တွဲခဲ့တာ၊ မာန်ထန့်ကို ရွဲ့တာဖြစ်ဖြစ်၊ အပျင်းပြေကစားချင်တာပဲဖြစ်ဖြစ် ကိုယ်ကျေနပ်ပေးခဲ့တယ်လေ၊ အဲဒါတွေကို ကိုယ် ဘာများမေးခဲ့သလဲ ပြော"

ကဗျာ ငြိမ်သက်သွားသည်။ စိုစွတ်လာသည့် မျက်ရည်စတို့ကို ခွင်း က သုတ်ပေးကာ ...

"မင်း ကိုယ့်ကိုချစ်သွားပြီမို့လား၊ ကိုယ်လိုချင်တာ အဲဒါပဲ"

ကဗျာ ဆတ်ခနဲ တုန်သွား၏။ ရုန်းဖို့ အားယူကြည့်ပေမယ့် မရ။

"မဆုံးသေးခင် အစမှာပဲရပ်ပြီး နောက်ပြန်ရှော်ကြည့်တာ မကောင်းဘူး၊ မင်းနဲ့ကိုယ် ဆက်လျှောက်ကြမယ်၊ ဘယ်လိုလဲ၊ နောက်ထပ် သံသယတွေနဲ့ ရန်မဖြစ်ကြေးလေ"

သူ ဆုံးဖြတ်ပေးလိုက်တာမဟုတ်သော်လည်း ကဗျာ မငြင်းနိုင်ခဲ့ပါ။

သူ့ကို ကျွန်မ ကျရှုံးခဲ့၏။

❀ ❀ ❀





အခန်း (၂၀)

"ဘာ ... ဘာပြောတယ် သားငယ်"

ဒေါ်ညိုမာ အလန့်တကြား အော်၏။ သတင်းစာဟောင်း ရှာနေသည့် ခြောက်ထပ်စင်မြင့်ကြီးထက်က ဦးကျော့ရှိန် စိတ်ဝင်တစားသုန်းကြည့်သည်။ မာန်ထန်နှင့်အတူတူထိုင်နေသည့် ရန်မာန်ကတော့ အံ့ဩသလို ဆတ်ခနဲ ငုံ့ကြည့်ပြီး ပြုံးတုံ့တုံ့နှင့် မျက်လွှာချပစ်သည်။

"ကဗျာ့ကို လက်မထပ်နိုင်ဘူး ... ဟုတ်လား၊ မေမေ နားကြားမှားတာလားဟင်"

ဒီကိစ္စနဲ့ပတ်သက်ပြီး ဖေဖေ့ကို အမြဲတမ်း အနိုင်နှင့်ပိုင်း၍ ပြုံးနေခဲ့သည့် မေမေ့မျက်နှာလေး ငယ်ကျသွားတာကိုမြင်တော့ စိတ်ထဲမှာမကောင်း။ ဒါပေမယ့် ထွက်ပြီးသားဆင်စွယ် ပြန်ဝင်သည်မရှိ၊ ထွေးပြီးသော တံတွေးကို ပြန်မမျို ဆိုသော ဆိုရိုးစကားများအတိုင်း ...

"ပြောပါဦး သားရယ် ... မေမေ့ကို၊ မင်း ... မင်း ဒီလိုကြီးပြောဖြစ်လောက်အောင် ကဗျာ့မှာ ဘာချို့ယွင်းချက်တွေ တွေ့လာလို့လဲ၊ သူ့မှာ ဘာအပြစ်ရှိနေလို့လဲ"

"အပြစ်ဆိုတာ ဘာလဲ မေမေ၊ အပြစ်ကြီးတာ၊ သေးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ထပ်ချိန်ဆက်ပြီး ဘယ်လိုဆုံးဖြတ်သင့်တယ်ဆိုလဲ ထပ်ပွားလာဦးမှာမျိုးလား၊ ကျွန်တော်ကတော့ သူ့အပေါ်မှာ မိမိရဲ့ မနှစ်သက်နိုင်ခြင်းဟာ အပြစ်လို့ ယူဆတယ်၊ ကဗျာကို ကျွန်တော် ဘယ်လိုမှ နှစ်သက်မြတ်နိုးလို့မရဘူး၊ အဲဒါ အပြစ်ပဲ”

“မှန်တာပေါ့၊ သတ်ထိရိုက်တိ”

သတင်းစာတစ်စောင်ကိုင်ပြီး ဦးကျော့ရှိန်က လျှောက်လာသည်။

“အစ်ကိုနော်၊ မီးလောင်ရာလေပင့် ဝင်မလုပ်နဲ့ ညီ့က မကောင်းရာမကောင်းကြောင်း တိုက်တွန်းနေတာ မဟုတ်ဘူး”

“မင်းလိုပဲပေါ့ကွ၊ ငါကရော၊ ငါ့သားကို မိမစစ် ဖမစစ်၊ မဟုတ်တရုတ် ပေါက်ကရတွေနဲ့ ထိုးသိပ်လွှတ်ပါ့မလား၊ ဒီမှာ … မင်းလိုချင်တဲ့ အဆင့်အတန်းထက်မသာရင် ကြိုက်သလိုပြော”

“အစ်ကိုနော်”

ဒေါ်ညိုမှော့ဒေါ်သက သားကို ချော့မော့ဖို့ကနေ ဦးကျော့ရှိန်ထံမှာ ပေါက်ကွဲလေသည်။

“မသိဘူး၊ ညို့သားတွေကို ညို့ကြိုက်သလို စီစဉ်မယ်”

“ငါလဲ ဖအေပဲ”

“ဘယ်ဖအေမှ မိန်းမနဲ့ နေရာဝင်လုပြီး သားရေးသမီးရေးကို အရာလုပ်ဖို့ မကြိုးစားဘူး”

“နေရာဝင်လုတာ မဟုတ်ဘူးလေ၊ ငါ့သားကို ငါက ပြောဆိုလမ်းကြောင်းပြီးပြီဆိုမှ မင်းက ညို့လဲ ပြောထားပြီးပြီလို့ ထဖြစ်တာ၊ မင်းလိုပဲ ငါလဲ မျက်နှာပျက်မှာ မစိုးရဘူးလား”

လူစုံတက်စုံ စုမိကာမှ စကားများရန်ဖြစ်နေရသည့်အဖြစ်ကြောင့် မာန်ထန် ရှုံ့မဲ့လျက် မျက်နှာကို လက်ဝါးနှဲ့ပွတ်သည်။ ရန်မာန်ကတော့ ရယ်ချင်သည့်မျက်နှာနှင့် ဝန်းသီးတစ်လုံးကို ကောက်ယူပြီး ဝါးစဝ်ထဲထည့်လိုက်၏။ ဦးကျော့ရှိန်က မာန်ထန့်ကိုကြည့်ပြီး ရှေ့တည့်တည့်မှာ





ဝင်ထိုင်၍ …

“မင်း တကယ်စိတ်ပြတ်ရဲ့လား သား”

ဘာမပြတ်ဖို့ရှိလို့လဲ၊ အစကတည်းက ဘယ်သူက သံယောဇဉ်တွေ ဖြစ်ခဲ့လို့လဲ၊ ရင်ထဲမှာ အဖြေက ရှိပြီးသား၊ သို့သော် ဖေဖေ ဘာပြောတော့မှာကို သိနေသဖြင့် မာန်ထန်က မဖြေ …။

“ပြတ်လို့ရမလား အစ်ကို၊ ဟိုမှာ ပါးစပ်ကလေးနဲ့ပဲ နားဖောက်ထားတဲ့ကိစ္စမဟုတ်ဘူး၊ တရားဝင်စေ့စပ်ထားပြီးသား”

“တော်စမ်းပါကွာ၊ တစ်လောကလုံး အဲဒီလောက်သာ-သစ္စာတရားကြီးမားနေကြရင် လင်ကွဲ၊ မယားကွဲ ဘယ်သူဖြစ်ကြမှာလဲ၊ စေ့စပ်တာ ဖျက်တော့ ဘာဖြစ်လဲ၊ မချစ်ဘဲယူကြပြီးမှ သူ့ကိုလဲ နားမလည်နိုင်၊ တိုယ်ကလဲ ခွင့်မလွှတ်နိုင်နဲ့ ကွဲကြရင် ဘယ်အဖြစ်ကိုပိုဆိုးမလဲ စဉ်းစား”

“ဟုတ်ပါတယ် မေမေ၊ ဖေဖေပြောတာလဲ သဘာဝကျပါတယ်”

ရန်မာန်က မျက်နှာကို တည်တံ့စွာထား၍ စကားဝိုင်းထဲ ဝင်သည်။ ဒီအချိန်မှာ ညီကို ကယ်နိုင်မှဖြစ်မည်။

“ညီ ခဏခဏ ညည်းနေတာကို ကျွန်တော်လဲကြားတယ်၊ အဲဒါက ကဗျာက ဆိုးသွမ်းလွန်းလို့ မဟုတ်ဘူး၊ အစကတည်းက သူ နည်းနည်းမှ မေတ္တာမရှိတဲ့အဖြစ်ကြောင့်ပါ”

“အဲဒါ မေမေ့ကိုကျတော့ ဘာဖြစ်လို့ တစ်ခွန်းမှ မဟခဲ့တာလဲ၊ မွေးနေ့တုန်းက မေမေ အားလုံးကို ကြေညာခဲ့ပြီးပြီလေ၊ အဲဒါကို ဘာဖြစ်လို့ ငြိမ်နေခဲ့ရတာလဲ၊ ပြောပါဦး”

မေးခွန်းတွေနှင့်အကြည့်က မာန်ထန့်ဘက် ပြန်ရောက်လာ၏။ မာန်ထန်က ဘယ်ကိုမှမကြည့်ဘဲ ဒူးနှစ်ဖက်ပေါ်မှာ တံတောင်တို့ထောက်ကာ လက်ဖဝါးချင်းဆုပ်သည်။ ဒေါ်ညိုမှော့ကို ကြည့်ရင်းပြီးမှ မျက်ဝန်းတို့ကို အနည်းငယ်တိမ်းဖယ်၍ …

“ကျွန်တော့်ကို ခွင့်လွှတ်ပါ မေမေ၊ အစက မပြောဘဲနေတာက



www.burmeseclassic.com

www.burmeseclassic.com



ပြောဖို့ထိ စိတ်ထဲမှာမဖြစ်လို့ပါ။ အခု ပြောတာက တကယ်နီးကပ်လာ တဲ့အခါ လက်တွေ့ကိုတွေးကြည့်တော့ ဘယ်လိုမှ မဖြစ်နိုင်ဘူးထင်လို့"

"အမလေး ... အမလေး ..."

ဒေါ်ညိုမှာ လက်ဖဝါးမှာ လက်ချောင်းလေးချောင်းပူး၍ အသံ မြည်အောင် ပုတ်၏။

"မင်းတို့တွေ ခေါင်းခါလိုက်တော့ လွယ်လွယ်လေးပါလားဟင်"

"အခု လွယ်တာပေါ့။ နောက်မှ ပိုခက်တုန်မှာ၊ ငါ့သား အဲဒီလို ပြတ်သားလိုက်တာကို သဘောကျတယ်ဟေ့၊ တစ်ခုတော့ မင်းတို့ ဒုက္ခပေးရဦးမှာပဲကွ၊ ဘာဖြစ်လို့ ဒုက္ခလဲဆိုတော့ မင်းက မိန်းမ မလိုချင် တဲ့ကောင်ကိုးကွ"

"ဖေဖေက ညီကို စေ့စပ်ပေးဦးမလို့လား"

ရန်မာန်က ဝင်မေးတော့ ဦးကျော့ရှိန်က ဇနီးဖြစ်သူ မကျော့မှုံ ငြိမ်နေရတာကို တစ်ချက်ကြည့်ကာ ...

"ဖေဖေက အဲဒီလို ချည်တာ၊ တုပ်တာတွေနဲ့ ဖယားမရှုပ်ဘူး သားလဲ ကျောင်းပြီးတော့မှာပဲ၊ တစ်ခါတည်း လက်ထပ်ပေးမှာ"

မာန်ထန်က ဆိုဖာမှာ ပက်ခနဲ မှီချလိုက်ပြီး ရှုံ့မဲ့ဝစ်တော့ ဦး ကျော့ရှိန်က လက်ကာပြ၏။

"နေဦးလေ၊ ဖေဖေပြောတာ မပြီးသေးဘူး။ ငါ့သားက သဘော မကျဘူးဆိုရင် ဟင့်အင်း တစ်ခွန်းပဲဆို၊ ဖေဖေက ဇွတ်တိုက်တွန်းမှာ မဟုတ်ဘူး။ ဒီတစ်ယောက်နဲ့ အဆင်မပြေတော့ နောက်တစ်ယောက် ပေါ့၊ ဘာဖြစ်လို့လဲဆိုတော့ ဖေဖေက လူချင်းခင်ပြီး အဲဒီမိဘရဲ့ စိတ် ဓာတ်၊ စရိုက်ကို ယုံကြည်ခဲ့တာ၊ ဒါကြောင့် သူ့သမီးကို တောင်းလိုက် တာပဲ၊ သားတို့အမေလို ချောချောလှလှလေးတွေရွေးပြီး စီစဉ်တာ တော့ မဟုတ်ဘူး။ နောက်တစ်ချက်က ပြောစရာလက်စ ရှိထားလို့ဆိုပါတော့"

ဦးကျော့ရှိန်က ဒေါ်ညိုမှာကို လှမ်းကြည့်ပြန်သည်။ ဒေါ်ညိုမှာ





မျက်နှာလွှဲပစ်၏။

"တစ်ယောက်မကြိုက်ရင် နောက်တစ်ယောက်ဆိုတာကလဲ သားတို့မေမေက တာဝန်ယူမှာပါ၊ ဒီလိုကွာ၊ အခု ဖေဖေ တောင်းရမ်း ထားတဲ့မိန်းကလေးကို သားက လေ့လာအကဲခတ်ကြည့်မယ်ဆိုရင် ရပြီ"

"မဟုတ်သေးပါဘူး ဖေဖေ၊ အိမ်ထောင်ပြုဖို့ကိစ္စကြီးက ဘာဖြစ် လို့ အရေးကြီးနေတာလဲ၊ မေမေပြီးတော့ ဖေဖေ၊ ဖေဖေပြီးတော့ တစ်ခါ မေမေဆိုတာ ...၊ ပြန်ပြီးတော့လဲ စဉ်းစားကြည့်ပါဦး။ ကျွန်တော် တော့ ကိုယ့်ကိုကိုယ် ဘာကောင်မှန်းမသိတော့ဘူး"

"ဟာ ... မိဘစကား နားထောင်တာ သားလိမ္မာပေါ့ကွ၊ ဘာလဲ ကိုကို့ကျတော့ ဆိုပြီး ရင်ထဲမှာ မေးခွန်းတွေဖြစ်နေတာလား၊ သူက မိဘက ဘာမှမစီမံလိုက်ရဘဲ သူ့ဟာသူဆုံးဖြတ်လိုက်တာမှာ ကံစီမံတဲ့ တိုင်း အဆင်ပြေသွားတာ၊ မင်း မမြင်ဘူးလား သား၊ ခင်ဒီပါ ဆိုတာ လေးက ဘယ်လောက်အေးချမ်းလိုက်သလဲ"

ဒီနေရာမှာ ကိုကို့မျက်နှာကြီး ရှက်ကိုးရှက်ကန်းနှင့် မိန့်မိန့်ကြီး ပြုံးနေမှာကို လှည့်မကြည့်ဘဲနဲ့ သူသိနေသည်။ မှန်ပေတာကိုး။

"မင်းကိုကျတော့ အဲဒီလိုဖြစ်ပုံမလားလို့ မျှော်လင့်ပါလေ၊ ပြီးတော့ သားကြီးထက် မင်းက ပိုချောနေတာ ပတ်ဝန်းကျင်လဲ ပြောနေကြတာ ပဲ၊ ဒါပေမယ့် မင်းက ညောကလွှဲပြီး ဘာမှစိတ်မဝင်စားဘဲ၊ ချို့ယွင်းချက်ဖြစ်သွားတာ အဲဒါပဲကွ၊ မေမေတို့က မိဘတို့ဝတ္တရားရှိသည်နှင့် အညီ ..."

လာပါပြီ၊ အပ်ကြောင်းထပ်ခဲ့သော စကားတွေ၊ ကဗျာကို သူ ငြင်းလိုက်ဝံ့သည့်ကိစ္စက အတည်ဖြစ်သွားပြီလား။ မဖြစ်ဘူးလားတော့ မသိ၊ နောက်ထပ် အလင်္ကာတွေ၊ ဖောထပ်တွေ လာဦးမှာက သေချာနေသည်။

ဗျောသံ၊ စည်သံတောင် ကြားနေရသလိုပါလား ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၁)

သူငယ်ချင်းတွေကို ပြောပြလိုက်တော့ မှန်တယ်လို့လည်း ထောက်ခံသည်၊ နမြောစရာကြီးပေါ့ လို့ ပြောတဲ့သူကပြော၏။ ကျော ကတော့ ဟိုတုန်းကတည်းက မာန်ထန်နဲ့ပတ်သက်ပြီး အားမပေးခဲ့သူ ဖြစ်၏။

“မာန်ထန်က ယောကျ်ားကောင်းတစ်ယောက်ဖြစ်တာတော့ အမှန်ပဲ ကဗျာ၊ နင် ဟိုတုန်းက ပြောဖူးသလိုပေါ့၊ အိမ်ထောင်ဖက် အဖြစ် အရွေးသင့်ဆုံးလူပဲ၊ ခွင်း နဲ့ဆိုရင် သူ့အချစ်မျိုးက အန္တရာယ် ရှိနိုင်တယ်”

“ဒါပေမယ့် နိုင်ရယ်၊ ငါ ခွင်း ကို အခု ဘယ်လိုမှ အထင်သေးလို့ မရတော့ဘူး၊ မာန်ထန့်ကို အထင်ကြီးတဲ့စိတ်ပေါ်မှာ သူ့ကိုလဲ အထင် မသေးနိုင်ဘူးဆိုတော့ ကိုယ်ချစ်တဲ့သူဘက်ကို အလေးသာသွားတာပေါ့”

“အခု စေ့စပ်ပွဲပျက်သွားတာကို ခွင်း သိလား”

“ဟင့်အင်း ...”

“မပြောဘူးလား”

“ပြောမှာပေါ့၊ ဒါပေမယ့် ဒီတိုင်းတော့ မပြောဘူး၊ သူ့အတွက်





စွန့်စားပြီး ဒီပွဲကိုဖျက်လိုက်တာလို့ သာသာထိုးထိုးလေးပေါ့”

“ကောင်းပါတယ်၊ အဲဒီလို ရိုးရိုးသားသား”

ရယ်လိုက်မိကြရင်း မျက်လုံးတွေက ကော်ရစ်ဒါဆီ ရောက်သွား၏။

“ဟိုမှာ လာနေပြီ၊ သွားပြောလိုက်တော့ သွား”

“သွားမှာပါ”

နေရာမှထလိုက်ရင်း ခွင်း ကိုလှမ်းကြည့်လိုက်စဉ်မှာ ကိုယ့်ကို ယ် ဒီလောက်တော့ ကံမဆိုးသေးပါလားဟု တွေးဖြစ်၏။

အဝါနုရောင် ဆွယ်တာလက်ရှည်နှင့် ဂျင်းဘောင်းဘီကို ဝတ် သည့် ခွင်း ကိုယ်က ကျစ်လစ်မြင့်မားကာ အများထဲမှာ ထင်းနေ ၏။ ဗတိုရှည်ဆံပင်တွေ နဖူးပေါ်သို့ ခပ်ကွယ်ကွယ်ဝဲကျနေသည့် မိသည်။ မမိတာက မျက်နှာပဲဖြစ်၏။ ခွင်း မျက်နှာက တင်းမာ သောင်နှင့် မျက်ခုံးနှစ်ဖက်က တွန့်လျက်။

“အတန်းချိန်တော့ နီးနေပြီ၊ ခဏလောက်စကားပြောရအောင် လား”

ကဗျာက ခွင်း မျက်နှာကို သေချာစိုက်ကြည့်ပြီး ခေါင်းညိတ်၏။

“ရပါတယ်၊ ဘာဖြစ်လို့ အဆန်းလုပ်နေတာလဲ”

နှစ်ယောက်အတူ လျှောက်လာခဲ့စဉ်မှာ ခွင်း က ခပ်ငုံ့ငုံ့နှင့် ငြိမ် သားကောင်းနေသည်။ ပြီးတော့မှ စကားစ၏။

“ဟိုတစ်နေ့က ပြဿနာဖြစ်တဲ့ကိစ္စမှာ ဘာတွေအကြီးအကျယ် သွားသလဲ ကဗျာ”

“ဘာလဲ”

ဘာကိုမေးလိုက်တာမှန်း သိသည်။ မျက်နှာမကောင်းနေတာ ကြောင့်ဆိုသည့်အသိဝင်လာတော့ ရင်ထဲမှာ တင်းသွား၏။ ခွင်း သမ်းလျှောက်နေရင်း ကဗျာ့ကို လှည့်ကြည့်၍ ...

“ရာရာ စလာပေးတုန်းက ကဗျာနဲ့ အခြေအတင်ဖြစ်သွားသေး



www.burmeseclassic.com

www.burmeseclassic.com



လား၊ ကိုယ်ပြောတာက ဒီလို၊ ရာရာကတော့ ပြောမှာမဟုတ်လောက်ပါဘူး၊ ကဗျာက အထင်လွဲနေတဲ့သူဆိုတော့ အဲဒီအရှိန်နဲ့ ရာရာ့ကို တစ်ခုခု ပြောဆိုပစ်လိုက်သလားလို့”

“အဲဒီကိစ္စ အခုမှ ဘာဖြစ်လို့ လာပြောနေတာလဲ ခွင်း၊ ရာရာ ဘာတွေပြန်ပြောလို့လဲ”

“မပြောပါဘူး၊ ကိုယ့်ကိုလဲ စကားသိပ်မပြောဘူး၊ အတူသွားလာနေကျဆိုတော့ စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်နေတာ”

ရာရာက သေချာပြန်မပြောတာတော့ သေချာပါသည်။ ဒါပေမယ့် –

“စိတ်ဆိုးနေတာကတော့ စိတ်ဆိုးကြောင်း ပြောမိတာပေါ့၊ ခွင်းက မလာဘဲ စာပေးခိုင်းတယ်ဆိုတော့ ကဗျာ ဘယ်လောက်စိတ်ဆိုးမလဲ၊ ခွင်း စဉ်းစားကြည့်”

“ဒါ မှန်ပါတယ်၊ ဒါပေမယ့် နှစ်နိုင်ငံစစ်ဖြစ်ရင်တောင်မှ တစ်ဖက်ကလွှတ်တဲ့ သံတမန်ကို တစ်ဖက်က မသတ်ရဘူးမို့လား၊ ရာရာက ကိုယ်ခိုင်းလို့ လာပေးတဲ့သူပဲ၊ ကဗျာ ပေါက်ကွဲလိုက်တာမှန်ရင်တော့ –”

“ဘာလဲ၊ ကဗျာ လွန်သွားတယ်ပေါ့”

ခွင်း က ကဗျာ့လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီး ခေါင်းခါသည်။

“လွန်တယ်ဆိုရင်တောင် ကိုယ်ကတော့ ကိုယ့်ချစ်သူက မှန်တယ်လို့ပြောမှာပါ၊ ဒါပေမယ့် သံယောဇဉ်ဆိုတာကျတော့ သူငယ်ချင်းက သပ်သပ်၊ ချစ်သူကသပ်သပ်၊ သူငယ်ချင်းကို သတိရတဲ့လိုအပ်ချက် က ချစ်သူအနားမှာရှိနေပေမယ့် မပြေဘူး”

“ဘာပြောတယ် ခွင်း ...”

လူတွေရှင်းသည့် အဆောင်ထိပ် လမ်းကြားကလေးထဲမှာ ကဗျာ က ရပ်ပစ်လိုက်၏။ မျက်နှာလေးတစ်ခုလုံးမှာ ဝတ်ထားသည့် အင်္ကျီ အနီရဲရဲအတိုင်း အရောင်ရင့်နေ၏။

“ရင်ထဲရှိတဲ့အတိုင်း ပြောတာပဲကွာ၊ ဘာဖြစ်လို့လဲ၊ ကိုယ် အ





သူဆိုသွားနေတာမှမဟုတ်တာ၊ ကဗျာ့ရှေ့ရောက်နေတာလေ”

“ဒါကတော့ ...”

ကဗျာ စကားမဆက်နိုင်ခင် ခွင်း က နှုတ်ခမ်းချင်းဖိတွန့်၍ ဖြီးဆိုက်ကာ ...

“ဒါကတော့မနေပါနဲ့၊ ကဗျာ့မှာ စေ့စပ်ထားတဲ့လူရှိတာ သိရက်နဲ့ တွဲသွားလဲ ကြည့်နေရ၊ ရှေ့မှာ အဲဒီလူအကြောင်းပြောလဲ နားထောင်ပေးရနဲ့ ကိုယ့်ဒုက္ခနဲ့စာရင် ဒါ ဘာမှမဟုတ်သေးဘူး”

“ခွင်း က ကဗျာ့ကို ဂလဲ့စားချေနေတာလား”

• “ဝါသနာကိုမပါဘူး အဲဒါမျိုး၊ ဂလဲ့စားချေတယ်ဆိုတာ တူညီတဲ့ တုံ့ပြန်မှုမျိုးနဲ့ ပြန်လည်တိုက်ခိုက်ခြင်းကိုခေါ်တာ၊ မင်းကို ဂလဲ့စားချေချင်ရင်တောင် ကိုယ့်သူငယ်ချင်းလေးနဲ့ မဟုတ်မဟပ် အထင်လွဲခံရအောင်လုပ်ပါ့မလား၊ ကိုယ်က တုံ့ပြန်ချင်စိတ်တော့ ရှိတယ်၊ ဒါပေမယ့် ...စ်နှပ်စားကြံတတ်တဲ့အကျင့်တော့ မရှိဘူး”

ကြည့်နေရင်းကနေ ဝေခွဲရခက်လာသည်။ ခွင်း စကားတွေက ...ယ်ကိုဝေ့ဝိုက်သွားနေမှန်း မသိ၊ သူ့ကို ကိုယ်ချစ်မိခဲ့တာက သေချာ...ပြီးမှ သူက တကယ်ချစ်တာ ဟုတ်ရဲ့လားဟုတွေး၍ ရင်ထဲမှာ စိုး...စိတ်လေးဖြစ်လာမိသည်။

ညက ဒေါ်ညိုမှာ့ထံမှ တောင်းပန်ခြင်းမှအစပြုသော စေ့စပ်...ကြောင်းလမ်းခြင်း ဖျက်သိမ်းဖို့အကြောင်း ဖုန်းဆက်သည်။ မာမီ...တော့ ရှက်လွန်းလို့ဆိုပြီး ရင်ဘတ်ထုသည်။

“သမီးရယ်၊ ညည်းဘာတွေ လုပ်ခဲ့သလဲဟင်၊ ဒီလောက် လိုလား...ကြတဲ့လူတွေက ဖျက်သိမ်းတယ်ဆိုတော့ ...”

“ကဗျာ့မှာ ချစ်သူရှိနေတာ သူသိသွားလို့ မာမီ”

ကဗျာ့မှာတော့ သူ့အတွက် သတ္တိတွေဖြစ်လျက် မာမီ့ကိုတောင် ...ဆိုင်ခဲ့၏။ မာမီ့ခမျာ နောက်ဆုံး ဘာမှမတတ်နိုင်ဘဲ အဲဒီ ခွင်း ဆို



www.burmeseclassic.com

www.burmeseclassic.com



တာကို တွေ့ချင်တယ်ဟု ပြောပေးခဲ့ရှာ၏။

သူက ဘယ်လိုပုံစံလဲ၊ မျက်မှောင်ကုတ်ကြည့်နေမိရင်း သူနိုင်ပြောတာကို သတိရမိပြန်သည်။

"အင်း ... နင်ကလဲ မာန်ထန်က ကြိုက်နေ့ နိုက်နေသလိုလို ပုံစံဖမ်းပြီး လိမ့်တယ်၊ ဟိုကရော ... မာန်ထန်နဲ့ အဆင်ပြေနေတာကို တမင်ဖျက်ချင်လို့ မာန်ထန့်လက်ထဲကနေ လုပြီး အနိုင်ယူချင်တာဆို ရင် ခက်ဦးမယ်၊ ညစ်ရင် ပတ်တယ် ဆိုတဲ့စကားကိုလဲ မမေ့နဲ့ဦး သိလား။ ခွင်း က ဂျစ်တိဂျစ်ကန်ရှပ်"

"သူတို့က အဲဒီလောက်ထိ ငြိထားဖူးတာမှမဟုတ်တာ၊ မဖြစ်နိုင်ပါဘူးဟာ"

ကဗျာ ထင်ကြေးပေးတာကလည်း လျော့တိလျော့ရဲ ဖြစ်ခဲ့ပါ၏။

"ဘာပဲဖြစ်ဖြစ် ချောတာချင်းအတူတူမှာ ဟိုက ဂုဏ်ယူက ဘိအိမ်တန်းရောက်နေပြီ၊ ပြီးတော့ ကင်း။ သူက ရည်းစားများတဲ့ ဂုဏ်သတင်းပဲရှိတာလေ"

အတွေးများနှင့် ခွင်း ကိုစေ့စေ့ကြည့်ရင်း ကဗျာ့ခေါင်းထဲမှာ ခေါင်းလောင်းသံတွေ မြည်လာခဲ့၏။

ခွင်း ရိုးသားရဲ့လား .....။





အခန်း (၂၂)

"ဟယ် ... ခေါင်းစည်းကြိုးဝယ်ဖို့ မေ့ခဲ့ပြန်ပြီ"

ကားနားရောက်မှ ခင်ဒီပါ ခြေလှမ်းနှေးသွားပြီး ညည်းသည်။

"ရာရာ ... ကလေး ပြန်သွားပေးပါလား၊ အနံ့တိပြူးဆိုင်ကိုလေ"

"ဟင့်အင်း ..."

ရာရာက ကိုင်ထားသည့်အိတ်တွေကို မြှောက်ပြပြီး မျက်နှာလေးမဲ့နေ၏။

"မနက်ကတည်းက ကြာလှပြီ မလတ်ကာလဲ၊ ခြေထောက်တွေလဲ ညောင်းနေပြီ"

"ဒါဆို ကားထဲကစောင့်၊ မမ သွားလိုက်မယ်"

"မြန်မြန်လုပ်နော်၊ ခေါင်းစည်းကြိုးပဲဝယ်ပြီး ချက်ချင်းပြန်ခဲ့"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ"

ရှုံ့မဲ့နေသည့် ရာရာ့ လက်မောင်းလေးကို ဖျတ်ခနဲ ရိုက်ပြီး သူမကိုင်ထားသည့် အိတ်တွေရော၊ ရာရာ့လက်ထဲက အိတ်တွေကိုပါ ယူသည်။ အိတ်တွေနှင့် ရာရာ့ကို ကားထဲထည့်ပေးခဲ့ပြီးမှ ပလာဇာထဲ ပြန်ဝင်သွား၏။ ကားထဲမှာ စိတ်ချလက်ချ စောင့်နေတော့မလို့ ကျရှင်



www.burmeseclassic.com

www.burmeseclassic.com



မှာ မှီချလိုက်ကာမှ ...

"ဒီမှာ ..."

"ဟင် .."

ရှေ့မှာ အသက်ငါးဆယ်ခန့် မျက်နှာပေါက်ဆိုးဆိုးနှင့် လူကြီးတစ်ယောက်က ဘောနက်ကို ခပ်ဆတ်ဆတ်ပုတ်၍ ....

"ကားဘယ်လိုရပ်ထားတာလဲကွ၊ ဒါကားထွက်ရင် မလွတ်မလပ်နဲ့ ချိတ်မိတော့မှာ"

"ရှင် ..."

ကားမမောင်းတတ်ပါဘူးဆိုမှ ဒီလိုအဖြစ်တွေနဲ့ ရာရာ အကျိုးပေးထူးလှချည်လား။ ကြည့်လိုက်တော့ ပါကင်မှာ ကားသိပ်ကျပ်တာမဟုတ်ဘဲနှင့် လူကြီး၏ကားက ကားနှစ်စီးနှင့် အုတ်တိုင်ကြီးခံနေသဖြင့် အလယ်မှာ မလွတ်မလပ်ညပ်နေတာ တကယ်ဖြစ်နေ၏။

"ဟို ... ဟိုဘက်ကားကို ရွှေ့ခိုင်းပါလားဟင်"

"ဟိုကားက လူမှမရှိတာ၊ ဟော့ ... မင်းကားကို နည်းနည်းလေးခေါင်းလွှဲလိုက်ရုံနဲ့ ရပြီ၊ ခုမှ ဘာဖြစ်လို့ ကတ်သတ်ဈေးဆစ်နေတာလဲ"

"ဈေးဆစ်တာ မဟုတ်ပါဘူးရှင်၊ ရာရာ ကားမမောင်းတတ်လို့ပါ"

"ဟေ ..."

လူကြီးက အထူးအဆန်းလို ပြန်ကြည့်၏။ ကားပိုင်ရှင်မှ ဟုတ်ရဲ့လားလို့ တွေးမိသည်လား။ ဒါမှမဟုတ် အိမ်ဖော်တစ်ယောက်ယောက်လို့ ထင်သွားသလား မသိပါ။

"ဒါဆို ကျုပ်တက်မောင်းရမလား"

"ရှင် ... ဟုတ် .. အဲ ..."

ကားသော့ပေးမလို့ လက်ကိုင်အိတ်ကို ကိုင်လိုက်ပြီးမှ လူကြီးမျက်နှာကို ပြန်ကြည့်မိပြီး ရာရာ တွန့်သွားသည်။

"ဘာဖြစ်နေတာလဲ"





အသံနှင့်အတူ ရာရာ့ဘေးကို ရောက်လာသူက မာန်ထန်၊ မာန်ထန်က ဘောင်းဘီရှည်တော့ ဝတ်တတ်သည်။ ဒါပေမယ့် ရှပ်အင်္ကျီလက်ရှည်တွေကိုသာ ကြယ်သီးအစုံတပ်၍ ဝတ်တာများ၏။ ခုလည်း ဘောင်းဘီနက်ပြာနှင့် ကြည်ပြာရောင်ဖျော့သည့် ရှပ်လက်ရှည်ကို ဝတ်ထားသည်။ သူ့ကိုမော့ကြည့်ပြီး ရာရာ ဝမ်းသာသွား၏။

"ဟို ... ဒီမှာ ကားရွှေ့ခိုင်းနေလို့၊ ရာရာက ကားမမောင်းတတ်တော့လေ ..."

"ကိုယ် ရွှေ့ပေးမယ်၊ ပေး ...သော့"

မာန်ထန်က အကြောင်းရင်းကိုကြားလိုက်ပြီးဖြစ်ပုံနှင့် သော့တောင်း၏။ ကားကို မောင်းထွက်လိုက်ပြီးမှ တစ်ပတ်ပြန်ဆုတ်လာပြီး နေရာမှာ ပြန်ထိုးရပ်လိုက်သည်။

ပြဿနာရှင်းသွားတော့မှ သူနဲ့ဆုံခဲ့ရသည့် အကြိမ်ပေါင်းများမှာ ရာရာ့မှာ ပြဿနာအခက်အခဲတစ်ခုခုနှင့် အမြဲရှိနေခဲ့ရသည့်အဖြစ်ကို သတိရလိုက်မိ၏။ ဖြစ်သမျှတိုင်းမှာ သူကလည်း ဖြေရှင်းပေးခဲ့သည်သာ။

"ကျေးဇူးတင်ပါတယ်"

"ရှင် ..."

"ဆောရီး ...၊ တောပါ"

သူက ရယ်ပြီး ကားပေါ်ကဆင်းသည်။ သူဆင်းသွားမှ အတွေးနှောင်ပြီး ကျေးဇူးတင်စကားပြောဖို့ ကိုယ့်အဖြစ်ကိုသတိရပြီး ရာရာလည်း ဒီဘက်တနေ့ ကမန်းကတန်း ဆင်းလိုက်ရသည်။

"ကိုထန်၊ ကိုယန့်ကို ကျေးဇူးတင်ပါတယ်နော်"

မာန်ထန်က ရှေ့ကနေ ကွေ့လာပြီး ရာရာ့ရှေ့မှာ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ရာရာသည် ဆံပင်တွေကို ခါတိုင်းလို ခလယ်ခွဲပြီး ကျစ်ဆံမြီး ကျစ်ထားတာမဟုတ်ဘဲ ဆံပင်တွေအားလုံးကို မျက်နှာပြောင်လေး ဖြစ်သွားသည်အထိ စုသိမ်းယူထား၏။ တစ်ပတ်လျှိုမွမွ



www.burmeseclassic.com

www.burmeseclassic.com



လေးကနေ ညာဘက်ရင်အုံထက်မှာ ဆံပင်တွေ ပြန်ချထားသည့် အဖျားက ခါးထိ ရောက်သည်။

ဆံထုံးမှာ သဇင်ခက်တွေဆင့်လျက် တစ်ခက်၊ နှစ်ခက်စတေ ပါးရိုးလေးမှာ ထိကပ်နေကြတာလည်းရှိ၏။ မျက်နှာက အထူးသဖြင့် ဝင်းမွတ်နုအိနေကာ ပုလဲရင့်ရောင် နှုတ်ခမ်းဆိုးဆေးကြောင့် ထူပြည့်၍ ထောင့်ချိုးညီသော နှုတ်ခမ်းသားလေးတွေက ဖူးကြွလှပနေ၏။

ဒီလိုပြင်ဆင်ထားတာ တစ်ခါမှမတွေ့ဖူးသဖြင့် မာန်ထန် အမှတ်တမဲ့ စူးစိုက်ကြည့်နေမိသည်။ စကားဆက်ဖို့ ပါးစပ်ပြင်လိုက်မိသော်လည်း မျက်လုံးချင်းဆုံကာ ရာရာ နှုတ်ခမ်းလေးတွေပေါ်မှာ လတ်နှင့် ယောင်ယမ်းကာမိလေသည်။

"အယ် ... အဲဒါ ... ဟိုဥစ္စာလေ၊ မလတ်က ဒီမှာ ရုတ်နားဆိုင် ထပ်ဖွင့်လိုက်တယ်၊ ဆိုင်အတွက် ဝေါလ်ရှိုထုတ်ဖို့ ဓာတ် ... ဓာတ်ပုံရိုက်လာတာ၊ အကျီတွေ လဲပစ်ခဲ့ပြီး ဒါတွေဖျက်ဖို့ မေ့လာတာ၊ တော်တော် အကြည့်ရဆိုးနေလားဟင်"

မျက်နှာလေး ငုံ့ပစ်ရင်း လက်ကလေးနဲ့လည်း ကာ၍မေးတော့ မာန်ထန် ဖျာဖျာသလဲ ခေါင်းခါသည်။

"ဘယ်ကလာ၊ အကြည့်ရဆိုးတာကို ဘယ်သူ အကြာကြီးကြည့် နေမှာလဲ၊ ဆောရီးနော်၊ ခါတိုင်းမြင်နေကျလိုမဟုတ်တော့ ထူးဆန်း သွားလို့ပါ၊ အသွေးရာ လှပါတယ်"

လှတယ်ဆိုပေမယ့် မယုံပါ။ ရာရာ နည်းနည်းလေးမှ မျက်နှာ မမော့ရဲတော့ဘဲ ပိုငုံ့သွားသည်။ မျက်ခုံးက ထူထူ၊ နှုတ်ခမ်းမွေး တွေက မည်းနေသဖြင့် ဘာလိမ်းလို့မှ လှမှာမဟုတ်ဘူးလို့ လူတိုင်း လည်း ပြောဖူးကြပါသည်။

မလတ် ဖွတ်ခေါ်ပြီး ဖွတ်လုပ်ပစ်လိုက်တာ ဒီပုံစံဖြစ်သွား ဘယ်လိုမုံစံကြီး ဖြစ်နေလို့ပါလိမ့်။





"အသွေးရာ ..."

"ရှင် ..."

"တကယ်လှတာပါ။ ယဉ်တာရော၊ ကျက်သရေရှိတာရော၊ ထိုင် ကြည့်နေချင်အောင်ကို လှတာ၊ ဘာဖြစ်လို့ ကိုယ့်ကိုကိုယ် မယုံကြည် တာလဲ၊ ဘာလဲ၊ ကိုယ်ကြည့်မိလို့ စိတ်ဆိုးသွားတာလား"

"ဟင့်အင်း .."

ဖျတ်ခနဲ မော့ကြည့်လိုက်မိတော့ မာန်ထန်က ပြုံးပြသည်။ ကင်း ဆိုတဲ့အတိုင်း ရယ်တာပြုံးတာတအစ အလွန်ကြည့်ကောင်းပါ၏။ ရာရာ ယောင်နနလေးနှင့် လိုက်ပြုံး၍ ဘာပြောရမှန်းလည်းမသိ။

ဆင်းလိုက်မိတာက သူ့ကို အကြိမ်ပေါင်းများစွာအတွက်ပါ ကျေးဇူးတင်တာတွေကို ပြောချင်လို့၊ ပြီးတော့ မိနပ်ဖိုးတွေ၊ တက္ကစီ ငှားခတွေ ပြန်ဆပ်ဖို့ရှိသေးသည်။ တကယ်တမ်း ကိုယ့်ရှေ့မှာရောက် နေတော့မှ စကားလုံးတွေ ပျောက်ဆုံးကုန်ပါပြီ။

"အသွေးရာ ..."

"ရှင် ...ဟိုလေ .. ကိုထန့်ကို ပေးစရာတွေရှိတဲ့ဟာအတွက်"

"အဲဒါတွေကို မမေ့လိုက်နိုင်ဘူးလား"

"ရှင် ..."

တရှင်ရှင်နှင့် မျက်တောင်ကော့တွေ ဖျတ်ခနဲ ညွတ်ခနဲ ခဏခဏ ပြောင်းလဲလှုပ်ရှားသွားပုံကို မာန်ထန်က စိုက်ကြည့်၏။

သူမလေးကို အများဘာတာ ဘယ်လိုနှိမ့်ချတဲ့ရဲ့နေကြတာကို သူ အနည်းအပါးတော့ သိထားပြီးပါပြီ။ ထိုအထဲမှာ ခွင်း နှင့်ပတ်သက်တာ တွေလည်း ပါသည်။ ပြီးတော့ ခွင်း နှင့်တွဲနေတာကို သူလည်း တွေ့ခါ ဆုံဖူးသည်ပဲ။ ဘာဖြစ်ဖြစ် အသွေးရာ ဆိုသည့် နာမည်လေးကိုရော၊ အလွန်ဖြူစင်သည့် မျက်ဝန်းလေးတွေကိုရော၊ သူကတော့ စိတ်ဝင်စား သည်။ တစ်ခါ နှစ်ခါ ပြီးတော့ ခဏခဏ ...။ တွေ့လိုက်တိုင်းမှာ မြင်ရ



www.burmeseclassic.com

www.burmeseclassic.com



သည့်မျက်နှာလေးတာ ကယောင်ချောက်ချားနှင့် …။

"ဒီလိုလေ၊ အဲဒီတုန်းက မင်းမယူမှာစိုးလို့ ချေးတဲ့သဘောပြောပြီး ကိုယ်က ပေးလိုက်တာ၊ ရင်ထဲမှာက အရမ်းကို စိတ်မကောင်းဖြစ်မိလို့ ကူညီတဲ့သဘောပဲ၊ အဲဒါလဲ လုံးဝသန့်ရှင်းတယ်နော်၊ တကယ်ပါ၊ အခွင့်အရေးဝင်ယူပြီး၊ ဖောဖို့ ရောဖို့ ကြိုးစားတာမဟုတ်ဘူး"

"ရာရာ အဲဒီလိုမထင်ခဲ့ပါဘူး ကိုထန်၊ အရမ်းကျေးဇူးတင်ပြီး ခဏခဏပဲတွေးမိနေတာကတော့ တကယ်ဝန်လေးပါတယ်၊ ကိုယ့်အပေါ်မှာ ဝန်ထုပ်ဝန်ပိုးကြီးပိနေသလိုပဲလေ၊ ဒါ ဒါကိုပြန်ဆပ်ရမယ်လို့ သတိရတိုင်း ဝန်လေးနေရတာ"

"ဖြစ်ရမယ်"

မာန်ထန်က ဘောင်းဘီအိတ်ထဲ လက်နှိုက်၍ ရယ်သည်။

"အဲဒါကိုတော့ ပြန်ဆပ်မှဖြစ်မယ်၊ ယူပါနော်၊ ရာရာလေ ဒီကြွေးကိုဆပ်ဖို့ မလတ်ဆီက တောင်းထားတာကြာပြီ၊ မပေးဖြစ်တာ"

"ဩော် … မလတ်ဆိုတာက အသူရာ့အစ်မလား"

ရာရာက ခေါင်းညိတ်ပြပြီး ပြုံး၍ …

"အစ်ကိုကြီးရှိသေးတယ်လေ၊ အစ်မက အလယ်မှာဆိုတော့ မလတ်လို့ခေါ်တာ၊ ရာရာက မုန့်ဖိုးလိုချင်ရင် မလတ်ဆီကပဲ တောင်းတယ်၊ ဖေဖေတို့ဆီက မတောင်းဘူး"

"ဟုတ်လား"

သူ ခေါင်းညိတ်ရင်း တွေးမိလိုက်သည်။ ကြွေးဆပ်ဖို့အတွက် သောင်းဂဏန်းလောက်ပိုက်ဆံလေးကို တောင်းထားရသည်ဆိုတော့ အိမ်မှာ ရာရာက ပိုက်ဆံကိုင်သုံးခွင့်မရှိတာလား။

ရာရာကတော့ ကားထဲကနေ လက်ကိုင်အိတ်လေးလှမ်းယူပြီး ဖွင့်နေ၏။

"ဘာလုပ်မလို့လဲ အသူရာ"





"ရာရာလို့ပဲခေါ်လို့ရပါတယ် ကိုထန်ရဲ့၊ သူများတွေလဲ ဒီလိုပဲခေါ်ကြတာ"

"သူများတွေခေါ်သလို မခေါ်ချင်လို့ပါ"

"ဟင် …"

"ဩော် …အသူရာ ဆိုတာလေးက ပိုလှတယ်မို့လား"

"ရော့ …"

ပိုက်ဆံရေနေသည့်လက်ကလေးတွေ တုန်နေတာကိုကြည့်ကာ မာန်ထန်က မျက်နှာပိုးသတ်လိုက်သည်။ ရာရာ ရှက်နေပြီမှန်း သိ၍ပါ။

ဤမျှ ရိုးစင်းသည့်မိန်းကလေးဟာ ခွင်း လိုလူတစ်ယောက်၏ ဘေးမှာ အရိုင်းနဲ့အယဉ်လို ထီးထီးမားမားကြီး ရှိနေလေတော့ သွားဝတ်လေလွင့်တွေ လူတွေပြောကြမှာပေါ့။ ဘာပဲဖြစ်ဖြစ် နှစ်ယောက်စလုံး ရိုးသားစွာရှိနေကြတာကိုတော့ သူ လက်ခံမိ၏။

"ဟော … မောင်လေးပါလား။ ကလေးနဲ့ ဘယ်တုန်းက ခင်လိုက်တာလဲ"

"ဟင် …"

ပြောလိုက်ချိ လှည့်ကြည့်မိတော့ မာန်ထန် အံ့အားသင့်သွား၏။ ခင်ဒီပါ ….။ ကိုကိုနဲ့လက်ထပ်တော့မည့် သူ့ရဲ့မရီးလောင်း။

မိသားစုနှစ်ခု ဆွေမျိုးတော်ကြရတော့မှာတောင်မှ နှစ်ဖက်မိဘတွေ မျက်နှာစုံညီ ခုထိ မတွေ့ရသေးပါ။ ခင်ဒီပါ့ညီမဟာ အသူရာမှန်း သူမသိခဲ့ရတာ သိပ်တော့မဆန်းပေ။ ထမင်းစားဖိတ်လည်း မလာ၊ အလည်ခေါ်လည်း မရောက်၊ သူသွား ကိုယ်သွားမို့ ရွှေလမ်းငွေလမ်းဖောက်ရတာက တစ်မျိုး။ မေမေတို့ကလည်း မာနလေးခံနေ၏။ ပြီးတော့ သိပ်လည်းမကြည်တော့ပါ။

"သားရယ်၊ သူတို့ဘက်က သဘောမှတူကြရဲ့လား။ မေမေတို့က ကြောင်းလမ်းဖို့သွားတုန်းကလဲ ဘယ်မှာ မျက်နှာစုံညီကြလို့လဲ၊ သူ



www.burmeseclassic.com

www.burmeseclassic.com



အမေက မအားလို့ သူ့အမေက ဘာဖြစ်လို့မှ ဟုတ်မှဟုတ်သေးရဲ့လား”

လို့ မေးသံတွေလည်း သူ ကြားခဲ့ရ၏။ ကိုကိုကတော့ မေမေတို့ကို မပြောပေမယ့် သူ့ကို ပြောပြသည်။

“ဒီပို့မိဘတွေက သူ့သမီးကို တုန်နေကြတာကွ၊ အိမ်ထောင်ပြုမှာကို ခွင့်ပြုခဲ့ပေမယ့် မပေးချင်ဘူး။ ဒီပါကိုယ်တိုင်လဲ ငါက လောနေလို့ ခေါင်းညိတ်ခဲ့တာ၊ မိသားစုသံယောဇဉ် သိပ်ကြီးတာ”တဲ့။

ဖျတ်ခနဲ အတွေးတစ်ချက်က အိမ်ကို ပြန်ရောက်သွားခဲ့သည်။ ခင်ဒီပါက အုံ့ညြနေသည့် သူ့ဆီသို့ ရောက်လာသည်။

“မောင်လေးတစ်ယောက်တည်းလား”

“ဟုတ်ကဲ့၊ ဟို ...အသူရှာကို မမ ညီမမှန်း ကျွန်တော်မသိဘူး”

ဟု ပြောပြီး ရယ်သည်။ ရာရာက အစ်နှင့်မာန်ထန့်ကိုကြည့်ပြီး နားမလည်။

“ရာရာ ... သူက မောင့်ညီ ...အဲ ...ကိုရန့်ညီလေ”

“ဟင် ...”

နောက်တစ်ယောက် အုံ့ညြတော့မှ ခင်ဒီပါက ပြုံးလိုက်ကာ ...

“ဟုတ်ပါရဲ့နော်၊ နောင်ဆို သူစိမ်းတွေမဟုတ်ကြတော့ဘူး။ မိသားစုနှစ်စု ခင်မင်ရင်းနှီးသင့်ပါလျက်နဲ့ စိမ်းနေကြတယ်၊ အဲဒါ တို့ဘက်က ချို့ယွင်းချက်ပါ။ တစ်ရက်ရက်တော့ မိသားစုတွေဆုံကြအောင် ထမင်းစားဖိတ်ရဦးမယ်”

“ကိုထန်က ... မလတ်ရဲ့ ...”

“ဟုတ်တယ် ကလေးရဲ့”

ဟု ပြောလိုက်ရင်း ရာရာ့လက်ထဲက ပိုက်ဆံတွေကို မျက်လုံးရောက်သွားသည်။

“မလတ်၊ အဲဒါကလေ ...”

ပိုက်ဆံအကြောင်းရှင်းပြဖို့ လိုပြီကိုသိလိုက်သောကြောင့် ရာရာ





က ထောင်တန်အထပ်လိုက်လေးကို လက်နှစ်ဖက်ထဲမှာ စုကျစ်၍ ရင်ဘတ်မှာကပ်ထားလိုက်သည်။

“မလတ်ကို ဟိုတစ်ခါ မုန့်ဖိုးပိုပေးဖို့ တောင်းတာလေ”

“အင်း ... သူများပိုက်ဆံ ပေးစရာရှိလို့ဆို”

ခင်ဒီပါက စကားထောက်ပေး၏။ ရာရာ မျက်လွှာလေးချပစ်ရှာသည်။ မာန်ထန့်က ဘာမှဝင်မပြောဘဲ ဒီတိုင်းရပ်ကြည့်နေလိုက်၏။

“အဲဒါ ကိုထန့်ကိုပေးရမှာ”

“ဘယ်လို ... ဘာပြောတယ် ရာရာ”

လိပ်ပတ်လည်အောင် မသိသေးသဖြင့် ခင်ဒီပါ့မျက်နှာလေး ရဲခနဲ ဖြစ်သွား၏။ ညီမလေး ဘယ်တော့မှ ပိုက်ဆံအသုံးမကြမ်းခဲ့ပါ။ မသုံးလွန်းလို့ သုံးပါလို့ပြောတာလည်း မသုံးတတ်ခဲ့ဘဲ။

“ရာရာ ... ကလေးက ယောကျ်ားလေးတစ်ယောက်ဆီက ပိုက်ဆံချေးတယ်၊ ဟုတ်လား”

“ဒီလိုပါ၊ ချေးတာမဟုတ်ပါဘူး”

အဖြင်မတော်တော့မှ သူ ဝင်ရှင်းပြလိုက်သည်။ ခင်ဒီပါ သက်ပြင်းမောကြီးချကာ ...

“ဖြစ်ရလေ ကလေးရယ်၊ ဖိနပ်ပြတ်ရင် ပြတ်တယ်ပေါ့၊ အဲဒါသာကြည့်တော့ မောင်လေးရယ်၊ ညီမလေးက ကလေးလိုပါပဲ၊ တကယ်၊ အိတ်ထဲမှာ ပိုက်ဆံများများထည့်ပေးလို့လဲ မရဘူး။ သူ့ကိုက များများကိုင်မထားချင်တာ၊ ဒီနေ့ထိ အဝတ်အစား သူ့လက်နဲ့သူ ဝယ်မဝတ်ခဲ့ ဖူးဘူး”

မာန်ထန်က စိုက်ကြည့်၍ နှုတ်ခမ်းတွန့်ပြုံးတော့ ရာရာ မနေတတ် မထိုင်တတ်ဖြစ်နေခဲ့၏။ ခင်ဒီပါက ရာရာ့ပခုံးလေးကို ဖက်ထားလိုက်၊ ဘေးက ဆံစလေးတွေကို သပ်တင်ပေးလိုက်နှင့် မြတ်နိုးသော အပြုံးဖြင့် ...

“တစ်အိမ်လုံးက အငယ်ဆုံးဆိုပြီး ယုယထားကြပို့ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အေးလွန်းလို့စက်နေတယ် ... သိလား၊ အဲဒါကြောင့် သူငယ်ချင်းအပေါင်းအသင်းချင်းကတောင် အနိုင်ယူတာခံရတယ်”

“ကျွန်တော်ကြားဖူးတာတော့ အလိုလိုက်ခံရတဲ့ကလေးတွေ ဆိုးတယ်တဲ့၊ တစ်မျိုးပဲနော်”

“ဟုတ်တယ် ... ဟုတ်တယ်၊ အဲဒီလိုအဆိုးအနဲ့ ခံချင်လွန်းလို့ ဆိုးစေချင်တာ”

“မလတ်ကလဲ၊ တော်ပါတော့”

“ညီမလေးက မောင်လေးကို ဘယ်လောက်ပေးရမှာလဲ၊ မမ ပေးလိုက်မယ်”

ညီမဖြစ်သူကို ငုံ့ကြည့်မေးကာ ခင်ဒီပါက ပိုက်ဆံအိတ်ဖွင့်တော့ မာန်ထန်က နောက်ဆုတ်ရပ်လိုက်ပြီး ...

“မဟုတ်တာ၊ အဲဒီလိုမလုပ်ပါနဲ့ မလတ်ရယ်၊ အစကတည်းက ပြန်ယူဖို့ကို အစီအစဉ်မရှိတာပါ၊ အသူရာက စွတ်ပေးနေတာ၊ ဘယ်လိုငြင်းရမလဲ စဉ်းစားနေတာ၊ ဘယ်လောက်မှလဲ မရှိပါဘူးဗျာ၊ နေပါစေ”

“အို ... ဒါဆိုရင် ညီမလေးက စိတ်ကောင်းမှာမဟုတ်ဘူးထင်တယ်၊ ဒီလိုလုပ်ရအောင်၊ ကြွေးဆပ်တာမျိုးမဖြစ်အောင်ပေါ့၊ လာမယ့် ဆန်းဒေးမှာ ကိုရန့်ကို နေ့လည်စာကျွေးဖို့ မမ ကတိပေးထားတယ်၊ မောင်လေးရော လိုက်ခဲ့လေ၊ အဲဒီပွဲအတွက် ညီမလေးက ဒကာပေါ့”

မာန်ထန်နဲ့ရာရာ မျက်လုံးချင်းဆုံသွား၏။ ပြုံးတုပြုံးဖြစ်ကြသည်။ သူက စူးစိုက်ကြည့်နေဆဲမှာ ရာရာ မျက်လွှာချပစ်လိုက်၏။

ရင်ထဲမှာတော့ ဖိနပ်ကိစ္စကို မလတ် အသေးစိတ်များထပ်မေးလာလျှင် ဘယ်လိုဖြေရမလဲဆိုတာပဲ အထပ်ထပ်တွေးမိနေ၏။

ခွင်းနဲ့ ပတ်သက်တာ မပါမှဖြစ်မည်။ ညာဇေတော့ အသူရာ ...။

❀ ❀ ❀





## အခန်း (၂၃)

“နောက်ဆုံးနှစ်ဆိုတဲ့အတိုင်းပဲကွာ၊ အနီးကပ်ကျူမှ စုပြုံကျက်နေကျဟာ၊ ဒီနှစ်ပိုမောပါလား”

သက်ဘန့်က လက်နှစ်ဖက်ဆုပ်မြှောက်၍ ခါးကြောဆန့်သည်။ လွှတ်ချလိုက်သည့် ဘောလ်ပင်နဲ့က စာအုပ်ကြားထဲမှာ ညပ်မနေဘဲ တစ်ပတ်ချင်း စိန်ခေါ်၍ လိမ့်ဆင်းသွားလိုက်တာ မြက်ခင်းပေါ်ထိ ရောက်သွားသည်။

တစ်ချက်ငုံ့ကြည့်ပြီး သက်တန့်က မကောက်ပါ။ ကျက်ရ၊ ရေးရသည့်အဖြစ်ကို အဲဒီလောက်ထိ စိတ်ပျက်လက်ပျက် စွန့်လွှတ်လိုက်တာဖြစ်သည်။

ဒီနေ့ ဒီမှာပဲရပ်ဖို့ နှစ်ယောက်စတတ်မတိုက်ရဘဲ တူညီစွာ ဆုံးဖြတ်ပြီးဖြစ်သည်။ မျက်နှာချင်းဆိုင်ထိုင်သည့် ခွင်း က နေရာမှထရပ်ကာ နံလွတ်အောင် ဘောင်းတွက်ရပ်၏။ ပြီးတော့ ခြေဖျားထောက်၍ နှစ်ဖက်သုံးချက် ခုန်လိုက်သည်။ ထိုစဉ်မှာ မျက်လုံးတို့က ရာရာတို့ဆီဘက်ထို အသေအချာရောက်သွား၏။

“ဘာကြည့်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



ကျောပေးထိုင်နေသည့် သက်တန့်က သူ့ကိုမေးရင်း နေရာမှ ထရပ်၍ သူကြည့်တဲ့အတိုင်း လိုက်ကြည့်သည်။ ဗုဏ္ဍရိတ်ပင် အုပ်ခဲခဲ ပုပုလေးတွေပဲ ခြံနှစ်ခြံအလယ်မှာ တားထားတာမို့ အတွင်းပိုင်းက သစ်ပင်တွေကွယ်နေတာကို ဟိုဘက်ဒီဘက် တိမ်းကြည့်လိုက်တာနှင့် ပေါ်တီကိုအောက်သို့ မြင်ရသည်။

ပါဂျရိုကားနက်ကြီးပေါ်မှ ဆင်းလာသည့် လူရွယ်တစ်ယောက်ကိုမြင်ရကာ အိမ်ထဲကထွက်လာကြို့သူက ခင်ဒီပါ ဖြစ်နေ၏။

"ဟွန်း ..."

စပ်စုခြင်းဖြင့် ရှည်မတ်နေသည့်လည်ပင်းက ချက်ချင်းပြန်ပုသွားပြီး နှုတ်ခမ်းက တွန့်လိမ်သွားသေးသည်။

"ဘယ်သူလဲ အဲဒါ ...."

သက်တန့်ကလည်းမြင်သဖြင့် မလွှဲတမ်းကြည့်နေရင်း ပြန်မေးသည်။

"မမြင်ဘူးလား။ အဲဒီမှာ မသေခင်က ဝုပ်စော်နံနေတဲ့ အပျိုကြီးလေ"

"မင်းကလဲကွာ၊ ရာရှာအစ်မမို့လား။ ဒီလောက်လှတာကို"

"ဘာလှတာလဲ၊ ဟွန်း ... လက်ထပ်တော့မယ်ဆိုတဲ့ လူပဲဖြစ်မှာပေါ့၊ ဖြစ်နိုင်ရင် သေချာပြောပြလိုက်ချင်တာ၊ အဲဒီမိန်းမကြီးကို မယူနဲ့လို့"

"ခွင်း ...မင်း သူများကို မေတ္တာပို့မနေနဲ့၊ ဟိုမှာ .. ဟိုမှာ မာန်ထန်မို့လား"

"ဘာ ..."

ခွင်း ဆတ်ခနဲ ဖြစ်သွားသည်။ အဖြူရောင်ရှပ်အင်္ကျီလက်ရှည်ကြေးနီရောင်ချည်ချောပုဆိုးနှင့် ...။

"တွေ့လား၊ ဟိုမှာလူကြီးတွေရောပဲ၊ မင်းပြောသလို အပျိုကြီး မမအတွက်မှဟုတ်ရဲ့လား ခွင်း ရာ၊ ဒါမှမဟုတ် နှစ်ယောက်စလုံးများလား။ ပုံစံကြီးက တံခမ်းတနားပဲနော်"

ခွင်း မျက်လုံးတွေ အရောင်တွေထွက်နေသလို စူးစူးရှရှ ဖြစ်





...၏။ မျက်ခုံးနှစ်ဖက်က ထိဆက်တော့မတတ် ကုတ်ကျလာသည်။

မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး ...။ အော်ပြီး ပြေးသွားချင်သည်။ ...ရှုပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီးမေးချင်သည်။

ပြိုင်ပွဲမဟုတ်ဘဲနိုင်ခဲ့တာဟာ အဓိပ္ပာယ်မရှိမှန်းသိလာတော့ ...ယ့်ကိုကိုယ်ပင် ရယ်ချင်ခဲ့သည်။ ဘာပဲဖြစ်ဖြစ် မခံချင်စိတ်ကြောင့် ...င်းစားတစ်ယောက် အဖတ်တင်...ားသည်။ သို့သော် ....။

ဒီတစ်ခါ မာန်ထန် ခြေလှမ်းပြင်လိုက်ခြင်း၏ အရပ်မျက်နှာဟာ ...ွေးနီသော နှလုံးသားရပ်ဝန်းတစ်ခု ဖြစ်နေခဲ့သည်။ ဦးတည်ချက် ...သော လေပွေရိုင်းတစ်ခုကြောင့် ရင်တစ်ခုလုံး သွက်သွက်ခါသွား ...သည်။

ပြိုင်ချင်သေးလို့လား ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

ဒီတစ်ခါတော့ သမီးရဲ့ယောက္ခမလောင်းများအဖြစ် ဒေါ်ခင်နှ… ကောင်းမွန်စွာ ဧည့်ခံကြိုဆိုခဲ့သည်။ အစကလည်း သမီးကို ဒီလူ… နှင့် သဘောမတူ၊ မကြည်ဖြူ၍ မဟုတ်ပါ။ ကိုယ့်သမီးကိုကလေးလို… မြင်နေလို့ ဆိုသည့် တစ်ယူသန်အစွဲမျိုးလည်း ကိုယ့်မှာမရှိပေ။

အစ်မဖြစ်သူကို အမေလို၊ အစ်မလို တွယ်တာနေခဲ့သည့် သ… ငယ်လေး စိတ်အားငယ်သွားမှာစိုး၍ဖြစ်သည်။

"သမီးရယ်၊ သမီးက ယောကျ်ားနောက်လိုက်နေရမှာ၊ ညီမလေ… တစ်ယောက်တည်း အားငယ်ရှာမှာကွယ်"

ဒါပဲပြောပြလိုက်သည်။ သမီးကြီးပါပါကလည်း သူ့ညီမလေး… ညှာတာခဲ့ရှာ၏။ ခုတော့ သမီးကညာ အခါမလင့်စေနဲ့ ဆိုတာကိုလည်… သတိရသည်။ လူငယ်လေးက သားကြီးရဲ့သူငယ်ချင်းလည်းဖြစ်သ… အပြင် လူတော်လူကောင်းလေးမို့ လက်ထပ်ဖို့ရက်သတ်မှတ်ဖော်… ဆွေးနွေးကြရအောင်၊ ထမင်းစားကြွပါလို့ ကိုယ်တိုင်ပဲ ဖိတ်လိုက်… ဖြစ်၏။





"ဟိုတစ်ခါ ကျွန်မတို့ဘက်က ဧည့်ဝတ်မကျေလိုက်ရတာတွေ …ပါတယ်၊ အဲဒီအတွက် တောင်းပန်ပါတယ်ရှင်"

အားလုံး မျက်နှာစုံညီထိုင်မိသည်နှင့် ဒေါ်ခင်နှင်းက တောင်းပန် …တ်သည်။ ဒီပွဲကို မြင်ကတည်းက သဘောကျကျေနပ်သည့် ဒေါ်ညို့ …တော့ ပွင့်လင်းစွာပဲပြုံး၍ ချက်ချင်းကျေနပ်သွားသည်။

"ကြော် …ဒီလိုပါပဲ၊ သားရှင်ထက် သမီးရှင်ဘက်က ဒီလိုပဲဖြစ် …တ်ကြတာကို ညီတို့က နားလည်ပါတယ်၊ ထုံးစံကိုက သျှောင် …တ်ဆံထုံးပါမို့လား"

ကိုယ့်ဘက်ကတော့ ခေါ်သွားမှာပဲဆိုတာကို တစ်ခါတည်း သိစေ …တ်၏။ ဒေါ်ခင်နှင်းကလည်း နားလည်ပါသည်။ ဒါပေမယ့် ဘယ်ထိပဲ …သွား၊ ကိုယ့်သမီးက ကိုယ့်ဆီကိုလာမှာပဲဖြစ်သည်ကို သိထား …င် ရှိပါစေတော့။

"ကြော် … ဒါနဲ့ သားအမိနှစ်ယောက်ပဲလားဟင်၊ သမီးတစ်ယောက် …ရော"

ဟိုတစ်ခါလာကြတုန်းကလည်း ဒီလိုပဲ၊ ဦးသိမ်းဇော်နဲ့ရော၊ ရာရာ … တွေ့မသွားခဲ့ကြပါ။ အဲဒီတုန်းကတော့ ဒေါ်ခင်နှင်းက သိပ်ပျာပျာ … ရှင်းပြခဲ့တာလည်းမဟုတ်ပေ။

"သူတို့အဖေက ခုနကပဲ ထွက်သွားရတာ၊ ဒီလိုပဲလေ၊ အလုပ်က …ကြီးရင် ခဏနေပါဦးလို့ ဆွဲထားလို့မရဘူး၊ သမီးငယ်ကတော့ …င်သွားနေရလို့ပါ"

ဒေါ်ညိုမှာ အောင့်သက်သက်နှင့် ပြန်လာခဲ့ရသည်။ ချွေးမလောင်း … ရှေရှည်ဝင်းစက်လေးဖြစ်နေသဖြင့် မာနလည်းမကြီးနိုင်၊ မခံချင် …တာ့လည်း ဖြစ်မိ၏။ ခုတော့ …။

"ရှိပါတယ်ရှင်၊ ကိုဇော် ရေချိုးနေလို့ပါ၊ မနက်က မနက်စာစားပြီး …သိပ်မကြည်ဘူးဆိုတာနဲ့ ဆေးသောက်ပြီး ပြန်အိပ်ပျော်သွားတာ၊



www.burmeseclassic.com

www.burmeseclassic.com



ခုနကပဲ နှိုးထားလိုက်ရတယ်၊ သိပ်အိပ်နေရင်လဲ ခေါင်းပြန်နဲမှာစိုး

"ဩော် ...နေမကောင်းဘူးကိုး"

ဦးကျော့ရှိန်ကတော့ စထိုင်ကတည်းက တစ်လုံးတစ်ပါ မပြောသေးပါ။ မိဘနှစ်ပါးစလုံး ပါသင့်တဲ့နေရာမို့ လိုက်ပေးရတာ ဖြင့် ခပ်တည်တည် ခပ်မိန့်မိန့်ပဲ ထိုင်နေခဲ့သည်။

ထောင့်မှန်ကျ နှစ်လုံးတွဲဆိုဖာမှာ ရန်မာန်နှင့်မာန်ထန်က လျှက်ထိုင်နေ၏။ သားကြီးကတော့ သူ့သဘောကျ မှန်ကန်စွာ ချယ်သွားတာမို့ အစကတည်းက သူ ကြည်ဖြူခဲ့တာပါ။ သားငယ် ထန်ကိုတော့ ဒီတစ်ခါ သူ့အလှည့်ဟု တွက်ထားခဲ့သည်။ အခု သားငယ်ကို ပါအောင်ခေါ်လာခြင်းအတွက် ဦးကျော့ရှိန်က သိ ကြည်ချင်။

"သားကြီးရေ၊ အဲဒီအိမ်မှာ အငယ်မလေး ကျန်သေးတယ် ဒီပုံလိုပဲလား။ အခု ကျောင်းပြီးပြီလား"

"ဘယ်အတန်းမှာလဲ"

မေးမြန်းနေသံတွေ ကြားလာရ၏။ မကြာခင်မှာပဲ နောက် ကြားရပါ၏။

"သား ကိုကိုအတွက်ပဲ၊ လိုက်ခဲ့ပါလား သားငယ်၊ မေမေတို့ လုံးသွားမှာ၊ သားတစ်ယောက်တည်းကျန်ခဲ့မှာ၊ ကျောင်းလဲပိတ်တာပဲ

အမေဖြစ်သူက ခေါ်သည်၊ သူ့ကတ ကားပေါ်ရောက်သွား ဦးကျော့ရှိန် နည်းနည်းတော့အံ့ဩမိပါသည်။ မိန်းမ ပေးစားဖို့အ နှင့်ပတ်သက်သော စကားလေးနည်းနည်းဟလိုက်တာနှင့် မျက် ပျက်သွားတတ်သည့် သားတော်မောင်က ခုတော့ နှစ်ခါမခေါ်ရ ဘာပဲဖြစ်ဖြစ် ဒေါ်ညိုမာတို့ကြံစည်သမျှ အောင်မြင်နေတာတော့

"အန်တီတို့၊ သုံးဆောင်ကြပါဦး"

ခင်ဒီပါက လက်ဖက်ရည်ပွဲတွေကို သူမကိုယ်တိုင် လာချ





င်ရှည်တွေကို နောက်မှာ ခေါင်းစည်းကွင်းကလေးနှင့် စုစည်းထား အိမ်နေရင်း ရှန်သားလက်ပြတ်ပါးပါး အဝါနုရောင်လေး ဝတ်ထား ည့် ခင်ဒီပါ့ပုံစံလေးက မပြင်မဆင်ရဘဲနှင့် ဝင်းထိန်နေသည်။

လက်ဖက်ရည်ပွဲတွေ ကိုယ်တိုင်ပဲပေးစဉ် ရန်မာန့်ကိုပေးတော့ မာန်က နှာခေါင်းတစ်ဖက် မသိမသာတွန့်ပြ၏။ လူကြီးတွေက ား‌ပြောမပြတ်ကြ၍ မမြင်ပေမယ့် မာန်ထန်က မြင့်သည်။ မမြင် ယ်‌နေလိုက်ရရင်း နှုတ်ခမ်းမဲ့ချင်တာကို ထိန်းထားရသည်။

ဒီလောက်ပဲ ကဲချင်ရသလား၊ ကိုယ့်အသက်ကို ပြန်တွက်နိုင်ဖို့ ထင်သည်။

"သမီးရေ၊ ညီမလေးရော၊ ခေါ်လိုက်ပါဦး၊ ဧည့်သည်တွေနဲ့ မိတ် ဆက်ပေးရအောင်"

"ဟုတ်ကဲ့၊ စာကျက်နေလို့ မေမေ၊ သမီးခေါ်ခဲ့မယ်"

ထိုစဉ်မှာပဲ လှေကားထိပ်မှဆင်းလာသည့် အရိပ်ကလေးတစ်ရိပ် ကြောင့် ဧည့်ခန်းမှလူအားလုံးပဲ လှမ်းကြည့်လိုက်ကြ၏။

"ဟော ...သမီးငယ်လေး၊ လာ ..."

ရာရာ့ခြေလှမ်းတွေက အနေးဆုံးသို့ ထိုးကျသွား၏။ လူတွေ ားကြီး စုဝေးနေသည့်ရှေ့မှာ လမ်းမလျှောက်ရဲတာ၊ အကျင့်ဆိုး ယ့် ဖျောက်လို့မရခဲ့ပေ။

ထိုလူတွေထဲမှာ မာန်ထန်ပါနေတာက ပိုဆိုး၏။ ဆန်းဒေးမှာ တ် ဆုံပေးဖို့ ကြိုးစားခဲ့သော နေ့လည်စာစားပွဲမှာလည်း သူမ ခဲ့ပါ။ မာန်ထန့်ရှေ့မှာ အကြိမ်ကြိမ်အရှက်ကွဲရင်းဖြင့် ခင်မင်သည့် င့်သို့ရောက်ခဲ့ရသော ကိုယ့်အဖြစ်ကိုလည်း သိမ့်ငယ်စိတ်တွေ နေခဲ့သည်။

"ဘာဖြစ်တာလဲ ရာရာရယ်၊ မာန်ထန်က ကလေးကို ခုနှိုးပုံ တယ်၊ အဲဒီကောင်လေးက ခွင်း လိုတော့မဟုတ်ဘူး အဲဒါ မမ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်၊ သိက္ခာရှိတယ်၊ အနေတည်တယ်၊ စာလဲ အရမ်းတော်တာ

ထွက်လာခဲ့သည့် ဂုဏ်ပုဒ်တွေက ကိုယ်နဲ့မိတ်ဆွေဖြစ်လော အောင် တူတန်လို့လား။ ထိုပြင် ဘီအီးတန်းတက်နေပြီ။ ဘယ်နည်း ဖြစ်ဖြစ် ကိုယ့်ထက် အသက်ကြီးမှာပင်။

ခြေလှမ်းတွေက ရှေ့တိုးနေပေမယ့် အိမ်ပေါ်ကို စိတ်က ပြ လှည့်ပြေးချင်နေခဲ့သည်။ မလတ်က သေချာပြောပြထားလို့သာ မဟုတ်ရင် သူမ ထွက်လာခဲ့မှာမဟုတ်ပေ။

"ညှော်သည်တွေကို ထွက်မတွေ့ဘဲနေရင် အဲဒီလူက ဒီညှော်သည် ကို မလိုလားဘူးဆိုတဲ့ အဓိပ္ပာယ်မျိုး သက်ရောက်တယ် ကလေး ဆင်းခဲ့နော်" လို့ သေချာပြောပြထားလို့ ...။

"လာ ...သမီးငယ်၊ ဒီမှာထိုင်"

ဒေါ်ခင်နဒီက ရာရာ့လက်ကလေးကို လှမ်းဆွဲ၍ ထိုင်စေတော့ မာန်ထန်နှင့် မျက်နှာချင်းဆိုင်ဖြစ်သွားသည်။ ဒေါ်ညိုမာက ရာရာ စဆင်းလာကတည်းက သေချာစိုက်ကြည့်နေခဲ့ပြီး ...

"သူလေးကလဲ ညိုစိမ့်စိမ့်လေးပဲ၊ ဆံပင်ရှည်တွေကလဲ ပြောင် နက်မှောင်နေတာပဲ၊ သမီးဒီပါထက် ပိုရှည်တယ်နော်"

ရာရာက မော့ကြည့်ပြီး ပြုံးတော့မလို၊ မျက်နှာလွှဲပစ်တော့မ နှင့် ပေါင်ပေါ်တင်ထားသည့်လက်ကလေးကို ဖိဆုပ်ထား၏။

"ဟုတ်တယ် မညို၊ သမီးငယ်ဆံပင်က လက်တစ်ဝါးလော ပိုတယ်၊ သူ့အစ်မက သူ့ဆံပင်ကိုရော၊ ညီမရဲ့ဆံပင်ကိုရော၊ သေ ပြုစုစောင့်ရှောက်ထားတာလေ"

"ဪ ... လိမ္မာရေးခြားရှိလိုက်တာ"

ဒေါ်ညိုမာ့ပီတိတွေက မျက်နှာကြီးထက်မှာ ချို့အိနေ၏။

"ဆံပင်ကို ဒီလိုမြတ်နိုးကြတာ ရှားကုန်ပြီ၊ မနဒီက သိပ် ကံကောင်းတာပဲနော်၊ သမီးလေးနှစ်ယောက် မွေးထားတာ၊ နှစ်ယော





ုံးက သိမ်သိမ်မွေ့မွေ့ ချစ်စရာလေးတွေ၊ သားကြီးကျတော့လဲ ဘော်သားဆိုပေမယ့် ရှုပ်ရှုပ်ပွေပွေ မရှိဘူး၊ မိဘနဲ့ညီမတွေအပေါ် ဝတ္တရားမပျက်ဘူးတဲ့၊ သားက သူ့သူငယ်ချင်းအကြောင်းကို အမြဲ ပြောနေတာ"

သားသမီးတွေ လိမ္မာရေးခြားရှိကြတော့ မိဘမှာ ပီတိတွေဖြာလို့ပါ။

"မညိုတို့လဲ ကံကောင်းပါတယ်၊ သားနှစ်ယောက်စလုံး ရည်မွန် တာပဲ"

ဒေါ်ခင်နဒီက မာန်ထန်နှင့်ရန်မာန့်ကို လှမ်းကြည့်ပြီး မြင်တဲ့ တိုင်းပဲပြောသည်။ အတွင်းသိတစ်ယောက်လို အပ်ချမတ်ချ မပြော ပေမယ့် ဝတ်စားထားကြပုံနှင့် မျက်ဝန်းလေးတွေအရ ဘယ်လိုမှ မ်းတားလေးတွေ မဟုတ်နိုင်ဘူးဆိုတာတော့ တွက်မိ၏။

ဒေါ်ညိုမာကလည်း ကိုယ်လမ်းခင်းတဲ့အတိုင်း ဒေါ်ခင်နဒီ တ်သင့်ပါလာတော့ ကျေနပ်သွားတာ ...

"ဒါဆိုလဲ နှစ်ယောက်၊ နှစ်ယောက်ချင်းပဲ သားနဲ့သမီး လဲမယ် သာတယ်၊ နာတယ် မတွက်ကြေးပေါ့"

"ရှင် ..."

ဒေါ်ခင်နဒီ အံ့အားသင့်ကာ နှုတ်ခမ်းအစုံပင် ခပ်ဟဟဖြစ်သွား ရာရာ့ မျက်နှာလေးက အနီရောင်ရင့်ရင့် ဆေးမှင်တွေ ပက်ဖြန်း သလို သိသာစွာ ရဲတွတ်သွားလေသည်။ မာန်ထန့်မျက်ဝန်းများ ဆုံလိုက်မိစဉ်မှာ သူမ ဘယ်လိုမှ မယုံကြည်နိုင်သော အခြေအနေ ၏ တစ်စုံတစ်ရာကို မြင်လိုက်ရသည်။

မျက်ဝန်းတို့ကို ပြိုင်တူလွှဲပစ်လိုက်မိသော်လည်း ရာရာ အံ့ဩ ဖြင့် နောက်ထပ်ပြန်ကြည့်မိသေးသည်။

မာန်ထန်က ကဗျာနဲ့ စေ့စပ်ထားတာမဟုတ်ဘူးလား၊ ပြီးတော့ ချစ်သူတွေပဲ၊ ကျောင်းမှာ ခဏခဏမြင်နေရသည့်အဖြစ်တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ပြန်တွေးမိ၏။ ဒီနေရာမှာ ဒီလိုစကားတွေ ပြောတာကို သူဘာ
လို့ ခေါင်းမညိတ်၊ ခေါင်းမခါပုံစံနှင့် နေပါသနည်း။

"ဘယ်လိုလဲဗျ၊ သမီးလေး နှစ်ယောက်တည်းရှိတာကို
ယောက်စလုံးလိုချင်တာဘော့ ဘယ်ကောင်းမလဲ၊ ကျုပ်တို့က
တာပေါ့"

ပြောပုံက တရင်းတနှီးပြောလိုက်သံပါ။ အားလုံးထဲမှာ ဦးကျော်
ရှိန်ပဲ ခေါင်းထောင်သွားကာ အသံလာရာသို့ လည်ပင်းရှည်ကြ
လိုက်သည်။

"ဟင် ... ကိုသိမ်းဇေ"

သူ ဘယ်လိုမှ မထင်မှတ်ခဲ့ပေ။ တအံ့တသြကြီးကြည့်နေပြီး
မိန်းကလေးနှစ်ယောက်ထံ အကြည့်ပြန်ရောက်သည်။ ပြီးတော့
ကျေနပ်စွာပြုံး၍ ...

"ဪ ... ဪ ခင်ဗျားသမီးတွေပေါ့"

ဦးသိမ်းဇေက အပြုံးတစ်ဝက်နှင့် ခေါင်းညိတ်သည်။ ထိပ်ဆုံး
တစ်ယောက်ထိုင်ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီးမှ ...

"အံ့သြစရာပဲဗျာ၊ လေ့ကားပေါ်ကနေ လှမ်းမြင်လိုက်တော
ခင်ဗျားမှဟုတ်ရဲ့လားလို့ သေချာကြည့်မိသေးတယ်၊ ဘယ့်နှယ် အ
ပေးရမှာစိုးလို့ ရှောင်နေတာကို အိမ်ပေါ်ထိရောက်လာတာလား"

သမီးမပေးချင်ဘူးဆိုတာရော၊ အိမ်ပေါ်ထိ ရောက်လာသလား
ဆိုတာပါ ပြောပုံက ဒေါသဖြစ်လို့ပြောတာမဟုတ်မှန်း သိသာ
အားလုံးပဲ အံ့သြသွားကြပြီး နောက်တော့မှ ပြုံးနိုင်ကြတော့သည်။

ဦးကျော်ရှိန်က ကျေနပ်လို့မဆုံး၊ ခုကျမှ ပြုံးရယ်နေသည့်မျ
နှာကြီးနှင့် ဇနီးဖြစ်သူဘက်လှည့်ကာ ...

"ညို ... ငါ ပြောပြောနေတဲ့ မိတ်ဆွေဆိုတာ သူပေါ့။ ကိုသိမ်း
ဇေလေ"





"ဟုတ်ကဲ့ရှင်"

ဦးသိမ်းဇေကလည်း ဖော်ရွေစွာ ပြုံးပြကာ ...

"ဟုတ်ပါတယ်၊ ကျွန်တော်တို့က အပြင်မှာ လုပ်ငန်းချင်းလဲတွေ
တာမဟုတ်ဘဲနဲ့ ဘယ်လိုရေစက်နဲ့ ဆုံစည်းပြီး ရင်းနှီးနေကြမှန်းမသိ
ဘူး၊ တစ်ယောက်ဘယ်မှာနေမှန်းလည်း တစ်ယောက်မသိကြဘူး။
အပြင်ထွက်တိုင်းတော့ ခဏခဏဆုံနေကြတာပဲ"

"အဲဒါပဲဗျ၊ ရေစက်ဆိုတာ၊ လူကြီးချင်းဆုံပြီးတော့ ကလေးတွေ
အလှည့်ပဲကျန်တော့တယ်"

ဦးကျော်ရှိန်က ဦးသိမ်းဇေ ဆက်ပြောမှာမဟုတ်လောက်သည့်
စကားကို သူပဲဆက်ပြော၏။

"ကျုပ်ဇနီးက ဒီလိုဒီအကြောင်းပြောပြီး ခေါ်လို့ ပါလာရတာ၊
သားကြီးရဲ့ဇနီးလောင်းလေးက ခင်ဗျားသမီးဆိုတာလဲ မသိခဲ့ဘူး"

ဒီစကားအရောက်မှာ ဒေါ်ညိုမာက သတိလက်လွှတ် မျက်စောင်း
တစ်ချက်ပစ်လွှတ်၏။ ပြီးမှ ဘေးကို အားနာသလိုငဲ့ကြည့်ပြီး ပြုံးသည်။
ဦးကျော်ရှိန်ကတော့ သူ့အလိုဆန္ဒအားလုံး ပြည့်ဝသွားပြီမို့ သမီးတောင်း
ရေးကိုပဲ အားကြိုးမာန်တက် ကြိုးစားတော့သည်။

ဟိုအရင် သူက စားသောက်ဆိုင်မှာထိုင်နေတုန်း ဦးသိမ်းဇေ
တားပေါ်က ဆင်းလာပြီး ကားကိုပြန်လွှတ်လိုက်သည်။ ထိုကားပေါ်
မှာ ဆံပင်ရှည်တွေဖြန့်ချထားသည့် မဟာဆန်ဆန်အလှနှင့် မိန်းကလေး
တစ်ယောက်ကို လှစ်ခနဲ မြင်လိုက်ရ၏။

အတူတူထိုင်ဖြစ်လို့ မေးကြည့်တော့ သူ့သမီးနဲ့ကိုယ့်သား စေ့စပ်
ဖို့ လက်ထပ်ဖို့တွေပါကုန်သည်။

"သမီးနှစ်ယောက်ဆိုတော့ ဘယ်သူဖြစ်ဖြစ်ပေါ့၊ အဲဒီလိုပုံစံမျိုး
လေး ဒီခေတ်မှာ ရှေးမတော်ခွင့်ရဖို့ မလွယ်တော့ဘူး၊ ပြီးတော့ဗျာ၊
ခင်ဗျားသမီးဆိုတာနဲ့ပဲ ယုံပြီးသားဆိုရင် ပိုသွားမပေါ့"



www.burmeseclassic.com

www.burmeseclassic.com



စပြောကတည်းက ဦးသိမ်းဇေက သမီးတွေကို တွန့်တိုနေပုံ ရှိသူ ဖြစ်၏။ ဒါကို တွေ့ကြတိုင်း တတွတ်တွတ်တောင်းနေတဲ့သူက သူပဲ ဖြစ်သည်။

"ဟုတ်ပြီဗျာ၊ ကဲ ... ကလေးတွေကို နားချကြတာပေါ့"

ဦးသိမ်းဇေက မီးစိမ်းပြပြီဆိုမှ ဇနီးဖြစ်သူက သားငယ်ကို ကဗျာနဲ့ အတိအကျစေ့စပ်ပစ်လိုက်သည်။ သားကြီးကျတော့လည်း ရှိပြီးသားတဲ့။ မိဘတို့ဝတ္တရားရှိသည့်အတိုင်း သင့်တင့်ရာနဲ့ပဲ လက်ထပ်ရမည်ဟု စီမံပေးဖို့ကျတော့ ဇနီးဖြစ်သူက ကိုယ့်ဘက်မပါ။

"သားကြီးက ကလေးမှမဟုတ်တော့တာ၊ သူ့သဘောကျ ရွေးပါစေ" တဲ့။ ပြီးတော့ သူမက သဘောတူပါသည်။ စေ့စပ်ပါမည်နှင့် ထလုပ်ပြန်သည်။ အလွဲကြီးလွဲခဲ့သော လင်မယားနှစ်ယောက်၏ ဝါဒီတွေကြားမှာ မထင်မှတ်ဘဲ ငြိမ်းချမ်းရေးတွေ ရရှိသွားကြသဖြင့် အကြောင်းသိနေသည့် ရန်မာန်တို့ကတော့ သက်ပြင်းခိုးချမိလေသည်။

မင်းမော်ကွန်း ညည်းသလို 'တော်ပါသေးရဲ့၊ Beauty ကယ်ပေလို့' လို့ပဲ ညည်းလိုက်ချင်သည်။

ဦးသိမ်းဇေ ကယ်လို့ပါလား ....။





## အခန်း (၂၅)

"သားနဲ့ရာရာ စကားများထားကြသလား"

ရှေ့မှာ သံပုရာဖျော်ရည်ဖန်ခွက်ကို ချပေး၍ မေးခွန်းက တစ်ဆစ်တည်းပါလာသည်။ စာအုပ်ပေါ်မှာ ခွတ်နစ်ဖို့ ကြိုးစားနေရသည့် ချင်း မျက်ဝန်းတွေ ရွေ့လျားသွားသည်။ မီးရောင်မြင်နေရပြီး လူရိပ်ခြင်သော တစ်ဖက်တိုက်ကြီး၏ အိပ်ခန်းတစ်ခန်းဆီသို့ဖြစ်သည်။

ကျောင်းပိတ်ရက်တစ်ရက် ခံနေတာကို ဘယ်လိုထုတ်နှုတ် ဖယ်ရှားပစ်ရမှန်း မသိ၊ ကျောင်းဖွင့်မှ ရာရာ့ကို သူ တွေ့ရမှာဖြစ်သည်။

မေးချင်တာတွေ ရှိနေသည်။ ပြီးတော့ ဟိုတစ်နေ့က ကဗျာနဲ့ ဖြစ်ကြသည့်ကိစ္စမှာ ချစ်သူကိုသာ သူ ကျေအေးစေနိုင်ခဲ့ပြီး ရာရာ့ကို တော့ သေသေချာချာတောင် မေးမြန်းပြောဆိုခြင်း မရှိခဲ့ပေ။

"နင်တို့ ပြေလည်သွားပြီမို့လား၊ ပြီးတာပဲ ခွင်းရယ်၊ သွားပါတော့၊ ငါ့ကို နောက်ထပ်အဲဒီလိုမျိုးတွေ မခိုင်းပါနဲ့တော့နော်၊ တောင်းပန်တယ်"

မနှင်စဖူး သူ့ကိုတွန်းလွှတ်တဲ့အထိပြောတော့ စိတ်ထဲမှာ အောင့်သက်သက်ခံစားလိုက်ရသည်။ ဒီထက်ချော့မော့ပြောဆိုဖို့စကားတွေကို မြိုချပြီး ထွက်ခဲ့မိသည်။



www.burmeseclassic.com

www.burmeseclassic.com



*ညနေပိုင်း တစ်ခါသွားရှာတော့ ရာရာ ထွက်မတွေ့ခဲ့ပါ။* ထိုအချိန်မှစ၍ သူမှာ တဗျာ့ရှေ့ရောက်တာတောင် ပျော်ရွှင်ကြည်နူးခြင်းတွေ ယုတ်လျော့ပျောက်ဆုံးနေခဲ့၏။

မနေ့က မြင်လိုက်ရသည့် မြင်ကွင်းကြောင့် ဘောင်ဘင်ခတ်သွားသော ရင်ထဲမှာလည်း ခုချိန်ထိ မငြိမ်သက်ခဲ့ပေ။ ဖေဖေက ဘာသိတာသာ နေတတ်တဲ့သူ၊ မေမေကလည်း မနက်ကမှ မော်လမြိုင်က ပြန်ရောက်တာမို့ ဒီကိစ္စကို သိမှာမဟုတ်၊ ထို့ကြောင့် သူ မေမေ့ကို မမေးခဲ့ပါ။

နောက်ထပ်တစ်ခုက ထိုအိမ်သားအားလုံးကို မေမေတို့ကချစ်ပေမယ့် ခင်ဒီပါ့ကိုတော့ ရင်ထဲမှာ မညက်ညောနိုင်တာလေးတွေ ရှိကြသည်။ သည်းခံနားလည်သည်ဆိုပေမယ့်လည်း ငယ်ငယ်ကတည်းက ကိုယ့်သားလေးကိုမှ အမြင်စောင်းနေခဲ့သော ခင်ဒီပါ့ဆက်ဆံရေးကြောင့် ခုနောက်ပိုင်းမှာ အသွားအလာတွေလည်း ကျဲကုန်ခဲ့၏။

ဒါကို ခွင်း နားလည်နေသည်။ သူကိုယ်တိုင်လည်း ရာရာ့ဆီကို မသွားဖြစ်သလောက်ဘဲ နေခဲ့သည်။ ကိုယ့်ဘက်မှာ ထိုသို့သော အခြေအနေတွေဖြစ်နေကာမှ ....။

"မေမေ မေးတာ ကြားလား သား"

"ကြားပါတယ်"

ငိုင်နေသည့် ခွင်း ကို ဒေါ်ငြိမ်းသူဇာက အပေါ်စီးကနေ စူးစိုက်ကြည့်သည်။ သူမ ခရီးသွားရာက ပြန်ရောက်ကတည်းက စကားနည်းနေသည့်သားကို ချက်ချင်းသတိထားမိခဲ့၏။

အိပ်ရာထဲမှာ နားကြပ်နှင့် ပက်လက်ကြီးကနေ ဝေါက်ခနဲ ထထိုင်လိုက်၊ စာကြည့်စားပွဲမှာထိုင်၍ စာအုပ်တွေဆွဲလှန်၊ ပြီးတော့ ပြန်ပိတ်၊ ဟိုအံဆွဲကို ဆွဲ၊ ဒီအံဆွဲတွေ ဆွဲနှင့် အိပ်ရာထဲမှာ ဝုန်းခနဲ ပြန်လှဲပစ်တာတွေအထိ အကဲခတ်နေသည့် ဒေါ်ငြိမ်းသူဇာက အားလုံးမြင်သည်။

"မညာနဲ့၊ သားတို့ တစ်ခုခုဖြစ်နေကြတာ မေမေသိတယ်၊ ဖြစ်





လိုက်ရင် သားပဲလွန်တာလဲ မေမေသိတာပဲ၊ ရာရာလေးက သနားစရာပါ သားရယ်၊ ငယ်ငယ်ကတည်းက သားရဲ့အနှံ့အတာကို သိပ်ခံခဲ့တာ၊ တကယ်တော့ ပါပါ သူညီမဘက်က မခံချင်ဖြစ်နေတာ၊ မလွန်ပါဘူး။ မေမေတို့ကသာ ကိုယ့်သားထိတော့ နာမိတာ"

"တော်ပါတော့ မေမေရာ၊ နိုင်တယ် ... နိုင်တယ်နဲ့၊ အဲဒီကောင်စာယ်လောက် လိုမ့်ခံနေရလဲဆိုတာကျတော့ ဘယ်သူမြင်လို့လဲ"

"ဘယ်လို ..."

ခွင်း က စားပွဲကနေ ဖျတ်ခနဲ ထရပ်သည်။ ပြုသမျှ နုဖို့ ဝပ်စင်းငြိမ်သက်နေခဲ့သည့်စာအုပ်ကို ဘာမှမဟုတ်ဘဲ ကောက်ကိုင်သည်။ ပြီးတော့ စားပွဲပေါ်သို့ ဖျန်းခနဲ ရိုက်ချပစ်ခဲ့၏။ ဒေါ်ငြိမ်းသူဇာက ခွင်း ပေါက်ကွဲလာတာကို တအံ့တသြ လိုက်ကြည့်သည်။

"ရာရာနဲ့ သင့်မြတ်အောင်နေပါ သားရယ်၊ အနိုင်မယူပါနဲ့ကွယ်"

ဆိုသည့်စကားမျိုးတွေကို ခုမှ ပြောဖူးတာလဲမဟုတ်၊ ပြောတိုင်းရော ငြိမ်နေခဲ့လို့လား။

"နိုင်တာမဟုတ်ဘူး မေမေရ၊ ငယ်ကျင့်ဆိုတာ ဖျောက်လို့မရဘူး။ အပွန်း ...သူကလဲ ကြောက်တာမဟုတ်ဘူး၊ နားလည်တာ၊ သားကလဲ အနိုင်ယူတာမဟုတ်ပါဘူး၊ ဒီလိုပဲပြောတတ်တာ အကျင့်"

ရယ်ကျဲကျဲ၊ စပ်ဖြဲဖြဲနှင့် ပြန်ပြောတိုင်း ဒီမျက်နှာမှမဟုတ်ဘဲ။ ဒေါ်ငြိမ်းသူဇာက ခွင်း လျှောက်သွားသည့် ပြတင်းတံခါးနားထိ လိုက်သွား၍ ...

"ပြောပါဦး၊ သားက ဘာတွေလိမ့်ခံနေရလို့လဲ၊ ပါပါနဲ့များ တစ်ခုခုဖြစ်ကြသလားကွယ်"

"ဖြစ်ဖို့တော့ ရှိနေပြီ၊ ဒီမိန်းမကြီးပဲ ဒါရိုက်တာလုပ်နေတာ၊ ဟွန်း သေချာကြည့်"

ခွင်း အံကြိတ်၍ ကြိမ်းဝါးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာတွေဖြစ်ကုန်လို့လဲ၊ မထိတ်သာ မလန့်သာကြည့်ရင်း ဒေါ်ငြိမ်းသူဇာ နောက်ပြန်လှည့်ခဲ့၏။ ဟိုဘက်ခြံကို ညတွင်းချင်းဝဲကူးသွားလိုက်ဖို့ ဆုံးဖြတ်မိ၏။

ဒါကိုသိရမှ ဖြစ်မည်။

❁ ❁ ❁





အခန်း (၂၆)

"ရာရာ ဘာဖြစ်လို့လဲ မလတ်"

သူ့မေးခွန်းအဆုံးမှာ မော့ကြည့်လာသည့် မျက်ဝန်းတို့က အစိမ်းရောင်တွေထွက်နေသလား ထင်ရ၏။ တမင်တကာ စကားမပြောချင်သို့ အေးပုကို ပြောခိုင်းလိုက်၏။

"ရာရာ့ကို အိမ်ကကားနဲ့ လွှတ်တော့မှာ" လို့။

ဒါကို အိမ်ပေါ်တက်လာသည်၊ မျက်နှာချင်းမဆိုင်ဖြစ်အောင် ယ်စီရှောင်လွှဲနေခဲ့ကြသည့် အခြေအနေမှာ ဘယ်လောက်ကြာခဲ့ပြီလဲ။

ဒါကို ရှေ့တည့်တည့်ကြီး မေးရဲသေးသည်။ သူ မလုပ်ရဲတာ ဘာသေးလဲ၊ မပြောရဲတာ ဘာကျန်သေးလဲ။

ဆိုဖာမှာ ခြေချင်းချိတ်ထိုင်နေရင်းမှ ချိတ်တင်ထားသည့် ခြေတ်ကို ပြန်ချလိုက်သည်။ သတင်းစာကို စားပွဲပေါ်ပစ်တင်ရှ်း

"အိမ်ကကားနဲ့ လွှတ်ဖို့ ငါ စီစဉ်နေတာကြာပြီ၊ ရာရာ့အစလုံး လက်မခံခဲ့ကြလို့လေ၊ အခု လက်ခံသွားကြတဲ့သဘောပဲ၊ ဖြစ်လို့လဲ၊ မင်းအတွက် ရေးကြီးခွင်ကျယ် ဖြစ်သွားလို့လား"

www.burmeseclassic.com



"မဖြစ်ပါဘူး"

ခွင်း က အပေါ်ထပ်တက်သည့် ကြောင်လိမ်လှေကားကြီး ဟာစ်ချက်ဝေ့ကြည့်၍ ....

"ဒီစာမေးပွဲပြီးရင် ကျောင်းပြီးပြီဥစ္စာ၊ မလိုအပ်တော့ဘူးဆိုရင် ရတယ်"

"ဟော့ ..."

သူ ချာခနဲ လှည့်လိုက်တော့ နောက်ကနေ စူးရှစွာ အော်လိုက် ခြင်းနှင့်အတူ ...

"ကျောင်းပြီးခါနီးလို့ဆိုတာ မဟုတ်ဘူးနော်၊ အစကတည်းက သားရေပတ်စကြီးလို ခုတ်တာ မပြတ်နိုင်လွန်းလို့ ကြည့်နေရတာ၊ တုံးနေတယ်လို့ မထင်နဲ့"

"ဟွန်း ..."

ပြန်လှည့်ပြောနေလျှင် မိန်းမနဲ့ ရန်ဖက်ဖြစ်တယ်ပြောဦးမည် အသံကြားအောင် ဟွန့်ခနဲ မဲ့ပြီး ဂရုမစိုက်သည့် ခြေလှမ်းများကို ပြ အောင်ပြခဲ့သည်။

နောက်ခန်းထဲမှာ သူ သိမ့်ခနဲ ဝင်ထိုင်လိုက်သည်နှင့် ဒရိုင်ဘာ မောင်းထွက်လိုက်၏။ ရာရာ ထိုင်နေကျ ကိုယ့်ဘေးကို မျက်ဝန်း ကြည့်၍ အံကြိတ်မိသည်။ ဒါလည်း မရ၊ တက်ခေါက်၍ အသက် ပြင်းနေတာကိုလည်း မထိန်းနိုင် ...။ ဒီမိန်းမက အစကတည်းက မကြည့်ခဲ့တာ၊ ရာရာ ဘာလုပ်တာလဲ ...။

"အခု လက်ခံသွားကြတဲ့သဘောပဲ"

ပြန်တွေးမိတော့ ဟိုနေ့က ပြဿနာမှာ ရာရာ့ဘက်က ပတ် စက်စက် ခံလိုက်ရပြီဆိုတာ ပေါ်လာခဲ့၏။ ကဗျာပြောတော့ ဘာ သိပ်မဟုတ်သလိုလို။

သူ ရာရာ့ကိုမေးတော့လည်း ရာရာက မဖြေ၊ ဝုန်းခနဲ ပွဲလ





ဆို့ ပြန်ပြေးရမှာလား၊ ဖျာခင်းရမှာလား၊ သူ ဘာမှ အဆင်သင့်မဖြစ် သေ။

ကျောင်းကိုရောက်တော့ သူ ကားပေါ်ကမဆင်းဘဲ ထိုင်စောင့် နေခဲ့သည်။ ဆယ့်ငါးမိနစ်နောက်ကျပြီးမှ မာစီဒီးကားနက်လေး မောင်း ဝင်လာသည်။

ဒီကားက ရာရာ့ကို ကျောင်းပို့ဖို့ ဒုတိယနှစ်ကတည်းက ခင်ဒီပါ ပေးထားတာဖြစ်သည်။ အားလုံး၏ဆန္ဒအရ သူနဲ့မှ စိတ်ချသည်၊ သူနဲ့ အတူသွားရမည်ဆိုသည့် ခွင့်ပြုချက်ထွက်လာသဖြင့် ဒီကားလေးကို ခေါင်အတွင်းပိုင်းမှာ အငြိမ်းစားရာထူးနှင့် စံနေခွင့်ပေးခဲ့ခြင်းဖြစ်၏။

ကားက အတွင်းပိုင်းထိရောက်အောင် မောင်းဝင်သွားပြီးမှ ရပ် သည်။ ပထမဆုံးဆင်းလာသူက ခင်ဒီပါ ...။

"တောက်"

နဖူးပေါ်ထိ ဆင်းနေသည့် ဆံပင်တွေကို ဆတ်ခနဲ ခါထုတ်ရင်း တက်ခေါက်သည်။ ဒရိုင်ဘာ ကိုမိုးက မှန်ထဲကနေလှမ်းကြည့်ပြီး သက် ပြင်းချ၏။

မြေပြင်ညီမှာ ရေတံခွန်မဖြစ်နိုင်ဘူးဆိုတာ ဒေါ်ခင်နဒီတို့ မသိကြ သို့လေးလား။ ပုံမှန်စီးဆင်းနေရာကနေ ပြောင်းလဲနိမ့်ဆင်းသွားမည်ဆို လျှင် ရေက ပိုစီးလိမ့်မည်။ မတ်စောက်စွာပြောင်းလဲသွားသည့် ချောက် ကမ်းပါးတွေရောက်တော့ ရေတံခွန်ကြီးတွေ ဖြစ်လာသည်။ ဒါကို တွေးမိကြဘူးလား ...။

ကားထဲကနေဆင်း၍ တံခါးကို မဟားတရားဆောင့်ပိတ်ပစ် လိုက်သဖြင့် ကားက သိမ့်သိမ့်ခါ၍ ကျန်ခဲ့၏။ ခွင်း ၏ခြေလှမ်းများက ဆောဟာလှိုင်းထန်လျက်။

ဘာမှန်းညာမှန်းမသိဘဲ ဒီလို ဆောင်ရိုး လုပ်သွားလို့မရလား ...။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ဘာပြောမလို့လဲ ခွင်းရယ်၊ တော်ကြာဆို စာမေးပွဲဖြေရတော့မှာ ... အား ..."

လက်ကိုရှန်းရင်း အရှက်တိုက်ပါလာရသည့် အဖြစ်မှာ လက်မောင်းထိ အောင့်သွား၏။ လူတွေမရှင်းပေမယ့် အားလုံးနှင့် အနည်းငယ် လှမ်းသော နေရာလေးကျမှ ခွင်း က ရပ်ဝစ်လိုက်၏။

"ခွင်း .."

ခွင်း၏သူငယ်ချင်းနှစ်ယောက်က ခွင်း နောက်ကို လိုက်လာကြပုံရကာ ရာရာ့ကိုခေါ်ထုတ်လာတာ မြင်လိုက်သဖြင့် မလှမ်းမကမ်းမှာ ခြေလှမ်းတုံ့သွားကြ၏။ တစ်ယောက်က သတိပေးလိုက်သလိုမျိုး လှမ်းခေါ်၏။ စာမေးပွဲချိန်က နီးကပ်နေပြီ။

"ရာရာ ..."

မျက်နှာချင်းဆိုင် ကပ်ကပ်လေးရပ်လိုက်ပြီး ခေါ်လည်းခေါ်သည်၊ ရာရာ့တစ်ကိုယ်လုံးကိုလည်း စိုက်ကြည့်၏။ နုံသာရောင် ထဘီပွင့်လေးနှင့် အဖြူတစ်ပိုင်း နုံသာရောင်တစ်ဝက် ရောနေသော ဖဲကြိုး





လှလေးနှင့် တီရှပ်အနီပွပွလေးကို ဝတ်ထားသည်။ ဒီပုံစံက မဆန်း။ သူညီမ အသားညိုညိုလေးကို ဘယ်လိုကြည့်ကြည့် မရိုင်းသော သာဒီဇိုင်းမျိုး ခင်ဒီပါက အမြဲတမ်းဂရုတစိုက် စီစဉ်ပေးနေကျ။

ကိုယ်ကျပ်တွေ မဝတ်တတ်ပေမယ့် စပို့ရှပ်ပွပွ၊ တီရှပ်လှလှလေးတွေ တစ်ခါတစ်ရံ ရာရာ ဝတ်တတ်သည်။ ထူးဆန်းတာက ဆံပင်တွေ ဖြန့်ချထားခြင်းပင်။

ဆံပင်တွေက အနက်ရောင်ကို ပြောင်အိနေ အောင်လှသည်။ အိတန်းစင်းကာ တင်ပါးအောက်မှာ ဝဲဖြာနေ၏။ ပေါင်လည်ခရောက် ရောက်ထိရှည်သည့် ရာရာ့ဆံပင်ကို သူသိသည်။ ဒါ ဖြတ်ချပစ် လိုက်တာပဲ။ ပြီးတော့ အမြဲတမ်း ကျစ်ဆံမြီးကျစ်နေခဲ့သည့် ဆံပင်တွေ တစ်ခါတစ်လေ ဖြန့်ချထားတာဆိုလည်း ဒီလောက်ထိ ဖြောင့်စင်း နေမလား ...။

ဒါ ကိုယ့်အလုပ်မဟုတ်ပေမယ့် ခုခေတ်မိန်းကလေးတွေ ဖြတ်၊ ဖြောင့် ပြင်ဆင်ကြသည့်နည်းတွေကိုတော့ သူလည်းသိသည်ပင်။

"သိပ်လှနေပါလား။ ဘာလဲ၊ စာမေးပွဲပြီးတာနဲ့ ယောကျ်ားယူတော့ မလို့လား"

"ခွင်း ...ဘာတွေပြောနေတာလဲ၊ စာမေးပွဲဖြေခါနီးမှ စိတ်တွေ ပျက်သွားကုန်အောင် မလုပ်ပါနဲ့၊ ငါ တောင်းပန်ပါတယ်"

နုံသာရောင်ဝတ်စုံလေးနှင့် ဆံပင်တွေဖြန့်ချလျက် နုနုညက်ညက် လှနေသော ရာရာ့ကိုပဲ သူ မကျေမနပ်ကြည့်၏။ ခါးနှစ်ဖက် ထက်တာ ပိုရှိုင်းသော မျက်ဝန်းများဖြင့် စူးစိုက်ကြည့်ရှု ...

"မာန်ထန်နဲ့ နင်တို့အိမ် ဘယ်လိုအဆက်အသွယ်တွေဖြစ်ပြီး ရွှေ ငွေလမ်း ပွင့်သွားတာလဲ"

"ဟင် ..."

"ဘာလို့ဖြူသွားတာလဲ၊ နင့်အစ်မနဲ့ မာန်ထန်နဲ့တော့ ဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ အဲဒါ ပြော"

ရာရာ့မျက်နှာလေးမှာ သူ့မေးခွန်းအတွက် ခဏသာလှုပ်ရှားသွား တာမြင်ရပြီး နာရီကို မြှောက်ကြည့်၏။ ပြီးတော့ စိုးရိမ်နေသည့် မျက်နှာလေးနှင့် ....

"ငါတို့ စာမေးပွဲဖြေပြီးမှ စကားပြောမယ်လေ၊ ငါ သွားပါရစေ"

"မရဘူး"

"အို ... ခွင်း .."

ရာရာက ကမန်းကတန်း ထွက်ဖို့ပြင်သည်။ ခွင်း က ရာရာ့လက် လေးနှစ်ဖက်ကို မိမိရရ ဆုပ်ကိုင်ပြီး သူ့ဘက်ဆွဲလှည့်ပစ်လိုက်သည်။ မသိလျှင် သမီးရည်းစားနှစ်ယောက် ပြဿနာတစ်ခုခု တက်နေသလို။

"ပြော ... မာန်ထန်ဆိုတဲ့ကောင်က နင်တို့နဲ့ ဘယ်လိုပတ်သက် သွားတာလဲ၊ အဲဒီကောင်ကို မြင်ရတိုင်း ငါ့ရင်ထဲမှာ နေလို့ပဲ"

"ပြောမယ် ... လွှတ်"

အတင်းဖြေချတော့ ခွင်း က လက်တစ်ဖက်ကိုပဲ ဖြုတ်ချပေး၏။ ရုက်လွန်းသဖြင့် ရာရာ မျက်ရည်တွေဝဲလာသည်။ ပခုံးမှာကိုင်ထား လည်း မညင်သာ၊ လက်ကောက်ဝတ်တွေမှာလည်း ခုထိနာနေသည်။

နာတာက ဘယ်က ပို၍နာမှန်းမသိတော့ဘဲ မျက်ရည်တွေသာ တရစ်ရစ်ပြည့်လာသည်။ မျက်တောင်ရှည်တွေ ကော့ညွတ်ဝန်းရံနေ သည့် မျက်ဝန်းအိမ်မှာ မျက်ရည်တွေ ပြိုးပြက်လက်လာတော့ ခွင်း မျက်နှာပျက်သွား၏။ ကိုင်ထားသည့် နောက်ထပ်လက်တစ်ဖက်ကို ဖြုတ်ချသွား၏။

"အဲဒါကို ပြောပြီးရင် သွား"

"နင် ... နင် သိပ်ကို သဝန်တိုအတ္တကြီးတဲ့လူပဲ ခွင်း၊ မာန်ထန် ဆိုတဲ့လူကို မကျေနပ်တဲ့စိတ်တွေနဲ့ ဘာမဆို နင်ထင်တိုင်းလုပ်ရ ရမယ်ထင်နေသလား"





"ဟုတ်တယ်၊ ငါထင်တိုင်းလုပ်လို့ရတယ်၊ သူ ထင်တိုင်းလုပ်ခွင့် မရှိဘူး၊ သူနဲ့ငါကြားမှာ ဒေးလ့လက်နက်နဲ့ တိုက်ခိုက်ဖို့မလိုဘဲဖြစ်နေတဲ့ အနိုင်အရှုံးတွေ ရှိတယ်"

"မသိဘူး၊ ငါသိတာက နင်တစ်ယောက်တည်းပဲဖြစ်နေတာ၊ အဖျာ့ကို သူ့လက်ထဲကနေ ရအောင်ယူပြီး အနိုင်အရှုံးသတ်မှတ်နေ တာ နင်ပဲ"

"မပြောနဲ့၊ ငါမေးနေတာ နင် ငါ့ကို ဘယ်လိုမြင်လဲလို့ မေးနေ တာမဟုတ်ဘူး၊ အဲဒီကောင်က ..."

"ငါနဲ့ ..."

ဒေါသဖြစ်ဖြစ်နဲ့ 'စေ့စပ်တော့မှာ' လို့ ပြောချလိုက်ဖို့က လျှာဖျား မှာ ပျောက်ကွယ်သွားခဲ့၏။

"ပြောလေ"

"ခွင်း နင် လက်မပါနဲ့နော်၊ ဖယ် ..."

"မေးနေတာကို ဘာဖြစ်လို့ မဖြေတာလဲ"

ရာရာ မဖြေရပေမယ့် တစ်ခုခုဆိုတာကို ခွင်း နားလည်လိုက်ပြီ ဖြစ်သည်။ ရာရာ့လက်ကလေးတစ်ဖက်ကိုပဲ ဆုပ်ကိုင်ထားရင်း စိုက် ကြည့်နေမိသည်။ ရာရာက သူကိုင်ထားသည့် လက်ပေါ်ကနေ ထပ် ကိုင်၍ ...

"သူက မလတ် လက်ထပ်မယ့်ယောကျ်ားရဲ့ ညီ"

"ဘာ ..."

ပြောပြီး ရာရာက သူ့လက်ကို ဖယ်ချပစ်လိုက်သည်။ ပြီးတော့ ချာကနဲ လှည့်၏။

"ရာရာ ..."

"အို ... လွှတ် .."

"ခွင်း ..."

www.burmeseclassic.com

www.burmeseclassic.com



ရာရာ့လက်ကို ခွင်း ကဆွဲထား၏။ ခွင်း ၏ ဒီဘက်လက်တ
ဖက်ကို သက်တန် ကဆွဲထား၏။

"စာမေးပွဲချိန်ရောက်နေပြီ၊ သူများတွေ အတန်းထဲဝင်ကုန်ပြီ
လာပါ"

"ဖယ်ပါ"

ရာရာက ဆောင့်ရုန်းသည်။ သူ မလွှတ်ပေမယ့် သက်တ
ကလည်း သူ့ကိုဆွဲထားလိုက်သဖြင့် လွတ်ထွက်သွားသည်။

"ရာရာ ... နင် ..."

ရင်ထဲမှာ ရှုန်းရင်းဆန်ခတ်တွေ ဖြစ်ကျန်ခဲ့လေသည်။

"တောက် .."

ဆံနွယ်များမှ ဝေ့ကျန်ခဲ့သည့် မွှေးရနံ့ကြောင့် ခွင်း မျက်လုံး
က ရာရာ့ကျောပြင်လေးဆီသို့ စူးစူးရဲရဲငြိလျက် ပါသွားခဲ့၏။

"လာကွာ၊ မင်းကလဲ ဘာဖြစ်တာလဲ၊ ရောက်လာတာမြင်လို
ပြီး ပျောက်သွားလို့ ဒီဘက်ထင်တာနဲ့ ဒီဘက်ထွက်လိုက်လာတာ၊
နဲ့ရာရာ ဟိုနေ့ကကိစ္စ မပြေလည်ဘူးလား"

ခွင်း က သက်တန့်လက်ကို ခါချပစ်လိုက်၏။ သက်တန့်
နောက်မှာရပ်နေသည့် ထွန်းထွန်းဦးကို လှည့်ကြည့်သည်။ ထွန်းထွ
ဦးလည်း မျက်နှာမကောင်းပါ။

"ကဲ ... နောက်မှရှင်းကြကွာ၊ လာ ... မြန်မြန်"

ခွင်း ၏ကိုယ်က သက်မဲ့ရုပ်တစ်ရုပ်လို ဖြစ်သွားခဲ့၏။ အတူလျှေ
ခဲ့ကြရင်း သူတို့ချည်းပဲ ရှေ့ကိုရောက်ရောက်နေသဖြင့် ခွင်း ကို
စောင့်နေရသည်။

စာမေးပွဲခန်းထဲရောက်တော့ အချိန်ကလွန်နေပြီ။ ခွင်း တို့
နံပါတ်မှာ ထိုင်ချလိုက်မိပေမယ့် စဉ်းစားနေတာက ဖြေဆိုရမည့်
တွေမဟုတ်။



"နင်တစ်ယောက်တည်း ဖြစ်နေတာ၊ ကဗျာ့ကို သူ့လက်ထဲကနေ
ရအောင်ယူပြီး အနိုင်အရှုံးတွေတွက်နေတာ နင်ပဲ"

ငုတ်တုတ်ထိုင်ရင်း မျက်လုံးအစုံကို မှိတ်ပစ်လိုက်မိသည်။
တကယ်ပဲ သူ တစ်ဖက်သတ်ဖြစ်နေခဲ့တာလား၊ မာန်ထန်ကရော၊
ကဗျာ့နားကနေ ရာရာ့ဘေးကို ဘာလို့ရောက်သွားတာလဲ။

ရာရာ မပြောပေမယ့် သူ စာပ်အပ်သိနေသည်။ မာန်ထန်နဲ့ရာရာ
တစ်စုံတစ်ရာအကြောင်းဖြင့် ပတ်သက်တော့မှာပါ။ အဓိကဟာ ခင်ဒီပါ
ပဲဖြစ်၏။

သူမ ပါဝင်ကြိုးဆွဲတော့မည့် ကကွက်ထဲမှာ သူ ဘယ်လိုမှ မင်း
သားမဖြစ်နိုင်ပေ။ ဒါဆို သူကရော၊ ရာရာနဲ့ နှစ်ပါးသွားကချင်နေတာလား။

ရှုပ်ကုန်ပါပြီ ...။ လျှောက်နေရင်း လမ်းပျောက်သွားသူလို ခေါင်း
ထဲမှာ ချာချာလည်နေပြီဖြစ်၏။ မာန်ထန်နဲ့ကဗျာ ဘယ်လိုအနေအထားလဲ။
ဒါကို သူ မသိခဲ့ပေ။ သိတာက မာန်ထန်နဲ့ စေ့စပ်ထားတဲ့မိန်းကလေးကို
သူ အသာလေးဆွဲထုတ်ယူနိုင်ခဲ့သည်။

မာန်ထန်ဟာ သူနဲ့ ရန်ဘက်တွေမဟုတ်ကြပေမယ့် သူငယ်ချင်း
သည်းမဟုတ်၊ မဟုတ်မဟပ်စကားစတွေနဲ့ ငြိဖူးသည်။ မျက်လုံးချင်း
စေ့ခင်းဖူး၏။ သူ့ရင်ထဲမှာ ကျန်ခဲ့တာ မကျန်ခဲ့တာ မသိ၊ ကိုယ်ကတော့
ဒီ့မမည်ကြားတာနှင့် အသည်းထဲမှာ ယားနေခဲ့သည်။

ရာရာကလည်း တစ်ခါ သူ့ကို ပြောခဲ့ဖူးသည်။

"နင့်ပုံစံက သူက ကင်း ဆိုတာကို သဝန်တိုနေသလိုပဲ ခွင်း။
သူဟာသူ ကင်းဖြစ်ဖြစ်၊ မြွေဖြစ်ဖြစ် ကျောင်းချင်းလဲ မတူဘူး၊ နင်က
ဘာ ရုပ်ဆိုးနေလို့လား၊ ထားလိုက်ရင် ပြီးတာပဲ၊ သူ ဒီကိုလာလာနေ
တာ နင့်ကြောင့်မှမဟုတ်တာ၊ သူလဲ နင်တို့လိုပဲ မိန်းကလေးတစ်
ယောက်ယောက်ကို လာရှိုးတာဖြစ်မှာပါ၊ ယောကျ်ားဆိုတာ သဝန်တို
စိတ်ကြီးမားတာ မကောင်းဘူး" တဲ့။

www.burmeseclassic.com



"တောက်"

ရင်ထဲမှာ တက်ခေါက်သံက မြည်ဟီးသွားသည်။ သူချစ်သူကိုရှေ့တော့ ကိုယ့်မှာ အရေးသာမရှိပေ။ မျက်နှာ သေချာကြည့်ပြီး အောင်သေ အောင်သားစားဖို့ဟောင်မှ ပွဲက ပွဲမစည်လိုက်ဘဲ တိတ်ဆိတ်စွာ ပြီးဆုံး သွားခဲ့၏။

ကိုယ့်အလှည့်ကျတော့ ....။





## အခန်း (၂၈)

ဆံပင်တွေကို ဖွလိုက်၊ ဖိသပ်ပစ်လိုက်နှင့် ဘယ်နှကြိမ်မှန်းမသိ။

"ဒါ ဘယ်လိုမှ မနေတတ်ဘူး"

အံကြိတ်သံနှင့်ပြောတော့ သက်တန့်က ခေါင်းကုတ်၏။ ရာရာက ဘာမှမပြောပေမယ့် မာန်ထန်နဲ့ရာရာ့ကို ကျောင်းပြီးတာနဲ့ စေ့စပ်ပေးကြတော့မယ်ဆိုတာ မေမေ့ဆီကနေ သူ အတိအကျသိခဲ့ရပြီဖြစ်၏။

"ပါပါနဲ့တော့ ဆိုင်တယ်၊ ဒီကိစ္စကို ပါပါ စီစဉ်တာတော့မဟုတ်ဘူး သား။ လူကြီးချင်းသဘောတူပြီး စီစဉ်ကြတာ၊ ဒီနှစ်ထဲမှာ ပါပါက လက်ထပ်မှာဆိုတော့ နောက်နှစ်ကျမှ သူတို့ကို လက်ထပ်ပေးမှာတဲ့၊ ကောင်လေးက ကျောင်းပြီးတာနဲ့ ကိုယ်ပိုင်လုပ်ငန်းထောင်မှာဆိုပဲ၊ အစကတည်းက သူ ဝါသနာပါတဲ့ပညာကို သင်ခဲ့တာဆိုတော့ သူ့အတွက် ခုကတည်းက ပြင်ဆင်ပေးထားတယ်တဲ့၊ နှဒီတို့သမီးလေးတွေက ကံကောင်းကြပါတယ်၊ အေးလေ ... မိန်းကလေးတွေကလဲ လိမ္မာရေးခြား ရှိကြတာကိုး"

အတွေးထဲမှာ မေမေ့စကားတွေက အပ်ကြောင်းထပ်နေပြီဖြစ်၏။ သက်တန့်က သူ့ပခုံးကို ဆုပ်ကိုင်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာကိုမနေတတ်တာလဲ ခွင်း။ ရှင်းရှင်းပြော၊ ရာရာ့ကို မင်း ..."

"အစကတည်းက သူမရှိရင် ငါမနေတတ်တာ မင်းတို့အသိပဲ"

ခွင်း က ဖြတ်ပြင်းပစ်သည်။ သက်တန့်က သူ့ပခုံးကိုတွန်းပစ် လိုက်ပြီး ...

"မဟုတ်ဘူး၊ မတူဘူးဆိုတာ မင်း ဝန်ခံလိုက်တော့ ခွင်း၊ သတ္တိ ကြောင်တာမဟုတ်ဘဲနဲ့ ဒါကျမှ ဝေ့လည်ကြောင်ပတ်တွေ ဘာလို့ ခွဲ ယူပြောနေတာလဲ၊ အစကတည်းက ရာရာ့ကို မင်း မရိုးသားဘူးဆိုတာ မင်းကိုယ်က မသိပေမယ့် ငါတို့ကရိပ်မိတယ်၊ ရည်းစားအနားမှာ ရှိရင် မင်းအပြုံးမပျက်ဘူး။ ရာရာမရှိရင် ပျာလောင်ခတ်နေတာ"

"ဟုတ်တယ် ခွင်း၊ မင်း မငြင်းနဲ့တော့၊ ဒီအချိန်မှာဝန်ခံလိုက်ရင် မင်း အချိန်မီသေးတယ် ဟိတ်ကောင်၊ မင်း ပျာယာခတ်နေတာကို အများက ဘယ်လိုထင်သလဲ သိလား၊ ခိုင်းဖို့လူမရှိလို့ ပြေးရှာနေတယ် ထင်တာကွ၊ ရာရာလဲ ဒီလိုပဲခံယူထားခဲ့တာနေမှာ၊ မင်းက ကိုယ်နိုင် နေရတဲ့သူကို အနားမှာထားပြီး တန်ဖိုးမှမထားဘဲ"

ထွန်းထွန်းဦးက ဝေဖန်ရေးတွေ စတင်လာ၏။ စာမေးပွဲတွေ ပြီးဖို့ နှစ်ရက်ပဲလိုတော့သည်။ ကျောင်းသွားကျောင်းပြန် ရာရာ့ကို သူ ဘယ်လိုမှ စကားပြောဖို့ ကြိုးစားတာမရတော့ပေ။ အိမ်မှာကျတော့ လည်း မျက်နှာမကောင်းသည့် မေမေက တားသည်။

"ကိုယ်နဲ့ဘာမှမဖြစ်ပေမယ့် မျက်နှာတော့ ပူမိတယ် ကိုအောင် ရယ်၊ ကလေးနှစ်ယောက်ကို နောင်တစ်ချိန်မှာ လက်ထပ်ပေးရရင် ကောင်းမှာလို့ ငြိမ်းနဲ့နဒီ ပြောခဲ့ကြဖူးတယ်၊ အခုကိစ္စတွေကို ကိုသိန်း စီစဉ်တာဆိုတာလဲ အားနာပါးနာပြောတာပဲ နေမှာပါ။ သားကို ဒီပါက အစကတည်းက ကြည်လင်ခဲ့တာမှမဟုတ်ဘဲ၊ သားလဲ သွားလာတာ ဆင်ခြင်တော့နော်၊ အခု ကျောင်းအတူသွားဖို့လဲ မလိုတော့ဘူးမို့လား



ဒါလဲ သူတို့ဘက်က ပြောင်းလဲပြလိုက်တာပဲ၊ ကိုယ်က မျက်နှာပြောင် သလိုဖြစ်မယ်" တဲ့။

ဖေဖေ့ကိုပြောနေတုန်း သူ့ကိုပါ လှည့်၍မှာခဲ့သေးသည်။

ချက်ချင်းကြီးပြောင်းလဲကုန်သည့် အခြေအနေတွေက မယုံနိုင် စရာပါလား။ ရာရာရေ၊ ဘယ်သူဖြစ်ဖြစ် ဘယ်အကြောင်းဖြစ်ဖြစ် အားလုံးက သူ့ဘက်မှာပဲရှိနေခဲ့သည်မို့ ဒီလိုနေ့မျိုးကို ရင်ဆိုင်ရလိမ့် မည်ဟု အိပ်မက်ပင် မမက်ခဲ့ဖူးပေ။

ကဗျာ့ကို သူကြိုးစားတာနှင့် မာန်ထန်နှင့် ရင်ဆိုင်ရမှာပဲဟု တွက် ထားခဲ့ဖူး၏။ လွဲခဲ့တာက ထိုမှစခဲ့ခြင်းဖြစ်နိုင်၏။

"စေ့စပ်ထားတာကို ကဗျာ ဖျက်လိုက်ရင် ခွင်း ဝမ်းသာမလား' ဟု မေးတုန်းကလည်း သူကျေနပ်သွားခဲ့မိ၏။ ရင်ထဲမှာ ဒီလိုဖြစ်စေချင် တာပဲမို့ ရည်ရွယ်ချက်တစ်ခု အောင်မြင်သွားခဲ့သလိုပင်။

"အဲဒါ မင်း သတိထားနော်၊ ကျောင်းလဲပြီးပြီ၊ မင်း ကဗျာ့ကို တကယ်ချစ်တာလား။ မာန်ထန့်ကို အပြိုင်အဆိုင်လိုက်လုပ်တာလား။ လက်ထပ်ဖို့ထိ ဟိုဘက်ကမျှော်လင့်ထားတာဆိုရင် မင်းရှောင်ဖို့ ခက် နိုင်တယ်"

သက်တန့်ကလည်း သတိပေးသည်။ ဘာပဲဖြစ်ဖြစ် ကဗျာ့စေ့စပ်ပွဲ ပျက်သွားဖို့က ဒီလောက်ထိမလွယ်နိုင်ဘူးလို့ သူ တွက်ပြီးသား။ သူ သေချာပေါက်သိနေသည်က မာန်ထန်က ကဗျာ့ကို တစ်ဖက်သတ် မေတ္တာရှိနေသည်ဟု။

ဒါကြောင့်ပဲ ကျောင်းကိုလာနေတာ မဟုတ်ဘူးလား၊ နောက်ထပ် ဆံပင်တွေကို ထိုးဖွပစ်လိုက်စဉ်မှာပင် သက်တန့်က သူ့ကို ပခုံးချင်း ဆိုတ်ကာ ...

"ဟိုမှာ ကဗျာလာနေတယ်"

ဟု သတိပေးပြီး ခပ်ခွာခွာဆုတ်ထိုင်လိုက်၏။ စာမေးပွဲဖြေပြီး



www.burmeseclassic.com

www.burmeseclassic.com



မပြန်ဖြစ်ကြဘဲ ကင်န်တင်းမှာ ထိုင်နေမိကြတာဖြစ်၏။ ကဗျာလည်း မပြန်သေးဘဲ ဒီကိုတမင်လာတာပဲဖြစ်မည်။

"ဘာတွေဖြစ်နေလို့လဲ ခွင်း။ စာမေးပွဲစဖြေကတည်းက ပျောက်နေလိုက်တာ"

ကဗျာက ပေဒါရောင်အင်္ကျီ အတွန့်ရှုံ့ဖားဖားလေးနှင့် အနားမှာ ထိုင်လိုက်တော့ သူမထံမှ ရေမွှေးနံ့က ခွင်း နှာခေါင်းထဲကို ကျီစယ်သွား၏။

မင်းချစ်သူက မင်းဘေးကိုရောက်နေပြီ ခွင်း၊ မင်း ဘာကိုလွမ်းနေတာလဲ ...။ ကိုယ့်ကိုကိုယ် သတိပေး၍ ဒီဘက်လှည့်လိုက်တော့ ကဗျာ့မျက်နှာပေါ်မှာ မျက်နှာလေးတစ်ခုက ထပ်တင်နေခဲ့သည်။

ရာရာ ....။

"တွတ် ..."

မျက်လုံးကို မှိတ်ပစ်လိုက်ပြီး ခေါင်းကို ဆတ်ခနဲ ခါထုတ်ပစ်လိုက်မိသည်။ ဒါလည်း မြင်နေဆဲပင်။ သူ တကယ်လိုအပ်နေတာက ကဗျာမဟုတ်ဘဲ ရာရာပဲဖြစ်နေလေသည်။

ဒါဆို ရာရာ့ကို သူငယ်ချင်းလိုသံယောဇဉ်နှင့် တမ်းတနေခဲ့သည်ဟု တစ်ချိန်လုံး သူထင်ထားခဲ့တာ မှားပြီလား၊ ဒါမှမဟုတ် ခုမှ ပြောင်းလဲသွားခဲ့သည်လား ...။

"ခွင်း ..."

"ဟင် .."

"ဘာဖြစ်နေတာလဲ၊ အိမ်နဲ့ အဆင်မပြေဘူးလား၊ ဒါမှမဟုတ် စာမေးပွဲမဖြေနိုင်လို့လား"

"နှစ်ခုစလုံးပဲ" -

ပြီးစလွယ်ဖြေလိုက်တာပေမယ့် ဒါအမှန်ပဲဖြစ်သည်။ တစ်ခုံတစ်ခုမှာ ပြင်းထန်စွာ အားသန်နေပြီဆို တခြားအာရုံ ဘာမှထားလို့မရတော့





သည့်စိတ်က စာမေးပွဲဖြေဖို့ စာတွေကို စိတ်မဝင်စားနိုင်တာ သူ့အတွက်တော့ မဆန်းပေ။

ကဗျာက မျက်နှာလေးပျက်သည်။ သူ့ကို ငုံ့ကြည့်သည်။ ပြီးတော့ ထထွက်သွားပြီဖြစ်သည့် သက်တန့်တို့နှစ်ယောက်ကို လှမ်းကြည့်ကာ ...

"ခွင်း ... ခွင်း ဘာပြောလိုက်တယ်၊ မဖြေနိုင်ဘူး ဟုတ်လား၊ ဒါ နောက်ဆုံးနှစ်လေ၊ စာမေးပွဲ ဒီလောက်အရေးကြီးတာကို အိမ်က ပြဿနာတွေနဲ့ ရောပစ်ရသလား။ ခွင်း ကဗျာ့ကို နောက်နေတာလား"

ခွင်း ဆတ်ခနဲ လှည့်ကြည့်သည်။

"မင်းကရော၊ ဘာလာဖြစ်နေတာလဲ ကဗျာ၊ စာမေးပွဲမဖြေနိုင်တဲ့ ကိစ္စက ကိုယ် စိတ်ညစ်ကြေမွနေရတဲ့ ခံစားချက်တွေထက် ပိုတန်နေသလား"

ချစ်ဖို့ လွမ်းဖို့ လာသည့် ကဗျာ့မျက်နှာလေးက တင်းခနဲ ဖြစ်သွားသည်။ သို့သော် ချက်ချင်းပြန်ပြေကျကာ ...

"စာမေးပွဲဖြေနေတဲ့အချိန်မှာ စာမေးပွဲထက်အရေးကြီးတာ ဘာမှ မရှိသင့်ဘူးဆိုတာလောက်တော့ ခွင်း လည်း နားလည်သင့်တယ် မဟုတ်ဘူးလား၊ စိတ်ညစ်စရာက တစ်ချိန်လုံး ငုတ်တုတ်မေ့အောင် ခံစားနေလို့ရတယ်၊ နောက်ရက်၊ နောက်လ၊ နောက်နှစ် ဘယ်လောက် ထိဖြစ်ဖြစ် စာမေးပွဲက သိပ်အားမရလို့ပါဆိုပြီး နောက်တစ်ကြိမ် ထပ်ဖြေချင်လို့ရသလား"

"ကဗျာ ..."

ခွင်း မျက်နှာက အေးစက်စက်နှင့် အံကြိတ်လိုက်သလိုလို၊ မဲ့ထိုက်သလိုလို ...။

"စာမေးပွဲကိစ္စက မင်းအတွက် အရေးအခင်းကြီးတစ်ခု ဖြစ်နေသလား"

"မဟုတ်ဘူး ခွင်း။ ကဗျာက ..."



www.burmeseclassic.com

"ကိုယ့်အတွက်အရေးကြီးတာက အခု အဲဒါမဟုတ်ဘူး"

"ဒါဆိုလဲ ခွင်း ကဗျာ့ကို တိုင်ပင်လို့ရတာပဲ၊ ရောက်လာကတည်းက ခွင်း ကို ကဗျာ မေးတယ်"

စကားပြောရင်း ကဗျာက အားမလိုအားမရဖြစ်လာပုံနှင့် ခွင်း ဘတ်ကို ထိုင်ခုံကပ်ရွှေ့လိုက်သေးသည်။ ပြီးမှ ....

"ချစ်သူချင်းပဲ ခွင်းရယ်၊ ကဗျာ့အပေါ်မှာ ခုတစ်လော ဂရုမစိုက်သလိုနေလာတာက ခွင်း ပါ။ ကဗျာက အိမ်ကိုတောင် ဖွင့်ပြောပြီးပြီ အဲဒါကြောင့် ခွင်း မဖြေနိုင်ဘူးဆိုတော့ ငယ်ထိပ်ကို မိုးကြိုးပစ်ချခံလိုက်ရသလိုပဲ"

ခွင်း က ဒုတိယအကြိမ် သတ်ခနဲ လှည့်ကြည့်၏။ ထိုအကြည့်မှာ ဒေါသမပါဘဲ သူစိမ်းပြင်ပြင် အေးစက်သောမျက်ဝန်းများက ရှုရဲလျက်။

"မင်းကို ကိုယ်တစ်ခုလောက် မေးချင်တယ်"

"ဘာလဲ"

သူ့မျက်ဝန်းတွေကို ကဗျာက စူးစိုက်ဖတ်၍ မေးခွန်းကို ကြေးချင်သလို ခပ်ဆိုင်းဆိုင်းဖြေ၏။ မျက်ဝန်းချင်း အတန်ကြာဆုံနေပြီးမှ ခွင်း က စားပွဲမျက်နှာပြင်သို့ ရွှေ့ဖယ်သွားကာ ...

"မင်းနဲ့မာန်ထန် ဒီလိုဖြစ်သွားတဲ့ကိစ္စမှာ ကိုယ့်ပယောဂပါလား"

မကြည့်ဘဲမေးသည့် ခွင်း ကို ကဗျာကတော့ ဘေးတိုက်ကနေ မျက်ခုံးလေးတွေ တွန့်လာသည်အထိ စိုက်ကြည့်နေခဲ့၏။ ဘာဖြစ်လို့ မေးတာလဲ ...။ အမြေးအလွှား တွေးကြည့်သည်။ ဘာမှ မရေရာသေး ခွင်း က ပြန်လှည့်လာကာ ...

"ဖြေလေ ကဗျာ"

"ဘာဖြစ်လို့မေးတာလဲဆိုတာ ကဗျာကလဲ သိချင်တယ်"

"လိုအပ်လို့ပေါ့၊ အခု မာန်ထန် ဘာဆက်လုပ်တယ်ဆိုတာ မင်း သိလား"





"မသိဘူး။ မာန်ထန့်ကို စိတ်မဝင်စားလို့ ခွင်း ကို ကဗျာ လက်ခံခဲ့တာပဲ၊ သူ ဘာဆက်ဖြစ်ဖြစ် ဘာလုပ်ရမှာလဲ"

"ဒါဆို ကိုယ်သိချင်တာကို ဖြေစမ်းပါ။ ကိုယ်တွေးမိတာ တစ်ခု ရှိတယ်၊ ပြီးခဲ့တဲ့ပြဿနာမှာ မင်းရယ်၊ မာန်ထန်ရယ်၊ ရာရာရယ် သုံးယောက်ဆုံပြီး ဖြစ်ခဲ့ကြတာနော်"

ကဗျာက မဖြေပါ။ မျက်ဝန်းထဲမှာလည်း ရင်းနှီးချစ်ခင်မင်တွေ ဘာမှမရှိတော့ပေ။ ခံပြင်းသော၊ ကြေကွဲ၍ ဂရုမစိုက်စွာ နေပြလိုသော မာနများဖြင့် ကဗျာ့မျက်ဝန်းမှာ မျက်ရည်ရောင်တွေ လက်လာသည်။

ခွင်း က ဘောင်းဘီအိတ်ထဲက ပိုက်ဆံအိတ်လေးထုတ်၍ ဒီတိုင်း ထိုင်ထားရင်းမှ ...

"အဲဒီပြဿနာက စတာလို့ ကိုယ်ထင်တယ်၊ မင်းက သူ့ကို လက်ရွှတ်လိုက်တယ်၊ ကိုယ်က ရာရာ့ကို ဆုံးရှုံးသွားတယ်"

"ဘာပြောတယ် ခွင်း ..."

"အခု ရာရာနဲ့မာန်ထန် ..."

ရင်ထဲမှာဘာခံက လည်ချောင်းထဲထိ ဆို့တက်သွားသည်။ ဘယ်လိုမှ ဆက်မပြောချင်တော့ဘဲ မျက်နှာငါ တစ်ဖက်ကို လွှဲပစ်လိုက်သည်။

"မဖြစ်နိုင်တာ"

ကဗျာက ခေါင်းခါသီးသီးပြောပြီး ကိုယ်ကို မတ်လိုက်သည်။ မာန်ထန် ရာရာ့လို ဆွဲဆောင်မှုမရှိ၊ ခပ်တုံးတုံး ခပ်အအကို စိတ်ဝင်စားတာ ဘယ်လိုမှမဖြစ်နိုင်။ သူမတဲ့သို့ မိန်းမတစ်ယောက်က အမျိုးမျိုးဆွဲ ဆောင်ခဲ့တာတောင်မှ မတုန်လှုပ်ခဲ့ဘဲ။

"ဘာကိုမဖြစ်နိုင်ဘူးလို့ ပြောတာလဲ"

"မဖြစ်နိုင်လို့ပေါ့ ခွင်းရယ်၊ ရာရာ့ကို ခွင်း လိုလူကပဲ ငဲ့ညှာတာမှာ ပေါ့ ခွင်း ရဲ့ဘေးမှာ ရှိနေခွင့်လေးနဲ့ပဲ သူ့ရဲ့ အိုးတိုးမတပုံက ပေါ်လွင်နေတာ၊ တခြား ဘယ်မှာမှ တော်မဝင်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



ခွင်း မျက်နှာ ရဲခနဲဖြစ်သွားသည်။ သတိလက်လွတ် ကြည့်ဝံ့လိုက်သည့် မျက်လုံးထဲမှာ မီးပွင့်မီးပွားတွေ ဖြာကုန်ပြီလားမသိ။

ဒီဘက် အသာပြန်လှည့်၍ ပိုက်ဆံထုတ်ကာ စားပွဲပေါ်မှာ ဒီတိုင်းချထားလိုက်သည်။ ရောက်ကတည်းက 'ကဗျာတစ်ခုခု စားလေ၊ ဘာစားမလဲ' ဆိုတာကို လုံးဝမမေး၊ မပြောခဲ့ဘဲ သူ့အတွက်သူရှင်းလိုက်တော့ ကဗျာ နားလည်သွား၏။ ကုန်စင်အောင် နားလည်လိုက်လေသည်။

ခွင်းနဲ့သူမ ရှေ့ဆက်ဖို့မရှိတော့၊ ခွင်း ပြောင်းလဲနေတာတွေရော၊ အခု ကြိုးပြတ်ပုံကျနေသည့် ခံစားချက်တွေကိုရော၊ အားလုံးကို နားလည်လိုက်သည့်အချိန်မှာ သူမ၏မာနတွေအားလုံးဟာလည်း ခွင်း ၏ စီနီယာများထဲမှာ မျောပါသွားခဲ့၏။

ထိုအခါ နာကြည်းခံပြင်းမှုများက ရန်းကြွလာကြသည်။ ခွင်း က ကဗျာ့ မျက်နှာပေါ်က ခံစားချက်တွေကို စိတ်ဝင်စားပုံမပြဘဲ နောက်တစ်ခါ ပြန်လှည့်ကြည့်ပြီး ...

"တော်ဝင်ဝင် မဝင်ဝင် ပန်းတိုင်းဟာ အပင်မှာ ပွင့်ကြရတာပဲ ကဗျာ၊ နောက်ဆုံး ရိုးတံတစ်ခုခုမှာဖြစ်ဖြစ် မှီတွယ်ပြီး ပွင့်ရတာပဲ"

ပြောပြီး နေရာမှ ထရပ်လိုက်သည်။ လက်တစ်ဖက်သည် ဘောင်းဘီအိတ်ထဲမှာဖြစ်သည်။ တစ်ဖက်က ဆံပင်တွေထဲ ထိုးသိပ်ဖိကပ်၏။

သူ့ခြေလှမ်းများကို ငေးနေပြီးမှ ကဗျာ အပြေးတစ်ပိုင်းလိုက်သည်။ ကျောင်းဝင်းထဲမှာ ကျောင်းသားတွေ မရှိတော့ပါ။ ကျောင်းသားရေးရာဘက်မှ ထွက်လာကြသည့် ဆရာ၊ ဆရာမတချို့ကိုတော့ မြင်နေရသေး၏။

"ခွင်း ..."

ခေါ်လည်းခေါ်၍ ကဗျာက ခွင်း ၏လက်မောင်းကို လှမ်းဆွဲလိုက်သည်။ နှစ်ယောက်က မျက်နှာချင်းဆိုင်ဖြစ်သွားကြ၏။





"သိတော့သိနေပါပြီ၊ ဒါပေမယ့် ပြောသွားပါ၊ ခွင်း က ရာရာ့ကိစ္စနဲ့ ကြေကွဲနေတာလား"

ခွင်း က တစ်ချက်မျှ ရှေ့လျားမသွားသည့်မျက်ဝန်းများနှင့် ကဗျာ့ကို စိုက်ကြည့်ပြီး မေးဖျားတစ်ချက်လှုပ်၍ ပြုံးလိုက်သည်။ အလွန် မခံချင်စရာကောင်းသော အပြုံးဖြစ်လေသည်။

"ဟုတ်တယ်"

နှစ်လုံးတည်းပဲ ဖြေသည်။ တိတိကျကျ ဖြတ်တောက်၍ စိန်ခေါ်သလို အံကြိတ်၏။

"ကိုယ့်ဘဝမှာ ပထမက ရာရာ၊ ဒုတိယက ကိုယ်၊ တတိယလဲ ရာရာပဲ၊ ကျန်တာအားလုံးက ကိုယ်ဖြတ်သန်းသွားလာခဲ့တဲ့ ပတ်ဝန်းကျင်တွေပေါ့၊ မင်းပြောတဲ့ လှတာမလှတာက မျက်လုံးထဲမှာ အရိပ်ထင်ရုံပဲ ကဗျာ၊ ရင်ထဲကို ရောက်နိုင်တာက အလှမဟုတ်ဘူး၊ ကိုယ်ပဲ ခုမှသိတာ၊ ရာရာက ကိုယ့်ရင်ထဲက ..."

"ရှင် ..... ကဲ ..."

လက်တစ်ဖက် ရိုပ်ခနဲ ဝင်လာသည်။ ခွင်း အသာလေး ခေါင်းငုံ့၍ ပုတ်ထုတ်ပစ်လိုက်သည်။ နောက်ထပ်တစ်ဖက် ထပ်ဝင်လာ၏။ ကဗျာ့ဒေါသက မသေးပေ။ ခွင်း က ထိုလက်ကို ပုတ်ထုတ်မပစ်ဘဲ ဖမ်းဆုပ်ထားလိုက်ပြီး ဖိညှစ်ပစ်လိုက်၏။

"အား ..."

ကဗျာ့ကိုယ်လေး ငုံ့ကျလာပြီး ညည်းညူရင်း အံကြိတ်၏။ မျက်ရည်တွေလည်း ပြေးလွှားခုန်ချလာကြလေသည်။

"မင်းလိုပဲ ငါလဲခံလိုက်ရတာပဲ ကဗျာ၊ မာနထန့်ကြောင့် မင်းနဲ့ငါ အဆက်ဖို့ကြိုးစားတာ၊ မင်းနဲ့ကျမှ ငါ့ရဲ့မာနတွေ၊ ဒေါသတွေကို ဖြောင်းထဲပို့ပြီး ငါ ဒူးထောက်ခဲ့တာ၊ အဲဒါ မာနထန့်နဲ့ပတ်သက်မှန်းသေချာမဟုတ်ရင်တောင် ရိပ်မိမှာပါ"



www.burmeseclassic.com

www.burmeseclassic.com



"အ ..."

လက်ကို တစ်ချက်ဖိညှစ်ပစ်လိုက်ပြီးမှ ပြန်လျှော့ပေးလိုက်၏ ကဗျာ့မျက်ရည်တွေကို စီးမိုးကြည့်နေပေမယ့် သနားရမှန်း မသိတော့ နားထဲမှာ သူမ ပြောခဲ့သော စကားတွေသာ ...။

"သူက တစ်ဖက်သတ်ကြိုးစားနေတာ၊ ကဗျာက စိတ်မဝင်စား ပါဘူး"

"လူကြီးတွေ သဘောပါ၊ ကဗျာက မဖြစ်သာလို့ ဆက်ဆံနေတာ"

စသည်၊ စသော မုသာဝါဒတွေနဲ့ သူ ကြိုးစားသမျှ ရင်းနှီးခဲ့သမျှ မိန့်မိန့်ကြီး စားသုံးနေခဲ့သည့် မိန်းမ ...။ တကယ်တွေးကြည့်တော့ သူများက မှန်သည်၊ ကိုယ်မှားနေတာ ...။ သူမက အလွန်တော် သူကတော့ တုံး ...။

"တောက် ... ငါ့ဒေါသနဲ့ငါ လှည့်ပြန်လာတာကို မင်းလိုက်ပြီ တူးဆွရဲတယ်၊ ယောကျ်ားမာယာ သဲကိုးဖြာ ကတာ မကတာ မင်း ပါးစပ်ထဲမှာပဲရှိတာ၊ ရာဇဝင်မှာ မတွင်ခဲ့ဘူး၊ ချစ်ကြ ကွဲကြပြီဆို မင်း မိန်းကလေးတွေပဲ နစ်နာတာမဟုတ်ဘူးကွ၊ နားလည်လား၊ မင်း ရှုံးရင် ရင်ဘတ်ထု ငိုလို့ရတယ်၊ ငိုလို့မရတဲ့ ဒီရင်ဘတ်ထဲကို မင်း ဝင်ကြည့်လိုက်"

"အဲဒါ ကဗျာ့ကြောင့်လား၊ ကဗျာနဲ့ ဘာဆိုင်သလဲ၊ မာန်ထန် ရာရာ့ကို ကြိုက်တာ၊ လိုက်တာ ရှင်အစွမ်းရှိရင် ဝင်တားပေါ့၊ လူ တတ်တဲ့အကျင့် ရှင့်မှာရှိတာပဲ"

"မင်း ..."

လက်သီးကို တင်းခနဲ ဆုပ်ပစ်သည်။ မလွှတ်မိသေးသည့် လက် ကို ဖယ်ပစ်လိုက်တော့ ကဗျာ မျက်နှာလေးမဲ့သွား၏။

"လုရတာကို ဂရုမစိုက်ဘူး၊ တကယ်လုလိုက်ရတာမဟုတ်ဘ သူများချပစ်ခဲ့တာကို ရှားပါးပစ္စည်းတစ်ခုလို အရှက်မရှိ ဖက်တွယ်ထား





နေမိတာက လဲသေဖို့ကောင်းတာ၊ တကယ်တော့ မာန်ထန်က မင်းကို ကော်မောခဲ့တာမှမဟုတ်တဲ့၊ ငါက အရိပ်ကို လိုက်ဟောင်နေတဲ့ခွေးလို ဖြစ်နေခဲ့တာ၊ ကိုယ့်ခြံဘေးမှာ အပေါ့သွားတဲ့လူကို မဲဟောင်နေပြီး အိမ်ပေါ်က ရတနာထုပ်ပါသွားတာကျတော့ မကာကွယ်လိုက်နိုင်ဘူး၊ အခု ငါ တကယ်ခွေးလုံးလုံးဖြစ်သွားပြီ၊ မင်း မှန်ပါတယ်၊ ငါပဲမှားတာ"

လက်ကို ဆောင့်လွှတ်လိုက်သည်။ ကဗျာ့ကိုယ်လေး ယိမ်းယိုင် သွားတုန်း သူ လှည့်ထွက်လာခဲ့၏။ ရင်ထဲမှာ ဆတ်ဆတ်ခါ ခံစားနေရ တာက ဘာ့ကြောင့်မှန်းမသိ။

လွမ်းတတ်နေသော်လည်း အချစ်က ဘယ်ဆီမှာမှန်း မသိခဲ့သော ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၉)

"လာ ...ထိုင် သမီးတို့"

ရောက်တာနဲ့ ထမင်းစားခန်းထဲကို တန်းခေါ်သည်။ ဒေါ်ညို

က ခေတ်မီစွာ ပြင်ဆင်ဝတ်စားထားသည်မို့ ခန့်ခန့်ယဉ်ယဉ်လေး

လှနေဆဲဖြစ်သည်။

တစ်ကိုယ်လုံးမှာ စိန်တွေချည်းဆင်ထားကာ ရင်ညွန့်အော

အထိရှည်သော ပလက်တီနမ်ကြိုးပြားကို စိန်လော့ကက်သေးသေ

လေးနှင့် ဆွဲထား၏။ သွားလာလှုပ်ရှားတိုင်း လော့ကက်လေးက လှု

ယမ်းလျက် ပြေပြစ်ကျနသော ကိုယ်လုံးနှင့် အတော်ကြည့်ကောင်းပါ

ဒေါ်ညိုမြာရော၊ ဦးကျော့ရှိန်ရော လင်မယားနှစ်ယောက်စလုံး

အသက်သိပ်မကြီးကြသေးဘဲ ရုပ်ရည်တွေလည်း ချောကြသည်။

ကြောင့် မာန်ထန်တို့ညီအစ်ကိုလည်း ချောကြတာဖြစ်လိမ့်မည်။

စားပွဲမှာ ဝင်ထိုင်ရင်း ရာရာက ဟိုကြည့်ဒီကြည့် လိုက်ကြည့်သည်

"ရွှေတောင်ခေါက်ဆွဲ လုပ်စားတာလေ၊ အရမ်းကောင်းတယ်

စားကြည်၊ ကိုယ့်မှာ ဆွေမျိုးတောင့်တင်းသွားပြီဆိုတော့ စိုစိုပြည်ပြည်





သားစားချင်တာနဲ့ သားကြီးကို ခေါ်ခိုင်းလိုက်တာ၊ ပါမှဟာပဲမလားလို့"

ဒေါ်ညိုမြာက ပန်းကန်တွေချ၊ ခေါက်ဆွဲထည့်နှင့် စကားပြော

ည်း မပြတ်ပေ။

"အန်တီ ဖယ်ပါ၊ ပါပါ လုပ်ပါ့မယ်"

နှစ်ခါလောက်ရောက်ဖူးနေသဖြင့် ခင်ဒီပါက ထိုင်ရာမှ ပြန်ထရပ်

ာ ဝိုင်းကူဖို့ပြင်၏။

"အမလေး ... ပြန်ထိုင်စမ်းပါ၊ လုံးဝမလိုဘူး၊ မေမေ လုပ်ကိုင်

နေတာကို မနေတတ်မထိုင်တတ်လဲ မဖြစ်နဲ့၊ မေမေကလေ ချွေးမ

ို့ချင်တာ သားလေးတွေအတွက် ပြည့်စုံစေချင်လို့၊ ခိုင်းဖို့မဟုတ်ဘူး၊

ဖော်လောင်ဖက် လိုချင်တာလဲ မဟုတ်ဘူး သမီးတို့ လက်ထပ်ပြီးရင် ..."

"ဟုတ်တယ် သမီးတို့၊ ညည်းတို့အမေပဲ ချက်ကျွေးလိမ့်မယ်၊

ူက ချွေးမတွေကို ထိုင်ကြည့်နေရရင် ထမင်းဝသတဲ့"

ပြောသံရော၊ ရယ်သံရော အရင်ရောက်လာပြီးမှ ဦးကျော့ရှိန်

ို မြင်လိုက်ရ၏။ ရာရာ လှမ်းကြည့်ကာ ထိုင်ရတော့မလို၊ ပြန်ထရ

လိုနှင့် အနေခက်သွား၏။

"ထိုင် ... ထိုင် သမီး၊ လွတ်လွတ်လပ်လပ်နေ၊ ညည်းတို့အမေ

ပြောတာကိုပဲ သဘောပေါက်အောင်, နားထောင်"

"ကိုနော်၊ ရှင်ကြီး ရွှဲသလို၊ ချိတ်သလို ဝင်မပြောနဲ့၊ ဟုတ်တယ်၊

ညီပဲ ချက်ကျွေးမှာ၊ အဲဒါဘာဖြစ်လဲ"

"မဖြစ်ပေါင်ဗျာ၊ ခင်ဗျား မီးဖိုချောင်ထဲမှာရောက်နေလေ ကျုပ်က

ကြိုက်လေပဲ၊ ဗျစ်စီဗျစ်စီ ပြောသံမကြားရတာ နည်းတဲ့ကုသိုလ်လား"

"တွေ့လား ..."

"ဟား ဟား ..."

ရယ်မောရင်း ဦးကျော့ရှိန်က ထိပ်ဆုံးကခုံမှာ ဝင်ထိုင်လိုက်သည်။

ဒေါ်ညိုမြာက ဦးကျော့ရှိန်အတွက် ပြင်မပေးဘဲလည်း မနေသာနှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ကြီးကရော၊ မကျေနပ်ရင် ဘယ်လိုဖြစ်နေသလဲ၊ ဟွန်း — မပြောလိုက်ချင်ဘူး"

"ဟော့ ... ညောင်မြစ်ဖော်တာ၊ ပုတ်သင်ဥမပါနဲ့လေ"

လင်မယားနှစ်ယောက် စကားပြောရင်း ဟိုပါ ဒီပါနှင့် ရာရာ လည်း ပြုံးလိုက်မိကြသည်။

"ဘယ်မှာလဲ၊ မင်း သားတွေ"

"သားကြီးက သမီးကို ညို့လက်ထဲထည့်ပြီး ရေသွားချိုးတယ် သားငယ်က သူ့အလုပ်ရုံးခန်း ကျဉ်းနေတာကို ချဲ့ဖို့ဆိုတာလေ —"

"သြော် ... အရေးကြီးနေပြန်ပြီ၊ နောက်မှသွားလဲ ရတဲ့ဟာ"

"ကိုက မင်းကိုယ်တိုင် စိတ်ကြိုက်သွားပြောဆို၊ ကိုပဲ ခိုင်းပြီးတော့"

"အဲဒါ ဒီနေ့သွားမှရမှာလား"

ပြောနေတုန်း ရန်မာန် ဝင်လာကာ ...

"ညီ တော်ကြာရောက်လာမှာပါ ဖေဖေ၊ ကျွန်တော် ဖုန်းထပ် ဆက်လိုက်သေးတယ်"

ယောကျ်ားလေးအိမ်ကို လိုက်လာရတာ ရှက်ဖို့ကောင်းပါသည် မလတ်ကတော့ မင်္ဂလာရက်သတ်မှတ်ပြီးပြီမို့ ဒါလဲ ကိုယ့်အိမ်လို့ သဘောထားနိုင်၏။ ရာရာ့ကျတော့ လူကြီးချင်းသဘောတူ စေ့စပ်ထား တာပဲရှိသည်။ စေ့စပ်ပွဲလုပ်ဖို့က မနေ့ကမှ ကျောင်းပြီးတာမို့ မသတ် မှတ်ရသေးပေ။

ဒါပေမယ့် မလတ်ကလည်း အတင်းခေါ်နေသည်၊ ရာရာလည်း မာန်ထန့်ကို ပြောစရာတွေရှိပါသည်။ အိမ်မှာဆို ကိုယ့်အိမ်မှာဆိုတော့ မလတ် သို့မဟုတ် မေမေတို့ ရှိနိုင်သည်၊ ကြားနိုင်သည်။ ဒီမှာကျတော့ ကိုယ့်အတွက် အခွင့်အရေးတစ်ခုခု ရလာနိုင်သည်ဟု တွက်မိတာ ဖြစ်သည်။

ရန်မာန်က ခင်ဒီပဲ့ရှေ့မှာ ခုံဆွဲဝင်လိုက်တော့ ဒေါ်ညိုမာက





ခန်းကန့်တိုးပေး၍ ...

"ဟုတ်လား သား၊ ဒါဆို သားငယ်ကို စောင့်ကြဦးမလားဟင်၊ မေမေက သားငယ် မလာလောက်သေးဘူးမှတ်နေတာ"

"ဟာ ... ပြင်ဆင်ပြီးကာမှ မုန့်ပွဲတွေ ရှေ့မှာချထားပြီး ငုတ်တုတ် ထိုင်နေရမှာလားကွ၊ မိန်းကလေးက အနေခက်မှာပေါ့"

"အို ... ရပါတယ်၊ ပါပါတို့က —"

"မရနဲ့ သမီး၊ စားနှင့်ကြမယ်"

ဒေါ်ညိုမာက ရယ်၍ ...

"သမီးတို့က နာမည်လေးတွေ အဖျားဆွတ်ပြီး ပါပါ၊ ရာရာနဲ့ ပြောကြတာ ချစ်စရာလေးတွေနော်၊ မေမေကလေ ... အပြင်ပန်းကို ကြည့်ပြီး သဘောကျတာမဟုတ်ဘူး၊ သမီးတို့မိသားစုရဲ့ ဆက်ဆံရေး နွေးထွေးကြတာရော၊ ညီအစ်မနှစ်ယောက် ကြင်နာကြတာရောပဲ၊ အဲဒါ ကို ကျေနပ်တာ၊ မိသားစုအပေါ်မှာ ညာတာခင်တွယ်တဲ့သူဟာ မရိုင်း ဖိုင်းတတ်ကြဘူး၊ ကိုယ်ကချစ်တတ်မှ သူများချစ်တတ်တာကို မနာ တတ်တာလေ၊ လိုချင်တာ အဲဒါပါပဲ"

ငုဝါရောင်ဖျော့ဖျော့လေးနှင့် ဆံပင်တွေကို ကျစ်ဆံမြီးလေး နှစ် ဘက်ကျစ်ချထားသည့် ရာရာ့မျက်နှာလေးကို လှမ်းကြည့်၍ ဒေါ်ညိုမာ က ပြုံးပြသည်။ ခေါက်ဆွဲကို မွှေနှောက်နေရင်း ရာရာကလည်း ပြန် ပြုံးပြ၏။

"ပွင့်ပွင့်လင်းလင်းပြောရရင် သားငယ်ကို မေမေ စေ့စပ်ပေးခဲ့ ဖူးတယ်၊ အဲဒီတုန်းကဆို သားငယ်က အရုပ်တစ်ရုပ်လိုပါကွယ်၊ ခိုင်း ရင်သွားတယ်၊ သွားပြီးပြန်လာ၊ ဘာမေးမေး ဘာဆိုဆို ပြန်မပြော၊ နားမထောင်ပဲ၊ တကယ်လက်ထပ်ပေးဖို့လည်း လုပ်ရော၊ သူ မယူနိုင် ဘူးဆိုပြီး ငြင်းချလိုက်တာ ဘယ်မျက်နှာကိုမှ မကြည့်ဘူး"

မာန်ထန် စေ့စပ်ခဲ့ဖူးတာကို ကိုယ့်နည်းကိုယ့်ဟန်တော့ သိနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြီးဖြစ်သည့် ရာရာနဲ့ခင်ဒီပါတို့က ဘာမှဝင်မမေးဘဲ ဒီတိုင်းပဲ နား ထောင်နေလိုက်၏။ ဒါပေမယ့် ရာရာ ရှက်နေပြီကိုတော့ ခင်ဒီပါ သိနေ လေသည်။ ဒီကိုလိုက်ခဲ့ဖို့တောင်မှ ပြောလိုက်ရတာ အာပေါက်မတတ် ဒေါ်ညိုမာက ပြောလို့ကောင်းတုန်းပင်။

"ခုကျတော့ တခြားစီပဲ သမီးရယ်"

ရာရာ ရှက်၍ အတင်းငုံ့ချထားသည့် မျက်နှာလေးကို နားလည် သွားကာ ဒေါ်ညိုမာက ခင်ဒီပါ့ထံ မျက်လုံးလွှဲ၍ ဆက်ပြောသည်။

"မေမေကတော့ အရမ်းကို စိတ်ချမ်းသာသွားတာ၊ အိမ်ထောင် ဘက်ရွေးတာ မှားယွင်းသွားမှာစိုးလို့ မိဘက ဝင်ပါရပေမယ့် သူတို့ သဘောကျတာလေးလဲ ဖြစ်စေချင်တာပေါ့ကွယ်၊ လူကြီးတွေဖြစ်လာ တဲ့အခါ ဘဝက ပထမ၊ အချစ်က ဒုတိယလို့ မြင်လာတယ်၊ လူငယ် တွေကျတော့ အချစ်ကိုပဲ ရှေ့တန်းတင်ချင်တာလေ၊ မိဘကို မလွန် ဆန်နိုင်လို့ လက်ထပ်လိုက်ရပြီး ဖြစ်ချင်သလိုဖြစ်ကုန်ကြတော့ ဘယ် သူစိတ်ချမ်းသာနိုင်မလဲ၊ မေမေက ဝင်ပါနေရပေမယ့် စိုးရိမ်စိတ်တွေ လဲဖြစ်ရတာ၊ အဲဒါကြောင့် သားက ငြင်းတော့လဲ လက်လျှော့ပေးလိုက် ရတယ်"

စကားပြောရင်း စားကြရင်းနှင့် ခင်ဒီပါနဲ့ရန်မာန်တို့ မဟုတ်တော့ ဘဲ ပြောသမျှက မာန်ထန်နဲ့ ကိုယ့်ကိုပဲ ဦးတည်နေတာမို့ ခေါက်ဆွဲ တွေက ပါးစပ်ထဲမရောက်နိုင်၊ ပန်းကန်ထဲမှာပဲ ချာလပတ်ရမ်းနေလေသည်။

"ကဲ ... ကဲ .. မင်းစကားများနေတာနဲ့ မိန်းကလေး မစားရဲတော့ ဘူး၊ တော်ပါကွာ"

စားလက်စကို ချထားလိုက်ပြီး ဦးကျော်ရှိန်က ပြောသည်။ အားလုံးလည်း ပြီးကုန်ပြီဖြစ်၏။ ရာရာ့ပန်းကန်ထဲမှာ ဒီအတိုင်း ...

"ဟုတ်ပါရဲ့၊ သမီးလေး အစားပျက်နေပြီ"

"ရပါတယ်၊ ဟို ...ရာရာလဲ ဝနေပါပြီ"





"မဟုတ်တာကွယ်၊ ဘာမှကို မစားရသေးဘဲနဲ့၊ မေမေ ထပ်လုပ် ပေးမယ်"

"ဟင့်အင်း ..."

ရာရာ ခေါင်းခါနေဆဲမှာ မာန်ထန် ရောက်လာ၏။

"ဟော ... ညီ လာပြီ၊ အတော်ပဲ၊ ညီမလေးအဖော်ရပြီကွ၊ လာ ဒီပါ၊ ညီမလေးတစ်ယောက်တည်းဖြစ်မှာစိုးလို့ ထရခက်နေတာမို့လား၊ ရပြီ၊ သွားစို့"

ပြောပြီး ရန်မာန်က ထရပ်သည်။

"ပြီးကုန်ကြပြီလား"

"မပြီးသေးတာ တစ်ယောက်ကျန်တယ်၊ ဟိုမှာ ညီမလေး"

ရန်မာန်က ရယ်ကျဲကျဲနှင့်ပြောပြီး ခင်ဒီပါ့ကို မျက်စပစ်ပြပြီး ထဖို့ အချက်ပြ၏။ ညီမလေး ရှက်မှာကိုသိပေမယ့် ခင်ဒီပါ ထရပ်လိုက်ရသည်။

ဒါ သူနဲ့ တွေ့စပ်ရတော့မယ်ယောကျ်ားပဲ၊ သူစိမ်းမှာ မဟုတ်တာ ...။ ကိုယ့်စိတ်ကို ပြန်ဖြေကာ ....

"ရာရာ ... မမ အပြင်မှာရှိမယ်နော်၊ အေးအေးဆေးဆေးစား"

"မလတ် ..."

ရာရာက ထရပ်တော့မလိုဖြစ်၍ နှုတ်ခမ်းလေးတလှုပ်လှုပ်ဖြစ်ဆဲ ...

"စားပြီးရင်လဲ ကိုယ်တစ်ယောက်တည်းမို့လို့ ခဏလောက် ထိုင်နေ ပေးပါ၊ မရဘူးလား"

မာန်ထန်က ပြောချလိုက်သည်။ ဒီလိုမှမပြောလျှင် ရာရာ သူ့အစ်မ လက်ကိုဆွဲ၍ အတင်းထလိုက်တော့မှာဖြစ်၏။

ဒေါ်ညိုမာက နှစ်ယောက်စလုံးအတွက် အသစ်ပြင်ပေးပြီး အားလုံးပြီးမှ ထွက်သွား၏။ ထမင်းစားခန်းထဲမှာ ရာရာနဲ့သူ နှစ်ယောက် တည်းကျန်ခဲ့သည်။

တခါးဝဘက်ကို ကျောပေးထိုင်နေခဲ့တာမို့ သူဝင်လာတာတည်းက



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ဘေးမှာ ထိုင်လိုက်တဲ့အထိ သူ့ကို ရာရာ မော့မကြည့်မိသေးပေ။

"အသူရာ ..."

"ရှင် ..."

"စားလေ"

ရာရာ မျက်နှာလေးတစ်ချက်မဲ့သွားပြီး သူ့ကို မော့ကြည့်မိ၏။

"ဟို ... ရာရာ မစားတော့ဘူး၊ တကယ်ပါ။ အဲဒီလို သူများအိမ်မှာ အဲ ... ယောကျ်ားတစ်ယောက်အိမ်မှာ ရာရာ တစ်ခါမှ မစားခဲ့ဖူးဘူး"

သူက ခေါင်းညိတ်၍ နားလည်သည့်အပြုံးနှင့် ခေါက်ဆွဲငုံ့စားသည်။ ထူထဲသည့် မျက်ခုံးတန်းများနှင့် တိုစိပ်သော မျက်တောင်များတို့ စိုက်ချထားပုံက ကော့ချွန်နေသော နှာတံနှင့် နေရာတကျရှိ၏။

ပီရိကျနသော နှုတ်ခမ်းတွေက စားသောက်နေပေမယ့် အလှမပျက်ပေ။ တစ်ခါစားတိုင်း လက်သုတ်ပဝါနှင့် တစ်ခါဖိပွတ်ပစ်တာ အကျင့်ပဲထင်သည်။ နှုတ်ခမ်းသားတို့ နီရဲနေလျက် ကြည့်ကောင်း၏။

ဒီလိုလူမျိုးက ကိုယ့်ကို သဘောကျနေသည့်အဖြစ်က အိပ်မက်ဆန်နေသည်။

"ကလေးရယ်၊ ကိုယ့်ကိုကိုယ် ရုပ်ဆိုးတယ်ချည်းပဲ ထင်နေသလား။ မှန်ထဲပြန်ကြည့်ပါဦး" တဲ့။

မလတ် ဘာပြောပြော ရာရာဟာ ခွင်း ပါးစပ်ထဲမှာတော့ 'ကုလားချေးမ' ပဲဖြစ်ခဲ့သည်သာ။ ဒါပေမယ့် အိပ်မက်ဆန်နေသော ထိုအဖြစ်ကိုလည်း သူမ မသာယာခဲ့တာ ထူးဆန်းနေပြန်သည်။ မာန်ထန်က ကိုယ့်ကို သဘောကျသည်ဆိုတာကို မယုံကြည်သလိုလို၊ လက်မခံနိုင်သလိုလိုနှင့် စိတ်ထဲမှာ ထိုအဖြစ်ကို နှစ်ထောင်းအားရလည်း မဖြစ်ခဲ့။

နှစ်ယောက်ကြားမှာ တိတ်ကျသွားတော့ မာန်ထန်က တူကို ပြန်ချပြီး လှည့်ကြည့်၏။

"အရမ်း စိတ်ကျဉ်းကျပ်နေသလား အသူရာ"





"စားရမှာကိုပါ။ ဒီတိုင်းထိုင်နေတာက ရပါတယ်"

"တော်သေးတာပေါ့"

လို့ ပြောပြီး သူက ရာရာ့ကို စိုက်ကြည့်၏။

"ကိုကိုသွားခေါ်တယ်ဆိုတော့ မမ ဒီပါပဲ ပါလာမယ်မှတ်နေတာ၊ ကိုကို ဖုန်းဆက်လိုက်မှ ကိုယ် ချက်ချင်းပြန်ခေါက်လာတာ"

ရာရာ သူ့ကိုကြည့်လိုက်မိတော့ သူက ပြုံးပြကာ မျက်နှာပြန်လွှဲ၍ တူကို ကိုင်သည်။

"ရာရာ၊ သူ့ကို ပြောစရာရှိလို့"

"ဟုတ်လား၊ ပြောလေ"

"စားပါ။ ပြီးမှပဲ ပြောမယ်"

ကိုင်ထားသည့်တူကို မာန်ထန်က ချက်ချင်းပြန်ချ၏။

"စားဖို့က အရေးမကြီးပါဘူး။ မင်း ရောက်နေတယ်ဆိုလို့ ကိုယ်ပြန်လာတာ၊ စားချင်လို့မှမဟုတ်တဲ့"

ရာရာ မျက်နှာပူသွား၏။

"ဒါဆို ခြံထဲသွားမလား၊ လာ ..."

သူပဲဦးဆောင်ပြီး ထရပ်သည်။ ပြီးတော့ ထမင်းစားခန်းက ထွက်လာကာ အိမ်ရှေ့ဧည့်ခန်းကို မဖြတ်ရဘဲ ခြံထဲဆင်းလို့ရသည့် ဘေးတံခါးကနေ ရာရာ့ကို သူ ခေါ်သွားခဲ့သည်။

တစ်ခြံလုံးမှာ သစ်ရွက်စိမ်းပင်တွေချည်းများကာ ကတ္တီပါနှင်းဆီတွေချည်း အိုးနှစ်ဆယ်လောက်ပဲရှိ၏။ အားလုံးမှာ အငုံကလေးတွေ အပြိုင်းအရိုင်းနှင့် ချစ်စရာပင်။

သစ်ခွတိုင်တွေချည်းပဲ ဘယ်လောက်များမှန်း မသိ၊ စပျစ်ခြံကြီး တစ်ခြံလို အရှည်ကြီးရှိနေသောအောက်ကို ရောက်သွားကြ၏။

"သစ်ခွတွေ အများကြီးပဲနော်၊ ရောင်းတာလား"

"မရောင်းပါဘူး။ ဖေဖေက ဝါသနာပါတာ၊ အရောင်ခြောက်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ပြောင်းပြီး ခြောက်လကနေ သုံးနှစ်ထိခံတဲ့ ဂျူးအင်းဝစ်ဆိုတာ ရှိသေးတယ်၊ ဟိုးဘက်မှာ”

“ဟင် … ဟုတ်လား၊ တော်တော်လှမှာပဲ”

“အရောင်လှတယ်၊ အပွင့်ကတော့ သိပ်ကဗျာမဆန်ဘူး၊ ကြည့်ချင်လိုက်ပြမယ်၊ ဒါပေမယ့် ခုတော့ မင်းပြောစရာရှိတာကိုပဲ ကိုယ်နားထောင်ချင်တာ၊ ဒီမှာထိုင်ရအောင်”

ကြွေပြားအစိမ်းလေးတွေ ကပ်ထားသည့် ခုတ်ခုံလေးက နှစ်ယောက်ထိုင်လေးရယ်၊ အတူတူထိုင်လိုက်လျှင် ပခုံးချင်းတော့ ထိနိုင်၏။ ရာရာက မထိုင်ဘဲနေတော့ သူလည်းမထိုင်။

“ထိုင်လေ၊ ကိုယ်မထိုင်ပါဘူး”

“အို … မဟုတ်ပါဘူး”

အားနာသွားကာ ရာရာ ထိုင်လိုက်ရတော့သည်။ အစွန်းကို မသိမသာလေး တိုးကပ်၍ …

“ကိုထန့်လဲ ထိုင်လေ”

သူက ခေါင်းညိတ်၍ ဘေးမှာထိုင်လိုက်ကာ …

“မင်းမပြောခင် ကိုယ်လက်ခံမှာမဟုတ်တဲ့အကြောင်းတွေကို အရင်ပြောချင်တယ်”

သူ စကားခဏရပ်သည်။ ရာရာ ဘာမှမပြောဘဲ သူ့ကိုကြည့်နေတာမြင်မှ …

“မင်းမှာ ချစ်သူရှိတာပဲဖြစ်ဖြစ်၊ အသည်းကွဲဖူးတာ၊ အိပ်မက်ဖူးတာ ဘာဖြစ်ဖြစ်ကွာ၊ ကုန်ကုန်ပြောရရင် ခွင်း နဲ့ပတ်သက်ပြီး မင်းဘက်က ထိခိုက်ရှနာ တစ်စုံတစ်ရာရှိနေတာမျိုးလဲ ရှိနိုင်တာကို ကိုယ်တွေးမိတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကဗျာလို အလှမာန်ဝင့်ပြီး ထက်မြက်တဲ့ မိန်းကလေးကိုတောင် ခြွေချနိုင်တယ်ဆိုတာ နည်းတဲ့အရည်အချင်းမှမဟုတ်ဘဲ၊ သူ့အပေါ်မှာ အမြဲတမ်း ရင်းနှီးနေခဲ့တဲ့မင်းဘက်က မိုး





သားခဲ့တာ မရိုးသားခဲ့တာမှာ ဒါဟာ သဘာဝကျတယ်၊ ကိုယ်ပြောချင်တာက အခု ကိုယ်ပြောခဲ့တဲ့အကြောင်းတွေနဲ့ပတ်သက်ပြီး အားလုံးကို တွေးခဲ့ပြီးသား၊ မင်းကို ကိုယ် ဒါတွေကြောင့် စွန့်လွှတ်ပေးလိုက်မှာ မဟုတ်ဘူးဆိုတာပဲ”

ရာရာ ကြောင်တောင်တောင်လေးဖြစ်သွားသည်။ သူမ ပြောမယ့်စကားတွေကို သူ ဘာဖြစ်လို့ ကြိုပြီးသိနှင့်နေတာလဲ၊ အစကတည်းက စကားမကြွယ်သည့် နှုတ်ခမ်းတို့မှာ ဘယ်လိုပြန်ပြီး အစဆွဲထုတ်ရမှန်းလည်း မသိတော့ပါ။

“ပြောလေ၊ ရပြီ”

ရာရာ့မျက်နှာလေးကို ငဲ့ကြည့်ပြီး သူ့ နှုတ်ခမ်းမှာ ပြုံးရိပ်ထင်သွားသည်။ ရိုးသားတဲ့လူတွေမှာ အကဲခတ်ရအလွန်လွယ်ပါသည်။

ရာရာ့လို မိန်းကလေးက ကိုယ့်အိမ်ကို လိုက်လာတယ်ဆိုကတည်းက သူ တွေးမိလိုက်သည်။ ကဗျာရယ်၊ ခွင်းရယ်၊ သူနဲ့ရာရာ ဒီလေးယောက်၏ ဇာတ်ထုပ်ကိုဖြည့်၍ ဘာတွေ ညာတွေပြောလာနိုင်တာကို ကြိုမြင်သည်။

သူဟာ ကျောင်းမှာဖြစ်ဖြစ်၊ ဘယ်နေရာ၊ ဘယ်ပတ်ဝန်းကျင်မှာ ဘယ်လောက်ဟန်ဖိုးကြီးနေနေ ရာရာ့လိုမိန်းကလေးက အထင်တကြီး လက်ကမ်းကြိုဆိုနေမှာမဟုတ်ဘူးဆိုတာလည်း သိသည်။

ဘာဖြစ်လို့လဲဆိုလျှင် ရာရာ့လိုမိန်းကလေးက အဖြူထည်လေးပဲဖြစ်သည်။ ကဗျာတို့ကျတော့ ရင်ဘတ်ထဲမှာ သင်္ချာတွေ ရှိနေကြသည်။

“အသူရာ …”

သူ ထပ်ခေါ်မှ ရာရာ့မျက်တောင်ကော့လေးတွေ ဖျတ်ခနဲ ပင့်တက်လာသည်။ ပြီးတော့ မျက်လွှာလေး ပြန်ချပစ်ကာ …

“ဘာပြောရမှန်းမသိတော့ဘူး”

ဟု ဝန်ခံရှာသည်။ ထိုပြင် နှုတ်ခမ်းလေးစူနေတော့ သူမကိုယ်သူမ

www.burmeseclassic.com



ရော သတိထားမိရဲ့လား …၊ သူ စိုက်ကြည့်ရင်း ပြုံးလိုက်မိကာ …

"မင်းပြောမှာတွေက အဲဒါတွေလား"

"အင်း …"

ပျာပျာသလဲလေး ခေါင်းညိတ်ပြီးမော့လာ၏။

"ရာရာ လက်မထပ်ချင်ဘူး"

"ဘယ်ရမလဲ၊ မင်းပြောတာက အတိအကျဆုံးဖြတ်ပြီးသားကြီး၊ လက်မထပ်ချင်သေးဘူးဆိုရင် ကိုယ်လက်ခံပေးလို့ရတယ်"

"လက်မထပ်ချင်သေးဘူးလို့ပြောလဲ စေ့စပ်ပေးထားကြမှာပဲ၊ အဲဒါ ဘာထူးလို့လဲ"

"ဟုတ်တယ်၊ မတူဘူး၊ ကိုယ်ကလဲ အဲဒီလောက်တော့ မင်းကို ပိုင်ထားချင်တာ၊ ဒီမှာ အသူရာ … မင်းကို ကိုယ်က စတွေ့ဖူးကတည်းက စိတ်ဝင်စားခဲ့တာ၊ အသူရာ ဆိုတဲ့နာမည်လေးကို ကိုယ်မြတ်နိုးတယ်၊ အဲဒါကြောင့် သူများလိုမခေါ်ဘဲ အသူရာ လို့ခေါ်ခဲ့တာပေါ့၊ အချစ်မှာ ရာသီမရှိဘူးဆိုတဲ့ ပြဋ္ဌာန်းချက်တစ်ခုကို ကိုယ်လက်ခံသွားတဲ့အချိန်မှာ မင်းကို …"

"ကိုထန် …"

ရာရာ့ကိုယ်လေး ဆတ်ခနဲ မတ်သွား၏။

"ရာရာ ပြန်တော့မယ်နော်၊ မလတ် ရှာနေမှာစိုးလို့"

"ရှာစရာလား အသူရာ၊ မင်း ကိုယ်နဲ့ရှိနေတာကို သိမှာပေါ့၊ ကိုယ်ပြောတာကို နားထောင်ပါဦး"

"ရာရာ … အဲဒါကို …"

"မင်းကို ကိုယ်ချစ်တယ်"

ရာရာ တုန်ခနဲ ဖြစ်သွားပြန်သည်။ ရင်ထဲမှာ တဒိတ်ဒိတ်ခုန်၏။ တစ်သက်နဲ့တစ်ကိုယ် ရည်းစားစကားအပြောခံရမည်ဆိုသည့် အဖြစ်ကို စိတ်ကူးတောင် ယဉ်မကြည့်ခဲ့ဖူး …။





မာန်ထန်က ပေါင်ပေါ်မှာ ထောက်ခွနေသည့် ရာရာ့ကျစ်ဆံမြီးလေးတစ်ဖက်ကို သာသာလေးဆွဲယူလိုက်၏။

"အို …"

ရာရာ ကယောင်ကတန်း ပြန်ဆွဲလိုက်မိ၏။ သူက ထိုလက်ကလေးကိုပါ ထပ်ဆုပ်လိုက်ပြီး …

"ကိုယ့်ကိုလက်ထပ်ခွင့်ပြုပါ အသူရာ၊ မင်းကို မြတ်မြတ်နိုးနိုး ယုယုယယ ကိုယ်ချစ်သွားမှာပါ၊ အချစ်ဆိုတာ အချိန်ကြာတာ၊ မြန်တာနဲ့မဆိုင်ဘူးဆိုတာကို လက်ခံပေးနိုင်ရင် မင်း ကိုယ့်အချစ်ကိုလဲ ယုံကြည်မှာပဲ"

"မဟုတ်ဘူး၊ ရာရာ အချစ်ကိုလဲ မသိချင်ဘူး၊ လက်ထပ်ဖို့လဲ တစ်ခါမှ မစဉ်းစားဖူးဘူး၊ မေမေကလဲ သူ့ဖေဖေနဲ့ ရာရာ့ဖေဖေတို့ ကတိရှိထားကြတာတွေကို အားနာပြီး စေ့စပ်ဖို့ကို ခေါင်းညိတ်ခဲ့တာပါ၊ အဲဒါကို သူ …"

"ကိုယ်တော့ မင်းကိုလက်ထပ်ချင်လို့ ခြေလှမ်းစခဲ့တာပဲ၊ ခု မစဉ်းစားလဲ နောက်တော့စဉ်းစားရမှာပဲ မဟုတ်ဘူးလား အသူရာ၊ စေ့စပ်ထားပြီးကြရင် မင်းခေါင်းညိတ်တဲ့အထိ ကိုယ်စောင့်မှာပါ"

လက်ကိုရုန်းတော့ သူက အသာလေးလွှတ်ပေးသည်။ ဆံပင်ကိုတော့ တယုတယဆုပ်ကိုင်ထားဆဲနှင့် ငုံ့ကြည့်၍ လက်မနဲ့ ဖွဖွလေး ပွတ်သပ်နေ၏။

"ကဗျာ့ကို ခွင်း နဲ့တွဲနေတာ မြင်တုန်းက ကိုယ်ဘာမှမဖြစ်ခဲ့ဘူး၊ ခုလဲ ထားခဲ့လိုက်နိုင်တယ်၊ မင်းဘက်ကို ခွင်း လှည့်လာရင်တော့ ကိုယ်သည်းခံနိုင်မှာမဟုတ်ဘူး"

"အို … မဟုတ်တာ …"

ရာရာ ပြောလိုက်မိသည်။ ခွင်း ရင်ထဲကို သိချင်လို့ စကားနဲ့ အစ်အောက်ကြည့်တိုင်း အမြဲတမ်း လှောင်ရယ်ခံခဲ့ရတာကို သတိရ



www.burmeseclassic.com

www.burmeseclassic.com



တော့ ဆွေးသွားသည်။

"ကံကောင်းလို့နော်၊ မလတ်သာ ဝင်မတားရင် လူကြီးတွေဒေ စားတာနဲ့ ငါက ကုလားမယောကျ်ားဖြစ်ရဦးမယ်၊ ကျောချမ်းလိုက်တာ"

ဟု ပြော၍ တွန့်လိမ်ပြဖူးသည်။

"နင့်ကိုယ်နင် ပြန်ကြည့်ဦး၊ မျက်ခုံးက ထူသေး၊ နှုတ်ခမ်းမွေးနဲ့ ဟား ဟား ဟား"

ရာရာ ငေးခနဲဖြစ်သွားလျက် နှုတ်ခမ်းလေးကိုက်ထားမိ၏။ နောက်ထပ်တွေးမိသည်က မာန်ထန်ဟာ ခွင်းနဲ့သူမ၏ တွယ်တာမှု အနေအထားကိုရော၊ ကဗျာနဲ့ခွင်းနဲ့ ပတ်သက်ခဲ့သည့် အခြေအနေ အရပ်ရပ်ကိုပါ အားလုံးသုံးသပ်ထားပြီးဖြစ်နိုင်၏။

မပြောပေမယ့် စကားထဲမှာပါလာသမျှ အနီးစပ်ဆုံးတွေ ဖြစ်နေ ခဲ့သည်က အံ့သြစရာပင်။ ဒါဆို သူကရော ခွင်း လိုမဲ ရင်ထဲမှာ ကြိတ်၍ ပြိုင်ဆိုင်နေသည်လား ...။ ဒါမှန်လျှင် ရာရာ့ကိုလက်ထပ်ဖို့ ကြိုးစား တာကရော ...။

ရင်ထဲမှာ ထိတ်ခနဲ ဆောင့်ခုန်လျက် သူ့ကို အလန့်တကြားမော့ ကြည့်မိသည်။ မာန်ထန်က ရာရာ လန့်ဖျပ်သွားပုံကို စိုက်ကြည့်၏။ ပြီးတော့ မပွင့်တပွင့်ပြုံးကာ ...

"သူ့ကို ကိုယ်က မပြိုင်ပါဘူး။ ဒါပေမယ့် သူ အနိုင်လိုချင်နေတာ ကိုတော့ သိတယ်၊ အစက အရှုံးအနိုင်ဆိုတာ ကိုယ့်အတွက် ပြဿနာ မဟုတ်ပေမယ့် အခု ကိုယ်အရှုံးမပေးနိုင်တော့ဘူး၊ အဲဒါ သိလား"

ရာရာ ဖျတ်ခနဲ မျက်နှာလွှဲပစ်သည်။ သူက ရာရာ့လက်ခုံနုလေး ကို ဖွဖွလေးဆုပ်ကိုင်လိုက်၏။ ရုန်းဖယ်ဖို့ကြိုးစားကြည့်ပေမယ့် သူက ဖိဆုပ်ထားလိုက်ပြီး ရာရာ့တစ်ကိုယ်လုံးကို ငေးကြည့်သည်။

"ချစ်တာပဲဖြစ်ဖြစ်၊ ခင်တာဖြစ်ဖြစ်၊ အစက ရာရာဆိုတဲ့ ကောင် မလေးက သူ့ဘေးမှာရှိနေတဲ့သူ၊ ဒါပေမယ့် အခု ကိုယ့်ဘေးကိုရောက်





လာပြီ၊ ကိုယ်ပြန်မပေးနိုင်ဘူး"

ရာရာ ဖွတ်အတင်းထရပ်လိုက်မိသည်။ သူကလည်း အတူလိုက် ထ၏။

"ရာရာ့ကိုလွှတ်ပါ"

ရုန်းလို့မရတော့ သူ့ကိုပဲမော့ကြည့်ပြီး တောင်းပန်မိသည်။ သူက ပြုံး၍ လက်ကိုလွှတ်ပေးလိုက်သည်။

"ကိုယ်တို့ ဒီလကုန် စေ့စပ်ကြမယ်၊ ဘယ်လိုလဲ"

"ကိုထန်ကလဲ၊ လကုန်ဖို့က တစ်ပတ်လောက်ပဲလိုတော့တာ"

"ဘာဖြစ်လဲ၊ မနက်ဖြန်ဆို ပိုတောင်ကောင်းသေးတယ်၊ ဒါမှမဟုတ် ဒီညနေဖြစ်ဖြစ် ..."

"သွား ..."

သူစနေတာကို ရာရာ ဟန်မဆောင်နိုင်တော့ဘဲ ရယ်လိုက်မိ၏။ သူက ဘောင်းဘီအိတ်ထဲ လက်တွေထည့်လိုက်ပြီး ရယ်ကာ ...

"တကယ်ပြောတာ၊ မင်းသာ ခေါင်းညိတ်ရင် ခုချက်ချင်းစီစဉ် ပစ်လိုက်လို့ရတယ်၊ ဘယ်လိုလဲ၊ မယုံဘူးဆိုရင် လုပ်ပြမယ်လေ"

"ကိုထန်ကလဲ"

လည်ပင်းလေးတိုပွတ်၍ ရှက်ကိုးရှက်ကန်းလေး မျက်လွှာချ တော့ သူ မချင့်မရဲစိုက်ကြည့်သည်။ ပြီးတော့ မျက်ဝန်းတို့ကို တခြားလွှဲ ပစ်ကာ ...

"တစ်ဖက်သတ်ချစ်ရတာ မလွယ်ဘူးနော်"

"ဟင် ..."

တစ်ယောက်တည်း ခပ်သဲ့သဲ့ပြောတော့ ရာရာက ထပ်မေး၏။ သူက ရာရာ့ကို ရီဝေသော မျက်ဝန်းများဖြင့် ငုံ့မိုးကြည့်ကာ ...

"ဟုတ်တယ်၊ ကိုယ်က တစ်ဖက်သတ်ချစ်နေရတော့ ဘာဖြစ်ဖြစ် အပြောမှား၊ အနေမှားမဖြစ်ရအောင် ထိန်းနေရတာလေ"



www.burmeseclassic.com

www.burmeseclassic.com



ရာရာ သူ့စကားကို သေချာနားမလည်ပါ။ ဒါကို ကိုယ်နားထ
သလိုပဲ တွေးကြည့်မိသောကြောင့် ...

"အပြောများ၊ အနေများဆိုတာ ဘာကိုပြောတာလဲဟင်၊ ရာ
အဲဒီလောက် စိတ်မဆင့်ပါဘူး၊ သည်းခံတတ်လွန်းလို့တောင် မလ
ကဆူတာ ခဏခဏပဲ"

"ဟုတ်လား၊ ဒါဆို ကိုယ်က အခု မင်းကို နမ်းလိုက်မိရင်ရော

"အို ..."

ရာရာ ဖျတ်ခနဲ ကျောခိုင်းပစ်လိုက်သည်။ ချက်ချင်းပဲ ထွက်
တော့မလိုဖြစ်သွားသည့် ရာရာ့လက်ဖဝါးလေးကို မာန်ထန် က နော
ကနေ ဆုပ်ကိုင်ထားလိုက်ပြီး ...

"အလကားစတာပါ၊ ကိုယ် ဘာမှမလုပ်ဘူး၊ သစ်ခွတိုင်ရော
လိုက်ပြမယ်လေ"

မြတ်စွာဘုရား ... သူပြောတာ ဟုတ်ရဲ့လား"

ရှက်ရှက်နှင့် ခေါင်းငုံ့နေလိုက်မိတာ မြေကြီးနဲ့မျက်နှာ ပြေ
တော့မလားဘဲ ...။ ဒါတောင် ခလုတ်တွေ ခဏခဏတိုက်လို့ သူ
မောင်းကို ရာရာကပဲ ဆုပ်ဆွဲထိန်းလိုက်ရတာ ဘယ်နှခါလဲ ...။

ကိုယ်ကတော့ ကြည့်ပြီးလျှောက်နေတာပဲဥစ္စာ၊ မြေကြီးတိုး
ကန်းတာ ...။

❀ ❀ ❀





အခန်း (၃၀)

"ရော့ ...သမီး၊ ဒါလေး ငြိမ်းတို့အိမ် သွားပို့ပေးပါ"

"ဟုတ်ကဲ့ .."

ခွင်း ကို မတွေ့ရတာကြာလို့ ဟိုကချောင်းကြည့်၊ ဒီကချောင်း
ကြည့်နှင့် ဖြစ်နေရသည့် ရာရာက ဝမ်းသာအားရ ထလာ၏။ သို့သော် ...

"မကြံ့ကိုပဲ ပို့ခိုင်းလိုက်ပါ မေမေ၊ ကလေးကို မလွှတ်ပါနဲ့"

နောက်ဖေးဘက်က ခင်ဒီပါ ထွက်လာသည်။ ကို့ရီးယားထမင်း
လိပ် လုပ်တတ်သည့် ဒေါ်ခင်နုဒီလက်ရာကို ဒေါ်ငြိမ်းသူဇာကလည်း
အလွန်ကြိုက်၏။ ရင်းနှီးခင်မင်ခဲ့ကြသည့် သက်တမ်းကလည်း နည်း
လို့လား။ သူ ကြိုက်တတ်တာလေးတွေဆို ဒေါ်ခင်နုဒီ မျိုမကျနိုင်ပါ။

ပြီးတော့ ကလေးချင်းစေ့စပ်လက်ထပ်ပေးဖို့ ကလေးတွေ ငယ်
ငယ်ကတည်းက ပြောခဲ့ဖူးကြတဲ့ စကားတွေရှိခဲ့သည်။ ကတိကဝတ်
လို သေချာထားခဲ့ကြတာမဟုတ်သော်လည်း ခုလို ရာရာ့ကို မာန်ထန်
နဲ့စေ့စပ်ပေးဖို့ ခေါင်းညိတ်လိုက်ရတာဟာ ကိုယ့်ဘက်က ဖော်ဖျက်
လိုက်ရခြင်းပဲ ဖြစ်၏။

ဘယ်သူကမှ မလွှတ်သေးဘဲ ဆုပ်ကိုင်ထားဆဲရှိသည့် စတီးချိုင့်



www.burmeseclassic.com

ကို ခင်ဒီပါက မလိုလားစွာကြည့်၍ အောက်ဖျားကနေ လက်နှစ်
နှင့် ဆွဲယူလိုက်၏။

"မကြူရေ ..."

အထဲကိုလည်း လှမ်းခေါ်သည်။

"အို ... သမီး။ မကြူကို မခိုင်းပါနဲ့ မပေးတာကမှ ပိုကောင်းဦးမ

"ဒါဆိုလဲ မပေးနဲ့ပေါ့ မေမေ၊ အဲဒီအိမ်နဲ့ပြတ်သွားတာ
ဝမ်းနည်းစရာမရှိပါဘူး"

မကြူ ရောက်လာတော့ ဒေါ်ခင်နုဒီက ခေါင်းခါပြလိုက်သ
ပြန်ထွက်သွား၏။

"တကယ်ဆို ဒီနောက်ပိုင်းမှာ သမီးက ခွင်း ကို မလိုမလား
ဆံလာတာတွေသာ မဖြစ်ခဲ့ရင် ရာရာနဲ့ခွင်း ..."

"အဲဒီလိုဖြစ်မှာစိုးလို့ကိုပဲ သမီးက လူမုန်းခံပြီး ပြောဆိုနေရ
ပေါ့ မေမေ၊ သူငယ်ချင်းဆိုတာတောင်မှ ဒီလောက်နိုင်နေတာ၊
ပေးစားလိုက်ရင် ..."

ပြောနေရင်း မျက်လွှာလေးချနေသည့် ရာရာ့ကို မကျေနပ်
တွေ ကူးစက်သည့်မျက်ဝန်းများနှင့် လှည့်ကြည့်သည်။ ခွင်း ဆိုတာ
ရှင်လန်းတက်ကြွနေသည့် ကိုယ့်ညီမကိုပဲ ဘယ်လိုသွေးခွဲလို့မှရ
ကို တနုံ့နုံ့ဖြစ်နေမိသည်။

"ရာရာ .."

"ရှင် ..."

"ကလေးကို မာန်ထန်က တော်တော်မြတ်နိုးတာနော်၊
တွေတောင် သိတယ်၊ ခုလဲ သူ့ပညာနဲ့သူ ရပ်တည်နိုင်နေပြီ၊
တယ်၊ ကြိုးစားတဲ့ယ်၊ ပြီးတော့ ခွင်း နဲ့ ရုပ်ရည်ချင်းပဲ ယှဉ်ကြည့်
ဘယ်လိုလူစား၊ ဘယ်လိုအဆင့်အတန်းတွေလဲဆိုတာ အသိသာ
ဒီလောက် စုံးစုံးရဲရဲနှင့် လှမိုက်ရုပ်လေးကို ကလေးက ဘာတွေ အ





ကြီးနေတာလဲ"

"သမီးရယ်၊ သူတို့က သူငယ်ချင်းတွေဥစ္စာ"

"မေမေ မသိပါဘူး"

"ဒါကတော့ သမီးရယ်၊ ခွင်း က လူချောလေးဆိုတော့လဲ
ညီးစားထားတာ ဘာဖြစ်လဲ"

"အဲဒီလိုကောင်ကို ဘာအထင်ကြီးစရာရှိလဲ မေမေ၊ ရုပ်မြင်တာ
နဲ့ လူရှုပ်လူပွေမှန်း တန်းသိတယ်၊ ပြီးတော့ မေမေ့သမီးကို ဟိုကောင်
က ခွေးတစ်ကောင်လို ခိုင်းချင်သလိုခိုင်းနေတာ"

"ဟဲ့ ..."

ဒေါ်ခင်နုဒီ သမီးငယ်လေးကို သနားစိတ်ဖြင့် လှုပ်လှုပ်ရှားရှား
ဖြစ်သွား၏။ ရာရာက မလတ်ပြောလိုက်တာကို စိတ်မဆိုးပါ။ မလတ်
သူမကို ဘယ်လောက်ချစ်သလဲဆိုတာလည်း သိသည်။

ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားသည်က 'ခွေးတစ်ကောင်လို' ဆိုသည့်
စကားကြောင့် ...။ မလတ်ကတောင် သူမ၏အနေအထားကို ဒီလို
ခိုင်းနှိုင်းလာခဲ့ပြီဆိုလျှင် နေ့စဉ် ခွင်းနဲ့သူမကို တပူးတွဲတွဲ မြင်နေရသည့်
ကျောင်းသားတွေပါးစပ်ထဲမှာ ဒီသီချင်းဆိုတာ မဆန်းဘူးပေါ့။

(ခွေးကလေးလို ကြိုးနဲ့ဆွဲကာ .. ခေါ်သွားမလား × × × သူ
ခိုင်းတာ အားလုံးလုပ်မတဲ့လား × × × အိုး ..ခိုင်းစမ်းပါ ... ညာတာ
တွေ ရိုးနေပြီကွာ × ×)

နားထဲမှာ သီချင်းဆိုကြသံတွေကို ပြန်ကြားလာမိသည်။ အားလုံး
သာ အတန်းဖော်များပဲဖြစ်ကာ ရာရာတို့နှင့် နီးစပ်သည့်အနားက သူ
တွေပဲဖြစ်သည်။

သူတို့အမြင်မှာ ရာရာ တကယ်ပဲ အဲဒီလိုသရုပ်ပေါ်နေတာ
ကြောင်း မလတ်၏ဖြည့်စွက်ချက်ကြောင့် သူမ ယုံကြည်လိုက်ပြီ။
ခွင်း ကို တွေ့ချင်သည့်စိတ်တွေက သေးငယ်နမ့်ွတ်သည် ပန်းညွန့်



www.burmeseclassic.com

www.burmeseclassic.com



လေးထက်သို့ ပွက်ပွက်ဆူသော ရေနွေးတွေ လောင်းချလိုက်သလိုပင်။

မေမေက စိတ်မကောင်းစွာ ပြောနေဆဲဖြစ်၏။

"မေမေလဲ သမီးအလိုကိုလိုက်ပြီး မိတ်ဆွေချင်းမျက်နှာပျက်ရသလိုဖြစ်နေပြီ၊ လူငယ်ချင်းမှာ ရှုံးတာနိုင်တာတွေရှိပေမယ့် လူကြီးချင်းကျတော့ ..."

"အဲဒါကြောင့် သမီးက လူမုန်းခံပြီး ဝင်ပါခဲ့တာပါလို့ပြောတာပေါ့။ ဒီနှစ်အိမ် ပုံစံမပျက်သာ အဆင်ပြေနေရင် ခုလောက်ဆို ခွင်းနဲ့ ကိုယ့်ကလေး ညားနေပြီ"

"တော်ပါတော့ သမီးရယ်၊ ညီမလေးလဲ ဝမ်းနည်းနေပါပြီ၊ သမီးငယ် သွားတော့ ... သွား၊ ဒါလဲ မပိုနိုင်းတော့ပါဘူး"

ခင်ဒီပါ ကိုင်ထားသည့် စတီးချိုင့်က ရှိုးကေ့စ်ပေါ်သို့ ရောက်ရှိသွားလေသည်။

ရာရာ ကိုယ့်အခန်းထဲကို ပြန်လာခဲ့ရင်း ခွင်း ၏ ပြတင်းတံခါးဆီကို ငေးမောနေမိသည်။ နေနိုင်လိုက်တာ ခွင်း ရယ် ...၊ ကျောင်းမှာ စာမေးပွဲတစ်ဖက်နဲ့မို့ ငါပြောခဲ့တာတွေကို နင်က ဒီလောက်တောင် နာကြည်းသွားတယ်ပေါ့ ...၊ ဟုတ်မှာပါ၊ နင့်အတွက် ငါက ဘာမှမဟုတ်ခဲ့ဘဲ ...။

မျက်ဝန်းအိမ်မှာ မျက်ရည်ကြည်တွေ ဝေ့တက်လာ၏။ မလတ်ပြောသလို လူကြီးချင်းလက်ထပ်ပေးစားတိုင်းလည်း ငြိမ်သက်လက်ခံသွားမည့် ခွင်း မဟုတ်ပါ။

ရာရာဟာ ခွင်း အတွက် 'မဟေသီ' ဘယ်တော့မှ မဖြစ်နိုင်တဲ့ မိန်းမပဲဖြစ်သည်။ ဒါကို ခွင်း ၏ အထင်မြင်သေးသော၊ လှောင်ရယ်မဲ့ပြုံးနှင့် ချိုးဖဲ့မှုတွေကြားမှာ နေလာခဲ့ရရင်း သူမ နားလည်ခဲ့၏။

ကိုယ့်ရင်ထဲမှာလည်း ခွင်း ကို ကိုယ့်ရဲ့သတို့သားအဖြစ် တစ်ကြိမ်တစ်ခါမှ ထည့်မတွေးခဲ့ဖူးပါ။ မစားကောင်းတဲ့အသီး၊ မပန်ထိုက်တဲ့





န်းအဖြစ်နဲ့ ကိုယ်သာပေးဆပ်သွားဖို့ ဆုံးဖြတ်ထားခဲ့သည်။

မာန်ထန်နဲ့ စေ့စပ်လိုက်သည့်အဖြစ်မှာ သူ့ကို မတိုင်ပင်ခဲ့တာက ထိုကာလများမှာ ကဗျာနဲ့ပတ်သက်ပြီး အကြီးအကျယ် အရှက်ရလာခဲ့သော ခံစားချက်များဖြင့် ခွင်း ကိုလည်း မတွေ့ချင်လို့ တမင်ရှောင်နေခဲ့သည့်ကာလဖြစ်ခဲ့၏။

ထို့ပြင် ကိုယ်ကတော့ အနစ်နာခံ၍ ဆောင်ရွက်ခဲ့ရသည်၊ သူကတော့ ချစ်သူနဲ့အဆင်ပြေပြီး ကိုယ့်ဆီကိုတောင် ရောက်မလာနိုင်ပေ။ နောက်ရက်ကျမှ ကျောင်းမှာလာတွေ့ပြီး 'ဘာဖြစ်နေတာလဲ' တဲ့။

ရာရာ မျက်ဝန်းမှ ကျလုလုမျက်ရည်တို့ကို မျက်တောင်များဖြင့် ရေမကပုတ်ခတ်တာ တားဆီးရင်း မြင်ကွင်းကို ကျောခိုင်းပစ်လိုက်သည်။ ပြတင်းသံပန်းတွေမှာ တျောလေးကပ်မှီ၍ အံကြိတ်မိ၏။ မာန်ထန်နဲ့ စေ့စပ်လိုက်တာကို ကိုယ်မပြောခဲ့ပေမယ့် သူသိလောက်ပါပြီ၊ ကောင်းပါတယ်၊ နင် ပိုပြီးစိတ်နာသွားမှာပါ ...။

မာန်ထန့်ကို နင်ကမှ မကြည်တာ၊ ဒါပေမယ့် ငါ ပေးဆပ်နေခဲ့ရသမျှ ဒါဟာ ငါ့အတွက် သိက္ခာတရားပဲ ခွင်း။ နင့်အတွက် ငါက နန်းမထိုက်ပေမယ့် သူများအတွက်တော့ တော်ဝင်နိုင်သေးတယ်ဆိုတာ ငါ ပြခွင့်ရပြီ ...။

ရင်ထဲမှာ စကားတွေက အားရပါးရ ကြွတက်လာသည်။ သို့သော် အားရသောရယ်သံများနှင့်မဟုတ်ဘဲ ရှိုက်သံများနှင့်ဖြစ်၏။ ရာရာ့ပါးပြင်ထက်သို့ မျက်ရည်တွေက လူးလိမ့်တိုးဆင်းလာကြလေသည်။

ဒါဆို နင်က ခွင်း ကိုရှုံးတာပေါ့၊ ဒီလိုလုပ်ပြနိုင်ပြီဆိုပြီး ကျေနပ်နေတယ်ပေါ့ ...။

"ဟင့်အင်း .."

မေးခွန်းတွေ ရင်ထဲမှာထပ်ဖြစ်လာသည်။ တစ်ယောက်တည်း ခေါင်းလေးတွင်တွင်ခါမိ၏။



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး …၊ ငါ ဖန်တီးခဲ့တာ တစ်ခုခုမဟုတ်ဘူး။ နင့်ကို ဘယ်တုန်းကမှ စိတ်မဆင်းရဲစေချင်ခဲ့တဲ့ ငါ့ပါ ခွင့်ရယ် …၊ နင် အဲဒီလိုတော့ မထင်ပါနဲ့၊ ငါ နင့်ကို ရွဲ့တာမဟုတ်ဘူး …၊ ဒါပေမယ့် ဖြစ်လာခဲ့ရင် ငါ့ သိက္ခာကိုတော့ ပြန်ပြီးအဖတ်ဆယ်ချင်တယ်၊ မာန်ထန့်ကို ငါ လက်ထပ်တော့မယ် …။

နင် ကြိုးဆွဲထားတဲ့ ခွေးလေးဘဝက လွတ်မြောက်ဖို့ပါ …။





အခန်း (၃၁)

“ဟဲလို …”

“မလတ်လား မသိဘူး။ ကျွန်တော် မာန်ထန်ပါ”

“သြော် … မောင်လေး”

မာန်ထန်ကလည်း ရာရာခေါ်သလိုပဲ သူမကို မလတ်လို့ခေါ်လာတာကို သတိထားမိလာတော့ ပြုံးလိုက်မိ၏။

“မလတ်၊ ဟို … အသူရာ ရှိလားဟင်”

“ဟင် … အဲ … အခန်းထဲဝင်သွားတော့ ကြာပြီ၊ အိပ်များနေပြီလားမသိဘူး။ မောင်လေး ပြောစရာရှိလို့လားဟင်”

“ရတယ် မလတ်၊ နေပါစေ၊ မနက်ကျရင် ကျွန်တော့်အလုပ်ခန်း ဖွင့်ပွဲရှိတယ်လေ၊ သူ့ကိုတော့ ပြောပြီးသားပါ။ အဲဒါ မေ့နေမှာစိုးလို့”

“သြော် … ဒါကိုတော့ မေ့မှာမဟုတ်ပါဘူး၊ မမ ပြောလိုက်မယ်နော်၊ ဘယ်နှနာရီလဲ”

“ရှစ်နာရီထိုးခင် ကျွန်တော်လာခဲ့မယ်လို့”

“ဟုတ်ပါပြီ၊ ဟုတ်ပါပြီ”



www.burmeseclassic.com

www.burmeseclassic.com



မာန်ထန် ဖုန်းချသွားတဲ့အထိ သူမ လက်ထဲမှာ ကိုင်ထားမိတုန်း။ ညီမလေးအတွက် ဒီလို အရည်အချင်းပြည့်ဝသည့် လူငယ်လေးတစ်ယောက်ကို ထာဝရလက်တွဲခွင့်ရခဲ့သည့်အဖြစ်အတွက် ကျေနပ်နေမိ၏။

မဟုတ်လျှင် သူမမှာ ချစ်သူကိုလက်ထပ်ဖို့ပင် ခေါင်းမညိတ်နိုင်လောက်အောင် ဒီညီမအတွက် နောက်ဆံတင်းနေခဲ့ရ၏။ ညီမလေးရယ်လို့ မပြောရက်ပေမယ့် မိန်းမသားချင်းမို့ သိနေပါသည်။ ခွင်း ကို ညီမလေး တိတ်တခိုးတွယ်တာနေတာ ဖြစ်နိုင်သည်ဟု ...။

ဒီလိုသာ ဆက်တွဲနေကြမည်ဆိုလျှင် ညီမလေးဘက်မှပေးဆပ်ခြင်းများစွာနှင့် လက်ထပ်ဖို့ထိဖြစ်သွားနိုင်သည်၊ မာန်ထန်နှင့် အမြန်ဆုံး လက်ထပ်ပေးဖြစ်အောင် မေမေ့ကိုလည်းပြောရမည်၊ ရာရာ့ကိုပါ တိုက်တွန်းဖို့ ရည်ရွယ်ချက်တွေက ပိုမိုဖြစ်ထွန်းလာ၏။

ဖုန်းချခဲ့ပြီး ခြေလှမ်းတွေက ရာရာ့အိပ်ခန်းဆီ ရောက်သွားခဲ့သည်။ မွေ့ရာဖြူဖြူလေးထက်မှာ ရာရာ ပက်လက်ကလေး ငြိမ်သက်နေ၏။ တဒီးဒီးမြည်အောင်ဖွင့်ထားသည့် လေအေးစက်ကို ခင်ဒီပါ အပြေးအလွှားသွားပိတ်သည်။

ဒီလောက်အအေးခံလို့မရတာကို ကိုယ့်ကိုကိုယ်သိရက်နဲ့ ဒီကလေးတော့ ခက်ပါပြီ။ ခင်ဒီပါ ခေါင်းလျှော်ပြီး ပြန်မသိမ်းဖြစ်ဘဲ ပြန့်လျက်သားရှိသည့် ဆံပင်ရှည်တွေ ဖိုရိုးဖားရားနှင့် လေအေးစက်ပြေးပိတ်ရ၊ ရာရာ့လက်မောင်းလေးတွေ၊ လက်ဖျားလေးတွေကို ပြေးစမ်းရနှင့် တစ်ယောက်တည်း ရှုပ်ယှက်ခတ်သွားသည်။

လက်ပြတ်အင်္ကျီလေးနှင့်မို့ လက်မောင်းသားလေးတွေရော၊ လက်ဖျား၊ ခြေဖျားတွေကအစ အေးစက်နေသဖြင့် စိုးရိမ်သွားသည်။ ရင်ခွင်ထဲမှာပိုက်လျက်ရှိနေသည့်စာအုပ်ကို အသာလေးဆွဲယူ၍ စားပွဲပေါ်မှာ တင်ထားလိုက်သည်။ ပြီးတော့ စောင်ဆွဲ၍ ပခုံးထိ လွှမ်းခြုံပေးလိုက်သည်။ တစောင်းလှဲနေသဖြင့် ဒီဘက်မှာတင်နေသည့် ပါးကလေး





တစ်ဖက်ကို လက်ခုံနှင့်ကပ်ကြည့်ပြီး အေးစက်နေတော့ ဘေးမှာအသာလေးဝင်ထိုင်လိုက်မိ၏။ ထို့နောက် ပါးလေးကို ဖွဖွလေးနမ်း၍ ပါးချင်းကပ်ထားလိုက်သည်။

ချစ်လိုပါရတာ ညီမလေးရယ် ..၊ ညီမလေးဆိုတေမယ့် ကိုယ့်ရင်သွေးလေးလိုကို ချစ်ခဲ့သည်၊ အသက်ရှယ် ဘယ်လောက်ကြီးပြင်းလာခဲ့ပေမယ့် အချစ်မပျက်၊ ပွေ့ပိုက်ယုယထားချင်သေးသည်။

သိပ်ကိုအေးချမ်း၍ ချစ်စရာကောင်းလွန်းသည့်ကလေးမို့ ပို၍ချစ်ခဲ့ရသည်။ ရာရာ့ပါးလေးတွေ နွေးလာပြီဆိုမှ သူမပါးကို အသာလေးပြန်ခွာ၍ အနမ်းနှင့် နှုတ်ဆက်လိုက်၏။ ပြီးတော့ မီးပိတ်ပေးမလို့ စားပွဲဘက်ကို ပြန်လှည့်လိုက်လျှင် ....။

ဘာလဲ၊ စောစောက ရာရာ့ရင်ခွင်ထဲက ဆွဲယူထုတ်လိုက်သော စာအုပ်ကြားထဲက တစ်ဝက်တစ်ပိုင်း ထွက်ပြူနေသည့် စာရွက်ခေါက်လေးမှာ အနီရောင်အသည်းပုံလေး တစ်ဝက်ပေါ်နေ၏။ ခင်ဒီပါ ခပ်တုံ့တုံ့ဖြစ်သွားပြီးမှ စာရွက်ခေါက်လေးကို ဆွဲယူလိုက်သည်။

"အနီရောင်ရင့်ရင့် ဥပေက္ခာများနှင့် ကျွန်မ"

ကျွန်မ ဆိုသည့်စာလုံးလေးများမှာ ညီမငယ် မျက်နှာလေး ပေါ်လာသလိုဖြစ်လျက် ရင်ထဲမှာနင့်သွားသည်။ အောက်မှာ နီရဲနေသည့် အသည်းပုံလေးက ထောင့်ဖြတ်အက်ကြောင်းလေးတစ်ခုနှင့် ..။

"ညီမလေး ဘယ်သူ့ကိုချစ်ခဲ့သလဲ ...။ မျက်ဝန်းတို့က စာအုပ်လေးဆီ ပြန်ရောက်သွား၏။ ဒိုင်ယာရီမှန်းသိလိုက်တော့ ဒီထဲမှာ ရာရာ့ရဲ့ရင်ထဲကစကားတွေ ဘယ်လိုရှိနေမှာကို တွေးမိလိုက်သည်။

ဖတ်လို့သင့်မသင့် တွေးနေရင်း စာအုပ်က လက်ထဲမှာပါလာသည်။ စာမျက်နှာတွေကို လှန်လှောရင်း စားပွဲမှာပဲ ထိုင်ချလိုက်မိတော့သည်။

ကြည့်စမ်း ... ခွင်း ရက်စက်ခဲ့တာတွေ ကမ်းကုန်ပါလား ...။ စာတွေဖတ်နေရင်း ရင်နာလွန်းလို့ ကိုယ့်ညီမကိုပဲ အံ့သြမှာ လှမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည့်မိ၏။ ရည်းစား ဖိနပ်ပြတ်တာများ ကိုယ့်ကလေးခြေထောက်ထဲက ဖိနပ်ကို ချွတ်ယူပေးသတဲ့ ..။

"တောက်"

ခပ်ကြိတ်ကြိတ်တက်ခေါက်ရင်း ဒီလောက်ထိ သည်းခံနိုင်လွန်းသည့် ကိုယ့်ညီမကို ခဏခဏ လှမ်းကြည့်မိသည်။ ထားလိုက်တဲ့ ရည်းစားတွေအားလုံးမှာ ကိုယ့်ကလေးက အင်တိုက်အားတိုက် ပါခဲ့ရတာပါလား ...။

ချိန်းတဲ့စာ သွားပေးလိုက်ရ၊ ဖြတ်တဲ့စာ ပို့ပေးရ၊ ချိန်းတွေ့တဲ့နေရာမှာလည်း ကလေးက ငုတ်တုတ်လိုက်ထိုင်ပေးရသတဲ့။

"နင့်နားမှာ ငါမရှိရင်မဖြစ်ဘူးဆိုတဲ့စကားကို ငါနားလည်ပြီ ခွင်း၊ ငါ့လို နင့်အပေါ် ဘယ်သူကမှမကောင်းနိုင်တာ၊ ငါ့ကိုမှ နင်ခိုင်းလို့ရတာလေ"

စာကြောင်းတစ်ကြောင်းကို ဖတ်မိရင်း ညီမလေးရင်ထဲကို မြင်လိုက်မိသဖြင့် မျက်ရည်များတောင် လည်မိသည်။ ချစ်တဲ့သူကို မျိုသိပ်ကြိတ်မှိတ်ရင်းနဲ့ သူများနဲ့ ပွေ့ဖက်ကြည်နူးနေတာကို ကိုယ်တိုင်တွေ့ပေးရ၊ ထိုင်ကြည့်ရ ...။ ညီမလေးရင်ထဲမှာ ဘယ်လိုနေရှာမလဲ ...၊ လှုပ်ႏၲလိုက်တဲ့ ကောင် ...။

ဒေါသတွေ တွန်းထိုးရုန်းကန်လာရင်း စာကိုလည်း ဆက်ဖတ်နေမိ၏။ မျက်ရည်စီးကြောင်းတစ်ခုက အသိမပေးဘဲ နွေးခနဲ လိမ့်ဆင်းသွားသည်။

ဖြစ်ရလေ ညီမလေးရယ် ...၊ ကုလားမ လို့တွင်တွင်နှိမ်ပြီး လူရာမသွင်းခဲ့တဲ့ကောင်ကိုများ စွဲစွဲလမ်းလမ်း ဆင်းရဲဒုက္ခခံပြီးတော့ ...။

ဒီထဲမှာ မာန်ထန်နဲ့ပတ်သက်တဲ့အပိုင်းတွေလည်း ပါသည်။ အဖြစ်အပျက်အလုံးစုံထဲမှာ ခင်ဒီပါ သတိလစ်မတတ် ထိတ်လန့်အံ့ဩရသော အဖြစ်တစ်ခုသည် ....။

❀ ❀ ❀





၁

အခန်း (၃၂)

"ဒီနေ့တော့ တစ်နေကုန်ပဲ လစ်လိုက်ပါဟာ၊ ရုပ်ရှင်ရုံနှစ်ရုံစလုံး ကူးကြည့်မယ်၊ နင်ပဲ 1000 BC ကြည့်ချင်တယ်ဆို၊ အဲဒီကား နေပြည်တော်ရုံမှာ တင်နေတယ်၊ အခု ဒီမှာ 'ဟော့ရှော့' ကြည့်မယ်လေ"

"ခွင်းရယ်၊ 'ဟော့ရှော့' က ငါကြည့်ပြီးသားပါဆိုမှ၊ သမ္မတမှာ စတင်ကတည်းက ငါ ပူဆာလို့ ဖေဖေကိုယ်တိုင် လိုက်ပြတာ၊ မလတ်ရော၊ ငါရော၊ မေမေပဲမပါတာ"

"အေးလေ၊ ကြည့်ပြီးလဲ 1000 BC က ဒီရုံးကို လက်မှတ်မှ မရတာ"

"လုပ်မနေနဲ့ ခွင်း၊ မာယာချို့က မြန်မာကားပဲကြိုက်တယ်ဆိုတာ ငါသိပြီးသား"

သမ္မတရုံအထိ ဆွဲချလာတော့လည်း ပါလာသည်သာ။ ရုံအဝင်ဝကျမှ ကြည့်မယ်၊ မကြည့်ဘူးတွေ ငြင်းနေရ၏။ ခေါ်လာတုန်းကတော့ ရုပ်ရှင်ရုံရှေ့မှာ မာယာချို့နဲ့ ချိန်းထားလို့တဲ့။

ဒီမှာပဲကြည့်မှာလို့ မပြောခဲ့ပေ။ မာယာချို့ ရောက်လာတော့ တစ်ယောက်တည်း။ ကြည်ပြာရောင်ဖျော့ဖျော့ဝတ်စုံနှင့် ကျောလောက်



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ကို အဖြောင့်ဆွဲထားသဖြင့် အိန္ဒိနေသည်။

သူမ ရောက်လာကတည်းက ပျာယာခတ်နေခဲ့သည့် ခွင်း သည် သူ့ဘေးမှာ ရာရာ ရှိနေတာကိုလည်း မေ့သွားသလိုပင်။

"ခွင်းကလဲကွာ၊ ယူကို ချိုက ကိုက်စားမှာမို့လို့လား။ ဒီကတောင်မှ တစ်ယောက်တည်း လာရတဲ့ဟာ၊ ယူက အဖော်နဲ့"

"မဟုတ်ဘူး ချိုရဲ့၊ အတူတူလာကြပေမယ့် အဲဒီလိုသဘောနဲ့ မဟုတ်ပါဘူး၊ ကြည့်မှာက ချိုနဲ့ကိုယ်ပဲလေ၊ ဒီကားမကြည့်ချင်လို့ သူ ခုပဲပြောနေတာ"

"ပြီးရော၊ ချိုကလဲ လက်မှတ်နှစ်စောင်ပဲဖြတ်ထားတာ"

"ခွင်း ..."

ရာရာ မျက်လုံးလေး ဝိုင်းသွားသည်။ ခွင်း ဘယ်လိုပြောလိုက်တာလဲ ...၊ ချိုနဲ့ကိုယ်ပဲ ကြည့်မှာဆိုတော့ ရာရာက ဘယ်သွားနေရမှာလဲ ...။ ထိုစဉ်မှာပဲ သူမ လက်မောင်းလေးကိုဆွဲ၍ ခပ်လှမ်းလှမ်းသို့ ခေါ်သွားခဲ့ကာ ...

"နင်လဲ မကြည့်ချင်ဘူးမို့လား၊ ဒီမှာခဏထိုင်စောင့်နော်"

"ဘယ်လို ခွင်း ...၊ နင် ဘာပြောတယ်"

ရုပ်ရှင်ရုံထဲမှာ ထိုင်နေကြသည့် လူတွေဆီ အကြည့်တစ်ချက် ရောက်သွားကာ ကိုယ့်နားကိုယ်ပင် မယုံနိုင်၊ ရုပ်ရှင်ကြည့်ဖို့ စောင့်နေကြသည့်လူတွေက မတ်တတ်တွေပဲများကာ ဟိုဘက်က စားသောက်ဆိုင်မှာ စားသောက်ရင်း စောင့်နေကြတာပဲရှိသည်။ ဒီအောက်ထဲမှာ ထိုင်နေကြသူတွေက ...။

"ရော့ ...ငါ့အိတ်ကိုပါယူထား၊ အထဲမှာ ပိုက်ဆံအိတ်တစ်အိတ် ပါသေးတယ်၊ ကြိုက်တာဝယ်စား၊ ကြိုက်တာဝယ်၊ သိပ်မကြာပါဘူး ချို စိတ်ကောက်သွားမှာစိုးလို့၊ ခဏပဲဟာ"

ကျစ်ဆံမြီးတစ်ဖက်၏အဖျားကို ဆွဲခါသွားသဖြင့် သူကိုယ်တိုင်





ထိုးစိုက်ပေးခဲ့သည့် သစ်ခွပန်းပွင့်လေးက သမံတလင်းပေါ် ပြုတ်ကျသွားသည်။

ထိုပန်းကလေးကို နှမြောတကြီး ငုံ့၍ကောက်လိုက်မိဆဲမှာ ခွင်း ဘယ်ရောက်သွားမှန်း မသိတော့ပေ။ ကိုယ့်ခြံထဲကိုပဲ ကူးလာလား၊ သူတို့ခြံထဲမှာဖြစ်ဖြစ် ပန်းခြံထဲမှာ စကားပြောကြပြီဆို ခွင်း က ပန်း တစ်မျိုးမျိုးတော့ ရာရာ့ဆံပင်မှာ ထိုးစိုက်ပန်ပေးတာပဲဖြစ်၏။

သူကတော့ လက်ကိုက ငြိမ်ငြိမ်မနေတတ်တာလား၊ တမင်တကာ သတိတရ ပြုမူဆောင်ရွက်တာလား မသိ၊ ရာရာက ထိုအပြုအမူ ကလေးကို ရင်ထဲမှာ အသေသိမ်းထားခဲ့သည်။

ပန်းပန်ပေးထားခဲ့တဲ့အခါတိုင်း ပန်းကလေးတွေကို ပြီးစလွယ် ဖြုတ်ချလွှင့်ပစ်ခဲ့တာ ဘယ်တော့မှ မရှိပေ။ အဖြူရောင်ဖိုင်ဘာဘူး လေးထဲမှာ ကျကျနန စုဆောင်းသိမ်းထားခဲ့သည်။

ခုလည်း ပန်းကို တယုတယငုံ့ကောက်ဆဲမှာ ခွင်း မရှိတော့ပါ။ ပန်းကလေးကို ဖွဖွလေးဆုပ်ကိုင်ရင်း ဟိုရှာ ဒီရှာလုပ်လိုက်မိတော့ စူးစူးရဲရဲ စိုက်ကြည့်နေသော ရှံ့စရာမျက်လုံးကြီးတစ်စုံက ရာရာ့ကို သားကောင်တစ်ကောင်လို ...။

ရင်ထဲမှာ ဒိန်းခနဲ ဖြစ်သွားသည်။ မျက်နှာကို တည်တင်းနေ အောင် ပြုပြင်လိုက်ရသည်။ ဒါပေမယ့် ရုပ်ရှင်တစ်ကားပြီးအောင် ဒီမှာပဲနေရမှာ ဆိုသည့်အသိကြောင့် ချောက်ချားနေသည့် မျက်လုံး တွေကို ဘယ်လိုမှ ဖုံးဖိမထားနိုင်။

ကိုယ့်လွယ်အိတ်က တစ်ဖက်၊ ခွင်းရဲ့အိတ်ကို ပွေ့ထားရင်း ထိုင်ခုံတစ်ခုံမှာ ခပ်တည်တည်လေး ထိုင်ချလိုက်မိ၏။ ဒီလူကြီးကို မကြည့်ဘဲနေရပေမယ့် ကိုယ့်ကို ကြည့်နေမှာပဲဆိုတာသိနေသဖြင့် စိတ်က ထိုဆီကိုပဲ ရောက်နေခဲ့သည်။

မသိမသာခိုးကြည့်လိုက်တော့ မျက်လုံးစူးစူးအပြင် နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



ပြာပြာကြီးတွေပါ ပြုံးယောင်သမ်းနေပြန်သည်။ ဒုက္ခပါပဲ ...၊ ပြန်နှင့်ရကောင်းမလား ..၊ ဘယ်ကိုပြန်မလဲ၊ ကျောင်းချိန်ကြီးမှာ ...၊ ပြီးတော့ ခွင်း ကလဲ စိတ်ဆိုးဦးမည်။

ရက်စက်လိုက်တာ ခွင်း၊ နင် လုပ်ရက်တယ် ...။ မျက်ရည်က လွယ်သည်။ ခွင်း ရက်စက်လိုက်တာ လို့ အတွေးလေးဝင်လာတာနှင့် မျက်ရည်က လည်ပြီးသား၊ ဒါ အမြဲတမ်းပါပဲ။

ဒီလူကြီးဘက်ကို နောက်မကြည့်မိအောင် လည်ပင်းကျိုးမတတ် မျက်နှာလွှဲနေခဲ့ပေမယ့် ....

"အဟမ်း ..."

ဘုရားရေ ...။ ရင်ထဲမှာ ဒိန်းခနဲဆောင့်တက်၏။ အင်္ကျီအစိမ်းကွက်၊ ဘောင်းဘီရှည်အနက်နှင့် မျက်လုံးထောင့်မှာ ဝင်လာသည်။ သူမဘေးကခုံမှာ ဝင်ထိုင်လာပါပြီ။

တစ်ယောက်တည်း ဤသို့သော ဒုက္ခမျိုးနဲ့ တစ်ခါမှ ရင်မဆိုင်ခဲ့ဖူးသောကြောင့် ခြေဖျားရော၊ လက်ဖျားတွေပါ ချက်ချင်းအေးခဲလာ၏။ မကြောက်ဘူးဆိုသည့် ဂိုက်ဆိုက်မျိုးကို ဘယ်လိုမှ လုပ်ယူလို့ မရတော့ပေ။ ထိုစဉ် သမ္မတနားက ကားမှတ်တိုင်မှာ ထိုးရပ်လာသည့် ကားတစ်စီးကို မြင်လျှင် ...

"မလတ် ..."

ရာရာ ဖျတ်ခနဲ ထရပ်လိုက်မိသည်။ ထိုအချိန်မှာ လူကြီးကို ခေ့သွား၏။ မိုက်မဲသောဆုံးဖြတ်ချက်က မလတ်ဆီကို ပြေးဆင်းသွားလိုက်ဖို့မဟုတ်ဘဲ ရေအိမ်တွေဘက်ကို ပြေးလွှားပုန်းကွယ်လိုက်မိ၏။

အမျိုးသမီးဘက်မှာ အကြာကြီးဝင်နေပြီးမှ ထွက်လာခဲ့တော့ ခေါင်းတွေ ပူထူသွား၏။ မလတ်က လက်မှတ်ရောင်းသည့် စာရေးတစ်ယောက်နှင့် ရယ်မောစကားပြောနေ၏။

ပါကင်ထုပ်ထားသည့် ဖဲ့စွည်းတစ်ခုကို စာရေးမက လှမ်းပေးပြီး





ပြောဆိုနေပုံက သူငယ်ချင်းတွေများလား ...။ မလတ် မမြင်အောင် ရာရာ ရုပ်ရှင်ရုံထဲကနေ ကွေ့ပတ်ထွက်ခဲ့၏။

ကိုယ့်အစ်မဆီကို သွားလိုက်ချင်ပေမယ့် အတန်းလစ်၍ ရုပ်ရှင်ရုံထဲရောက်နေသည့်အဖြစ်ကို ရင်မဆိုင်ရဲသဖြင့် ပြေးထွက်ခဲ့မိတာ ဘယ်တိုမှန်းလဲမသိပေ။

"ဟိတ် ..."

"ဟင် ..."

တစ်ကိုယ်လုံး တုန်ခနဲ ဖြစ်သွား၏။ နောက်မှာ လူကြီးက ထပ်ချပ်မကွာ ပါလာပါလား ...။ ပြီးတော့ တစ်ယောက်တည်းမဟုတ်၊ လမ်းက ကားလမ်းမကြီးပေမယ့် လမ်းသွားလမ်းလာက ရှင်းနေသည်။

"ဟိတ် ...နေဦးလေ၊ စကားကောင်းကောင်းပြောရအောင်"

"ဟင့်အင်း ..."

ရာရာ ဘယ်လိုမှ ဟန်မဆောင်နိုင်တော့ဘဲ ရောက်မိရောက်ရာ ခွတ်ပြေးတော့သည်။ သူတို့ကလည်း ပြေးလိုက်ကြ၏။ လမ်းသွားတချို့ တလှမ်းကြည့်ကြပေမယ့် အကူအညီတောင်းဖို့ကို ပါးစပ်က အာစေးထည့်ထားသလို ဆွံ့အနေခဲ့သည်။

ရှေ့မှာ လမ်းက တစ်ဆုံးတစ်စကြီးနှင့် နိမ့်ဆင်းသွားတာကို လှမ်းကြည့်ကာ ဒီတိုင်းပြေးနေလို့ မလွတ်နိုင်တော့ဘူးဆိုတာကို သိလိုက်၏။ လမ်းတစ်ဖက်ကိုကူး၍ နောက်ကြောင်းပြန်လှည့်ဖို့ရန် စိတ်ကူးနှင့် လမ်းမကြီးကို ဖြတ်ကူးလိုက်မိ၏။ မျက်လုံးထဲမှာ ကားတစ်စီးက ဘွားခနဲ ပြေးဝင်လာကာ ရာရာ့မျက်လုံးတွေ ပြာသွား၏။

"ကလေး ..."

ခင်ဒီပါ အိပ်ရာထဲကနေ ဝေါက်ခနဲ ထထိုင်ပြီးသားဖြစ်သွား၏။ ဝတ်ဝန်းကျင်က ကတ္တရာလမ်းမကြီးမဟုတ်ဘဲ သူမ အိပ်ခန်းထွင်းက မွေ့ရာထက်မှာဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ရာရာ ..."

အိပ်မက်မှန်းသိနေတာတောင် ညီမလေးအဖြစ်ကို စိတ်ပူလို့ အားမရနိုင်ဘဲ မျက်ရည်တွေကျလာမိ၏။ ညက ဒိုင်ယာရီထဲကအဖြစ်တွေကိုဖတ်ပြီးတော့လည်း ငိုခဲ့ရသည်။ ဘယ်လိုမှဖျောက်မရဘဲ အိပ်မက်ထဲထိ ပါလာတော့လည်း ငိုရပြန်ပြီ။

ကားနဲ့ရာရာ မတိုက်မိခဲ့ပါ။ ထိတ်လန့်ပြီး လဲကျသွားခဲ့သည်။ ကားပေါ်ကဆင်းလာသူမှာ မေမေ့မိတ်ဆွေ စိန်ရွှေရတနာဆိုင်ပိုင်ရှင် ဒေါ်မြတ်သစ် ဖြစ်နေသဖြင့် ရာရာ ဘဝမပျက်ခဲ့ပေ။ ဒီအဖြစ်တွေကို အိမ်သားတွေထံမပေါက်ကြားအောင် ရာရာ ဒေါ်မြတ်သစ်ကို ဘယ်လိုတိုးလျှိုးတောင်းပန်ခဲ့သည် မသိ။

ညီမလေး၏အဖြစ်က မိသားစုထဲကနေ ထာဝရပျောက်ကွယ်သွားဖို့လည်း ဖြစ်နိုင်သလို၊ ဘဝပျက်သွားမှာလည်း သေချာနေသည်။

ဒါတွေဖြစ်ရတာ ခွင်း ကြောင့် ...။ ရင်ထဲမှာ အသေမုန်းသွားသည်။ ကိုယ့်ညီမလေးကို နိုင်လွန်းလို့ မုန်းနေခဲ့တာက အပြင်ကာရံတွေလိုဖြစ်ခဲ့ပြီး ဒီတစ်ခါ မုန်းတီးခဲ့ခြင်းက အော့နှလုံးနာခြင်းတွေပါ ပြည့်သိပ်ကျပ်ခဲလာခဲ့၏။

ညီမလေး ဘာမှမဖြစ်ခဲ့ဘဲ အဖြစ်အပျက်တွေလည်းကျန်ခဲ့ပြီဖြစ်သည်။ ဒါပေမယ့် ခုပဲထဖြစ်လာသလိုမျိုး၊ စိုးရိမ်စိတ်တွေက ညကတည်းကနေ ခုချိန်ထိ ရင်တွေ လှုပ်ခါနေအောင် တင်ရှိနေဆဲ။

ကမ္ဘာ့အံ့ဖွယ်တောင်ကို နှစ်ယောက်သွားကြသည့်အဖြစ်တွေမှာတောင် လူကြီးတွေက အထင်လွဲပြီး စေ့စပ်ပေးထားလိုက်ဖို့ ညှိနှိုင်းခဲ့တာတွေ ဖြစ်ခဲ့သေးသည်။ ဒါကို သူက ရာရာ့ကို လက်ထပ်လိုက်နမှာစိုးလို့ ကျောခိုမိသလေး၊ ကျောချမ်းသလေးနှင့် ...။ မလတ်ကိုတောင် ကျေးဇူးတင်ထိုက်သေးသည်ဆိုပဲ။

"တောက်"





နှင့် လိုချင်လဲ ရာရာ့ကို ဘယ်တော့မှမရဘူးမှတ် ...။

"မေမေ ...မေမေ"

"ဟေ ... သမီးကြီးပါပါလား၊ ဝင်ခဲ့လေ"

အချိန်က နံနက်ခြောက်နာရီပင် မထိုးသေးပေ။ အရုဏ်တက်ခွမ်းကပ်ပြီးတိုင်း ပုတီးစိပ်တတ်သည့် မေမေ့ကို မနှောင့်ယှက်ရဘူးဆိုတာလည်း ခင်ဒီပါ မေ့သွား၏။

"မေမေ ..."

တံခါးဖွင့်လိုက်ပြီး အခန်းထဲမှာ စကြံန်လျှောက်၍ ပုတီးစိပ်နေသည့် မေမေ့ဆီ အပြေးတစ်ပိုင်းသွားခဲ့၏။ ဒေါ်ခင်နုဒီက အခြေအနေဆိုးကို ပုတီးကို လက်ကောက်ဝတ်မှာ ရစ်ပတ်နေရင်း ...

"ဘာလဲ" ဟု မေးဆတ်၏။

"မေမေ၊ ကလေးကို မာန်ထန်နဲ့ စေ့စပ်မနေပါနဲ့တော့၊ လက်ထပ်ဆေးလိုက်ရအောင်ပါ"

"ဟင် ... ဘာတွေဖြစ်ကုန်လို့လဲ"

"မေမေရယ်၊ သမီးပြောတာကို ဒီတစ်ခါ လက်ခံပေးပါ၊ မောင့်အမေတို့ကလဲ ဒီတိုင်းပဲဖြစ်စေချင်နေကြတာ မေမေသိပါတယ်"

"သမီးရယ်၊ တစ်နှစ်တည်း နှစ်မင်္ဂလာမလုပ်ကောင်းတဲ့ဟာ၊ နေဦး အခု ဘာဖြစ်နေလို့လဲ၊ မထိတ်သာ မလန့်သာကွယ်"

ပြောနေရင်း ခင်ဒီပါ မျက်ရည်တွေကျလာတော့ ဒေါ်ခင်နုဒီ ကြောင်နေပျက်သွား၏။

"ပြောစမ်း သမီး၊ မေမေ နားလည်အောင် သေချာပြော"

"ပြောပါ့မယ် မေမေ၊ သမီးပြောပြီးရင် လက်ထပ်ပေးဖို့ကို မေမေ ဆုံးဖြတ်လိုက်ပါ၊ ကလေးကို သမီးပြောရင် ရတယ်၊ တစ်နှစ်တည်း နှစ်မင်္ဂလာမလုပ်ကောင်းရင် နောက်ထပ်တစ်မင်္ဂလာ ထပ်လုပ်ပြီး သုံးမင်္ဂလာဆို ရပါတယ်၊ ဒါမှမဟုတ်ရင်တော့ သမီး ညီမလေးကို



www.burmeseclassic.com

www.burmeseclassic.com



ထားခဲ့ပြီး သမီး မသွားနိုင်ဘူး၊ မောင်နဲ့လက်ထပ်ဖို့အစီအစဉ်တွေကို ဖျက်သင့်ရင် ဖျက်ရမှာပဲ"

"အိုကွယ် ... လူကြီးတွေ မျက်နှာပျက်အောင်၊ ပြောပါဦး၊ ရာရာ ဘာဖြစ်လို့လဲ"

"ခွင်း လို အယုတ်တမာကောင်နဲ့ နောက်ထပ်ခေါ်ပြောမှာစိုးလို့ မတော်တဆ သင့်မြတ်ပြီး ငြိကုန်ကြမှာစိုးလို့၊ မာန်ထန်နဲ့ ညီမလေး စေ့စပ်လိုက်ရင် သူ့ကိုစိန်ခေါ်သလိုဖြစ်ပြီး ရာရာ့ကို လိုက်နှောင့်ယှက် မှာသေချာတယ် မေမေ၊ ချစ်လို့မဟုတ်ဘူး၊ မနာလိုလို့လေ၊ အဲဒါကို ညီမလေးက နားလည်မှာမဟုတ်ဘူး၊ ခွင်း က လက်ခုပ်တီးပေးရုံ မင်းသမီးကအဖြစ်ဖြစ် ဗျောက်ကဖြစ်ဖြစ် သူ ကွေးအောင်ကမှာ ဒီကောင့်ကြောင့် ကလေး အညွန့်ကျိုးမှာပဲ မေမေ၊ မေမေ မသိသေး တာတွေ အခု သမီးသိခဲ့ရပြီ"

ခင်ဒီပါ ပြောပြရင်း ငိုသည်။ ဒေါ်ခင်နှင်းဒီခါးကိုဖက်၍လည်း တောင်းပန်၏။ အားလုံးကို သိလိုက်ရလျှင် ....

ဘုရား ... ဘုရား။ ဒေါ်ခင်နှင်းဒီ ကယောင်ချောက်ချား ရင်ဘတ် ဖိလေသည်။ မသေလို့ တွေ့ရတာပါလား ...။

❀ ❀ ❀





အခန်း (၃၃)

"ဝင်ပန်းသွားလား"

နားနေခန်းထဲရောက်တော့ မာန်ထန်က လေအေးစက်ဖွင့်လိုက် သဖြင့် ပင်ပန်းသမျှမှာ စိမ့်ခနဲ အေးသွား၏။ အခန်းထဲမှာ ခင်းကျင်း ထားရသေးသည့် တစ်ယောက်အိပ်ခုတင်တစ်လုံးနှင့် ဒရင်းဘက်တစ် ရှိ၏။

ရေခဲသေတ္တာ၊ ဘီဗီ၊ အောက်စက်တွေအစ အကုန်သုံးရှိ၏။ ပြီး တော့ အလုပ်စားပွဲကြီးတစ်လုံးနှင့် ကွန်ပျူတာနှစ်လုံး။ နားနေခန်း ဆိုပေမယ့် ဒီထဲမှာလည်း အလုပ်လုပ်လို့ရအောင် လည့်ထားတာဖြစ် သည်။ အပေါ်ထပ်အိပ်ခန်းမို့ မှန်ချည်းပဲတပ်ထားသည့် မျက်နှာစာက နေ အောက်ဘက်မြို့လယ်မြင်ကွင်းကို ဒီတိုင်းမြင်နေရတာက သဘော ကျစရာဝင်။

မှန်တွေပေါ်မှာ ကြိုးဆွဲလိုက်ကာ တင်ထားတာကိုမော့ကြည့်၍ ရာရာက ထိုနေရာကို လျှောက်သွားသည်။

"ရော့ ...အမောပြေသောက်လိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com



သူကိုယ်တိုင်ဖွင့်ပြီး အချိုရည်ဘူးကို လှမ်းပေးသည်။ ရာရာ ယူပြီးမှ သူ့ဘူးကို ဖွင့်၍သောက်သည်။

"ထိုင်လေ အသူရာ၊ ထိုင်ကြည့်လဲရတာပဲဟာ"

"ကိုထန်က စီစဉ်တတ်တယ်နော်"

"ဘာဖြစ်လို့လဲ"

"ဩော် .... အောက်မှာ စီစဉ်ရင်း၊ ညွှန်ကြားရင်း မောလာ[..] ဒီထဲဝင်လိုက်တာနဲ့ အမောပြေသွားမှာလေ၊ အခန်းက ကျယ်တယ်[..] လင်းနေတာပဲ၊ ပြီးတော့ အေးနေတာနဲ့ မြင်ကွင်းနဲ့ ရောခံစားလိုက်[..] သဘာဝဟင်းလင်းပြင်ထဲ ရောက်သွားသလိုပဲ"

"ဒီနေရာလေးကို ကြိုက်လား"

"အင်း .."

"ဒါဆို ကိုယ်ကြိုးစားရကျိုးနပ်တာပေါ့"

"ဟင် ..."

မာန်ထန်က ရာရှာ့အေးကိုလာပြီး ပုစွန်ဆီရောင်ပေါ်မှာ ရှား[..] ချိတ်လေးနှင့် ရာရှာ့မျက်နှာလေး ဝင်းအိနေတာကို စိုက်ကြည့်သည်[..] ဘယ်လိုကြည့်ကြည့် မရိုးအီနိုင်သော ကျစ်ဆံမြီးရှည်လေးနှစ်ဖက်[..] ငေးကြည့်ကာ ...

"မင်း သိပ်လှတာပဲ အသူရာ"

ရာရှာ့ပါးပြင်လေးတွေ နီမြန်းသွား၏။ ဒီလိုပုံစံလေး ဒီနေ[..] လာဖို့ ကြိုးစားတာက မလတ်ပါ။ ရာရှာ့ကို အလှပြင်ဆိုင်ခေါ်သွား[..] မျက်နှာကို ဘာလုပ်ခိုင်းမှန်း မသိ၊ ဟိုဟာတွေ လိမ်း၊ ဒီဟာတွေ[..] နှင့် ပြီးတော့ မိတ်ကပ်ဘူးတွေ ဝယ်သည်။ အလှပြင်ဆရာမက [..] လိမ်း၊ ဒီလိုပြင် ပြောသမျှကို သူမလည်း မှတ်သည်၊ ရာရှာ့ကိုလ[..] မှတ်ခိုင်းခဲ့၏။

"နောက်ကို သနပ်ခါးမလိမ်းနဲ့တော့ ကလေး။ ရိုးလွန်းတော့ [..]





တယ်၊ 'အ' တော့ လူအထင်သေးတယ်၊ အနိုင်ကျင့်ခံရတယ်၊ အခု ကလေးပုံစံက စိန်ကုန်သည် ကျောက်တွင်းသူဌေးကြီး ဦးသိမ်းဇေရဲ့ သမီးနဲ့ မတူတော့ဘူး၊ စိန်တွေ၊ ပတ္တမြားတွေကို ဖယ်တောက်ဆော့ ပစ်လို့တောင်ရသေးတယ်၊ ကလေးကိုယ်မှာ တောက်ပတာ ဘာမှမရှိဘူး။ အခု ဒီဖွင့်ပွဲတက်ဖို့ မမက လုံးပန်းပေးတာ၊ နောက်နေ့ကစပြီး ဒီတိုင်းပဲ နေရမယ်၊ မိတ်ကပ်ဆိုတာ ပြာနှမ်းနေအောင် လိမ်းရတာမှ မဟုတ်တာ၊ ကိုယ့်အသွေးအရောင်နဲ့ ကိုယ်လိုက်ဖက်မှုရှိအောင်တော့ လိမ်းကိုလိမ်းရမယ်၊ မိန်းမဖြစ်ပြီး အလှပြင်တဲ့အလုပ်ကို မကျွမ်းကျင်ဘူးဆိုတာ သဘာဝလဲ မကျဘူး၊ ဒီမှာ ရာရှာ၊ သဘာဝဆိုတာ ကောင်းပေမယ့် အသေဆုပ်ကိုင်ထားဖို့ မလိုဘူး၊ လူတွေတောင်မှာ မွေးလာတဲ့ သဘာဝ ပုံစံအတိုင်းနေလို့ရလို့လား၊ အရှက်လုံအောင် အနိုးလေးထဲ တန်းဝင်ကြရတာလေ၊ အဲဒီလိုပေါ့၊ ဘဝအတွက်လိုတာ သဘာဝ မဟုတ်ဘူး၊ ညီမလေး အလှအပကို မက်ကိုမက်ရမယ်"

မနေ့က ညမိုးချုပ်တော့မှ ညီအစ်မနှစ်ယောက် အိမ်ပြန်ရောက်ခဲ့သည်။ ခုတော့ မာန်ထန်က လှပါသည်တဲ့။ မလတ် ကျေနပ်သွားပါထိမ့်မည်။ သူမကတော့ အဲဒီလိုပြောပြီး စိုက်ကြည့်နေမှာပဲဆိုတာကို သိတော့ ရှက်သည်။ အလှမပြင်ချင်တာ အဲဒါတွေလည်းပါလေသည်။

"အသူရာ ..."

"ရှင် ...."

လူက တုန်မသွားပေမယ့် အတွေးလွန်နေတာမို့ ထိတ်ခနဲ လန့်သွား၏။

"သောက်လိုက်ပါဦး"

"ဟုတ် ..."

အေးစက်နေသည့် အချိုရည်က မွှေးကြိုင်ပြင်း[..]လျက် [..]ည်ချောင်းထဲကို စီးဝင်သွား၏။ ရာရှာ့မျက်နှာလေး ပြုံးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



“ဟင် … မကြိုက်ဘူးလား”

မာန်ထန် ပျာပျာသလဲ မေးသည်။

“ဟင့်အင်း၊ ကြိုက်ပါတယ်၊ ရတယ်”

အကြောင်းပြ၍ ရာရာ ဟိုဘက်မျက်နှာလွှဲလိုက်၏။

“ကိုယ်စကားပြောချင်လို့ အသူရာ ဒီဘက်ပြန်လှည့်ပါလား”

ဒက္ခ …။ ရာရာ မျက်နှာလေးမသာမယာနှင့် ပြန်လှည့်လာကာ —

“ကိုထန် မြန်မြန်ပြောနော်၊ ပြန်ချင်လို့”

မာန်ထန်က စိုက်ကြည့်နေပြီးမှ ခေါင်းညိတ်၏။

“ဖေဖေတို့ ဒီလုပ်ငန်းစပြီးထူထောင်ဖို့ ကြိုးစားတုန်းက ကိုယ် ကျောင်းမပြီးသေးဘူးလေ၊ ကိုယ့်စိတ်ကူးတွေနဲ့ ပြင်ဆင်ခဲ့ပေမယ့် အဲဒီ အချိန်မှာ စီးပွားရေးသက်သက်ပဲ၊ ဒီအခန်းကိုပြင်တော့မယ်ဆိုတော့ —”

သူ စကားရပ်သွား၏။ ရာရာ မော့ကြည့်လိုက်တော့ စူးစိုက်ကြည့် နေသော သူ့မျက်ဝန်းများနှင့် ဆုံမိလေသည်။

“ကိုယ်အနားယူတဲ့အခါ မင်းနဲ့အတူရှိနေဖို့စိတ်ကူးနဲ့ မင်း ဘယ်လိုခံစားမှုမျိုးကို နှစ်သက်မှန်းမသိဘဲ စွန့်စားပြီးစီစဉ်လိုက်တာ”

သူက ရာရာ့ပခုံးစွန်းလေးနှင့် သူ့ပခုံးကို ထိကပ်ထားလိုက်ပြီး —

“ဒီမျက်နှာစာကို ဖျက်ချလိုက်ပြီး ပြန်ပြင်တယ်၊ အတွင်းမှာ ဆေး သုတ်တာတွေ၊ အားလုံးပဲကွာ၊ ကိုယ် စိတ်ကူးသိပ်မယဉ်တတ်ဘဲနဲ့ မင်း အတွက် စိတ်ကူးခဲ့တာပဲ”

ရာရာ အအေးဘူးလေးကို ဖိဆုပ်ထားရင်း ခေါင်းငုံ့ပစ်လိုက် သည်။ သူက သက်ပြင်းမှုင်းမှုင်းချကာ ….

“ဒီမနက် မိုးလင်းတော့ ကိုကိုက ဘာပြောလဲသိလား”

သူ့ကို မော့ကြည့်မိပြန်ပါသည်။ မာန်ထန်က ပြုံးပြ၍ …

“စေ့စပ်ပွဲမလုပ်ဘဲ လက်ထပ်လိုက်ကြပါလား တဲ့”

“ဟင် …”





“ဟိုတယ်မှာ ဒီတ်လုပ်ရမှာနဲ့ စီစဉ်ရမှာနဲ့ဆို ကိုကိုတို့က နှစ်ကုန် ညီတို့က နှစ်စဖြစ်မယ်၊ အတော်ပဲတဲ့”

“ကိုထန်ကလဲ၊ ရာရာ ပြောထားရဲ့သားနဲ့ လက်ထပ်ဖို့ကို …”

“ကိုယ်က မင်းကို အလိုလိုက်ချင်ပါတယ်၊ ဒါပေမယ့် စိတ်မချဘူး”

“အို …ဘာဆိုင်လို့လဲ”

“ချစ်နေတာက ဆိုင်တာပဲ အသူရာ၊ မပေါ်လွင်ပေမယ့် မင်းက လိပ်ချစ်စရာကောင်းတယ်၊ မင်းနဲ့သက်ဆဲပြီး ခင်းရဲ့ဖြူစင်မှုလေးတွေ ကို ရှာတွေ့သွားတဲ့လူက ကိုယ့်လိုပဲ ချစ်သွားနိုင်တယ်”

မဟုတ်နိုင်ပါဘူး မာန်ထန်ရယ် …” ရာရာ့မျက်ဝန်းလေးတွေ ဆွေးသွားသည်။ အမြဲတမ်း မခွဲဘဲ အတူရှိလာခဲ့တဲ့ ခွင်း လိုလူရဲ့ မျက်လုံးထဲမှာ ရာရာက ဘယ်လိုနေရာလဲဆိုတာ ရှင်မှမသိခဲ့ဘဲ။

ကြေကွဲသောစကားများ ရင်ထဲမှာ ကြိတ်ဆိုမိရင်း ရာရာ့နှုတ်ခမ်း လေးကို ဖိကိုက်ပစ်လိုက်သည်။

“ကိုယ့်ကိုလက်ထပ်ဖို့ စဉ်းစားမယ်မို့လားဟင်”

စေ့စပ်ဖို့ကနေ လက်ထပ်ဖို့ဖြစ်သွားအောင် ခင်ဒီပါနဲ့ ရန်မာန်တို့ ညတွင်းချင်း ဖုန်းဆက်၍ ပူးပေါင်းကြံစည်လိုက်ကြတာမှန်း သူတို့နှစ် ယောက်စလုံး မသိခဲ့ပါ။

“ရာရာ ပြန်တော့မယ်”

“နေဦးလေ”

“ဟင့်အင်း …”

ရာရာက နောက်လှည့်သည်။ မာန်ထန်က လက်ကိုဆွဲထား၏။ ရာရာ့လက်ထဲက အချိုရည်ဘူးလေး လွတ်ကျသွားလေသည်။ ရာရာ ကောက်ဖို့ ငုံ့လိုက်တော့ ပခုံးလေးနှစ်ဖက်ကို သူ ဆွဲလှည့်ယူလိုက်ကာ —

“ကိုယ့်ကို စိတ်ဆိုးသွားတာလား”

“စိတ်ဆိုးတာတော့ မဟုတ်ဘူး၊ ဒါပေမယ့် သူ အဲဒါကို ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



ပြောနေတာ စိတ်ညစ်တယ်”

“မင်းမျက်နှာညှိုးသွားတာကို ကိုယ်ကရော ကြည့်နေချင်ပါ့မလား အသူရာ၊ ဘယ်ကောင်ဖြစ်ဖြစ် ကိုယ့်ချစ်သူ ပြုံးနေတာကိုပဲ မြင်ချင်ကြတာ၊ မင်း ကိုယ့်ကို လက်မထပ်ချင်ဘူးလို့ ငြင်းနေတာက လွတ်လွတ်လပ်လပ်နေချင်သေးလို့ဆိုရင် ကိုယ်လိုက်လျှောမှာပါ။ အခုက မင်း မချစ်နိုင်လို့ ခေါင်းခါနေတာ”

“စေ့စပ်ထားဖို့ ရာရာ သဘောတူခဲ့တာပဲ”

“မသေချာတဲ့ ဝိုင်ဆိုင်မှုတွေပါကွာ၊ ကဗျာနဲ့ကိုယ် စေ့စပ်ထားတာပဲ၊ အခု လက်ထပ်ခဲ့ကြလို့လား”

ရာရာနဲ့သူ မျက်ဝန်းချင်း အကြာကြီးဆုံချိန်မှာ စကားလုံးတွေ ဆိတ်သုဉ်းသွားခဲ့၏။

“အဲဒါ အချစ်မပါခဲ့ကြလို့ပဲ၊ သူ့ဘက်က လိုလားပေမယ့် မိန်းကလေးဖြစ်နေတဲ့အတွက် ပွင့်လင်းခွင့်မရခဲ့ဘူး။ သူ့ကိုမချစ်နိုင်တဲ့ ကိုယ့်ဘက်က ဒါကို အခွင့်အရေးယူပြီး ရှန်းထွက်လိုက်တာပဲ၊ မင်းသိအောင် ပြောပြတာ၊ အခုကျတော့ မင်းကို ကိုယ်ကချစ်ရတာ၊ မင်း ငြင်းခွင့်ရှိပေမယ့် ကိုယ်ကလဲ ဖွတ်တရွတ်ကြိုးစားခွင့်ရှိတာပဲ၊ နောက်မှ ဖြစ်ချင်ရာဖြစ် မင်းကိုတော့ လက်ထပ်မှာပဲလို့”

“အို ... အဲဒီလိုမရပါဘူး”

ရာရာ ခေါသသံလေးနှင့် အော်၍ ပခုံးမှာကိုင်ထားသည့် သူ့လက်တွေကို အတင်းဖယ်ချ၏။ မာန်ထန်က မလွှတ်ဘဲကိုင်ထားလျက်နှင့် —

“မင်းနဲ့ကိုယ် ဆွေးနွေးလို့ရအောင် တစ်ခုပြောမယ်”

ရာရာ ငြိမ်သွားသည်။ ဒေါသမပြေသေးသည့် မျက်ဝန်းလေးတွေက စူးလက်နေဆဲ။

“မင်း ကိုယ့်ကိုချစ်တယ်ဆိုရင် ...”

“အို ...”





“အသူရာ ...”

“ရှင် ... ရှင် .. အို ... လွှတ် ...”

ပခုံးလေးနှစ်ဖက်ကို ဖိညှစ်ဆွဲကော သူ့မျက်နှာက ငုံ့ကျလာ၏။

“မင်းအချစ်ကို ရထားမယ်ဆိုရင်တော့ လက်ထပ်ဖို့ ကိုယ်စောင့်ပါ့မယ်၊ မင်းသိပါတယ်၊ ဒီကိစ္စကို ကိုယ် အတင်းအကျပ်ပြောလိုက်တာနဲ့ မလတ်ကအစ နှစ်ဖက်လူကြီးတွေက စီစဉ်ကြမှာ”

“ကိုထန်၊ ရှင် ... ရှင် အဲဒီလို အကျပ်မကိုင်ပါနဲ့၊ ရှင့်ကိုယ့်ကြည့်လို့ ဒီထိလိုက်လာတာ သိလား၊ ရာရာ မကြိုက်ဘူး”

“မင်းကို ကိုယ်သိပ်ချစ်တယ်”

“ဟင့်အင်း ... ဟင့်အင်း ...”

ရာရာ ဟိုဘက်လှည့်ပစ်လိုက်၊ ဒီဘက်လှည့်ပစ်လိုက်နှင့် ခေါင်းလှုပ်ခါ ရှောင်နေရသည်။ မာန်ထန်သည် ဖွတ်အတင်း ရယူတာမျိုး မဟုတ်ဘဲ တမင်တကာ လှုဆိုးလုပ်ပြီး ခြောက်လှန့်နေသလိုပင်။ ဘယ်ကိုထိထိ နည်းနည်းမှ ငြိမ်မနေသည့် ရာရာ့မေးဖျားလေးကို ဆွဲမော့ပစ်လိုက်ပြီး ....

“အို ...”

ရာရာ့မျက်ဝန်းလေးတွေ ဝိုင်းဝိုင်းလည်သွားသည်။ သူက နှုတ်ခမ်းခပ်ဖိဖိဝှေ့လျက် ရာရာ့နှုတ်ခမ်းလွှာလေးတွေကို စူးစိုက်ကြည့်ကာ ...

“ကိုယ့်ကိုချစ်လား”

“ဟင့်အင်း၊ အဲဒီလိုမလုပ်နဲ့၊ လွှတ်ပါ”

“မဖြစ်ဘူး၊ ဒီလိုတွေ့ဖို့ နောက်ထပ်ကြိုးစားလို့ရတော့မှာမဟုတ်ဘူးဆိုတာ ကိုယ်သိတယ်၊ ဖြေပါကွာ”

“ရှင်နော် ..”

သေသေချာချာ မော့ယူထားသည့်မျက်နှာကို ဘယ်လိုမှ ရှောင်ပစ်လို့မရတော့သဖြင့် ရှက်တတ်သည့်မျက်ရည်တွေက မြုံမြန်ဆန်ဆန်



www.burmeseclassic.com

ငွေတက်ပြီး ပိုးပိုးပေါက်ပေါက် ကျလာကြသည်။

မာန်ထန်သည် မျက်ရည်တွေကိုကြည့်ကာ နှုတ်ခမ်းလေးတွေဆီသို့ ရည်ရွယ်သော မျက်နှာက ပါးချင်းကပ်လိုက်သည့်အဖြစ်သို့ ရောက်သွား၏။ သို့သော် ရာရှာတစ်ကိုယ်လုံးကို သိမ်းပိုက်ပွေ့ဖက်ထားလိုက်ပြီး ....

"မင်းကို သိပ်ချစ်တယ်"

သူ့ တကယ့်လူလည်ပါ။ အလျှော့ပေးလိုက်သလိုလို၊ အလိုလိုက်ခဲ့သလိုလိုနှင့် နဖူးပြင်လေးမှစ၍ စုန်ဆင်းသိမ်းပိုက်သွားခဲ့သော အနမ်းများက 'ဟင့်အင်း' လို့ တွင်တွင်ငြင်းနေခဲ့မိသည့် နှုတ်ခမ်းလေးများမှာလည်း အနိုင်နှင့်သိမ်းပိုက်၍ ....။

မျက်ဝန်းတို့ကို မှိတ်ချထားခဲ့သော်လည်း ဂျိမ်းခနဲ ပစ်ခွင်းသွားခဲ့သော လျှပ်စီးကြောင်းတစ်ခုသည် သူမ၏ ဝဲဘက်ရင်အုံဆီသို့ ...။





အခန်း (၃၄)

မလတ်အိမ်မှာမရှိခိုက်လေးမှာ မေမေ့ကိုပြော၍ ခွင်း တို့ခြံဘက်သို့ ကူးလာခဲ့သည်။ နေနိုင်တဲ့သူက နေခဲ့ပေမယ့် ကြာကြာမမြင်ရ၊ မခေါ်ရလျှင် မနေတတ်သည့် ကိုယ်ကပဲ လာခဲ့ရသည်။

ပြီးတော့ မာန်ထန်တို့ညီအစ်ကို အိမ်မှာ ဝင်ထွက်လာမှ မိသားစုနှစ်ခု ခင်မင်မှုတွေ ပြတ်တောက်လုလုဖြစ်သွားခဲ့တာကို မေမေကလည်း စိတ်မကောင်းရှာ။

"အင်း ...သားသမီးကို ကြောက်လို့မဟုတ်ပေမယ့် ဟုတ်တာ၊ မှန်တာကို ပြောလာရင် မိဘက လက်ခံရတာပဲ သမီးရဲ့၊ သမီးရဲ့မမလဲ မမှားဘူး။ ဒါပေမယ့် သားသမီးတွေမှာ နားမလည်နိုင်တဲ့ လူမှုဆက်ဆံရေးက ရှိသေးတယ်၊ မေမေလဲ လာခဲ့မယ်လို့ သမီးရဲ့ကြီးကြီးကို ပြောလိုက်ဦးနော်"

မေမေ မှာလိုက်တာကိုလည်း ပြောပြမည်။ ခွင်း ကိုတွေ့လျှင်လည်း ပြောစရာတွေရှိနေသည်။ လက်ထဲမှာ မလတ်တို့ဖိုက်စာလေးကိုင်ကာ ခွင်း တို့ခြံထဲသို့ ဝင်လာခဲ့မိ၏။

www.burmeseclassic.com



တိုက်နှစ်တိုက်က အရောင်တူ ပုံစံတူဖြစ်ခဲ့ပေမယ့် ဒီအချိန်မှာတော့ ခွင်း တို့တိုက်ကြီးထဲမှာ ခြောက်သွေ့နေလေသည်။ ဒါမှမဟုတ် သူမကပဲ စိတ်ထင်နေတာလားဟု ရာရာ တွေးမိ၏။

"ဟော ...သမီးလေးပါလား"

"ကြီးကြီး ..."

အထဲကိုပဲ လှမ်းကြည့်နေခဲ့မိသဖြင့် ဧည့်ခန်းစားပွဲကြားထဲမှာ ငုံ့နေသည့် ဒေါ်ငြိမ်းသူဇာကို ရာရာ မမြင်မိပေ။

"သမီး ... လာလေ"

ဟု ခေါ်ရင်း ရာရာ့လက်ထဲက ဖိတ်စာကိုမြင်တော့ မျက်နှာ တစ်ချက်ပျက်သွား၏။ ပြီးတော့ လက်ထဲမှာ ကိုင်လျက်ပါလာသည့် ဂျာနယ်ဟောင်းတွေကို စားပွဲပေါ်မှာ ပြန်တင်လိုက်ပြီး ...

"သမီး ဘာစားမလဲ၊ မနက်ကလေ ... မြီးရှည်လုပ်စားပြီး တစ်ယောက်တည်းဆိုတော့ စားလို့လဲမဝင်ပါဘူး။ လာလေ ...သမီး စားသွားဦး"

"ဟင် ... ကြီးကြီးတစ်ယောက်တည်း၊ ဟုတ်လား။ ခွင်းနဲ့အန်ကယ် အောင်ရော"

"ခရီးသွားနေကြတာလေ၊ သမီးကို သားက ပြောမသွားဘူးလား"

ခေါင်းပဲ ခါပြလိုက်မိသည်။ အဲဒီလောက်ထိ ရာရာက သူ့အတွက် အရေးမပါပါဘူး ဆိုတာကို ရင်ထဲမှာပြောမိရင်း မျက်လွှာချပစ်ပြီးမှ ...

"ကျောင်းပြီးသွားပြီဆိုတော့ သိပ်လဲ မတွေ့တော့ဘူးလေ၊ အဲဒါကြောင့် သူမပြောခဲ့တာနေမှာပါ"

"အို ...ကြီးကြီးက ပြောသွားတယ်မှတ်နေတာ"

ဒေါ်ငြိမ်းသူဇာ အသံက တကယ်စိတ်မကောင်းဖြစ်သွားတာ သိသာပါသည်။ ထို့နောက် ရာရာ့လက်ထဲက ဖိတ်စာကိုကြည့်ကာ ...

"လာလေ ... သမီး၊ မြီးရှည်စားသွားဦး"

"မစားတော့ဘူး ကြီးကြီး၊ ဒီမှာ ဖိတ်စာလာပို့တာ"





သူမ အကြိမ်ကြိမ်အခါခါ အကြည့်ရောက်နေခဲ့သည့်ဖိတ်စာကို ရာရာက လက်ကလေးနှစ်ဖက်နှင့် ပေး၍ ...

"ရာရာက ခွင်းနဲ့တွေ့ချင်လို့ လာတာ၊ ဟိုလေ ... ရာရာ လက်ထပ်တော့မှာ၊ အဲဒါ သူ့ကို ပြောပြချင်လို့"

"ဩော် ... ဖိတ်စာတောင် ရောက်နေမှပဲ သမီးရယ်"

ဒေါ်ငြိမ်းသူဇာက ခပ်ယဲ့ယဲ့ပြုံး၍ ဖိတ်စာကို ငုံ့ကြည့်၏။

"မဟုတ်သေးဘူး ကြီးကြီး၊ ဒါက မလတ်တို့ဖိတ်စာပါ"

"ဟင် ..."

"ရာရာက ငါးလပိုင်းကျမှ ..."

"ဩော် ... ညီအစ်မနှစ်ယောက်စလုံးကိုး"

ဒေါ်ငြိမ်းသူဇာက ဖိတ်စာကိုဖွင့်ဖတ်ရင်း ဆိုဖာပေါ်မှာ ထိုင်လိုက်တော့ ရာရာလည်း နောက်ကလိုက်သွားပြီး ထိုင်သည်။

"ကြီးကြီးလဲ လာချင်ပါတယ်ကွယ်၊ နှင်းဒီကတော့ တစ်မျိုးများ ထင်နေမလားမသိဘူး။ ဒါပေမယ့် ကြီးကြီးကလဲ သူ့ကိုငဲ့တာပါ၊ တစ်ယောက်နဲ့တစ်ယောက် အားနာနေရမှာစိုးလို့"

ကလေးတွေ ငယ်ငယ်က စကားစရှိထားဖူးသည်ကို မသိသော ရာရာကတော့ ဒေါ်ငြိမ်းသူဇာ ပြောလိုက်တာကို နားမလည်ပေ။

"မေမေကလဲ မလတ် မင်္ဂလာကိစ္စနဲ့ မအားလို့ပါ၊ လာခဲ့ဦးမယ်လို့ပဲ မှာလိုက်ပါတယ်"

"သမီးကရော၊ အဲဒီသူငယ်လေးကို မိဘက သဘောတူတာလား၊ သမီးနဲ့ မေတ္တာမျှကြတာလား"

"ရှင် ..."

ရာရာ ဘယ်လိုဖြေရမလဲ အပြေးအလွှား စဉ်းစားသည်။ လူကြီးသဘောနဲ့ ခေါင်းညိတ်ခဲ့လိုက်တာလည်း မှန်သည်၊ ခုတော့လည်း ထိုသူ့ကို သူမကိုယ်တိုင်နှစ်သက်၍ လက်ထပ်ဖို့ သဘောတူတာဖြစ်နေ



www.burmeseclassic.com

www.burmeseclassic.com



၏။ ဒါပေမယ့် သူမ ဘာမှမဖြေရသေးမီ ဒေါ်ငြိမ်းသူဇာက သူမဘာသာပဲ ကောက်ချက်ချကာ ...

“ကောင်းပါတယ် သမီးရယ်၊ ဘာပဲဖြစ်ဖြစ် မိဘက ကြည်ဖြူတော့ တစ်သက်လုံး စိတ်မဆင်းရဲရတော့ဘူးပေါ့၊ သားကတော့ သမီးရဲ့မင်္ဂလာကိစ္စကို စေ့စပ်တာလောက်ပဲသိတာ”

ဒေါ်ငြိမ်းသူဇာ စကားကို ရပ်ပစ်လိုက်သည်။ လက်ထပ်ဖို့ သေချာနေပြီဖြစ်သည့်အကြောင်းကို သိလျှင် သားလေး ဘယ်လိုနေမလဲ ...။ တကယ်ဆို ခရီးသွားဖြစ်အောင် ဖန်တီးခဲ့ရတာလည်း ဒီပွဲကို သားလေး ဖျက်မှာစိုးလို့ပင်။

“အဲဒါ မလတ် လုပ်နေတာ မေမေ၊ ရာရာ့က သိပ်စိတ်ပျော့တာ၊ သူတောင်မှ ရာရာ့ကိုနိုင်သေးတာ၊ အဲဒီပွဲကို ကျွန်တော်ဖျက်ပြမယ် ကြည့်”

“အို ... မဟုတ်တာ သားရယ်၊ သူများမင်္ဂလာကိစ္စကို ဖျက်စရာလား၊ မလတ် ပြောသလို သားက ရာရာ့ကို အနိုင်ကျင့်နေတာနဲ့ တကယ်တူနေပြီနော်၊ မေမေ့ကို အရှက်မခွဲနဲ့”

“အနိုင်ကျင့်တာမဟုတ်ဘူး မေမေ၊ ရာရာ့ကို ကျွန်တော် ဘယ်သူ့မှ မပေးနိုင်ဘူး၊ ကျွန်တော့်ဆီကနေ ဘယ်ကောင်ခေါ်သွားတာမှ ခံနိုင်ဘူး”

“သား ...”

“ခွင်း ... မင်းက ဘာကောင်လဲကွ၊ စကားပြောတာ ယောကျ်ားလိုပြော၊ ရာရာ့ကို မင်းက ဘယ်လိုသဘောထားနေတာလဲ၊ မင်းက ဘာမို့လို့ မပေးနိုင်ဘူး၊ မယူရဘူးနဲ့ ထဖြစ်နေတာလဲ”

“အဲဒါမသိဘူး ဖေဖေ၊ အစကလဲ မသိခဲ့ဘူး၊ အခုကျမှ ရာရာ့ကို နည်းနည်းလေးမှ အထိမခံနိုင်တော့တာ၊ ကျန်တာအားလုံး မရှိရင်ဖြစ်တယ်၊ ရာရာ့ မရှိရင်မဖြစ်ဘူး၊ ထပ်မမေးပါနဲ့ ဖေဖေ၊ ကျွန်တော့်ကိုယ်





ကျွန်တော်လဲ အဲဒီလိုမဖြစ်ချင်ဘဲနဲ့ ဖြစ်လာခဲ့တာ”

မိသားတစ်စုလုံး ကြိမ်မီးအုံးသလို ခံစားခဲ့ရတာတွေပါ။ သူ့အဖေသည်း သက်ပြင်းချရုံမှလွဲ၍ ဘာမှမတတ်နိုင်။ လင်မယားနှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လှမ်းကြည့်မိကြပေမယ့် ဘယ်သူမှ ဘာမှ တတ်နိုင်သော ပင့်သက်များနဲ့ပဲဖြစ်၏။

“ကိုအောင်၊ တောင်ကြီးမှာ အဝေးပြေးဂိတ်ဝင်ဖို့ကိစ္စ သွားရင် သားကိုပါ ခေါ်သွားလိုက်ပါလား၊ ဒီမှာဆိုရင် သားရဲ့စွတ်တရွတ်ဉာဉ်တွေနဲ့ နောက်ထပ် ငြိမ်းတို့ပဲ အရှက်ရမှာ၊ သူက သူ့သူငယ်ချင်းကို သူ့သဘောကျ၊ သူပိုင်တယ် ထွက်နေတာ ကိုအောင်ရဲ့၊ တကယ်က ကိုယ်နဲ့ဘာမှမဆိုင်တဲ့ကိစ္စ”

“ဟုတ်တယ်၊ မင့်သားက ရာရာ့ကို ငယ်နိုင်လိုဖြစ်နေတော့ အနားကထားပြီး မခွဲချင်တာ၊ သူများလက်ထဲပါတော့မယ်ဆိုမှ ငါးရဲ့ပြာလူးဖြစ်သွားတာမျိုး။ တကယ်တော့ ရာရာ့ကို သူချစ်နေတာပဲ”

သူ့အဖေကိုယ်တိုင် သားအတွက် စိတ်မကောင်းဖြစ်ကာ တစ်ပါသည်း မပါပါအောင် ခေါ်သွားခဲ့တာဖြစ်သည်။ ဒါတောင်မှ လင်မယားနှစ်ယောက်စလုံး ခရီးထွက်ဖို့အတွက် ပြောလိုက်ရတာ၊ ချော့လိုက်၊ ခြောက်လိုက်နှင့် ခုလို လက်ထပ်တော့မည့်အဖြစ်ကိုသာသိလျှင် ဘယ်လိုလုပ်မလဲ။

ရာရာက နေရာမှထသွားသဖြင့် ဒေါ်ငြိမ်းသူဇာ လိုက်ငေးနေမိသည်။ စီစီဒီခွေ ရွေးနေသည့် ရာရာ့လက်ချောင်းလေးတွေကိုရော၊ ခေါင်းလေး ငုံ့ချထားသဖြင့် တစ်ဖက်တည်း တွဲလောင်းကျနေသည့် ကျစ်ဆံမြီးရှည်လေးကိုရော၊ ဘယ်ကိုကြည့်ကြည့် ချစ်စရာတွေပဲ ဖြစ်သည်။ ပြီးတော့ နှမြောစရာကောင်းသည်။

ရာရာဟာ ယဉ်လည်းယဉ်သည်၊ ရိုးလည်းရိုးသည်၊ မလှပေမယ့်လည်း ချစ်စရာအလွန်ကောင်းသည့် မိန်းကလေး၊ သူမတို့ကတော့



www.burmeseclassic.com

www.burmeseclassic.com

အစကတည်းက ညီအစ်မနှစ်ယောက်စလုံးကို ချစ်ခဲ့ရတာပါ။

ရာရာ့ကို မှလတန်းစအပ်တော့တောင်မှ ဆံဝင်က ခါးထိရှည်နေပြီဖြစ်သည်။ အသက်ကွာပေမယ့် ခင်ဒီပါကလည်း ခါးလောက်ထိရှည်သည်။

ဖြူဖြူလေးနဲ့ညိုညိုလေးပေမယ့်လည်း မျက်ခုံးထူထူ မျက်တောင်ကော့ကော့လေးတွေက ပေါ်လွင်နေသည်။ ရာရာ့ကို အားလုံးက ဂရုစိုက်အရေးပေးခဲ့၏။ ညိုလို့ မည်းလို့ မလှဘူး ဘာညာလည်း ဘယ်သူကမှ မပြောခဲ့ပေ။ ကလေး အားငယ်သွားမှာစိုးရိမ်ဖြစ်သည်။ ခင်ဒီပါကိုယ်တိုင် သူ့ညီမလေးကို အလိုလိုက်သည်။ ကစားတာတောင် ညီမကို လျှော့ပေးပိုး၍ ကစားခဲ့၏။

"မေမေ၊ မလတ်နဲ့ မီးမီးနဲ့ ဘာလို့မတူတာလဲဟင်၊ မီးမီးလတ်က မည်းနေတာပဲ"

လို့မျိုး လူကြီးတွေရှေ့မှာ လက်မောင်းလေးဆန့်ပြီး ပြောလျှင် ဒေါ်ခင်နုဒီက လက်ကာပြီးပြောသည်။

"အသားမည်းတော့ ပတ္တမြားခဲ၊ အသားဖြူတော့ အလကားရှုတဲ့ သမီးရဲ့"

"ဒါဆို မလတ်က အလကားလူလား"

"ဒါပေါ့၊ သူ့ကို မုန့်ဝယ်မကျွေးရဘူးလေ၊ သမီးငယ်ကိုပဲ ဝယ်ကျွေးရတာ၊ သူက အလကားပေါ့"

ကလေးက နားမလည်ပေမယ့် နားလည်နေသည့် ခင်ဒီပါကတော့ အပြုံးမပျက်ပါ။ ဘယ်လိုပဲ ပုံနှိုင်းပြောပြော၊ သူ့ညီမလေး ကျေနပ်နေလျှင် သူမလည်း ကျေနပ်ခဲ့သည်။

ဘာပဲဖြစ်ဖြစ် သမီးငယ်လေးကတော့ ညိုတယ်နော်၊ သိပ်မလှဘူး ဆိုသည့်စကားမျိုးကို သူစိမ်းတွေကလည်း မပြောကြတော့ အိမ်ထဲမှာလည်း မကြားဖူးခဲ့တဲ့ ရာရာ့ဘဝမှာ လိုအပ်ချက်ဆိုတာ ဘာမှ





မရှိခဲ့၊ ခွင်း နဲ့ကျမှ 'ကုလားမ' ဆိုသည့် နောက်ပြောင်ကျီစယ်သံတွေ ပါလာသည်။

"နင် ငါ့ညီမကို အဲဒီလိုမခေါ်ပါနဲ့"

ခင်ဒီပါနဲ့ ခွင်းတို့ရဲ့ မကျေလည်ခြင်းက ထိုအသေးအဖွဲလေးတွေကနေ စလာခဲ့သည်။ 'ခွင်းနဲ့ သွားမဆော့ရဘူး' ဟု တားမြစ်သံတွေလည်း ဖြစ်လာခဲ့၏။

ခုတော့ ဟိုတုန်းက အသေးအမွှားလေးတွေဟာ စုခဲအုံဖွဲ့၍ ခုတော့ မပြေသော အမုန်းငြိုးတွေ ဖြစ်ခဲ့လေပြီ။

ရိုမှုကိုကိုင်၍ ဆိုဖာမှာ နောက်ပြန်ထိုင်လိုက်သည့် ရာရာ့မျက်ဝန်းတွေက တီဗီဖန်သားပြင်မှာ စူးစိုက်နေခဲ့သည်။ ဒေါ်ငြိမ်းသူဇာ အတွေးကိုဖြတ်ကာ နေရာမှ ထလိုက်၏။

"သမီး ခဏနေဦးနော်၊ လက်ဖက်သုပ် သွားယူလာမယ်"

"ရှင် ... ဟုတ်ကဲ့"

ရာရာက ကော်ဖီ၊ လက်ဖက်ရည် သိပ်မကြိုက်ပေ။ လက်သုပ်စုံတွေကို အစားများသဖြင့် ဒေါ်ငြိမ်းသူဇာက လက်ဖက်သုပ်လုပ်ခဲ့ဖို့ စိတ်ကူးလိုက်ခြင်းဖြစ်သည်။

ရာရာကတော့ သီချင်းလေးဖွင့်ပြီး ရင်ထဲမှာ နင့်သွားခဲ့ပြီဖြစ်၏။ ခွင်း ဆိုတဲ့လူဟာ ရာရာ ဆိုသော မိန်းကလေးတစ်ယောက်အပေါ်မှာ အမြဲတမ်း အနိုင်ရနေမှ ကြိုက်တဲ့သူ ...။ ခုလည်း အမိန့်ပေးလို့မရ၊ ခြိမ်းခြောက်လို့မရတာနဲ့ သူ ကျောခိုင်းသွားခဲ့ပါပြီ။

မာန်ထန့်ကို လက်မထပ်ရ၊ မပတ်သက်ရ ဆိုတဲ့ အမိန့်တွေ ချောက်ထပ်ပေးဖို့ စိတ်မကူးတော့ဘူးလား ...။ BAMBINO ရဲ့ 'ဒီဘဝမှာ' သီချင်းလေးထဲက သရုပ်ဆောင်တွေကိုကြည့်ပြီး ရာရာ ကြေကွဲစွာပြုံးသည်။ သူမ အဲဒီလောက်တော့ အဖြစ်မဆိုးခဲ့ဘူးထင်ပါသည်။

အိမ်မှာဆို ဒီသီချင်းတွေကို နိုးကြောင်နိုးဝှက် နားထောင်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



မလတ်က ကြားတာနှင့်ဆုသည်။ သူမကိုယ်တိုင် လာပိတ်ပစ်တာလည်းရှိ၏။

"လူလူချင်းအတူတူ ပေးဆပ်ချင်တာကို ငါ အရှုံးဆုံးပဲ" ဟု ဒေါ်သတကြီးပြော၏။

လက်ဖက်သုပ်လည်း သေချာမစားဖြစ်ခဲ့ပါ။ သူမရှိသော နေရာမှာ သူ့ကို မမြင်လည်းဘဲ သူ့အကြောင်းတွေကိုပဲ တွေးနေဖြစ်ကာ ...

"ရာရာ ပြန်တော့မယ် ကြီးကြီး"

"နေပါဦးလား သမီးရယ်၊ သမီးလေးကိုမြင်ရတာ သားကိုလွမ်းနေတာတွေ ပြေသွားသလိုပဲ"

"ဟုတ်ကဲ့ပါ။ ညနေဘက်ကျတော့ ရာရာနဲ့မေမေနဲ့ လာခဲ့ဦးမယ်နော်"

ရာရာ ဖွတ်ပြန်လာခဲ့သည်။ 'ဒီကမ္ဘာမှာ' သီချင်းလေးကြောင့် ရင်နာခြင်းနှင့်အတူ ခွင်းနှင့် တကယ်ဝေးကွာခဲ့ရပြီပဲဆိုသည့်အဖြစ်က အချိုးတူဖြစ်ပေါ်နေသည်။

ရင်နာတာက ကိုယ်ပဲ အမြဲတမ်းရှုံးခဲ့ရတာတွေအတွက် လျော်ကြေးက 'သွားလိုရာသွား' ဆိုသော ခွင်း ၏ဥပေက္ခာကြောင့် ...။ မထေ့ချင်တာကတော့ နိုင်မြဲခဲ့သည့် သံယောဇဉ်ပါ။

"ရက်စက်တယ် ခွင်းရယ်၊ ဒီလောက်ခရီးဝေးသွားတာတောင် ငါ့ကို ပြောမသွားဘူး။ နင်နဲ့ငါ ဘာဖြစ်ခဲ့လို့လဲ"

အမြဲတမ်း သူပဲ အပြစ်ဖွဲ့၊ သူပဲ ဒေါသထွက်၊ ပြောသလိုလုပ်ထားသလိုနေရတာက ဘယ်သူလဲ ...။

တကယ်ဆို အပြစ်ရှိရင် ပြောပါလား ....။

❀ ❀ ❀





အခန်း (၃၅)

"ခေါင်းလျှော်ထားတာလား"

"ဟုတ် ..."

"ခြောက်အောင် သုတ်လိုက်ဦးလေ၊ တော်ကြာ အအေးပတ်မယ်"

"ရတယ်၊ ရာရာ ဒီလိုပဲနေနေကျ"

"မဟုတ်ဘူးလေ၊ မင်း ..."

ဆံပင်အဖျားကနေ ရေစက်လေးတွေ ကျနေသေးတာကိုကြည့်၍ မာန်ထန်က တစ်ခုခုပြောချင်သေးသည်။ ပြောဖို့လည်း မသင့်တော့သလိုဖြစ်ကာ ခင်ဒီပါကို လှမ်းကြည့်သည်။ ကြားကနေ ရန်မာန်ကပဲ ဝင်၍ ....

"ညီရာ၊ သူ ဒီလိုပဲ နေနေကျမို့လို့ပေါ့။ ဒီမှာ အစ်မကြီးတစ်ယောက်လုံးရှိပါတယ်ကွ၊ အမြင်မတော်ရင် ပြောမှာပေါ့"

ဝင်ပြောလိုက်တော့ မာန်ထန် ရှက်သွားသည်။ မျက်နှာငုံ၍ ပြုံးတာ လည်ပင်းတစ်ချက်သပ်၏။

"ကဲ ... ဖိနပ်သွားလဲပေးမလို့ဆို၊ သွားကြလေ၊ ဒီမှာ ပြောစရာရှိလို့"



www.burmeseclassic.com

www.burmeseclassic.com



ရန်မာန်က ပေါ်တင်နင်သည်။ မာန်ထန် အရင်ထရပ်လိုက်တာ ...

"သွားရအောင်"

ဗေဒါရောင်နုနုလေးနှင့် ဆံပင်တွေဖြန့်ချထားသည့် ရာရာ့ကို မာန်ထန်က တံခါးဖွင့်ပေးသည်။ ပြန်ပိတ်ပြီးမှ ဟိုဘက်ကနေ သွား ထိုင်၏။ မောင်းထွက်လိုက်ရင်း လှည့်ကြည့်သည်။ ပြီးတော့ ထပ်ကြည့် ကာ ခြံထဲက ကွေ့ထွက်လိုက်ပြီး ခပ်လှမ်းလှမ်းမှာ ကားက ရပ်သွားသည်

"ကိုထန် ... ရာရာ့ကို ပြောစရာရှိလို့လားဟင်"

"ရှိတယ်၊ ဒီဘက်ကိုတိုး .."

"ဟင် ..."

ဒီဘက်တိုး ဆိုပြီး သူပဲ ရွှေ့ခနဲ တိုးထိုင်ကာ သေတ္တာလေး ကနေ ခေါက်လျက်သားရှိနေသည့် သဘက်စောင်ကို ထုတ်ယူလိုက်

"နောက် အဲဒီလိုကြီးမနေနဲ့ကွာ၊ ဆံပင်တွေက ဂုတ်ဝဲလေး မဟုတ်ဘူး"

ပြောပြီး ဆံပင်တွေကို သူဟာသူ ဆွဲယူပြီး ကိုယ်တိုင်သုတ်ပေး

"အို ... ကိုထန်ကလဲ၊ ဆံပင်အဖျားမှာပဲ နည်းနည်းစစ်နေတာ ခြောက်နေပါပြီ၊ ပေး ... ပေး၊ ရာရာ့ဘာသာသုတ်မယ်"

ရာရာက စောင်ကိုလိုက်ဆွဲသည်။ သူက လက်ကို လွှဲဖယ် လိုက်၍ ...

"ငြိမ်ငြိမ်နေပါခင်ဗျား၊ လူကြားသူကြားမှာပြောတော့ ကျွန်တော် က ပေါကြီးဖြစ်ရော၊ နောက်ကို အဲဒီလိုနေကြည့်"

"ဒီလိုပဲ သုတ်ပေးဦးမှာလား"

ရာရာ မချိုမချဉ်လေးမေးတော့ မာန်ထန်က ခပ်ရွှဲ့ရွဲ့ခေါင်းညိတ် ကာ ...

"သုတ်ပေးမှာပေါ့၊ ဒါပေမယ့် သိတယ်မို့လား၊ အမြဲတမ်း အလကား မရဘူး"





ရာရာ မျက်လွှာလေးချ၍ ပခုံးတွန့်လိုက်သဖြင့် သူ အသည်း ယားသွားသည်။

"ခင်ဗျားပုံစံကို မြင်နော်၊ ကားပေါ်မှာတင် ပွဲသိမ်းသွားလိမ့်မယ်"

ဆံပင်အဖျားတွေကို သုတ်ပေးနေရင်း မျက်နှာကိုရော၊ ခေါင်း တစ်ခုလုံးကိုပါ စောင်နှင့် ဖိပွတ်ပစ်လိုက်သည်။

"ဟင် ... ကိုထန်၊ ညစ်ပတ်တယ် ကြည့်စမ်း၊ ဆံပင်ကွေ့ ဖွကုန်ပြီ"

ရာရာ စောင်ကိုလည်း ဖယ်ချကာ သူ့ကိုလည်း ထုပစ်လိုက် သည်၊ ရယ်သံများနှင့်အတူ ကားပေါ်မှာ ရာရာနဲ့သူ သတ်ပုတ်နေရ လေသည်။

"ဟင် ..."

ကားနှစ်စီး ပွတ်ကပ်ရှောင်ခဲ့လိုက်စဉ် မကြည့်သင့်မှန်းသိပေမယ့် မျက်လုံးက ဖျတ်ခနဲ ရောသွားစဉ် ...

"ရာရာ ..."

ရာရာ ဆိုတာသိလိုက်တော့ ကားက ထိုကားကိုလွန်ကာ ဆန့်ကျင် ဘက်အရပ်မျက်နှာမှာ ဝါးတစ်ရိုက်စာလောက် လွန်ခဲ့ပြီဖြစ်၏။ အရှိန် မသတ်ဘဲ ဘရိတ်အုပ်ပစ်လိုက်သဖြင့် ဦးသန်းအောင်ကိုယ်ကြီးလည်း ငိုက်ခနဲ ဖြစ်သွားပြီးမှ ပြန်မတ်၏။

"ဘာဖြစ်တာလဲ သား"

"ဟိုကားထဲမှာ ရာရာ ဖေဖေ"

"ဟင် ..."

ဦးသန်းအောင်လည်း ခုမှသတိထားမိ၏။ မျက်နှာချင်းဆိုင်လှမ်း လှမ်းမှာတုန်းက မြင်သားပင်။ ဒါပေမယ့် လူငယ်နှစ်ယောက်၏ ပုံရိပ် ထို မြင်လိုက်ကတည်းက မျက်လုံးက အလိုလိုလွှဲပြီးသားဖြစ်ခဲ့၏။ ထို ထဲကသူမက ရာရာလား ...။

"သား ...ဘာလုပ်မလို့လဲ"



www.burmeseclassic.com

ချက်ချင်းလက်ငင်း တံခါးဖွင့်ဆင်းတော့မည့် ခွင်း ကို ဦးသန်း အောင်က ဆွဲထားလိုက်၏။

"ဖယ်ပေးပါ ဖေဖေရာ၊ ရာရာ့ကို ကျွန်တော် ပြောစရာရှိတယ်"

"ပြောစရာကတော့ ရှိမှာပေါ့ကွာ၊ ခရီးသွားတာ ကြာလှပြီပဲ ဒါပေမယ့် မင်း ..."

"မဟုတ်ဘူး၊ ခုပြောမှဖြစ်မှာ၊ ကျွန်တော် ခဏလေးပဲ ..."

ထိုစဉ် ရာရာတို့ကားလေးက ဆက်လက်ထွက်ခွာသွားပြီဖြစ်သည်။

"ရာရာ ... နင် ... ကျွတ် ..."

တံခါးကို ဂျိမ်းခနဲ ပြန်ဆောင့်ပိတ်သည်။ ကျရှင်မှာ ခပ်တောင့် တောင့်ပြန်မှီ၍ မျက်လုံးတွေကို ဖိပိတ်ပစ်လိုက်မိသည်။

ရာရာနဲ့မာန်ထန် ...၊ နင် ဒီလောက်ထိ သူ့ကို ကြည်ဖြူသွားပြီ ပေါ့၊ ဟုတ်လား ရာရာ ...။

ကားက ခြံထဲသို့ ပြိုင်ကားတစ်စီး ပန်းဝင်သလို ဝေါခနဲ ကွေ့ဝင် ၏။ ရင်ထဲမှာ ဖြောင်းဆန်အောင်မွှေနှောက်နေသည်က သူ့ဘက်က လုပ်ပိုင်ခွင့် ဘာမှမရှိတော့ဘူးလားဆိုသည့် ခြေလွတ်လက်လွတ် ဖြစ် ကျန်ခဲ့သောအဖြစ် ...။

"တကယ် မေမေ မသိပါဘူး သားရယ်၊ ဇော်စပ်ဖို့တောင်မှ ရာရာ သဘောတူမှ ရက်သတ်မှတ်မယ်လို့ သိခဲ့တာ တကယ်ပဲ"

"မဟုတ်ဘူး၊ မေမေတို့ ကျွန်တော့်ကိုညာတာ၊ အဲဒါကိုသိလို့ ကျွန်တော့်ကို တောင်ကြီးပို့ပစ်လိုက်တာ"

"အို ... မဟုတ်ဘူး"

"ဟုတ်တယ်၊ မလတ်က ငါ့ညီမ ငါ့လက်ထဲမှာ ဆိုတဲ့ မာနနဲ့ရှိ တာ၊ မေမေတို့က ငါ့သား ငါတို့အပြောမခံနိုင်ဘူးဆိုတဲ့ အတ္တတွေ ကြားထဲမှာ ကျွန်တော်က ခွေးကျကျပြီ"

"နေဦး သား၊ မေမေ ပြောတာကိုနားထောင်၊ ခဏလေးထိုင်ဦး"





"ထိုင်လို့မရဘူး ရင်ဘတ်ထဲမှာ မီးလောင်နေပြီ မေမေ၊ ရာရာ လက်ထပ်တော့မယ်ဆိုတဲ့အဖြစ်က ကျွန်တော် ဘယ်လိုမှ ပြင်ဆင် မထားလိုက်နိုင်ဘဲ သူများကို လည်စင်းပေးရတဲ့အဖြစ်"

"သား ..."

အထဲမှာ အဝတ်အစားဝင်လဲပြီး ခရီးရောက်မဆိုက် ဦးသန်းအောင် မနားနိုင်ဘဲ ပြန်ထွက်လာရ၏။

"မင်း အေးအေးဆေးဆေးပြောစမ်း သား၊ ဒါက မင်းပိုင်တဲ့ပစ္စည်း ကို သူများခိုးသွားတာမဟုတ်ဘူး"

"ခိုးပစေ ဖေဖေ၊ ကျွန်တော်ပိုင်တာ ဘာဖြစ်ဖြစ်၊ ကျပျောက် ပျောက်၊ ခိုးသွားသွား လုံးဝဂရုမစိုက်ဘူး၊ ရာရာ့ကို ကျွန်တော် ..."

"မင်းပိုင်တယ်လို့ ပြောချင်သေးသလား"

ဖေဖေ့မျက်လုံးတွေကို ခွင်း မိုက်မိုက်ကန်းကန်း ပြန်ကြည့်လိုက် မိသည်။ ထိုမျက်ဝန်းတွေထဲမှာ ...

"မင်း အစကတော့ ရာရာ့ကို ဂရုစိုက်ခဲ့လို့လား၊ ဘာတွေ ချည် နှောင်ထားနိုင်ခဲ့သလဲ" ဆိုသော မေးခွန်းများနှင့် တုတ်လုံးကဲ့သို့ ရိုက် နှက်နေခဲ့၏။ ခွင်း အံကြိတ်လျက် မျက်ဝန်းတွေ တဖြည်းဖြည်းစင်းကျ သွားခဲ့သည်။ မခံချင်ဒေါသများက ရာရာ့ကိုမြင်လိုက်၊ မာန်ထန် ပေါ် လာလိုက် ...။

"ကျွန်တော် သွားမယ်"

"သား ..."

ခွင်း က ချက်ချင်းပြန်ထွက်ဖို့ပြင်၏။ ဒေါ်ငြိမ်းသူဇာ အတင်း လိုက်ဆွဲ၏။

"ရာရာကိုယ်တိုင် သဘောတူကျေနပ်ပြီး ဒါတွေဖြစ်သွားခဲ့တယ် ဆိုတာ မင်းနားလည်ဖို့ကောင်းပြီ ခွင်း၊ မင်း မမြင်ခဲ့ဘူးလား၊ မင်းမှာ ယောကျ်ားမာန မရှိတော့ဘူးလား၊ ကိုယ်နိုင်ခြေရှိမှ တိုက်ပွဲမျိုးမှာ



www.burmeseclassic.com

www.burmeseclassic.com



အသက်စွန့်ပြီး အနိုင်တိုက်ဖို့ဆုံးဖြတ်တာ သဘာဝကျတယ်ကွ၊ မိုးကြိုးပစ်တာကို မိုးသီးကြွေတယ်ထင်ပြီး ထွက်ကြည့်ချင်တာ၊ ကလေးမဟုတ် သူငယ်မဟုတ်နဲ့ မင်း အရူးလား"

ဦးသန်းအောင်က ခွင်း ရှိရာကိုလျှောက်လာပြီး တက်ခေါက်သည်။

"ဟိုဘက်ဒီဘက်နှစ်ခြမ်းမှာ ဘယ်သူ့ကြောင့် အက်ဆံရေးတွေ ပျက်ခဲ့ရတာလဲ၊ မင်း နိုင်ချင်တိုင်းနိုင်ပြီး ထင်သလိုပြော၊ ထင်သလိုဆိုး စိတ်မထင်ရင် တွေ့တာနဲ့တောက်ရိုက်၊ သွေးထွက်သံယိုဖြစ်သွားရတိုင်း ဘယ်သူလဲ"

နဖူးပေါ်မှာ သွေးသံတရဲရဲနှင့် ရာရာ့မျက်နှာလေးက ဖျတ်ခနဲ ပေါ်လာသည်။ သူများကလေးတွေလို အသံပြုနှင့်လည်း အော်မငိုတတ်သည့် ရာရာပါ။ သူနဲ့ နှစ်ယောက်တည်းသော့ပြီဆို မျက်လုံးခေါက် ထောက်လိုက်ကြည့်နေတတ်သည့် မလေတ်ကပဲ မြင်သည်။ ပြေးလာသည်။ တဆွေ့ဆွေ့ခုန်ပြီး အော်၏။

"အန်တီငြိမ်း၊ ဒီမှာကြည့်စမ်း ... မိုက်ရိုင်းလိုက်တာ၊ ရမ်းကားရဲ့တာ ... တောက် ... နောက်တစ်ခါဆို အန်တီငြိမ်းသားကို ဖါဖါ အသေရိုက်မှာ"

"ဟဲ့ ...ဟဲ့၊ အမလေး သွေးတွေပါလား၊ လုပ်ကြပါဦး"

"ဘာဖြစ်တာလဲ၊ ဘာနဲ့လုပ်လိုက်တာလဲ"

လူကြီးတွေ ဝိုင်းအုံလာပြီးမေးလည်း လက်ညှိုးလေးထိုးပြ၍ ငို နေတာပဲရှိသည်။ ရာရာ တွတ်တီးတွတ်တာနှင့် မတိုင်တတ်ရှာပေ။

ဦးသန်းအောင်က သူ့သား ငိုင်ကျသွားတာကိုကြည့်ပြီး ဟွန်းခနဲ မဲ့၏။

"အဲဒါ မေတ္တာရဲ့သဘောပဲကွ၊ ငါ့သား မှတ်ထားလိုက်ပေ့။ မေတ္တာတရားဟာ ရင်းနှီးမြုပ်နှံမှုအကြီးဆုံးပဲ၊ ဒါပေမယ့် အဲဒီရင်းနှီး မြုပ်နှံမှုဟာ ငွေကြေးဥစ္စာလို ပါလုံ့ဆိုတဲ့ လောဘတွေမပါဘူး၊ ရလာဒ်





မှုကင်းကင်းနဲ့ သန့်စင်စွာ မြှုပ်နှံရခြင်းပဲ၊ ရာရာက မင်းရင်ဘတ်ထဲမှာ အများကြီးရင်းနှီးမြှုပ်နှံသွားခဲ့တာ၊ အခု သူ ရသွားပြီ"

ခွင်း က ဦးသန်းအောင်ကို ဖျတ်ခနဲ မျက်လွှာပင့်ကြည့်၏။ ဦးသန်းအောင်က မျက်ခုံးနှစ်ဖက်ပင့်၍ ခေါင်းညိတ်လိုက်ကာ ...

"ဟုတ်တယ်၊ မင်းဆီက သူ အများကြီးရသွားပြီ၊ မင်းကတော့ ရှုံးပြီလေ၊ မျိုးစေ့မချဘဲ အပင်မပေါက်ဘူးဆိုတာကို နားလည်လိုက်တော့ သား။ ဒါက သဘာဝသင်ခန်းစာတွေပါ။ မင်းလက်မခံလို့ မရဘူး။ ကိုယ့်တရားကိုယ်သိရင် ကျရှုံးခဲ့ပေမယ့် မားမားမတ်မတ်ရပ်နေရင်း သိက္ခာရှိရှိ ကျန်ခဲ့တာ မကောင်းဘူးလား၊ ကျိုးနေပါပြီဆိုမှ လူးလူး လဲလဲ ပြန်ထလိုက်၊ ပြန်လဲလိုက်၊ ခွေးကျဝက်ကျ အကျမခံပါနဲ့ မင်းရဲ့ နောက်မှာ မင်းအဖေနဲ့အမေ ရှိသေးတယ်၊ ဖေဖေတို့ရဲ့သိက္ခာကို မင်း မငဲ့တော့ဘူးလား"

ငိုချင်တာကို အံကြိတ်တားပေမယ့် မရ၊ မျက်ရည်ကျလာတာ မဟုတ်ဘဲ ငိုချင်လာသည့်အဖြစ်ကို ကိုယ့်ဘာသာကိုယ် ရှက်မိ၏။ လေးပင်သော ခြေလှမ်းများက ဆိုဖာတွေရှိရာကို လှည့်သွား၏။ နားလည်လက်ခံသွားတာလား၊ ခေါမျိုသိပ်လိုက်တာလား၊ သူပဲသိမှာပါ။

ဦးသန်းအောင် ဧနီးသည်ကို တစ်ချက်ကြည့်ကာ ရေချိုးခန်း ဘက်ကို ထွက်လာခဲ့သည်။ တီဗီဖွင့်၍ ရီမုကောက်ကိုင်လိုက်သည့် သားဖြစ်သူကို သနားလို့မဆုံး လိုက်ငေးရင်း ဒေါ်ငြိမ်းသူဇာက အနား ထိုလာသည်။

"သားလေး၊ နားလိုက်ဦးလေ၊ ညနေစာ မေမေ သားကြိုက်တာ လေးတွေ ချက်ပေးမယ်နော်"

သူ ခေါင်းခါပြလိုက်သည်။ ဘာရယ်မဟုတ်ဘဲ ကောက်ဖွင့်လိုက် သည့်အချိန်မှာ ထွက်လာသည့်သီချင်းက 'ဒီကမ္ဘာမှာ' ...။

(ဒီကမ္ဘာမှာ မင်းလေးတစ်ယောက်တည်း × × အရာရာဟာ



www.burmeseclassic.com

www.burmeseclassic.com



အချစ်လေးတစ်ယောက်တည်း ...× ×)

ပြောင်းလဲတော့ ပြောင်းလဲတာပေါ့ × × မသိမသာလေးဆို ခံရ မခက်ဘူး ...× ×

(ပျော်ရွှင်ခြင်းနေ့ရက်တွေ ကုန်ဆုံးခဲ့ရင် ..× × နေရာတကာ အလွမ်းများနဲ့ဖြည့်စွက် ..× ×)

မင်းအတွက်မှာ ငါက ဒုတိယ × × မင်းကတော့လေ ငါ့ရဲ့အချစ်ဦး

(တခမ်းတနားကြီးလုပ်ပြတတ်တဲ့ × × မင်းရဲ့ချစ်သူတွေနဲ့ × × တစ်ခါတစ်လေမှာ အရွဲ့တိုက်ဖို့ × × ငါ့ကို မနှိုင်းပါနဲ့ .. × × ငါ့မှာ ဘာမှမရှိပါဘူး.× × ချစ်တဲ့စိတ်သာ အရှုံးအမှုး × × ကြိုးစားပါ့မယ် - တစ်နေ့နေ့ကျရင် မင်းလိုတာကို ဖြည့်နိုင်မယ့်သူ ..× ×)

"တောက်"

ရီမုနဲ့ လှမ်းပိတ်ပစ်လိုက်သည်။ ပုံရိပ်တွေရော၊ အသံတွေပါ တိတ်ကျသွားသည်။ ဒါပေမယ့် ရင်ထဲမှာ ဆူညံစွာ ကျန်နေခဲ့၏။

(တခမ်းတနားကြီးလုပ်ပြတတ်တဲ့ .... မင်းရဲ့ချစ်သူတွေနဲ့ × × တစ်ခါတစ်လေမှာ အရွဲ့တိုက်ဖို့ × × .. ငါ့ကို မနှိုင်းပါနဲ့ ... ငါ့မှာ ဘာမှမရှိပါဘူး × ×)

"ဘာလဲ၊ ဘာရှုံးတာလဲ၊ ဘာမရှိတာလဲ၊ မင်းမှာ မာယာတွေနဲ့ ရာရာ"

ဘယ်လိုမှ မကျေနပ်နိုင်ဘဲ ကိုင်ထားသည့် ရီမုကို နံရံနဲ့ လွှဲပေါက် ပစ်လိုက်သည်။ ခွမ်းခနဲ ပြေးဆောင့်၍ ကွဲထွက်လွင့်စင်ကုန်လေသည့် နောက်ထဲကနေ ပြေးထွက်လာသည့် ဒေါ်ငြိမ်းသူဇာ အဝေးကနေ ခြေလှမ်းရပ်၍ ကြည့်နေလိုက်မိသည်။

သား ဖွင့်လိုက်တာကို သူမ ကြားပါသည်။ ဟိုနေ့က ရာရာ လာ သွားတုန်းက ဖွင့်လက်စနှင့် ထားပစ်ခဲ့သည့် ဗီစီဒီခွေပဲ ဖြစ်၏။ ဒီသီချင်း ကို ရာရာ ဒီလာတိုင်း မကြာခဏ ကောက်ဖွင့်သည်။





"ဘာလဲ၊ ဘယ်သူ့ကို ကြိတ်ကြိုက်နေလို့လဲ၊ တော်ကြာ နင် ငါ့ကို ကြိုက်နေတယ်ထင်ပြီး လူကြီးတွေက ဘာညာသာရကာတွေ ထဖြစ် တုန်ဦးမယ်"

ရာရာ့မျက်ဝန်းလေးတွေထဲက သံယောဇဉ်တွေကို ဤသို့သော စကားလုံးများဖြင့် ရိုက်ချိုးဖျက်ဆီးပစ်ခဲ့တဲ့သူ ဘယ်သူလဲ ...။ တကယ် ဆို ဒီသီချင်းလေးကို ရာရာ ဖွင့်လိုက်တိုင်းမှာ ရင်ထဲကသံစဉ်တွေဆို တာကို အေးလူတွေတောင် သိနေသည်ဆိုလျှင် သားလေး မသိသင့် ဘူးလား ...။

တည်ဆောက်ခဲ့တာလည်း သူ၊ ပျက်စီးစေခဲ့တာလည်း သူပဲ ဆိုတာ သားလေး နားလည်စေချင်သည်။ ဘယ်သူမပြု မိမိမှု ဆိုတာ ကို နားမလည်သရွေ့ ဒီရင် ဘယ်လိုမှ အေးချမ်းနိုင်မှာမဟုတ်ပေ။

သံယောဇဉ်နှောင်ကြိုးဟာ ဖြတ်တောက်မရနိုင်အောင် တည် တင်းခိုင်မာနေခဲ့ပြီဆိုရင်တောင် ဘယ်နေရာမှာ ဘယ်လိုချည်နှောင် ထားခဲ့သည်ကို ဘယ်သူသိနိုင်မှာလဲ။

တကယ်လို့များ သိခဲ့ပါလျှင် ကိုယ့်သားလေး ဒီလိုခံစားမနေရ အောင် ထိုကြိုးကို ဖြည်ချပေးလိုက်ချင်ပါ၏။

ထိုနှောင်ကြိုး၏ ဟိုတစ်ဘက်အစကို မြင်ပါရစေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၆)

အတူတူသွားနေကြရင်း ရာရာက ခြေစုံရပ်ပစ်လိုက်တော့ ရှေ့ကို တစ်လှမ်းကျော်တက်သွားသည့် မာန်ထန်က ပြန်လှည့်ကြည့်ကာ ...

"ဘာဖြစ်လို့လဲ"

"ကိုကရော၊ ဘယ်ကိုလိုက်မလို့လဲ"

မာန်ထန်က ရာရာ့ကို အူကြောင်ကြောင် ပြန်ကြည့်၍ ...

"မင်းပဲ ဝယ်စရာကျန်သေးတယ်ဆို"

"ကိုကလဲ၊ အဲဒါကို လိုက်လို့မဖြစ်ပါဘူး"

"မဖြစ်ဘူးလား"

မာန်ထန် နဖူးကို လက်မနဲ့ခြစ်ပြီး ရယ်သည်။ ရှက်ကိုးရှက်ကန်း ရယ်တာကြီးက မျက်လွှာချ၍ နဖူးကိုခြစ်နေတာလည်း မပြီးနိုင်။

"အပွန်း ..."

ရာရာ ရယ်ချင်သည့်မျက်နှာလေးနှင့် နှုတ်ခမ်းကိုက်၍ ပြုံးတော့ မာန်ထန်က လက်သီးဆုပ်နှင့် ပါးရိုးလေးကို ခပ်ဖိဖိကပ်သည်။





"မရယ်နဲ့ သူများရှက်နေတာကို ခင်ဗျား ..."

သူ့လက်သီးကိုဖယ်ချပြီး ရာရာက အသံလေးထွက်အောင် ရယ်သည်။ အချစ်ကို တကယ်သေချာ ရှာဖွေတွေ့ရှိခဲ့တာမဟုတ်ဘဲနှင့် သူ့ကို အဖြေပေးခဲ့ရသည်။ ဖြေပြီးတော့လည်း ချစ်သူဆိုသည့်ဘဝမှာ မာန်ထန်က ပျော်ရွှင်နေအောင် ချစ်သည်။ လိုအပ်တာဆို လက်လှမ်းမှီမလိုအောင် ဖြည့်ဆည်းပေးခဲ့သည်။

ပြီးတော့ ဖုန်းဆက်လွန်းလို့ ကျုံ့တာဘာမှ တွေးချိန်ပင်မရခဲ့ပေ။ ခုချိန်မှာ အချစ်ဆိုတာ ဘာလဲလို့ မေးလျှင် ဖြေတတ်ဖို့တော့ မလွယ်၊ ဒါပေမယ့် ရာရာ့မှာ ပူပင်သောကတွေ လျော့ပါးနေခဲ့၏။

ကို့အချစ်တွေက အေးမြွေးထွေးခြင်းတွေနဲ့ပါ ...။

"ကော်ဖီဆိုင် ဝင်မလား"

"ကို သောက်ချင်ရင် ဝင်လေ"

မာန်ထန်က ပြုံး၍ ကားကို ကော်ဖီဆိုင်ရှေ့မှာ ရပ်လိုက်သည်။

"အသူရာ"

"ဟင် ..."

"မင်း ကိုယ့်ကို တကယ်ချစ်တာထင်တယ်"

"ဘယ်လို ..."

မာန်ထန်က မဖြေဘဲ ပြုံးလျက်နှင့် ကားပေါ်ကဆင်းသည်။ ရာရာ့ကို တံခါးဖွင့်ပေးပြီးဆင်းလာတော့ လက်ဖဝါးလေးကို ဆုပ်ကိုင်သည်။ ကော်ဖီဆိုင်အတွင်းဘက်က သီးသန့်ခန်းလေးထဲမှာ ထိုင်မိကြတာမှ ...

"ကိုယ်ပြောတာ ဒီလိုလေ၊ ချစ်တယ်လို့ဖြေအောင် ကိုယ်က အတင်း တောခြောက်သလို လုပ်ယူခဲ့ရတာမဟုတ်ဘူးလား။ ကြောက်ကြောက်လန့်လန့်နဲ့ ရထားတဲ့အဖြေလေးကို ဆုပ်ကိုင်ပြီး ညည်းဆိုဘာတွေပူနေလဲ သိလား"



www.burmeseclassic.com

www.burmeseclassic.com



ရာရာ့မျက်နှာလေး မကြည်တော့ပါ။ သူ့ကိုကြည့်နေခဲ့ပေမယ့် ခပ်တည်တည်လေး တမင်နေလိုက်၏။

"ခုလောက်ဆို အဲဒီကောင်မလေး ဘာအကြောင်းတွေ စဉ်းစားနေမလဲ၊ အဲဒီထဲမှာ ကိုယ့်အကြောင်းတစ်ခုတစ်လေမှ ပါပါ့မလား၊ ပါရင်ရော ရင်ခုန်ပြီးသတိရတာ မဟုတ်ဘဲနဲ့ ဒီလူကြီး အရမ်းနမ်းတာတို့ ခွတ် .."

"ဟာ ...ကိုနော်"

"ဟား ဟား ...."

ရာရာက စားပွဲပေါ်တင်ထားသည့် သူ့လက်ကို လက်သီးဆုပ်လေးနဲ့ ထုသည်။ ထိုလက်သီးဆုပ်လေးကို မာန်ထန်က ဖမ်းလိုက်ပြီး ဖိဆုပ်ထားလိုက်၏။

"တကယ်ပျော်သွားတာ သိလား"

"ဘာပျော်တာလဲ"

"ကော်ဖီဆိုင်သွားမယ်ဆိုတော့ ဝင်ချင်ဝင်လေ လို့ မင်းလိုက်လျှောခဲ့တာလေးလေ"

မျက်လုံးချင်းဆုံသွားတော့ မာန်ထန်က နှာခေါင်းတစ်ဖက်တွန့်၍ ဖတ်ခနဲ မျက်စိမှိတ်ပြ၏။

"ရှုးတာမဟုတ်ဘူး၊ အဲဒီလို လိုက်လျှောတတ်လာတာလေးက ချစ်တတ်လာတဲ့သင်္ကေတပဲ၊ ဟိုအစကဆို ဘယ်ကိုခေါ်ခေါ် ရလို့လား။ ကိုယ်လာရင်တောင် မျက်နှာလေးက စိတ်ညစ်သွားတဲ့ပုံစံလေး"

ရာရာက အားနာသလိုလေးရယ်လိုက်ပြီး မျက်နှာငုံ့ပစ်၏။

"မှတ်မှတ်ရရနော်၊ ကိုယ့်ရဲ့ကုန်တိုက်ဖွင့်ပွဲနေ့မှာ မင်းရဲ့အဖြေကို ရတယ်၊ အဲဒါကလဲ ကိုယ် စိတ်ကူးယဉ်ခဲ့တဲ့ ကိုယ့်ရဲ့နားခန်းထဲမှာလေ"

ရာရာ ရှက်လာသဖြင့် လက်ကို ပြန်ရုန်းမိသည်။ မာန်ထန်က လွှတ်မပေးဘဲနှင့် ရာရာ့မျက်တောင်ကော့ကော့လေးတွေကို စူးစိုက်





ကြည့်တာ ...

"ဒီတစ်ခါ လက်ထပ်ဖို့ရက်ကို နီးနီးကပ်ကပ်လေး သတ်မှတ်နိုင်အောင် ဘယ်ခေါ်သွားရရင်ကောင်းမလဲ မသိဘူး၊ နားနေခန်းထဲပဲ ကောင်းပါတယ်၊ လိုက်မယ်မို့လားဟင်"

"ကိုနော် ..."

"ဟော ... အဲဒါလဲ ကိုယ့်ကို ရိုးမြေကျ မြတ်မြတ်နိုးနိုး အားကိုးယုံကြည်သွားမယ်လို့ အမိပွာယ်ကောက်လို့ရတယ်"

ရယ်မြူးရိပ်လေးများနှင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြရင်း ...

"တကယ် သိလား၊ ဖေဖေ့ကို မေမေက သိပ်ချစ်တာ၊ ခဏခဏ စကားများနေပေမယ့် ဖေဖေ့အတွက်ဆို မေ့ကျန်ခဲ့တာ ဘာမှမရှိဘူး။ သားတွေကွယ်ရင် ဘယ်လိုခေါ်သလဲ သိလား"

ရာရာက သူ့ကိုငေးနေမှ ...

"ကို ... တဲ့"

ပြောပြီး ရာရာ့လက်ကလေးကို မချင့်မရဲ တစ်ချက်ဖျစ်သည်။ ရာရာလည်း ရင်တွေခုန်နေမိတာ ကိုယ့်ကိုကိုယ်သိနေသဖြင့် ရှက်နေမိသည်။

"ကော်ဖီမှာလေ ကို"

စားပွဲဝေါက ဘဲလ်ဘုလေးကို မေးဆတ်ပြပြီး ရာရာကပြောတော့ မာန်ထန်က ခေါင်းခါ၍ ...

"ကောင်လေးတွေလာရင် ရှုပ်လို့၊ စကားပြောပြီးမှ မှိုချလို့ရမှာ" သူ တော်တော်သည်းတဲ့လူပါ၊ ဒါနဲ့များ သူ့ကိုယ်သူ ရည်းစားထားဖူးခဲ့ဝါဟု ကြွားနေသေးသည်။ မယုံကြည်တာမဟုတ်ဘဲ ခေါင်းကို ဘတ်ကြီးကို ဟုနစ်လိုက်ပြီး ပြောချင်လာသည်။

"အသူရာ ..."

www.burmeseclassic.com



"ဟင် ..."

"ကိုယ့်ကိုချစ်တယ်မို့လားဟင်၊ ထပ်ပြောစမ်းပါ"

"ရဘူး၊ ချစ်တယ်လို့ ပြောခွင့်ကို မပေးနိုင်ဘာ"

"ဟင် ..."

ဝင်လာသူကို မော့ကြည့်လိုက်မိလျှင် ရာရာ့နှုတ်ခမ်းလေး ပွင့်သွား၏။

"ခွင်း ..."

ဝိုင်းစက်သွားသည့် ချက်ဝန်းတို့က မျက်တောင်ကော့ကော့လေး တွေပင် တစ်ပင်ချင်း ဖြန့်ကပ်သွားသည်အထိ အံ့ဩထိတ်လန့်စွာ ...။

ခွင်း က မှန်တံခါးတိုလေးကို ဖွင့်လိုက်စဉ်မှာ ခဏပဲတုံ့သွားပြီး ခြေလှမ်းကျဲများနှင့် အနားသို့ ချက်ချင်းရောက်လာသည်။

ဘယ်လိုမှ ထင်မှတ်မထားလိုက်ဘဲနှင့် ရာရာ့လက်ပေါ်မှာ အမိ ဆုပ်ကိုင်ထားသည့် မာန်ထန့်လက်ကို ဖတ်ခနဲ ထောက်ကိုင်ပြီး ဆွဲ ဖယ်ပစ်လိုက်၏။

"သွားမယ်"

"ခွင်း ..."

ရာရာ ဖရိုဖရဲလေးပါသွားကာ ပေါင်ပေါ်တင်ထားသည့် စလင်း

ရာရာ့လက်ကိုဆွဲလျက်

ဲ အနည်းငယ်စောင်းငဲ့

မင်းလို စေ့စပ်ထားပြီး

းလုံးဝမရစေရဘူး"

လှူသိရှင်ကြားစေ့စပ်ခဲ့



ယ်၊ အခု စေ့စပ်ပွဲပျက်ပြီးပြီ၊ မင်းထက် အများကြီးဖြူတယ်"

"ဟိတ်ကောင် ... မင်းပါးစပ်ပိတ်ထား"

"ခွင်း ...တော်ပါတော့၊ ကိုရယ် ... တော်ပါတော့နော်"

'ကို' ဆိုသည့်ခေါ်လိုက်သံလေးမှာ ခွင်း က ရာရာ့ကိုငုံ့ကြည့်ပြီး ...ခနဲ အံကြိတ်သည်။ သူ အမြဲတမ်း ...ရှမစိုက်မိခဲ့သော ကျစ်ဆံမြီး ...နှစ်ဖက်တယမ်းယမ်းနှင့် ရာရာဆိုသည့် သူငယ်ချင်းလေးက ...။

"မင်းလက်ကို လွှတ်လိုက် ခွင်း"

မာန်ထန်က ရှေ့တိုးလာသည်။ ရာရာ့လက်ကလေးတစ်ဖက်ကို ...မ်းဆွဲလိုက်၏။

"မတိုင်နဲ့"

ရာရာ့လက်ကို သူ့ကိုယ်နဲ့ ကွယ်သွားသည်အထိ ဆောင့်ဆွဲပစ် ...တ်ပြီး လှမ်းလိုက်သည့် မာန်ထန့်လက်ကို တစ်ဖက်နှင့် ရိုက်ထုတ် ...လိုက်၏။ ပြီးတော့ တစ်ဖက်က လက်သီးချက်က ရိပ်ခနဲ ဝင်သွား ...သည်။

"ခွပ်"

"အမလေး ..."

မာန်ထန့်မျက်နှာ လည်ထွက်သွားတာမြင်သည်နှင့် ရာရာ လန့် ...အော်ကာ မျက်လုံးတွေကို မှိတ်ပစ်လိုက်၏။

"ခွင်း .. နင်ဘယ်လိုလုပ်လိုက်တာလဲဟင်"

"နင် ထပ်မပြောနဲ့နော်၊ ငါ အသေသွားသတ်ပစ်မှာ"

"နေဦး"

"ဟင် ... မလတ်"

မှန်တံခါးကနေ ဘွားခနဲ ပေါ်လာသူက ခင်ဒီဝါ ဖြစ်နေသည်။ ...လာခေါ်ကို ဝင်ဖြတုန်းက အတူတူပါ၊ ဝယ်ကြ၊ ခြမ်းကြတာမှ ...လတ် ကပဲ လှူချင်းခွဲသွားကြတာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ကလေးနဲ့မောင်လေးတို့ လွတ်လွတ်လပ်လပ် သွားကြလေ မမကလဲ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် ဝယ်ချင်တာ၊ အိမ်ကိုလာကြဖို့ ဖုန်းဆက်ပြီး ဈေးဝယ်ရင်း စောင့်လိုက်မယ်၊ သွားကြ သွားကြ ..."

ခွဲထွက်လာခဲ့ကြပြီးမှ ဒီမှာ တိုက်ဆိုင်စွာ ရောက်လာလိမ့်မည်ဟု လုံးဝမထင်။

"မင်းက ဘယ်သူ့ကိုသတိရှာလဲ ခွင်း"

မျက်လုံးက မာန်ထန့်ဆီရောက်သွားကာ နှုတ်ခမ်းထောင့်က သွေးစကိုမြင်လိုက်တော့ ဒေါသက ထောင်းခနဲဖြစ်သွားသည်။ ထို့နောက် ခွင်း လက်ထဲမှာပါသွားတော့မတတ် အလိုက်သင့်လေး ရှိနေသည့် ရာရာ့ကိုလည်း စူးစူးရဲရဲ ပြန်ကြည့်ကာ ...

"လာစမ်း .."

"အား ...."

မလတ်က ဆောင့်ဆွဲသည်။ ခွင်း ကလည်း မလွှတ်၊ ရာရာ နှစ်ယောက်ကြားမှာ လဲပြိုမတတ်ဖြစ်သွားသဖြင့် ညည်းသံလေး ထွက်သွား၏။

"လွှတ်လိုက်စမ်း၊ လူရမ်းကား ... ကဲ ..."

"မလတ်၊ ဟင့်အင်း ..."

လက်မြှောက်လိုက်ကတည်းက ရာရာ တားတာ ဘယ်လိုမှ အချိန်မမီ၊ ခွင်း မျက်နှာ စိုက်ခနဲ ငိုက်ကျသွားသည်။

"ခင်ဗျား ..."

"ဘာကွ ..."

ဖျတ်ခနဲ မော့လာသည့်မျက်ဝန်းများက ထိုးနက်တိုက်ခိုက်တော့မတတ် ဖြစ်နေသဖြင့် ဒေါသရှိန်တတ်နေသည့် မလတ် ဘာမှမပြောတော့ပေ။





"အရိုင်းစိုင်းကောင်၊ ငါညီမကို တစ်သက်လုံး နိုင်စားလာခဲ့တာ၊ သွေးထွက်သံယို ဖြစ်ခဲ့တာတွေရှိသေးတယ်၊ ကဲဟာယ် ..."

"မလတ် ... မလတ်၊ မလုပ်ပါနဲ့၊ ရာရာ့ကို ရိုက်ပါ၊ ရိုက်ပါ မလတ်ရယ်"

နောက်တစ်ချက်ရွယ်ထားသည့်လက်ကို အတင်းသိမ်းဖက်၍ ရာရာ ရှိုက်ကြီးတငင် ငိုသည်။ ခွင်း ရှေ့ကနေ ကာရပ်လိုက်၏။ ထိုစဉ်မှာ လူတွေ အထဲဝင်လာကြလေသည်။

"တော်ကြပါတော့ဗျာ၊ အေးအေးဆေးဆေး ပြောဆိုဖြေရှင်းကြပါ"

"ဟုတ်ပါတယ်၊ မိန်းကလေးအတွက်လဲ မကောင်းပါဘူး"

"တောက်"

ရိုက်မချဖြစ်လိုက်သည့် လက်ဝါးကို မကျေမချမ်း ဆုပ်ပစ်လိုက်ပြီး မလတ်က တက်ခေါက်၏။ ရာရာ့လက်ကို နောက်ထပ်တစ်ကြိမ် ဖိဆွဲ၍ ခွင်း ရှေ့ကနေ ခွာထုတ်ပစ်လိုက်ပြန်သည်။ ဖျတ်ဆတ်ဆတ် မာကျောကျောမျက်နှာနှင့် ခွင်း ကလည်း ရာရာ့လက်တစ်ဖက်ကို ဖျတ်ခနဲ ဖမ်းဆုပ်ထားကာ ...

"ရာရာ .."

"ခွင်း ရယ်"

နှုတ်ခမ်းထောင့်မှာ သွေးစတချို့ စိမ့်ထွက်လာသည့် ခွင်း မျက်နှာကို မကြည့်ရက်နိုင်၊ မလတ် နောက်ထပ်ရိုက်ချဦးမှာလည်း စိုး၏။ ဒါပေမယ့် ခွင်း ရယ် ... သွားပါတော့၊ တော်ပါတော့လို့လည်း သူမ ပြောမထွက်နိုင်ခဲ့ပေ။ ခွင်း က ရာရာ့လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်ကာ ...

"နင့်ကို ငါချစ်တယ်"

ဟင် ...။ မျက်ရည်တွေ ဖိတ်လျှံနေသည့် မျက်ဝန်းလေးတွေ ပြိမ်သက်ဝိုင်းစက်သွားခဲ့၏။ ထို့နောက် အင့်ခနဲ ရှိုက်သည်။

နောက်ကျသွားပြီ၊ နောက်ကျသွားပြီ ခွင်းရယ် ...။ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆို့ကျပ်ကာ ဘာမှပြောမထွက်တော့။ ရာရာ့မျက်ရည်တွေ တသ
သော ဖြိုကျလာစဉ်မှာပဲ မာန်ထန် အနားရောက်လာ၏။ ခွင်း ဆုပ်ထ
ထားသည့်လက်ကို စောစောက သူလုပ်ပစ်ခဲ့သလို ဖိဆုပ်ဖြုတ်ချလိုက်
သည်။

"ခေါ်သွား မောင်လေး"

မာန်ထန့်ကို မထိနဲ့ ဆိုသည့် လေသံဖြင့် မလတ်က တာဝန
လိုက်ခြင်းဖြစ်သည်။ ပြီးတော့ မည်သူပိုင်ဆိုင်သင့်သလဲဆိုတာ
သိစေဖို့။

ခွင်း အံကြိတ်သည်။ ရှိုက်ငင်ငိုကြွေး၍ပါသွားသော ရာရာ့မျက်ရ
တွေကို စူးစိုက်လိုက်ကြည့်ရင်း လက်သီးကို ကျစ်ခနဲနေအောင် ဆုပ်
ဒီမျက်ရည်တွေဟာ 'နင် နောက်ကျသွားပြီ' လို့ နှုတ်ဆက်လ
သွားခဲ့တာမှန်းကို သူ နားလည်သည်။ အစကတည်းက သူ နောက်ကျ
ခဲ့ပြီကို မသိလို့မှမဟုတ်ဘဲ။

"ဟုတ်တယ်၊ မင်းဆီက သူ အများကြီးရသွားပြီ"

"မင်းကတော့ ရှုံးပြီ"

"မျိုးစေ့မချဘဲ အပင်မပေါက်ဘူးဆိုတာကို နားလည်လိုက်တော့
တဲ့။ ပြောရက်တယ် ဖေဖေ၊ ဥပမာက ဥပမာပါပဲ၊ အချစ်ကို ဘာနဲ့
ပုံနှိုင်းနှိုင်းလို့မရဘူးဆိုတာကျတော့ ဖေဖေ ထည့်ပြောပါလား ...။

အချစ်နဲ့သစ်ပင်မှာ မတူတာတွေကို ဖေဖေ မြင်တတ်ခဲ့ရင် ...

❀ ❀ ❀





အခန်း (၃၇)

နားထဲမှာ မိုးခြိမ်းသံတွေရော၊ မိုးကြိုးပစ်ခွင်းသံတွေရော ဆူညံ
နေသည်။ အိပ်ဖို့ကြိုးစားနေသည့် မျက်လုံးတွေကို ပြန်ဖွင့်၍ ခေါင်း
ရင်းက တဂတ်ဂတ်မြည်သံကို မော့ကြည့်မိသည်။ အပြင်မှန်တံခါးက
ဂျက်မမိသဖြင့် ရေတံခွန်လို ဆင်းကျနေသည့် ရေတွေနှင့်ပဲ လှုပ်ခါ
နေတာဖြစ်သည်။ လေရော၊ မိုးရော ဒီအတိုင်း တစ်ညလုံးဆိုမလွယ်ပေ။

ခြုံထားပြီးသည့်စောင်ကို ပြန်ခွာချကာ ရာရာ အိပ်ရာပေါ်က
ဆင်းလိုက်ရ၏။ ညနှင့်မိုးက လေရောနေသည်မို့ မြည်သံပေးနေသေး
သည်။ ချမ်းစိမ့်စိမ့်ဖြစ်လာတော့ လက်ကလေးပိုက်၍ တံခါးနားမှာ
ခြေစုံရပ်လိုက်၏။

လက်ပိုက်ဖြုတ်ကာ တံခါးကိုဆွဲလျှင် အဆင်မသင့်ရင် မိုးစိုနိုင်
တာမို့ ဆွယ်တာလက်ရှည်ကို အသာလေးဆွဲစောင်ပြီးမှ အတွင်းမှန်တံ
ခါးကို ပြန်ဖွင့်သည်။ အပြင်မှာ တလှုပ်လှုပ်ဖြစ်နေသည့် တံခါးချပ်ကို
လက်က ပြင်လိုက်စဉ် ...။

"ဂျိမ်း ..."

"အမေ့ .."

www.burmeseclassic.com

www.burmeseclassic.com



လက်က တွန့်ခနဲ ပြန်ဆုတ်၍ မျက်လုံးတွေပါ မှိတ်လိုက်မိ၏။ ရင်ခုန်မပြေသေးဘဲ မျက်လုံးတွေပြန်ဖွင့်လိုက်လျှင် ...

"ဟယ် ... ခွင်း ... နင် ..."

"ရာရာ ..."

"အမလေး ... ပြုတ်ကျတော့မှာပဲ၊ ဘယ်ကတက်လာတာလဲ၊ ဘယ်ပေါ်မှာ ရပ်နေတာလဲ၊ ဘုရားကယ်တော်မူပါ"

ရာရာ မျက်လုံးတွေပြူးကျယ်ကာ အသက်ရှူမှားသွား၏။ တိုက်ကြီးက မြေကြီးနဲ့ ဖောင်ဒေးရှင်းအမြင့်ကပဲ လေးပေရှိသည်။ အပေါ်မှာ ရာရာ သေချာမသိပေမယ့် ပေနှစ်ဆယ်ကျော်တော့ ရှိနိုင်၏။ ဒီပြတင်းအောက်မှာ လက်တစ်လုံးလောက် အုတ်ရစ်ကလေးတစ်ခုတော့ ရှိနိုင်ပေမယ့် ဘယ်လိုမှ ဒီလိုရပ်နိုင်ဖို့မလွယ်။

ခွင်း က လှုပ်ဟနေသည့် တံခါးချပ်ထဲကနေ လက်အနာခံ၍ လျှိုသွင်းကာ အထဲကသံပန်းတွေမှာ လက်ချောင်းတွေနဲ့ ကုတ်တွယ်ထား၏။

"ရာရာ ... နင့်ကိုပါ တွေ့ချင်လွန်းလို့"

"ဟင့်အင်း ... ဟင့်အင်း၊ အခု ဘယ်လိုလုပ်မလဲ၊ အထဲလဲ ဝင်လို့မရ၊ ဘယ်က ပြန်ဆင်းမှာလဲ"

"နင့်မျက်နှာလေးကိုမြင်ရရင် သေပျော်ပြီဟာ"

ပြောနေရင်း ဆံပင်တွေကနေ ရေတံလျှောက်လို ကျနေသည့် မိုးရေတွေကိုလည်း ခေါင်းခါထုတ်ဝစ်၍ ....

"နင့်ကို ငါချစ်တယ်၊ သိပ်ချစ်တယ်၊ အဲဒါတွေကို ခုမှသိတာ၊ ငါ လွမ်းမိုက်ပါ ရာရာရယ်၊ နင် ငါ့ကို ..."

"တော်ပါတော့၊ အဲဒါတွေ ဘာဖြစ်လို့ ဒီလောက်တောင် ပြောချင်နေရတာလဲ၊ မြဲမြဲကိုင်ထား၊ ငါ မေမေ့ကိုသွားပြောမယ်၊ ကိုင်ထားနော်"

"မပြောနဲ့၊ နေပစေ၊ သေပစေ ရာရာ၊ နင်နဲ့ငါ ပေါင်းရဖို့မှ မရှိတော့တာ၊ နင့်အစ်မရဲ့ ဒေါသတွေကို မတုံ့ပြန်နိုင်တဲ့အဖြစ်နဲ့လဲ ငါ





မတွေ့ချင်ဘူး၊ ပြောစမ်းပါ၊ နင် ငါ့ကိုချစ်ရဲ့လားဟင်"

"ခွင်း နင်အရူးမထနဲ့၊ လက်ကို မြဲအောင်ကိုင်ထား"

မှာခဲ့ပြီး မေမေ့ကို ပြေးခေါ်မလို့ ရာရာ နောက်ပြန်လှည့်၏။

"ရာရာ ..."

"ဂျိမ်း .."

"အား ..."

"အမလေး ... ခွင်း ..."

လျှပ်ရောင် ဝင်းခနဲအလက်မှာ သူမရှိတော့သည့် မှန်တံခါးချပ်ကြီး လှုပ်ခါကျန်ခဲ့တာကို လှည့်ကြည့်ကာ ရာရာ တအားအော်လိုက်မိ၏။

"ဟင် ..."

မျက်လုံးတွေ ဖျတ်ခနဲ ပွင့်လာတော့ လျှပ်ရောင် ဝင်းခနဲ လက်သွားတာနှင့် တိုက်ဆိုင်နေသည်။

"ခွင်း ..."

ရာရာ ပက်လက်ကလေး လှဲနေရာကနေ ငုတ်တုတ်လေး ထထိုင်လိုက်မိ၏။ အပြင်မှာ မိုးစက်လေးတွေ ဆွတ်ဖျန်းသံကို ကြားနေရ၏။ လေထန်နေတာမဟုတ်သော်လည်း အပြင်ဂျက်တစ်ခု မကောင်းသည့်မှန်တံခါးကနေ လေဝင်ကာ ခန်းဆီးစလေး လှုပ်ခတ်နေ၏။

တံခါးသုံးထပ်ကို ဘယ်တော့မှ စုံအောင်မပိတ်တတ်သဖြင့် မေမေရော၊ မလတ်ရော၊ ရာရာ အိပ်မှ ဝင်ဝင်ပိတ်ပေးတတ်ကြတာ ညဘိုင်းလိုလိုပင်။

ညနေကတည်းက မိုးတွေညို့နေသလို မလတ်ဆူထားသဖြင့် တစ်နေကုန် ငိုလိုက်၊ အိပ်လိုက်ဖြစ်နေခဲ့သော ရာရာလည်း အိပ်ရာဝင်က မထဖြစ်။ သူမ အိပ်မက်ဆိုးတွေ မက်နေပါလား ...။ အိပ်ရာထဲကနေ ခန်းဆီးစလေးလှုပ်နေသည့် မှန်တံခါးဆီ ငေးကြည့်ရင်း ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နှုတ်ခမ်းတွေခြောက်သွေ့ကာ လည်ချောင်းတွေပင် နာနေ၏။ သူမ တကယ်ပဲ တအားအော်ခဲ့မိသလား မသိ၊ အော်သံကြားရင်တော့ မေမေဖြစ်ဖြစ် မလတ်ဖြစ်ဖြစ် ရောက်လာမှာပါ။ တံတွေးကို ကျပ်ကျပ် ခဲခဲမျိုချကာ စောင်ကို အသာလေးဖယ်ချလိုက်၏။

"သမီးငယ် .."

"ဒေါက် ... ဒေါက်"

"ရှင် ... မေမေ ..."

"သမီးလေး နိုးပြီလား၊ မေမေ့ကို တံခါးဖွင့်ပေးပါဦး"

ခါတိုင်းဆို ဘယ်တော့မှ တံခါးပိတ်မအိပ်တတ်ဘဲ နေလည် ကတော့ တံခါးပိတ်ပစ်လိုက်ပြီး တစ်နေကုန် အားရပါးရ ငိုဝစ်ခဲ့သည်။ တစ်ခါမှလည်း အပြင်မထွက် ..။

"သမီးလေး .."

"လာပြီ မေမေ"

ရာရာ ဆံပင်တွေကို ဟိုသပ်ဒီသပ်နှင့် မှန်ရှေ့ပြေးကာ တို့ဖတ်ယူ၍ မျက်နှာပေါ်မှာ ဖိသိပ်ရိုက်လိုက်၏။ တစ်နေကုန် မျက်ရည်ကျထား သည့် ဒီမျက်နှာကို ဖော်ရုံလောက်နှင့် ဖုံးဖိမရနိုင်မှန်းသိပေမယ့် အတော်အတန်လောက်တော့ လျော့ပါးသွားစေချင်သည်။

တံခါးဖွင့်လိုက်သည်နှင့် မေမေ့မျက်လုံးတွေက ရာရာ့မျက်နှာ လေးကိုပဲ စူးစိုက်ကြည့်၍ ....

"ဘာဖြစ်လို့ တစ်နေကုန် တံခါးပိတ်နေတာလဲ သမီး"

ရာရာက မေမေ ဝင်လို့ရအောင် ကိုယ်လေးရှိုပေးပြီး ခေါင်းငုံ့ သွားသည်။ ဝင်လာသည်နှင့် ဒေါ်ခင်နုဒီလည်း ပြတင်းတံခါးဆီကိုပဲ လျှောက်သွားကာ ...

"ညစာလဲ ဆင်းမစားဘူး၊ အခု ဘယ်နှစ်နာရီထိုးပြီလဲ"

မေမေပြောတော့မှ နာရီကို လှမ်းကြည့်မိသည်၊ ည ရှစ်နာရီ





ဒေါ်ခင်နုဒီက မသိလို့မေးတာမဟုတ်သောကြောင့် တံခါးနားရောက် မှ ရာရာ့ကို ပြန်လှည့်ကြည့်ကာ ...

"သမီးက သမီးအစ်မကို စိတ်ကောက်နေတာလား"

"ဟင့်အင်း .."

ရာရာ ခေါင်းလေးခါပြသည်။ မျက်နှာပေါ်မှာ မကျေနပ်၍ မျိုသိပ် ထားရသော စုတူမှုတူဟန်တွေ ဘာမှမရှိပါ။ ရာရာဟာ အဲဒီလို အုံဖွဲ့ စိတ်ကောက်တတ်သည့်ဉာဉ်မရှိဘူးဆိုတာကိုလည်း ဒေါ်ခင်နုဒီက သိနေသဖြင့် ...

"စိတ်ကောက်တတ်တာမဟုတ်ဘဲနဲ့ ကိုယ့်အစ်မကို စိတ်ဆင်းရဲ အောင် ဘာဖြစ်လို့ အခန်းထဲမှာ တံခါးပိတ်နေရတာလဲ သမီးရယ်၊ သမီးအစ်မ လာခေါ်တာနှစ်ခါရှိပြီ၊ သမီးက မထူးဘဲနေတာလား၊ အိပ် ပျော်နေတာလား"

"ဟင် ... မသတ် လာခေါ်တယ်"

"ဟုတ်တယ်"

"ရာရာ ကကယ်မသိလိုက်လို့ပါ မေမေရယ်၊ မလတ်ကို စိတ်ဆိုး လို့မဟုတ်ပါဘူး၊ ဟိုလေ .. ခွင်း ကို သနားတာတော့ အမှန်ပဲ၊ ဒါပေမယ့် မလတ်ဆူတာလဲ ရာရာ့အတွက်ဆိုတာ သိပါတယ်၊ ငိုချင်တာကတော့ ငိုချင်တာပဲ မေမေ"

ရာရာ ပြောနေရင်း မျက်ရည်တွေကျလာကာ မေမေ့ရင်ခွင်ထဲ တိုးပင်လိုက်မိသည်။ ပြီးတော့ စောစောလေးက အိပ်မက်နှင့် မျက်စိ ရှေ့မှာရှိနေသော မှန်တံခါးချပ်ကြောင့် မျက်ရည်က ပို၍ အားကောင်း လာခဲ့သည်။ ဒေါ်ခင်နုဒီက သမီးဆံစလေးတွေကို ပွတ်သပ်၍ ခေါင်း ညိတ်နေ၏။

"မေမေ စဉ်းစားကြည့်ပါဦး၊ ကိုယ့်ကို ဒီလောက်ချစ်နေတဲ့သူကို ဒီဟာလေးက ထိုးကြိတ်ထားတာ၊ ဟိုမှာ သွေးထွက်နေတာကျတော့



www.burmeseclassic.com

www.burmeseclassic.com



ပြေးကြည့်ဖို့ သတိမရဘူး၊ အဲဒီဟာကို သမီး ရိုက်ပစ်လိုက်တာကျတော့ ဇိုကြီးချက်မနဲ့ ဝင်ဆွဲပြီး ပြောသေးတယ်၊ သူ့ကိုပဲ ရိုက်ပါတဲ့"

ခင်ဒီပါ ပြောတာကို ပြန်တွေးလိုက်မိသည်။ စေ့စပ်ထားတဲ့သူနဲ့ သူငယ်ချင်းကြားမှာ ရာရာ ဘယ်ကိုအလေးသာပြလိုက်မှန်း သေးလှုတွေပင် အကဲခတ်မိသည်တဲ့။ အဲဒါကို ခင်ဒီပါ မကျေမနပ်ဖြစ်ခဲ့ပြီး အိမ်ပြန်ရောက်တော့ ဆူခဲ့တာဖြစ်သည်။

"ဒီသတ္တဝါလေး ကိုယ့်အပေါ်မှာ ဘယ်တုန်းက ကောင်းခဲ့ဖူးသလဲ၊ ငယ်သူငယ်ချင်းမဟုတ်ဘူး၊ အဲဒီကောင်က ငယ်နိုင်၊ သူကသာ သံယောဇဉ်တွေ ဖြစ်နေတာ၊ ဟိုက ဖြစ်ခဲ့လို့လား၊ ခုမှ ချစ်သလေး ဘာလေးနဲ့ အရှက်မရှိ၊ ဟွန်း ... အဲဒါ သိရဲ့လား အသူရာ၊ နင် သူ့ကို ကြိတ်ပိုးနေတာကိုသိလို့ ဒီပွဲပျက်ရင်ပြီးရော ဆိုပြီး ဝင်ဖျက်တာ၊ သူ လက်ဖျစ်တီးလိုက်ရင် အချိန်မရွေး ပေါက်ခနဲ ပါလာမှာပါဆိုပြီး သက်သက်ယုတ်မာတာ"

"မေမေ့သမီးကလဲ တွေးခနဲ ဒေးခနဲ ဖြစ်သွားတာ မေမေရယ်၊ မာန်ထန့်ကို အားနာဖို့ကောင်းလိုက်တာ၊ အဲဒါတောင်မှ ဟိုက စိတ်မဆိုးနိုင်ဘူး၊ အိမ်ထိလိုက်ပို့ဖို့ လုပ်နေသေးတယ်၊ 'မဆူပါနဲ့၊ မပေါက်ပါနဲ့' လို့ မှာလိုက်သေးတယ်၊ သူ့ကို ပြောချင်လွန်းလို့ ဒီမှာ ပါးစပ်ထဲမှာယားနေတာနဲ့ ပြန်တော့လို့ ကောင်းအောင်ပြောပြီး ပြန်လွှတ်လိုက်ရတယ်၊ မဖြစ်ဘူး မေမေ၊ ဒီကိစ္စ သမီး အန်တီငြိမ်းကို သွားတိုင်မယ်၊ တိုင်မှဖြစ်မယ်၊ သူတို့ဆုံးမရင် ဆုံးမ၊ နောက်တစ်ခါဆို ထောင်ပါချတ်မယ်လို့ တစ်ခါတည်းပြောမှာ"

အိမ်ရောက်သည်နှင့် မိုးမီးလောင်တော့မတတ် ခင်ဒီပါ့ ဒေါသတွေက ဝင်ထွက်ပေါက်ကွဲကုန်၏။ တရှိုက်ရှိုက်ငိုနေရင်း မကြာခင့်မှာ ရာရာ အခန်းထဲဝင်သွားတော့သည်။

"မေမေ"





"ဟင် ... သမီး"

ရာရာ့ခေါ်သံလေးကြားမှ ဒေါ်ခင်နုဒီ သတိဝင်လာ၏။ ရာရာက ဖက်ထားရာမှ မျက်နှာလေးမော့လာကာ ...

"ရာရာလေ ..."

"အင်း ...ပြော"

"ခွင်းက ချစ်တယ်လို့ပြောရှတော့ .."

ဒေါ်ခင်နုဒီက ခေါင်းညိတ်နားထောင်ပေးလိုက်၏။ ပြောရဲအောင်လို့ပါ။ ဘာပဲဖြစ်ဖြစ် ကိုယ်ကတော့ လူကြီးမို့ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်းကို ထိန်းသိမ်းနိုင်စွမ်း ရှိနေပြီဖြစ်၏။ ထို့ပြင် လူငယ်တွေ၏ နုငယ်သော ခံစားချက်လေးတွေကိုလည်း သိချင်သောကြောင့် ...

"ပြောလေ သမီး"

"သူ တကယ်ချစ်လို့ပြောတာပဲလို့ ထင်တယ်"

"သမီးရဲ့မလေတ်ပြောသလိုလဲ ဖြစ်နိုင်တယ်လေ၊ ဘာဖြစ်လို့လဲဆိုတော့ ခွင်း က မေမေ့အမြင်မှာတောင်မှ သမီးငယ်ကို ဖေးမညှာတာခဲ့တာ မရှိခဲ့ဘူးထင်တယ်"

"ဟုတ်ပါတယ်၊ ဒါပေမယ့် ... ဒါပေမယ့် ရာရာ မပြောတတ်ဘူး၊ မပြောတတ်ပေမယ့် ရာရာ့ရင်ထဲမှာလဲ ယုံနေတယ်"

"သမီးက သူကချစ်တယ်လို့ ပြောလိုက်တာနဲ့ပဲ သူ့ကို ..."

"ဟင့်အင်း မေမေ၊ ရာရာ အဲဒီလိုပြောင်းလဲချင်တာလဲ မဟုတ်ဘူး"

ရာရာက သူမ ခံစားချက်လေးတွေကို အေးအေးဆေးဆေး နားထောင်ပေးနေသည့်အတွက် အားတက်သရောလေးဖြစ်လာကာ မျက်ရည်တွေကို လက်ခုံလေးနဲ့ ပွတ်ဆွဲသုတ်ပစ်လိုက်ပြီး ...

"အားလုံးက ဖြစ်သင့်တဲ့အတိုင်း ဖြစ်သွားပါပြီ မေမေ၊ ဒါပေမယ့် ခွင်း လဲ သူ့ခံစားချက်နဲ့သူ ရှိပါစေ၊ ရာရာ သူ့ကို ထိခိုက်နစ်နာအောင် ထပ်မလုပ်ချင်ဘူး။ တကယ်ချစ်လာတာပဲဖြစ်ဖြစ်၊ မလေတ်ပြောသလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ဖြစ်ပေါ့ မေမေ၊ သူလဲ သူ့ဟာသူ ..."

"သူ့ဟာသူမသွားဘဲ သမီးတို့အိမ်ထောင်ရေးကို ထိခိုက်အောင် မလုပ်ဘူးလို့ ဘယ်သူပြောနိုင်မှာလဲ၊ မေမေလဲ ခွင်း ကိုချစ်တာပါပဲ သမီးရယ်၊ ဒါပေမယ့် ကိုယ့်ရင်သွေးကို ထိခိုက်လာရင်တော့ ကျော သားက ကျောသား၊ ရင်သားက ရင်သားပဲ၊ ပြောရရင် သမီးကြီး မမှား ဘူး သမီး၊ မာန်ထန်က သိပ်ကိုအားနာဖို့ကောင်းတယ်၊ သမီးတို့ သူ မြတ်နိုးပုံက အားလုံးကို နားလည်ခွင့်လွှတ်ပြီး မြတ်နိုးနေတာမျိုး"

"သူကရော၊ ခွင်း ကိုအနိုင်လုပြီး ရာရာနဲ့လက်ထပ်ဖြစ်အောင် လုပ်နေတာ မဖြစ်နိုင်ဘူးလား"

ဒေါ်ခင်နုဒီက ခေါင်းခါသည်။ ပင့်သက်ရှိုက်၍ မှတ်ထုတ်မပစ်ဘဲ ပြတင်းတံခါးတွေကို ပိတ်လိုက်၏။ ပြီးတော့မှ ပြန်လှည့်လာကာ ...

"သမီးရယ် ... ၊ ခွင်းရယ်၊ မာန်ထန်ရယ်၊ သမီးရယ် ဆုံခဲ့ကြတဲ့ အကြောင်းတွေကို သမီးကြီးကတဆင့် မေမေလဲ သိသင့်သလောက် တော့ သိထားတာပဲ၊ သူ ခွင်း ကို ပြိုင်ဆိုင်ချင်မှုဖြင့် ဟိုအရင် စေ့စပ် ခဲ့တဲ့ မိန်းကလေးကတည်းက ဒီတိုင်းထားခဲ့ပြီး ထွက်လာပါ့မလား။ သူ့အမေလဲ ပြောဖူးတယ်လေ၊ သမီးလဲ ပြောတာပဲ၊ ကဗျာ ဆိုတာလေး က တက္ကသိုလ်မှာ ကွင်း ဆို"

ရာရာ ငြိမ်ကျသွားခဲ့သည်။

"ပြီးတော့ သမီးကို လုယူသလို ကြံစည်ရင်တောင်မှ သမီးကို ခွင်း က သည်းသည်းလှုပ်ချင်နေရင် ဒါဖြစ်နိုင်သေးတယ်၊ ဘယ်ဘက် ကပဲ စဉ်းစားစဉ်းစား၊ အပြစ်တွေရော၊ မရိုးသားတာတွေရော ခွင်း မှာပဲဖြစ်နေတာ"

ရာရာ မျက်လွှာချလိုက်မိသည်။ မျက်ရည်နှစ်ဖက် လိမ့်ဆင်းလာ ကြ၏။ ထိုစဉ်မှာ တသိမ့်သိမ့်မြည်ဟည်းသွားသည့် မိုးခြိမ်းသံတ တဖျောဖျောကျနေသည့် မိုးစက်တွေကို နောက်ထပ် သဲမဲစွာရွာသွန်း





အင်အားဖြည့်ပေးလိုက်သည့်နှယ် ...။

"သမီး မငိုနဲ့တော့၊ ခွင်း နဲ့ပတ်သက်တာကို တတ်နိုင်သမျှ မတွေး ဘဲ နေလိုက်နော်"

ပြော၍ ဒေါ်ခင်နုဒီက ရာရာ့မျက်နှာလေးကိုမော့ယူပြီး မျက်ရည် သုတ်ပေးသည်။ 'ယက်ကချစ် အနှစ်တစ်ရာ၊ ယက်ကပေါင်း အနှစ်တစ် သောင်း' တဲ့။ ဒါက နှစ်ကိုယ်တူ ချစ်ရည်မျှကြသူတွေအတွက်တော့ လွန်အဓိပ္ပာယ်ရှိလိမ့်မည်ဖြစ်သည်။ ကိုယ်ကချည်းပဲ အနှစ်တစ်ရာ၊ အနှစ်တစ်သောင်းထိ ဆွေးမြည့်သွားရမှာကျတော့ တရားသလား ...။

"တိတ်တော့၊ မောင်မာန်ထန့်ဆီက ဖုန်းလာသေးတယ် သိလား။ သမီးငယ်ကို စိုးရိမ်လို့တဲ့၊ စိတ်ညစ်အောင် ဘာမှပြောမနေပါနဲ့တဲ့၊ သူ ခါဖုန်းဆက်တာ၊ သမီး မကိုင်လို့ တော်တော်စိုးရိမ်နေပုံလဲရတယ်၊ ကို မေးတယ်တဲ့၊ ကျွန်တော်လာရင် သူ့ထွက်တွေ့ပါ့မလားလို့လေ"

ရာရာ မျက်ရည်တွေသုတ်ပစ်လိုက်ပြီး ခေါင်းခါသည်။

"ဒီတစ်ခါဖုန်းဆက်ရင် အိပ်နေပြီလို့ပဲ ပြောပေးပါ မေမေ၊ မတွေ့ င်လို့မဟုတ်ပါဘူး။ ကိုကို ရာရာ အားနာလို့ပါ၊ ဒီလိုမျိုး သူ့ရှေ့မှာငိုမိ င် သူလဲစိတ်ညစ်မှာပဲ"

"အဲဒီတော့ မငိုနဲ့တော့ပေါ့ သမီးလေးရယ်၊ ကဲ ..ကဲ မလတ် တ်ညစ်နေတာကို သမီးလေး ဖြေမှရမှာ၊ ခေါင်းလေးဘာလေးဖြီးပြီး ထမင်းစားဖို့ ဆင်းခဲ့နော်"

"ဟင့်အင်း ..."

ရာရာက ခေါင်းခါ၍ ဒေါ်ခင်နုဒီလက်ဖဝါးနှစ်ဖက်ကို ထပ်ဆုပ်ကိုင်ကာ

"ဘယ်လိုမှ စားလို့ရမှာမဟုတ်လို့ပါ မေမေ၊ ဒီညတော့ ရာရာ ဆင်းတော့ဘူးနော်၊ အိပ်ပျော်သွားတော့ ရင်လဲပြည့်နေပြီ မဆောင်း ခနဲ့ မေမေရယ်၊ မလတ် ရှေ့မှာ ရာရာ မနေရဲသေးလို့ပါ"

ရာရာ အတင်းတောင်းပန်တော့ မေမေ မျက်နှာမကောင်းစွာနှင့်



www.burmeseclassic.com

www.burmeseclassic.com



ပြန်ထွက်သွားရှာသည်။ မလတ်လည်း စိတ်ကောင်းမှာမဟုတ်ပေ။ ဒါပေမယ့် မတတ်နိုင်ပါ။ တံခါးပြန်ပိတ်လိုက်ပြီး အိပ်ရာထဲဝင်ဖို့ မျက်လုံးက ပြတင်းတံခါးဆီ တစ်ချက်ထပ်ဝေ့သွားမိသည်။

ထိုစဉ်မှာ ဟိုဘက်တိုက်ဆီမှ မီးရောင်ကို လှမ်းမြင်လိုက်သဖြင့် ရာရာ့ခြေထောက်တွေက ပြတင်းတံခါးဆီသို့ ရောက်သွားသည်။ မှန်တံခါးနှစ်ထပ်ကို ဖွင့်ပစ်လိုက်သည်နှင့် လေရေးသော မိုးစက်တွေက ဖျောခနဲ ဝင်လာသည်။

မြင်လိုက်ရပါပြီ။ ဟိုဘက်မှန်တံခါးပေါက်မှာ ရပ်နေသည့် ခွင်း။ မီးရောင်ကို ကျောခိုင်းနေသလိုဖြစ်နေသောကြောင့် ဓာဓာတ ဒီဘက်ကို လှမ်းထိုးလိုက်သော ဓာတ်မီးနှင့် သူ့မျက်နှာကို ပြန်ထိုးပြနေ၏။ ပြီးတော့ ခြံရှေ့ကို ခဏထွက်ခဲ့ဖို့ လက်ညှိုးနှင့်လိုက်ပြနေသည်။

ခြံနှစ်ခြံက ကပ်လျက်ပေမယ့် နှစ်ခြံစလုံး၏ ဝင်းထဲမှာ မှောင်ရိပ်သိပ်မရှိပေ။ ထို့ပြင် နှစ်ဖက်စလုံးမှ အပေါ်ထပ်အောက်ထပ် ဘယ်က ကြည့်ကြည့် ခြံနှစ်ခြံစပ်ကြားကို လှမ်းမြင်နိုင်သည်။

ဒီအချိန်ဆို မိုးကလည်းရွာနေသဖြင့် အိမ်ရှေ့တစ်ဖက်ခြမ်းမှာ မှောင်ရိပ်ရှိ၏။ သို့သော် ဘယ်လိုမှ မဖြစ်နိုင်သည့်တောင်းဆိုမှုကို ရာရာ မတတ်နိုင်ပါ။ ခေါင်းရော လက်ရော ခါပြကာ ...

"မဖြစ်ဘူး၊ ဒါ ဆင်းလို့မရဘူး ခွင်း"

ဆိုတာကို သူမကြားမှန်းသိလျက်နှင့် နှုတ်ခမ်းလှုပ်ရုံလေး ပြောမိ၏။ ခွင်း ကလည်း ခေါင်းခါသည်။ ရာရာ့ မျက်နှာကို ဓာတ်မီးနှင့် ထပ်ထိုး၍ သူကိုယ်သူ ပြန်ထိုးပြကာ ဆင်းခဲ့ဖို့သာ လုပ်ပြ၏။ ရာရာ ခေါင်းထပ်ခါလိုက်သည်နှင့် ...

"အို ... ခွင်း ..."

ခွင်း က သော့နှင့် အရှင်တပ်ထားသည့် ပြတင်းသံပန်းကို ဆွဲ ခေါက်ပစ်လိုက်၏။ ထိုကနေ ခုန်ချပစ်လိုက်ဖို့ ခွကျော်တက်ပြီး ခြေ





နှစ်ဖက်စလုံးကို အပြင်ဘက်မှာ တွဲလောင်းချလိုက်ပြီးဖြစ်ရာ ...

"မလုပ်နဲ့၊ အဲဒီလိုမလုပ်ပါနဲ့"

ရာရာ့မျက်လုံးထဲမှာ မီးပွင့်သွားသည့်နှယ်ပင်။ သူ တမင်ခြောက်လှန့်ပြနေတာလား။ တကယ်လုပ်မှာလားဆိုတာကို ခွဲခြားဖို့ ခေါင်းထဲမှာ ရှိ။ အိပ်မက်ထဲက ခွင်း ၏အော်သံကြီးနှင့် မိုးရေတွေ တဖျောဖျော ကျနေပြီး လှုပ်ခါကျန်ခဲ့သော မှန်တံခါးချပ်ကြီးကို မြင်လိုက်သည်။ ခွင်း တကယ်ခုန်ချတော့မည်ဟုပဲ ထင်လိုက်ပြီး တစ်ကိုယ်လုံး သွေးခဲ မတတ်ဖြစ်သွားကာ ...

"လာမယ်၊ ဆင်းလာခဲ့မယ်"

ခေါင်းတွင်တွင်ညိတ်၍ ပြန်လှည့်လိုက်သည်။ ပြီးမှ တံခါးပိတ်ဖို့ သတိရပြီး ဆွဲပိတ်လိုက်ရ၏။ ထိုစဉ်မှာ မိုးစက်တွေက ပို၍စိပ်လာသည်။ လေတိုက်နှုန်းကျသွားကာ မိုးသံပဲ မြည်လာ၏။

ဘယ်သူမှ မမြင်ဘဲ အပြင်ထွက်ဖို့အတွက် ရာရာ လေ့ကားကြီး သုံးတော့ စာကြည့်ခန်းထဲ ကပ်ဝင်ခဲ့ရသည်။ စာကြည့်ခန်းပြတင်းပေါက်ကနေ သံပန်းတံခါးကို သော့ဖြုတ်ခေါက်ပြီး ခြံထဲ ခုန်ချလိုက်၏။

ခြေထောက်တစ်ဖက်မှာ မျက်ခနဲဖြစ်သွားတာကို ဂရုမထားနိုင်ပေ။ မိုးစက်တွေ ကိုယ်ပေါ်မှာ စိမ့်ခနဲ ဖျန်းပက်ကာ ချက်ချင်းမိုးစိုတုန်သည့်အဖြစ်ကိုလည်း ဂရုမစိုက်ဘဲ ခြံဝကို ပြေးထွက်ခဲ့မိသည်။

ခြံဝကျတော့ ကိုယ့်ခြံထဲမှာ ဘယ်နေရာကနေဘယ်လို တက်ရမည်၊ ထွက်ရမည်ကို သိနေသည့်မို့ ခြံစောင့်အိမ်ဘေးမှာ ကပ်ထောင်ထားသည့် ဒေါက်လေ့ကားလေးကိုသယ်ပြီး အသုံးပြုလိုက်တာနှင့် ခြံပြင်ရောက်သွား၏။

"အား ......"

ဟိုဘက်ကို အရဲစွန့်ပြီးခုန်ချလိုက်တော့ မျက်စိကို စုံမှိတ်ထားခဲ့ပေမယ့် ရင်ထဲမှာ လှပ်ခနဲ ဖြစ်သွားကာ အော်လိုက်မိသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



သူမ ကျခဲ့တာက မြေပြင်ပေါ်ကိုမဟုတ်ဘဲ ခွင်း ၏ရင်ခွင်ထဲကို ဖြစ်နေ၏

"ခွင်း ..."

"ရာရာ၊ နင်ထွက်လာတယ်နော်"

"ခွင်းရယ်၊ နင် ဘယ်လိုဖြစ်နေတာလဲ"

သူ့ရင်ခွင်ထဲကနေ ရုန်းထွက်လိုက်တော့ ခွင်း က သူဝတ်ထား သည့် မိုးကာအင်္ကျီကို ချွတ်ပစ်လိုက်ပြီး ရာရာ့ကိုပေးသည်။

"ရော့ ... မြန်မြန်ဝတ်လိုက်"

"မဝတ်ချင်ပါဘူး၊ စိုနေပြီပဲဟာ၊ နင့်ဟာနင် ပြန်ဝတ်လိုက်စမ်းပါ"

"ဝတ်ပါဆိုမှ"

ခွင်း က ပြောလည်းပြောကာ ရာရာ့လက်ကလေးနှစ်ဖက်ထို သူကိုယ်တိုင် တစ်ဖက်စီဆွဲ၍ အင်္ကျီလက်ထဲ လျှိုထည့်ပေးပြီး ဝတ် ပေးလိုက်၏။ ပြီးတော့ လက်ဖဝါးလေးနှစ်ဖက်ကို ဆွဲကာ ...

"ရာရာ .. ငါ ... ငါ နင့်ကို တကယ်ချစ်သွားတာ၊ အဲဒါ တကယ် ပြောတာပါဟာ၊ နင်မယုံဘူးလားဟင်"

"ဟင့်အင်း၊ မယုံဘူး"

ရာရာက အလွယ်တကူ ခေါင်းခါပစ်လိုက်သည်။ ခွင်း ဟာ ဖြစ်သွားသည်ကို မော့ကြည့်ကာ ...

"ယုံဖို့မရှိတာ ခွင်း ရယ်၊ နင်ဟာ မာန်ထန်ဆိုတဲ့ လူတစ်ယော ကိုပဲ တစ်ချိန်လုံး ခေါင်းထဲထည့်နေခဲ့တာ၊ နင့်အတွက် အဓိကက မာန်ထန်နဲ့ယှဉ်လိုက်ရင် အားလုံး သာမညတွေပဲ မဟုတ်ဘူးလာ ကဗျာ တောင်မှ ..."

"နင် အဲဒါတွေ ထားခဲ့လိုက်တော့ ရာရာ၊ ငါ ရှုပ်ခဲ့တာတွေကို ထားခဲ့လိုက်ပါ၊ ချက်ချင်းကြီး ပြောင်းလဲပစ်လိုက်သလိုဖြစ်သွားတာ ကို မရိုးသားဘူးလို့ စွပ်စွဲလို့ရပေမယ့် ခုမြင် ခုချစ်ထက် ငါ့အချစ်က အများကြီးနိုင်မာတယ်၊ နင်နဲ့ငါ့ရဲ့ သံယောဇဉ်တွေထဲမှာ ဘယ်တုန်း





ကမှ အချစ်မပါခဲ့ဘူးလို့ ဘယ်သူပြောနိုင်သလဲ၊ နင့်ကို ငါအခုချစ်တယ်"

"မရတော့ဘူး ခွင်း၊ ငါ ... ငါ နင့်ကို မရိုးသားစိတ်တွေ ရှိခဲ့ဖူး တယ်၊ ဒါပေမယ့် အဲဒီအချိန်မှာ နင့်ရင်ထဲက အဓိကတွေဟာ ငါမဟုတ် ခဲ့ဘူး၊ နင်ပြောသလိုပေါ့၊ ငါချစ်ခဲ့ရတဲ့ ကာလတွေလဲ နည်းနည်းနော နောမှမဟုတ်တာ ခွင်း ရယ်"

ပြော၍ ရာရာ ငိုချင်လာတာကို ထိန်းသည်။ မျက်ရည်မကျသေး တာကို ကိုယ့်ကိုကိုယ်သိပေမယ့် အသံကိုကြားတဲ့သူ့အတွက်တော့ ရာရာ ငိုနေပြီလို့ ထင်မှာပါ၊ တုန်ခါနေသည့်အသံကိုတော့ ထိန်းလို့မရပေ။

ခွင်း က စကားဖြတ်ပြောမလို ရာရာ ရုန်းလိုက်သည့်လက်ကလေး ကို ပြန်လိုက်ဖမ်းသည်။ ရာရာက အကိုင်မခံဘဲနှင့် ...

"နင့်ကို အောင်နိုင်သူလို ကြားနေတာမဟုတ်ဘူး၊ မျှော်လင့်နေ အောင်လို့ စကားအမျှင်တန်းနေတာလဲ မဟုတ်ဘူး၊ ငါပြောချင်တာက ငါချစ်နေခဲ့ရတုန်းကလဲ နင် ပြန်ချစ်လာမှာပဲလို့ လုံးဝမမျှော်လင့်ခဲ့ဘူး ဆိုတာပဲ၊ အဲဒီအတွက် ငါ့အချစ်ဟာ လက်ခံသူမဲ့ခဲ့တဲ့ ဟင်းလင်းပြင် ထဲကနေ ဘယ်အရပ်၊ ဘယ်ရင်ခွင်မှာဖြစ်ဖြစ် ထာဝရနိုးနားခွင့်ရှိတယ်"

"ရာရာ ..."

"နေဦး ခွင်း၊ နင်နဲ့ငါနဲ့လွဲနေတာတွေကို သတိရစမ်းပါ၊ ဘယ်လိုမှ ဆုံစည်းလို့မရတော့ဘူးဆိုတာကို ငါတို့လက်ခံမှဖြစ်မှာ"

"မခံနိုင်ဘူး ရာရာ၊ နင့်ကို တစ်လျှောက်လုံး ငါ ပိုင်ဆိုင်လာခဲ့တာ"

"နင် မှားနေပြီ၊ ပိုင်တာမဟုတ်ဘူး၊ အတူရှိနေခွင့်တွေဖြစ်ခဲ့တာ"

"ရာရာ ...နင် ငါပြောတာကို ပိတ်ပိတ်မပြောပါနဲ့"

မိုးက သည်းလာလိုက်၊ ပါးသွားလိုက်နှင့် ဆီပိတ်ချင်နေသေး တားတစ်စီး တို့ဆွဲနေသလိုပင်။ ခွင်း က ဆံပင်မှတဆင့် မျက်နှာပေါ် ရေတွေကျနေတာကို စိတ်မရှည်သလိုမျိုး လက်နဲ့ဆတ်၍ ခါသုတ်ပစ် တာရော၊ ဖိသိပ်ပစ်တာရော စုံနေကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက လူရှုပ်လူပွေ၊ အသည်းနှလုံးမရှိဘူး၊ အကုန်လုံး မကောင်းတာတွေဆို ငါပဲ၊ အချစ်တွေများပြီး ချစ်ရမှန်းမသိတဲ့ကောင်၊ အဲဒါလဲ ငါပဲ၊ တကယ်တော့ ငါကမှ မချစ်တတ်ခဲ့တဲ့ကောင်ပါ၊ အဲဒါကို နှင်းလက်ခံစမ်းပါ ရာရာ၊ အချစ်ဆိုတာ တကယ်ချစ်တတ်လာရင် မြားတစ်ချောင်းတည်းနဲ့ ပစ်မှတ်နှစ်ခုကို တစ်ပြိုင်တည်းသွားလို့ မရပါဘူး ငါ ရည်းစားတွေထားပြီး မစွဲလမ်းတတ်ခဲ့ဘူး၊ သိက္ခာကျပစေ၊ အရှက်ရပစေ၊ နောက်ဆုံး ငါ ဘာဖြစ်ဖြစ် သေသေဆိုတဲ့အထိ ပိုင်ဆိုင်ဖို့ ကြိုးစားချင်လာတာ နှင့်ကျမှ ..."

"ဟင့်အင်း ..."

ရာရာ ငိုပါပြီ ...။ ခေါင်းခါပစ်လိုက်သည်နှင့် ခေါင်းမှာ ခပ်ချောင်ချောင်စွပ်ချထားသည့် မိုးကာခေါင်းစွပ်က နောက်ကို ခွေကျသွား၏။ ထိုစဉ် လျှပ်ရောင်လက်သွားသဖြင့် ရာရာ့မျက်နှာလေးက ဝင်းခနဲ ပေါ်လာသည်။ ခွင်း က ရာရာ့မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်နှင့် ညှပ်ယူမော့လိုက်ကာ ...

"ငါ နှင့်ကိုချစ်တယ်၊ အဲဒီထဲမှာ မာန်ထန်မပါဘူး၊ ရှေ့ကြောင်း နောက်ကြောင်း လုံးဝမပါဘူး၊ နှင် ဒါကို လုံးဝလက်မခံဘူးဆိုရင် နှင်လက်ခံယုံကြည်အောင် မာန်ထန့်ကို ငါ ရင်ဆိုင်တွေ့ပြီး ..."

"ခွင်း ..."

ရာရာက သူ့လက်တွေကို ဆောင့်ဖြုတ်ချလိုက်ပြီး အော်သည်။

"အချစ်ဆိုတာကို နှင် ဘယ်လိုနားလည်နေသလဲဟင်၊ ဒီကောင်မလေး ငါ့ကိုကြိုက်ခဲ့တာဆိုပြီး လိုချင်တိုင်း ကောက်ယူပစ်လို့ ရနိုင်သလား။ ငါ နှင့်ကိုချစ်ခဲ့ဖူးတာကို ငါ့နောက်ပါမလာချင်လို့ နှင်သိအောင် ပြောခဲ့တာ၊ ချစ်ခဲ့ဖူးတာနဲ့ ချစ်ခွင့်ရတာနဲ့ မတူဘူး၊ ငါချစ်နေခဲ့တုန်းက နှင့်အချစ်တွေက သူများဆီမှာ၊ အချစ်နဲ့ ဥပေက္ခာကို ရောသမမွှေလို့ မရဘူး သိရဲ့လား။ နှင့်ဥပေက္ခာတွေထဲကို ဘယ်လိုမှ ထည့်မရခဲ့တဲ့





ငါ့ရဲ့အချစ်က ထိုက်တဲ့သူဆီကို သွားတာပါ။ အဲဒါ နှင်နားလည်စမ်းပါ။ အခု နှင့်ရဲ့ချစ်ခြင်းတွေမှာ ဘယ်လိုဂုဏ်သတ္တိတွေပဲ ရှိနေနေ၊ ငါ ထူးခြွန်ဆု မပေးနိုင်တော့ဘူး ခွင်း"

"နှင် ဘာတွေပဲ မီးနိုပြုပြု၊ ငါ လက်မလျှော့ဘူးဆိုရင်ရော"

"အဲဒါဆိုလဲ သွားသေလိုက်တော့လို့ ပြောရမှာပဲ၊ ငါ့ရှေ့မှာ နှင် ရည်းစားတွေထားပြီး ကြင်နာယုယနေတာကို နှင့်အထုပ်အပိုးတွေ ပွေ့ပိုက်ပြီး ငါ ရပ်စောင့်ပေးခဲ့ရတာပါ။ နှင့်အဖြစ်က အဲဒီလောက် မဆိုးသေးပါဘူး"

"နှင် ငါ့ကို ဂလဲ့စားချေနေတာလား"

"ချေစရာလား ခွင်းရယ်၊ ခံစားစရာရှိသမျှ ငါပဲ ကြိတ်ခံချင်ခဲ့တာ ဒီနေ့ထိပဲ၊ နှင် ငါ့ချစ်သူကို ထိုးပစ်လိုက်တာတောင် ငါ နင့်ကို အပြစ်မယူခဲ့ဘူး"

"အဲဒါ အချစ်တွေပဲ ရာရာ၊ နှင် ငါ့ကိုချစ်နေပါသေးတယ်၊ ငါ့ကို ရွဲ့ပြီး မာန်ထန်နဲ့လက်ထပ်ဖို့ ခေါင်းညိတ်တာမို့လား၊ ပြောစမ်းပါ"

"မဟုတ်ဘူး။ နှင့်ကိုရွဲ့ဖို့ဆိုတာ ငါရွဲ့ရင် နှင်တုန်လှုပ်သွားလိမ့်မယ်လို့တောင် ထင်မထားခဲ့ဘဲ အမိုက်ခံပြီးရွဲ့စရာလား၊ ပြောပြီးပြီပဲ ခွင်းရယ်၊ ငါ့ဆုံးဖြတ်ချက်နဲ့ ငါ့အချစ် ဘယ်အရပ် ဘယ်ရင်ခွင်ဖြစ်ဖြစ် နိုးနားခွင့်ရှိတယ်"

"မရဘူး။ နှင့်ကို ငါ ဘယ်နည်းနဲ့မှ ဆုံးရှုံးမခံနိုင်ဘူး ရာရာ၊ နှင် နားရမယ့်ရင်ခွင်ဟာ ငါ့ရင်ခွင်"

"မာန်ထန်ကလွဲပြီး ဘယ်သူ့ကိုမှ ငါ မချစ်နိုင်ဘူး။ အဲဒါကို ပြတ်ပြတ်သားသား သိသွားစေချင်လို့ ငါလာပြောတာ၊ ဥပမာပြောရရင် နှင်နဲ့ငါဟာ တိမ်မှာ အမြစ်တွယ်ချင်တဲ့ သစ်ပင်တွေလို ဒါမှမဟုတ်ရင် တိမ်ပေါ်မှာ သစ်ပင်စိုက်ဖို့ ကြိုးစားတဲ့လူတွေပဲ"

ရာရာက မိုးစက်တွေကို လက်ဖဝါးလေးနဲ့ ဖိသပ်ချပြီး ချာကနဲလှည့်ထွက်မော့သည်။ ကောင်းကင်က အနည်းငယ်ကြည်သွားကာ မိုးစက်မိုးပေါက်လေးတွေပဲ ကျနေသေးတာရှိ၏။ မကြည်လင်တာက ခွင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ မျက်နှာပဲဖြစ်သည်။ ဆံပင်တွေကို မျက်နှာမော့၍ ခပ်ဆတ်ဆတ် ခါထုတ်ပစ်လိုက်ကာ ...

"ပြောပါဦး၊ တိမ်မှာ အမြစ်တွယ်တယ်ဆိုတာ ..."

"ဟွန်း ..."

ရာရာ မဲ့ပစ်လိုက်မိသည်။ 'တိမ်၌ အမြစ်တွယ်ခြင်း' ဟု ခေါင်းစဉ် လေးတပ်ထားခဲ့သော ဒိုင်ယာရီထဲက ငယ်ငယ်ကအတိတ်အကြောင်း လေးကို ခွင်း ကိုရှင်းပြဖို့ သူမ ကြိုးစားခဲ့ဖူးသည်။ ဒါပေမယ့် ခွင်း ရဲ့ လှောင်ရယ်သံများကြောင့် ကျရှုံးရင်း လှည့်ပြန်လာခဲ့ရသည်။

ခုလည်း ဒိုင်ယာရီလေးအကြောင်းကို ပြောဖို့စိတ်မကူးတော့ပါ။ ကမ္ဘာ့အံ့ဖွယ်တောင်ကြီးပေါ်မှာကတည်းက အံ့ဩဖွယ်သော သည်းခံ နားလည်မှုများနှင့် ချစ်ခဲ့ရသည့်အဖြစ်တွေကိုလည်း သိမ်းထုပ်စွန့်ပစ် ခဲ့ပြီးပြီ။ သူ့အတွက်ရှိနေသည်က သံယောဇဉ်ပဲဖြစ်သင့်တာမို့ ...

"ရှင်းပြစရာလိုလို့လား ခွင်း၊ နင့်မှာ ချစ်သူတွေ ဝိုင်းဝိုင်းလည်နေ တုန်းမှာ ငါချစ်တာကို နင်မသိဘူး၊ အခု ငါ့မှာ ချစ်ရမယ့်သူရှိလို့ ချစ်နေ ပျော်နေတဲ့အချိန်ကျတော့ နင်က ချစ်ပါတယ်တဲ့၊ နင့်အချစ်တွေလည်း အရာမထင်၊ ငါ ချစ်ခဲ့၊ နားလည်ခဲ့သမျှလည်း ဘာမှမဖြစ်ခဲ့ဘူးလေ"

"ဘာလို့မဖြစ်ရမှာလဲ၊ နင် အခု လက်ထပ်ရသေးတာမှမဟုတ် တာ၊ စနစ်တွေ ဓယားတွေနဲ့ ငါ့ကို တုပ်နှောင်မနေပါနဲ့တော့၊ နင့်ရင်ထဲ က ကဗျာတွေကို နားထောင်ပြီး ငါ ငုတ်တုတ်မေ့မကျန်ခဲ့နိုင်ဘူး"

"ဒါတော့ သဘောပဲလေ၊ ငါ့ရင်ထဲက ကဗျာတွေကြောင့်လဲ နင့်ရဲ့ ဥပေက္ခာတွေကို နှစ်ရှည်လများ သည်းခံပြီး ပျားရည်တွေအမှတ်နဲ့ စားသုံးမျိုချနိုင်ခဲ့တာပေါ့၊ နင့်လို ကဗျာမဆန်တတ်တဲ့လူနဲ့ လွဲခဲ့ရ တာလဲ ငါကံကောင်းတယ်လို့ မှတ်ပါတယ်"

"ရာရာ ..."

"ဖယ်ပေး ..."





သူက ဖွတ်ဆွဲသည်။ ရာရာက ဖွတ်ရုန်းပစ်၏။ ဆွဲလား ရုန်း လားတွေဖြစ်ကုန်ရင်း ခွင်း က ရာရာ့တစ်ကိုယ်လုံးကို ရင်ခွင်ထဲမှာ ဆွဲသိမ်းဖက်ပစ်လိုက်သည်။

"နင့်ကို ငါသိပ်ချစ်တယ်"

"အို ... လွှတ် ... လွှတ်"

အတင်းမော့ယူပြီး နမ်းပေမယ့် ရာရာ တအားရှောင်နေသဖြင့် မအောင်မြင်၊ နောက်ဆုံးမှာ နှုတ်ခမ်းလွှာလေး၌ သိမ်းပိုက်ကျူးကျော် ဖို့ထိဖြစ်လာလျှင် ....

"လွှတ် ..."

ရာရာ ဆောင့်တွန်းပစ်လိုက်ပြီး နောက်ဆုတ်ရပ်လိုက်၏။ ရှုန်းဖယ်တွန်းထိုးရင်း မောဟိုက်နေတာတွေရော၊ ဒေါသနှင့် ရှက် ကြောက်ခြင်းတွေ စုပြုံခံစားကာ ရာရာ့တစ်ကိုယ်လုံးကို တုန်ယင်နေ၏။

ခွင်း က တောင်းပန်သလိုလက်ကာပြီး ရှေ့ကိုတိုး၏။ ရာရာ လက်ညှိုးကတုန်ကယင်ထိုးကာ ...

"မတိုးနဲ့ နင် ရပ်နေလိုက် ခွင်း၊ နင် ... နင် ငါ့ကိုသိပ်အထင်သေး တယ်၊ မချစ်နိုင်ပါဘူးလို့ ပြောနေရက်နဲ့ စော်ကားဖို့ကြိုးစားတယ်၊ နင် သိပ်အထင်သေးခဲ့တဲ့ ရာရာ ဆိုတဲ့ ခပ်တုံးတုံးမိန်းမဟာ ယောကျ်ား တစ်ယောက်ကို ကြိတ်ချစ်နေခဲ့ပြီး နေရာတကာ သည်းခံခွင့်လွှတ်ရင် ခွင့်လွှတ်နေလိမ့်မယ်၊ အဲဒီနေရာတကာထဲမှာ ကိုယ်ကျင့်တရားမပါဘူး"

"မဟုတ်ဘူး ရာရာ၊ ငါတောင်းပန်ပါတယ်၊ ငါ ရုတ်တရက်စိတ် လွှတ်သွားလို့ပါ။ ပြီးတော့ နင်က မချစ်ပေမယ့် ငါ နင့်ကိုသိပ်ချစ် ..."

"မပြောနဲ့ နင်နဲ့ငါ့ကြားမှာ အဲဒီစကား လုံးဝမလိုတော့ဘူး၊ လိုတာ က သံယောဇဉ်စကားပဲ၊ နင် ဒုက္ခများတာ၊ ထိခိုက်မှာကို မကြည့်ရက် ချင်လို့ လာတာဟာ ချစ်လို့မဟုတ်ဘူး၊ သံယောဇဉ်ဆိုတာ ရှိနေသေးလို့"

"နင် မတရားဘူး၊ ငါ့ကို ဒေါသကြီးတယ်၊ အနိုင်ယူတယ်နဲ့ အခု



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ အနိုင်ယူသွားတာ ဘယ်သူလဲ၊ ငါ အနိုင်ယူနေခဲ့တုန်းက နင် အပြုံးမပျက်နေနိုင်ခဲ့တယ်၊ နင်အနိုင်ယူသွားတာ အခု ငါရှုံးတော့မယ် သိရဲ့လား။ ရည်းစားတွေထားတယ်၊ မွေ့တယ်၊ ရှုပ်တယ်လို့ နာမည်ကြီးခဲ့ပေမယ့် နင့်ကိုဘေးမှာထားပြီး ငါ ဘယ်မိန်းမကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့သလဲ၊ တစ်ချိန်လုံး လိပ်လို ခေါင်းလျှိုနေခဲ့ပြီးမှ လိုအပ်တာနဲ့ ဆူးတွေ ခါထုတ်ပစ်လိုက်တာက နင်၊ နင်က ဖြူဆူးလိုပဲ"

"ဟုတ်တယ်၊ နင်ပြန်တော့"

"မရဘူး၊ ထွက်လာတုန်းက နင်နဲ့ငါ ပြောမယ်၊ ညှိနှိုင်းမယ်၊ လိုအပ်သလို စွန့်စားကြမယ်လို့ပဲ၊ ဒါပေမယ့် အခု နင့်ကိုငါ ပြန်မလွှတ်နိုင်တော့ဘူး"

"ဘာပြောတယ်"

"ဂျိမ်း ..."

"ဟင် ..."

တံခါးကြီး၏ အတွင်းဂျက်ဖြုတ်လိုက်သံက ဂျိမ်းခနဲ မြည်သွားသည်။

"လာ .."

"အို ..."

ရာရာ လန့်ဖျပ်၍ လှည့်ကြည့်မိဆဲမှာ ခွင်း က နောက်ကနေ လက်ကိုဆွဲ၍ ပြေးတော့သည်။

"ဟင့်အင်း၊ မလိုက်ဘူး"

"ဟိုမှာ လိုက်လာကြပြီ၊ ငါတို့ကိုတွေ့ရင် ပြဿနာတက်မှာပဲ၊ လာပါ၊ လာစမ်းပါဟာ"

"အို ... တက်ပစေ၊ လွှတ်ပါ ... လွှတ်စမ်းပါ"

ရှန်းနေရင်းနဲ့ ရာရာ သူ့နောက်ပါသွားသည်။ ခြံတံခါးပွင့်လာပြီး ခေတ်မီးရောင်က ဟိုဒီဝေ့ဝိုက်သွား၏။ ခွင်း က ရာရာ့ကိုဆွဲဖယ်ဝင်ကာ ဘေးခုတ်တံတိုင်းတွေမှာ ပြားနေအောင်ကပ်လိုက်၏။





မီးရောင်တွေပြန်ပျောက်သွားပြီး ခြံတံခါးကတော့ ပြန်မပိတ်ပေ။ ခြံထဲက မီးတိုင်မီးရောင်က အပြင်လမ်းမပေါ်ကို ဖြာကျနေတာ မြင်နေရ၏။ မလတ်တို့ အပြင်သွားမလို့ ကားသွားထုတ်တာ ဖြစ်နိုင်၏။ ရာရာ ဘာလုပ်ရမှန်းမသိတော့ပေ။ ဒီတိုင်းကြီးမြင်သွားလို့ကတော့ မလတ်က သူမကို ဆုံရုံးအပြင်မရှိနိုင်ပေမယ့် ခွင်း အတွက်မလွယ်ပေ။

လောလောဆယ် ထိုးဖောက်ကြိတ်တာတွေလည်း ပါနိုင်သလို အချုပ်ထဲ ဘာညာဆွဲထည့်မပစ်ဘူးလို့ မပြောနိုင်။

"လာ ... လာ၊ လမ်းထိပ်ရောက်ရင် ပုန်းလို့ရတယ်"

"ခွင်း ... ခဏနေပါဦး။ ငါ တောင်းပန်နေတာဟာ၊ နင် ပြေးပါ၊ ငါ့နားကနေ ခဏလေးထွက်ပြေးပြီး ပုန်းနေလိုက်၊ ငါပြန်သွားလိုက်ရင် ဘာမှမဖြစ်တော့ဘူး၊ လက်ကိုလွှတ်ပါ"

"ဘယ်တော့မှ မလွှတ်ဘူး၊ ခွင်း ဆိုတဲ့ကောင်က အန္တရာယ်ဆိုတာကို ကြောက်တတ်တဲ့ရာဇဝင်မရှိဘူး၊ ဘာမှမဟုတ်တာတွေတောင်မှ ငါ ဘာမှဂရုမစိုက်ခဲ့ဘူး၊ အခု နင့်ကို ပိုင်ဆိုင်ခွင့်ရဖို့အတွက် ဘာဖြစ်ဖြစ် ရင်ဆိုင်မယ်"

လက်ကိုဆွဲ၍ လမ်းထိပ်ကို ပြေးထွက်လိုက်သည်။ ရှန်းနေရင်းနှင့် ရာရာ ဒီတိုင်းပါသွားခဲ့လေသည်။ ထိုစဉ် လမ်းထိပ်မှ ကွေ့ဝင်လာသည့် ကားတစ်စီး၏ မီးရောင်က ဝင်းခနဲ ကျလာ၏။

ခွင်း က လမ်းပေါ်မတက်ဘဲ ဘေးကနေ ကပ်ပြေးသည်။ ထိုစဉ် နောက်က ကားတစ်စီးက ဘွားခနဲ ဝိုက်ကွေ့တက်လာ၏။ လျှပ်ရောင်ဝင်းခနဲဖြစ်ပြီး မှောင်ကျသွားစဉ်မှာ အားလုံးဘဝတွေ မှောင်အတိကျသွားခဲ့လေသည်။

"ဟာ ..."

"ကျွီ ...."

"ဖယ်နေ .."



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

"ခုန်း ..."

အော်ဟာစ်မြည်ဟည်းသံတွေ ဆူညံသွား၏။

"အ ... ခွင်း ... ခွင်းရေ"

ရာရာ ဘေးက မြက်စိမ်းရှည်တို့နှင့်ချုံပေါ် ပစ်ကျသွားရာမှ ကျုံ့ရှုန်းထသည်။ လက်တစ်ဖက်၊ ပေါင်တစ်ဖက် မျက်သွားတာကို ဂရုမစိုက်ဘဲ ဖွတ်ထရပ်၏။

"ခွင်း ..."

ကားကို အနီးကပ်ကြီး မထင်မှတ်စွာ ရင်ဆိုင်လိုက်ရချိန်တွင် ခွင်း သူမကို ဆောင့်တွန်းဝစ်လိုက်သည်။

"ခွင်း ... ခွင်း ..."

"ရာ ...ရာ ..."

ကွန်ကရစ်လမ်းကလေး၏ တစ်ဖက်စွန်းမှာ မှောက်ခုံကြီးဖြစ်နေသည့် ခွင်း ၏ကိုယ်ကြီး ကုန်းကွလူမ်ရှားလာသည်၊ ရာရာ ဟု ခပ်သဲ့သဲ့အသံအဆုံးမှာ ခွင်း ကို ရာရာ မနိုင်မနင်း ပွေ့ပိုက်ယူလိုက်ပြီး ဖြစ်လေသည်။

"ခွင်း ..."

"ရာ ... ရာ ..."

သူ့အသံက ယဲ့ယဲ့မျှသာ ...။ တဝင်းဝင်းလက်နေသည့် လျှပ်ရောင်များမှာ နားနှင့်နှုတ်ခမ်းထောင့်မှ စီးကျလာသည့်သွေးတို့က မြင်မကောင်း။

"ခွင်းရယ်၊ ငါ့ကြောင့် ..."

ရာရာ မငိုနိုင်၊ ဆို့ကျပ်နာကျင်နေသည့် ရင်ဘတ်ထဲက စကားလုံးတွေကို ထုတ်မရ မပြောနိုင်နှင့် သူမတစ်ကိုယ်လုံးလည်း တုန်ယင်နေ၏။

"ရာ ... ရာ၊ ငါ ... ငါ ..."





"မပြောပါနဲ့၊ နားနေပါ ခွင်း ရယ်၊ ငါ နင့်ကို ဆေးရုံ ..."

"ရာရာ .."

ရာရာ့စကားမဆုံးမီ ဆုပ်ကိုင်ထားသည့်လက်ကို သူတ ရှိသမျှ အင်အားလေးနှင့် ဖျစ်ပစ်လိုက်သဖြင့် ဆက်မပြောနိုင်တော့ပေ။

"ငါ ... ငါ .. နင့်ကို ..."

တစ်ကိုယ်လုံး ဆတ်ခနဲ တုန်၍ ကော့တတ်သွား၏။

"ခွင်း .."

ရာရာ ထိတ်လန့်ကာ ခွင်း တစ်ကိုယ်လုံးကို တင်းနေအောင် ပိုက်ထားလိုက်၏။ နာကျင်သွားသဖြင့် ခွင်း မျက်နှာမဲ့ကျသွားတာကို ရာရာ မမြင်ပါ။ သို့သော် ခွင်း သည် ကျေနပ်သည့်မျက်ဝန်းများဖြင့် ရာရာ့မျက်နှာကို ငေးစိုက်ကြည့်လျက် ...

"ငါ ... နင့်ကို ... တကယ် .. ချစ်တာ ..."

ဟင် ....။ ရာရာ့ကိုယ်လေး တောင့်တင်းသွား၏။ နှစ်ဖက်ဆုပ်ထားသည့် ခွင်း ၏လက်က သူမလက်ထဲကနေ လျှောကျသွားခဲ့ပြီ။

"ခွင်း .. ခွင်းရေ၊ ထူးပါဦး ခွင်း ရဲ့"

အတင်းဆွဲလှုပ်၊ မျက်နှာကို မော့ယူခေါ်သော်လည်း ဘယ်လိုခေါ်ခေါ် မထူးနိုင်တော့ပါ။

"ခွင်း ..."

ရာရာ ရင်ဘတ်ထဲမှာ အောင့်တက်ကာ အားပါးတရ ငိုချလိုက်ဖို့ ဘယ်လိုကြိုးစားသော်လည်း မရ။

ချစ်တယ် ဆိုတာတွေ ပြောပါဦး ခွင်း ရယ် ...၊ ငါ မယူနိုင်တော့တဲ့ အချစ်တွေကို ဖွတ်တရွတ်ပေးပါဦး ...၊ ငါလေ ... နင့်ကို မချစ်နိုင်တာမဟုတ်ဘူး၊ မဖြစ်နိုင်တော့လို့ပါ ...၊ ခုတော့ ... ခွင်း ရယ် ...။

"ရာရာ ..."

"သမီးလေး ..."



www.burmeseclassic.com

www.burmeseclassic.com



ခြံထဲက ထွက်လာသည့်ကားက မီးမပိတ်ဘဲရပ်ပစ်လိုက်ကာ မလတ်နှင့် ဦးသိမ်းဇေတို့လင်မယားပါ ဆင်းလာကြ၏။

"အမလေး .. ဘာတွေဖြစ်ကုန်ကြတာလဲ၊ လုပ် ..လုပ်ကြပါဦး"

"ခွင်း ... ဟာ ခက်ကုန်ပြီ ကိုသန်းအောင်တို့ကို သွားပြောစမ်းကွာ"

အားလုံးပျာယာခတ်နေချိန်မှာ ဆန့်ကျင်ဘက်အရပ်မျက်နှာတွင် ရပ်ထားသည့်ကားပေါ်မှာ မာန်ထန် ရှိနေခဲ့၏။ သူသည် အံကြိတ်လျက် စတီယာရင်ကို ဖိဆုပ်ရင်း မြင်ကွင်းကို ငေးနေဆဲရှိ၏။ အဖြစ်အပျက်တွေမှာ မြန်ဆန်လွန်းပါသည်။

ခွင်း နှင့်ဖြစ်ရသည့် နေ့လည်ကပြဿနာအတွက် မလတ်နှင့် ရာရာ ဘယ်လိုရင်ဆိုင်နေရသလဲ ဆိုတာသိချင်စိတ်ဖြင့် သူ ဘယ်လို မှနေလို့မရ။ အထူးသဖြင့် ရာရာ့သဘောထား၊ စိတ်ခံစားနည်းတာ အားလုံးကို သူ အစကတည်းက နားလည်ခဲ့ပြီးဖြစ်၏။ ခွင်းနဲ့ရာရာ့ အကြောင်းဆိုတာလည်း သူ ကြားကတည်းက နောင် ဒီလိုဖြစ်လာ ဖွယ်ရှိသည့် အနေအထားပဲဆိုတာ တွက်မိခဲ့၏။

သူငယ်ချင်းတွေဆိုပေမယ့် ရာရာကတော့ တိတ်တခိုး မရိုးသေး ဖြစ်နေနိုင်သည်။ ရည်းစားတွေထားပြီး ဒီကောင်မလေးကိုမှ လက်တွဲ မဖြုတ်ဘဲရှိနေခဲ့သည့် ခွင်း ဟာလည်း မဖြစ်နိုင်လောက်ဘူးဆိုပေမယ့် ချစ်လာနိုင်၏။ ဘယ်ဘက်ကပဲဖြစ်လာလာ၊ ဒါကို တွက်ခဲ့ပြီးသားမို့ ခွင့်မလွှတ်နိုင်စရာမရှိပါ။ နေ့လည်က ဝုန်းခနဲ ထဖြစ်သွားခဲ့ပြီး ခဏလေးမှာပဲ ခွဲထွက်ခဲ့ကြရသည်။

ဖုန်းဆက်တာ တစ်ခါမှမကိုင်ခဲ့သော ရာရာ့ကို သူ ဒါတွေပြောပြ ချင်နေတာဖြစ်၏။ နောက်ဆုံး ခွင့်လွှတ်တာတွေ၊ နားလည်တာတွေကို ပြောပြဖို့ မနေနိုင်မထိုင်နိုင် ထထွက်လာခဲ့မိ၏။

လမ်းထဲကို ကွေ့မဝင်ခင်ကတည်းက ဒီကား နောက်ကပါလာ တာကို သိသည်။ ကားမောင်းပုံက မူမမှန်၊ ကိုယ့်ကိုကျော်တက်ဖို့ချည်း





ကြိုးစားနေကြတာ မအောင်မြင်ဘဲ တက်ခေါက်သံ၊ ဆဲသံတွေတောင် ကြားအောင်အော်သေးသည်။ ကြည့်လိုက်တော့ ကားပေါ်မှာ လူငယ် တွေပါ။ သူတို့တွေ ဒီထဲထိ ကိုယ်နဲ့တစ်လမ်းတည်း တူနေမည်လို့ မထင်ခဲ့ပေ။ လမ်းထဲကို ကွေ့ဝင်လိုက်သည်နှင့် မီးရောင်အောက်မှာ ခွင်းနဲ့ရာရာ ပြေးလာကြတာကို မြင်လိုက်ရ၏။ ခွင်း က ဆွဲပြေးနေတာ ဖြစ်ပြီး ရာရာ ကရုန်းနေတာလည်း မြင်သည်။

နှစ်ယောက်ကို မြင်လိုက်သဖြင့် သူ့ကား အရှိန်နှေးကျသွားစဉ် မှာ နောက်ကကားက အားပါးတရကြီး ဝိုက်တက်သွားသောကြောင့် ...။

"ကျွတ် ...."

သူ စတီယာရင်ကို တစ်ချက်ထုကာ ကျွတ်ခနဲ စုပ်သပ်မိ၏။ ခွင်း နှင့်ပတ်သက်၍ ရာရာ့နှလုံးသားလေးကို အကောင်းတိုင်းပြန်ဖြစ်လာ အောင် သူ ဆွဲဆောင်စည်းရုံးဖို့ ကြိုးစားရန် ပြင်ဆင်လာခဲ့သမျှ ချတော့ သွားပြီ။

ရာရာ မခိုင့်တခိုင်ပြန်ထလာတော့ သူ ကားပေါ်က ဆင်းလိုက် ပြီးပါပြီ။ ဒါပေမယ့် သူဆွဲထားလည်း ရာရာဟာ ခွင်း ကို ငွေ့ဝိုက်ငိုကြွေး မှာပဲဖြစ်သည်။ ငိုမှလည်း သူမ သက်သာရာရမည်။ ကားတိုက်၍ လွင့် သွားသည့်အနေအထားအရ ခွင်း ဘယ်လိုမှ မရှင်နိုင်တော့တာကို သိ နေသဖြင့် သူ ခေါင်းငိုက်စိုက်နှင့် ကားပေါ်မှာ နောက်ပြန်ထိုင်ကျသွားခဲ့ရသည်။

တကယ်ဆို တစ်ရန်ရှင်းသွားတာပဲဟု တွေးပြီး ကျေနပ်သွားဖို့ဝင် ရှိသေးသည်။ ဒါပေမယ့် ဒီလိုမဟုတ်ဘဲ ပိုဆိုးသွားပြီကို သိနေသဖြင့် သူ မပျော်နိုင်ပေ။

"ဟင် ... မောင်လေး မင်းကားတဲ့တူလို့ လာကြည့်တာ ဒါ ... ဒါကု..."

သူ မျက်လုံးတွေမှိတ်၍ အံကြိတ်နေဆဲမှာ ခင်ဒီပုံ့အသံကို ကြား လိုက်ရသဖြင့် မျက်လုံးတွေကို ပြန်ဖွင့်သည်။

"တိုက်သွားတဲ့ကားက မောင်းပြေးပြီ မလတ်၊ ဒါပေမယ့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကားနံ့ပါတ်သိတယ်၊ ကျွန်တော် တကယ်စိတ်မကောင်းလွန်းလို့ မဆင်းဖြစ်တာပါ။ ကျွန်တော့်ကို ခွင့်လွှတ်ပါ မလတ်"

"မောင်မာန်ထန်ပါလား။ ပြောပါဦးကွယ်၊ ဘာတွေဖြစ်ကုန်တာလဲ"

ဦးသိမ်းဇော်ကလည်း ရောက်လာပြီးမေးသည်။ မာန်ထန် ကားပေါ်ကဆင်းလိုက်တော့ မှေ့မြောပျော့ခွေနေသည့် ရာရာ့ကိုယ်လေးက ခွင်း ၏ရင်ဘတ်ပေါ်မှာ မှောက်လျက်သားလေး။

"ကိုဇေ .. ကိုဇေ လုပ်ပါဦး၊ ဒီမှာ နှစ်ယောက်စလုံးဖြစ်ကုန်ပြီ"

မာန်ထန် ပြေးသွားခဲ့မိ၏။ ထိုအချိန်မှာ ခွင်း တို့ခြံထဲမှလူတွေ ပြေးထွက်လာကြပြီဖြစ်သည်။ ငိုသံတွေ၊ မေးမြန်းသံတွေ ဆူလာတော့ ရာရာ့ကိုပွေ့၍ သူ ထရပ်လိုက်၏။ ခွင်း ၏ကိုယ်ကို ဦးသန်းအောင်က ပွေ့၍ထရပ်ကာ ...

"နှစ်ယောက်စလုံး မဖြစ်ပါဘူးဗျာ၊ ကျူပ်သားပဲ ဆုံးတာပါ"

"သား .. အမလေး သားရယ်"

ဒေါ်ငြိမ်းသူဇာ အရူးတစ်ပိုင်းငိုကြွေးကာ ပြေးလိုက်သွားလေသည်။

"မောင်လေး၊ ညီမလေးကို အိမ်ထဲ ခေါ်သွားပေးပါနော်၊ ရှောမော့ထားပေးပါ။ မမတို့ ခွင်း မိဘတွေနောက် လိုက်ရဦးမယ်"

မလတ်တို့အားလုံးပဲ ခွင်းတို့ခြံကြီးထဲ ပြန်ရောက်ကုန်ကြချိန်မှာ ရာရာ့ကိုယ်လေးကို သူ့ကားပေါ်တင်၍ ခြံထဲ မောင်းဝင်လာခဲ့သည်။

"အသူရာ ..."

"အင်း ... အား ..."

ရာရာ့ကို လှုပ်နှိုးလိုက်တော့ ကိုယ်လေးလွန့်လာပြီး ခဏလေးမှာပဲ အားခနဲ ထအော်လေသည်။

"အသူရာ .."

"ဟင် .."

သူ့ကိုမြင်တော့ ပတ်ဝန်းကျင်ကို သရဲတစ္ဆေလို ပြူးပြဲလိုက်ကြည့်ပြီး





"ကို ... ကို ဘယ်လိုလုပ်ရောက်လာတာလဲ၊ ခွင်း ... ခွင်းရော"

"သူ ..."

"သူ့ကို ကားတိုက်သွားတာ၊ သူသေပြီလားဟင် ကို၊ သူသေပြီလား"

"အသူရာ ... စိတ်ကိုထိန်းပါကွာ၊ သူ့ကို ဆေးရုံ ..."

"မဟုတ်ဘူး၊ မညာပါနဲ့ ကို၊ သူ မရှိတော့ဘူး၊ ရာရာ့ကို သူ နှုတ်ဆက်သွားပါပြီ"

ရာရာ တရှိုက်ရှိုက်ငိုချလိုက်၏။ ရာရာ့ကိုယ်လေးကို တင်းခနဲ ဆွဲဖက်ကာ ခေါင်းလေးကို ပခုံးပေါ်မှာ ဖိကပ်ထိန်းရင်း ချော့သည်။

"တိတ်ပါကွာ၊ ဖြစ်ချိန်တန်လို့ အကျိုးအကြောင်းတွေ တိုက်ဆိုင်ပြီး ဖြစ်ကုန်တာပါ။ မင်း အရမ်းပင်ပန်းနေပြီ"

"ကိုရယ်၊ ခွင်း လေ .... ခွင်း က ရာရာ့ကို ကယ်ရင်းနဲ့ ..."

သူ ရာရာ့ကို အပြောမခံတော့ဘဲ ခေါင်းညိတ်ထောက်ခံရင်း ရာရာ့ မျက်နှာလေးကို ရင်ခွင်ထဲမှာ ထွေးဖက်ထည့်ထားလိုက်မိသည်။

"ကိုယ်သိတယ်၊ ကိုယ်သိပါတယ် အသူရာရယ်၊ ယောကျ်ားချင်းမို့လို့ သိနေတာ၊ သူ မင်းကို တကယ်ချစ်တာပါ"

"ခွင်း ရယ် ..."

"မင်းချစ်ခဲ့တာ၊ သံယောဇဉ်တွေ ဖြစ်ခဲ့တာလဲ ကိုယ်နားလည်တယ်၊ ကိုယ့်ချစ်သူကို လာခွဲလုလိုက်လို့ ဒေါသဖြစ်ခဲ့တာပဲရှိတယ်၊ မျစ်တက်ကြတာချင်းတော့ ကိုယ် စာနာတတ်ပါတယ်၊ အခု ဒီလိုဖြစ်သွားခဲ့မှ ပြောတဲ့စကားမဟုတ်ပါဘူး အသူရာ၊ ဒါတွေ ကိုယ်ပြောဖြစ်မလို့ လာခဲ့ကာမှ ...."

"ကိုရယ်၊ ရာရာ .... ရာရာ ငိုပါရစေ၊ ခွင်း ကို ..."

"ငိုပါ၊ ကိုယ့်ကို မင်း အားနာဖို့မလိုဘူး၊ ရင်ထဲမှာရှိသမျှတွေကို လဲ ပြောလို့ရတယ်၊ မင်း ခံစားရသက်သာဖို့ ကိုယ် ဘာလုပ်ပေးရပေးရ၊ ဘာမဆို နားလည်ပေးနိုင်တာ၊ ဘာမှ ကြိတ်မခံစားနဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ရာရာ ခေါင်းလေးညိတ်၍ မာန်ထန့်ရင်ခွင်တဲမှာ ပါးကလေးကပ်မှီရင်း ရှိုက်ငိုသည်။ ရှိုက်နေရင်း ရှိုက်လို့မရတော့ဘဲ ရင်ဘတ်ထဲက ကျုပ်ခဲလာ၏။

"ရာရာ ... ငါ .. နင့်ကို .. တကယ် .. ချစ်တာ ..." တဲ့။

"နင့်ကို ပိုင်ဆိုင်ရဖို့အတွက် ... ဘာဖြစ်ဖြစ် သေသေ ..."

ရာရာ့နားထဲမှာ ခွင်း အသံတွေက အော်ကြီးဟစ်ကျယ် ဖြစ်လာ၏။ မာန်ထန့်ရင်ခွင်ထဲမှာ နွဲ့နွဲ့လေးမှီလျက် မေ့မြောသွားခဲ့ပြန်သည့် ရာရာသည် ခွင်း နောက်ကို ပြေးလွှားလိုက်နေခဲ့၏။

"ခွင်း ... နင် ... နင် ဘာမှမဖြစ်ဘူးနော်"

ခွင်း က ခေါင်းခါပြပြီး ရယ်သည်။ ဒါပေမယ့် ရာရာ ပြေးလာတာကို မကြိုဆိုဘဲ လှည့်ထွက်သွားသည်။

"ခွင်း ..."

ပြေးလိုက်နေရင်း မြင်နေလျက်နှင့် မမီ၊ ထိုစဉ် ရှေ့မှာ မာန်ထန် ပေါ်လာ၏။

"မဟုတ်ဘူး၊ ဟိုမှာ ခွင်း ကိုခေါ်နေတာ၊ ခေါ်ပေးပါဆို၊ ခွင်းကို ခေါ်ပေးပါ"

ရာရာ မာန်ထန့်ကို ကွေ့ရှောင်၍ လိုက်ဖို့ပြင်ပေမယ့် မာန်ထန်က လက်ကိုဆွဲ၍ တားထား၏။

ဘယ်တော့မှ မီမှာလဲ ...၊ မပြေးပါနဲ့ ခွင်း ရယ် ....။

နင်ပဲ ... တကယ်ချစ်တာ ဆို ......။

စေဖန်အကြံပြုစာများကို
ရွှေသမင်စာပေ
အမှတ် (၃၉)၊ ၄၄ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်သို့
ပေးပို့နိုင်ပါသည်။

ပရိသတ်အတွက်
ထာဝရ